ယမကဗျာဝတ်ရောင်ကျမ်း

(အာဒိကရုဏပဏ္ဍိတ)

ဓမ္မာစရိယ

ဒေါက်တာ ကောသရေမောဠီ၏

ယဝကတ္ထ

ဉာဏ်ရောင်ကျမ်း

ပိဋကတ်တော်ပြန်ပွားရေးမဏ္ဍိုင်တို့က၊
အောင်ဆန်းလမ်း-၇၅ လေး၊

၄၈၄၀ နိဒါန်း

၁၉၅၂ ခုနှစ်

လေးပါးအရောင် ဥာဏ်တောက်ပြောင် ၂၉၄၀ခုနှစ်

အမိုက်မှောင်ကို ပယ်ဖျောက်ရာ၌-

၈.၁.၁ ၇ ၁-မီးရောင်
၂-နေရောင်
၃-လရောင်
၄-ဥာဏ်ရောင်

ဟူ၍ အရောင်လေးပါးထင်ရှားရှိ၏၊ ထိုတွင် မီး, နေ, လ အရောင်သုံးပါးတို့သည် ဩကာသလောက၏ သဘာဝအမိုက်မှောင်ကို ပယ်ဖျောက်လျက် ကမ္ဘာသူ ကမ္ဘာသားတို့အား အလင်းရောင်ဖြင့် အစဉ်ကျေးဇူးပြုပေသော အရောင်မျိုးဖြစ်သည်၊ ဤသို့သောကျေးဇူးကို ထောက်ရှု၍ ကမ္ဘာဦးသူ ရှေးဟောင်းလူတို့သည် မီးကိုင်း, နေကိုင်း, လကိုင်း မိမိတို့ ယုံကြည်သည့်အလျောက် ပူဇော် ပ သမ္ဘ ပြုကြခြင်း ဖြစ်ပေသည်၊ ထိုပူဇော်မှုအလေ့အထမှာ အချို့အရပ်ဒေသတို့၌ ယခုအချိန်တိုင်အောင် ရိုးရာမပျက် ထွန်းကားလျက်ပင် ရှိသေးကြောင်း သိရပေသည်၊ သို့သော် ထိုမီး, နေ, လတို့သည် လူသားတို့အတွက် စင်စစ်လိုအပ်သောအကျိုးကိုကား မပေးစွမ်းနိုင်ပါချေ။

ဥာဏ်ရောင်မှာမူကား မိုက်မဲတွေ့ဝေခြင်း, အမှန်တရားကို မသိခြင်း မောဟမှောင်ခပင်းကို ဖြိုခွင်း ထွင်းဖေါက် ပယ်ဖျောက်နိုင်သည်သာမက မဂ်ပေါက် ဖိုလ်ရောက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ အတိုင်းမသိသော အကျိုး ကျေးဇူးကိုလည်း ဖြစ်ထွန်းစေသဖြင့် အရောင်ကောင်းဆုံး ဥာဏ်ရောင်သည်

ကန်ဘာဝဗုဒ္ဓကလေးဆိုင်
ဗဟုတ္ထုသည်တိုက်

သာ အခေါ်ခေါ်အချေ အမွန်မြတ်ဟု ဆိုနိုင်လေသည်၊ထို့ကြောင့် ပညာရှိ ကဝိသူမွန်တို့က-

ပညာ သမာ အာဘာ နတ္ထိ

(လောကဌ် ပညာ "ဉာဏ်" နှင့်တူသော၊ ဝါ-ဉာဏ်ရောင် ထက် တောက်ပြောင်သော အရောင်သည် မရှိ)ဟု မိန့်ဆိုတော်မူကြလေသည်။

ဉာဏ်ရောင်လျှမ်းမှ စာအောင်ပန်း ဆင်မြန်းနိုင်မည်။

ယမကတ္ထဉာဏ်ရောင်

စာသင်ပျိုနု အခြေပြုနှင့် စာအောင်ပန်းလုအရှင်မြတ်တို့အား ဉာဏ်ရောင်လျှမ်းစေလိုသော ဉာဏ်ရောင်(ကျမ်းပြု)အရှင်သည် အဘိဓမ္မာဉာဏ်ရောင်,သဒ္ဒါဉာဏ်ရောင်တို့ဖြင့် တောက်ပြောင်စေခဲ့ပြီးနောက် ယခုတဖန် **ယမကတ္ထဉာဏ်ရောင်**ဖြင့် ထွန်းလင်းစေခွင့် ရရှိပြန်ပေပြီ။

သို့ တကျမ်းပြီးတကျမ်း,တအုပ်ပြီးတအုပ် ရေးထုတ် ထွက်ပေါ်စေသည်ဆိုရသော်လည်း ဖြစ်ကတဆန်း ပရမ်းပတာ စာရှုသူတို့ နောက်ကျုဘွယ်ရာကျမ်းမျိုးကား မဟုတ်ပါပေ။

(က) အကွက်ဆိုက်သော မေးခွန်းနှင့် တိကျသောအဖြေ တသန့်စီနေစေသော မေးဖြေကဏ္ဍများ,

(ခ) ရှေးရှေးကဝိအမော် ပညာကျော်တို့ ရေးသားစီရင်တော်မူခဲ့သော အချိုးဆောင်ပုဒ်လင်္ကာများ,

(ဂ) ဆိုင်ရာယမိုက်တို့၏ လိုရင်းအဓိပ္ပါယ်တို့ကို ပိုဏ္ဍတ္ထအုပ် အကျဉ်းချုပ်ပြီးလျှင် တိုတိုတုတ်တုတ် အဖြေထုတ်ထားသော နောက်ဆက်တွဲကဏ္ဍများ,

(ဃ) ဝိဘင်းထွက်နည်း, ယမိုက်မှတ်ပုံတို့နှင့် တကွ ဘုံရ ပုဂ္ဂိုလ်ရ, စိတ်ရ, မုချဥပစာ အစစ်အတု အဆစ်အဖု အခဲအခက်တို့ကို ပိုင်းခြား ဖြေရှင်းထားသည့်အပြင် အဋ္ဌကထာ, ဋီကာအထောက်သာဓက အကြောင်း ပြချက်တို့ဖြင့်-

ယမိုက်ဆိုင်ရာ သိကောင်းစရာဟူသရွေ့ ဤယမကတ္ထဝိဘင်ရောင်ကျမ်းတွင် မြင်တွေ့ရမည် ဖြစ်ပါသောကြောင့် ဤကျမ်းစာနှင့် ပတ်သက်၍ ထွေထွေထူးထူး ချီးကျူးခန်း မဖွင့်လိုသော်လည်း ယမိုက်ညဝါအတွက် အများဆုံး အထောက်အကူ ရှိမည့် ကျမ်းကောင်း ကျမ်းသန့်တဆူ ဖြစ်ကြောင်းကိုကား ငယ်, လတ်, ကြီးကျော် စာပဲ့ပျော် အရှင်တို့အား သတင်းကောင်း တခုအဖြစ် ပြောကြားလိုပါကြောင်း။

နောက်ဆုံးနိဒါန်းသွယ်သူ၏ ယုံကြည်ချက်ကို ဖေါ်ထုတ်ရပါလျှင် စာမေးပဲ့အမိုက်တိုက် အမိုက်မှောင်ထုကြီးအတွင်းဝယ် စမ်းတဝါးဝါးနှင့် လမ်းသလား နေကြရသည့် စာမေးပဲ့ခရီးသည်အပေါင်း အရှင်ကောင်းတို့သည် ဤယမကတ္ထဝိဘင်ရောင်ဆီမီးတန်ဆောင်ကို ညှိထွန်းကိုင်ဆောင်လျက် လိုရာအဆင့်ခရီး အောင်ပလွင် အမြင့်ထီးသို့ ရောက်ရှိပြီး အောင်သခင်အဖြစ် အောင်တံခွန်လွှင့်တော်မူနိုင်ကြလိမ့်မည်ဟု ယုံမှားခြင်းကင်းစွာ ဖြင့် ယုံကြည်ပါသည်ဟူလို။

ထွန်းရည်
ပိဋကတ်တော်ပြန်ပွားရေး

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁	မူလယမိုက်ဥဒ္ဒေသမေးဖြေ	၁
၂	မူလယမိုက်နိဒ္ဒေသမေးဖြေ	၁၈
၃	ခန္ဓယမိုက်ဥဒ္ဒေသမေးဖြေ	၄၁
၄	ခန္ဓယမိုက် ပဝတ္တိုဝါရမေးဖြေ	၄၃
၅	အာဝယတနယမိုက် ပဏ္ဏတ္တိုဝါရမေးဖြေ	၂၂
၆	အာဝယတနယမိုက် ပဝတ္တိုဝါရမေးဖြေ	၂၈
၇	ဓာတုယမိုက်မေးဖြေ	၉၅
၈	သစ္စယမိုက် ပဏ္ဏတ္တိုဝါရမေးဖြေ	၉၉
၉	သစ္စယမိုက် ပဝတ္တိုဝါရမေးဖြေ	၁၀၁

အောက်ယမိုက်ငါးကျမ်းနောက်ဆက်တွဲ

၁၀	မူလယမိုက်ဥဒ္ဒေသဝါရ	၁၁၇
၁၁	ဌင်းနိဒ္ဒေသဝါရ	၁၁၉
၁၂	ခန္ဓယမိုက်ပဏ္ဏတ္တိုဝါရ	၁၂၄
၁၃	ခန္ဓယမိုက် ပဝတ္တိုဝါရ	၁၂၅
၁၄	ခန္ဓယမိုက် ပရိညာဝါရ	၁၂၇
၁၅	အာဝယတနယမိုက် ပဏ္ဏတ္တိုဝါရ	၁၂၇
၁၆	အာဝယတနယမိုက် ပဝတ္တိုဝါရ	၁၂၉
၁၇	သစ္စယမိုက် ပဏ္ဏတ္တိုဝါရ	၁၃၁
၁၈	သစ္စယမိုက် ပဝတ္တိုဝါရ	၁၃၂
၁၉	သစ္စယမိုက် ပရိညာဝါရ	၁၃၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၀	ယမိုက်ချိုးများ	၁၃၃
၂၁	အစမ်းမေးခွန်းနှင့်အဖြေ	၁၃၉
	အထက်ယမိုက်ငါးကျမ်း	
၂၂	သင်္ခါရယမိုက် ပဏ္ဏတ္တိဝါရဥဒ္ဒေသမေးဖြေ	၁၇၇
၂၃	သင်္ခါရယမိုက် ပဝတ္တိဝါရမေးဖြေ	၁၉၄
၂၄	အနုသယယမိုက်မေးဖြေ	၂၀၆
၂၅	စိတ္တယမိုက်မေးဖြေ	၂၃၅
၂၆	ဓမ္မယမိုက်မေးဖြေ	၂၄၉
၂၇	ဣန္ဒြိယယမိုက် ပဏ္ဏတ္တိဝါရမေးဖြေ	၂၅၉
၂၈	ဣန္ဒြိယယမိုက် ပဝတ္တိဝါရမေးဖြေ	၂၅၉
	အထက်ယမိုက် နောက်ဆက်တွဲ	
၂၉	သင်္ခါရယမိုက်	၂၇၅
၃၀	အနုသယယမိုက်	၂၇၆
၃၁	စိတ္တယမိုက်	၂၇၈
၃၂	ဓမ္မယမိုက်	၂၇၉
၃၃	ဣန္ဒြိယယမိုက်	၂၈၀
၃၄	နိဂုံးပတ္ထနာ	၂၈၆
၃၅	ဆုတောင်းတေးထပ်	၂၈၈

မာတိကာပြီး၏။

ပဏာမ

ဗုဒ္ဓစန္ဒော သသံယောဇ္ဇ,
ဟန္တ္တုနာတပ သံတ္ထေသံ၊
ဓမ္မံသူဟိ ပဗောဓေသိ,
သိတေဟိ ကုမုဒံ ဇနံ။

သသံယောဇ္ဇ-ရှစ်သွယ်သံယာ ကြယ်တာရာ အပေါင်းနှင့် တကွဖြစ်တော်မူထသော၊ ဗုဒ္ဓစန္ဒော-မြတ်ဖျားစိန္ဒ သိရ်သရေ ဖြင့် ရှိန်ဝေခေါင်မှုး ငွေရောင်လူးသည့် သောက်ရှုးကြယ်ကြီး သည်၊ အာတပသံတ္ထေသံ-နေပူ, လပူ ခြေမတူသမို့, ရေတူ မဲ့ဖြာ ကိလေသာဟူ ကိုယ်တွင်းပူကို၊ သိတေဟိ ဓမ္မံသူဟိ-ဓမ္မကွန္ဒာ သရ်ျာမြားမြောင် တရားတည်းဟူသော ရောင်ခြည်ဧ တို့ဖြင့်၊ဟန္တုန-လုံးဝပျောက်ကွယ် အရောက်သယ်ကာ ဖျောက် ပယ်တော်မူပြီး၍၊ကုမုဒံဇနံ-ကုမုဒ်ကြာဖြူ ပမာတူသား နတ်လူ အများကို၊ ပဗောဓေသိ-သစ္စာလေးဆင့် အရေးချင့်၍ နှေးဖင့် မနေ ပွင့်စေတော်မူခဲ့ပါသတည်း။

စရတံ သော ဝရင်ံ မေ,
ယုဂန္ဓရေ သကိဒ္ဓိယာ၊
ပဠံ ပဘံ ဗျာကရံစ,
သန္ဌရံဝ ပရံပရံ။

သော-ဗုဒ္ဓထွတ်မှုး ထိုသောက်ရှုးကြယ်ကြီးသည်၊ မေ-ကေသရမောဠိ အမည်ရှိသော အကျွန်ုပ်၏၊ယုဂန္ဓရေ-တောင် မင်းယုဂန် အတုဖန်သော၊ဝရင်ံ-ကိုယ်အင်္ဂါရပ် အမြတ်ရိပ်ခွင်

ဦးထိပ်ပြင်၌၊ သကိဒ္ဓိယာ-မကြုံအပ်နိုး ရှင်တော်တန်ခိုးဖြင့်၊ ပဠုံပဘံ-မေးခွန်းထွလည် အခြေတည်လျက် ဉာဏ်ရည် ရှန်းပြောင် အလင်းရောင်ကိုင်း၊ ဗျာကရဏ ပဘံ - ဖြေပုံအချက် ဉာဏ်ငုံသက်ဖို့ စုံကွက်စေ့လည် လင်းရောင်ခြည်ကိုင်း၊ပရံပရံ-တဆင့်တဆင့် ဉာဏ်နှင့်သင့်အောင် ပင့်ထက်ပင့်ကာ မြှင့်ရှာသမို့၊သဒ္ဓရံဝ-တသန့်တသန့် အကန့်ကန့်ဖြင့် တန့်ကာဆန့်ကာ ဖြန့်လျက်သာလျှင်၊စရတံ-ရှေစက်နှစ်လီ ဝဲ,ယာချီလျက် လှည့်လည်တုံ့ခေါက် လျှောက်ပါစေသတည်း။

ကေ ဝလေ ဇေတဝေ ပဠေ,
သ ဂ်ါမေ ဘိဓမ္မေ ဇယံ၊
ရ စ်ယ ဉာဏပ်ဇ္ဇောတ,
မောဠိ ဘူတံ ဂဝေသိနံ။

ကေဝလေ-ဝန်းကျင်ပတ်ခြုံ မလပ်တုံသဖြင့် အလုံးစုံဖြစ်သော၊အဘိဓမ္မေပဠေ-သဘောစုံချက် လွန်နဲနက်၍ ခဲခက်လှစွာ အဘိဓမ္မာ၏ ယမိုက်အရာ မေးခွန်းလှဘုဆိုအပ်သော၊ သဂ်ါမေ-အပြိုင်အဆိုင် အနိုင်ပစ်ကြဲ ပဌမပြန်စစ်ပွဲကြီး၌၊ ဇယံ-အတန်းအလိုက် အမှန်းကိုက်၍ နှန်းထိုက်တော်ဆန်း အောင်ဆုပန်းကို၊ ဂဝေသိနံ-ဆန္ဒသွေးချို အရေးပိုလျက် အလိုထွားကြီး တရားနည်းဖြင့် အားသည်းရှာဖွေ စာပွဲဝင်အဆွေတို့အား၊ ဇေတဝေ-မော်သထက် မော် တော်သထက် တော် ကျော်ထက် ကျော်ဝင် ကျော်ဘုရင်ဖြင့် ပေါ်လွင်သတင်း အောင်မြင်ပါစေခြင်းငှါ၊ အဟံ-ဂါထာပါဒ စဉ်းပြဖြင့် မည်ရသမုတ် အ

ကျွန်ုပ်သည်၊မောင်ဦးဘူတံ-ယမိုက်အရာ ပြဿနာကို စဉ်ကာမေးဖြေ အထေ့ထေ့ဖြင့် အခြေပြုတောင်း ကျမ်းအပေါင်းတို့၏ ဦးဆောင်းသမိုက် မကိုင်ရှသဖွယ် ဖြစ်သော၊ ဥာဏပဇ္ဇောတံ-ချစ်ဆေ့အပေါင်းတို့ ပြည့်ကြောင်းအာသာ ပေါ်လာပါတော့ မြှော်ဒါကြာပေါ့တမော့မော့လှမ်း'ယမကတ္ထဥာဏ်ရောင်ကျမ်း' ကို၊ရစိသံ-ပဌမပြုန်စည်း အမှန်နည်းဖြင့် ဥာဏ်ကြီးတော့စေ စီရင်ပေအံ့သတည်း။

အရှင်ကေသရမောဇို

ကျမ်းပြုအရှင်

ယမကဋ္ဌ ဥာဏ်ရောင်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

မူလယမိုက်

ဥဒ္ဒေသ

★ ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ အဘယ့်ကြောင့် ယမိုက်ကျမ်းကို ဟောရသည်ဟု ဖြေဆိုပြီးလျှင် ယမိုက်ကျမ်းကို ဟောရခြင်း၏ အကျိုးကိုလည်းရေးခဲ့ပါ။

☆ အကြောင်း အကျိုး စပ်သောကြောင့် ကထာဝတ္ထုကျမ်း၏ အခြားမဲ့၌ ယမိုက်ကျမ်းကို ဟောရပါသည်။

★ ကြယ်အမဲ အမှတ်အသား မှာ အမေး၊

☆ ကြယ်အဖြူ အမှတ်အသားမှာ အဖြေဟု မှတ်ပါ၊

ဟောရခြင်း၏ အကျိုး

ဓမ္မ,ပုဂ္ဂလ, သြကာသစသည်လျှင် မှီရာရှိကုန်သောသန္ဓိဌာန်, သံသယတို့၏ အစွမ်းအားဖြင့် အထူးထူးသော နည်းတို့ဌ် လိမ္မာစေခြင်း အကျိုးရှိပါသည်။

ဓမ္မပုဂ္ဂလောကာသာဒိ နိဿယာနံ သန္ဓိဌာန သံသယာနံ ဝသေန နာနာပွကာရကောသလ္လတ္ထံ ယမကပွကရဏံ အာရဒ္ဓံ။ ။(ယမိုက်မူလဋီကာ)

ဓမ္မပုဂ္ဂလောကာသာဒိနိဿယာနံ၊ မှီရာရှိကုန်သော။ သန္ဓိဌာန သံသယာနံ၊ တို့၏။ ဝသေန၊ ဖြင့်။ နာနာပွကာရကောသလ္လတ္ထံ၊ အကျိုးငှါ။ ယမကပွကရဏံ၊ ကို။ အာရဒ္ဓံ၊ ၏။

★ အဘယ်ကြောင့် ယမကဟု ခေါ်သည်ကို ဖြေဆို ပြီးလျှင် မည်သို့မည်ပုံ အစုံစုံဖြစ်သည်ကိုလည်း ရေးခဲ့ပါ။

☆ အစုံအစုံဟူသော အနက်ကြောင့် ယမကဟု ခေါ်ပါသည်၊ ယင်းယမကသည် သန္ဓိဌာန် သံသယအားဖြင့်ရင်း, ပုစ္ဆာဝိသဇ္ဇနာအားဖြင့်ရင်း, အနုလုံပစ္စနိက်အားဖြင့်ရင်း အစုံအစုံ ဖြစ်ပါသည်။

★ ယမိုက် ဆယ်ကျမ်းလုံးကိုပင် ယမကဟု ခေါ်သင့် မခေါ်သင့် ထောက်ချင့်ဖြေဆိုခဲ့ပါ။

☆ မူလယမက, ကေမူလယမက စသော အစိတ် အစိတ်ဟူသော ယမကတို့၏ အမည်ကို အပေါင်း ဖြစ်သော မူလ, ခန္ဓ

စသော ယမိုက် ဆယ်ကျမ်းလုံးခ္ဍ တင်စား၍ အဝယဝူပစာအား ဖြင့် ဆိုသောကြောင့် ဆယ်ကျမ်းလုံးပင် ယမက ခေါ်သင့်ပါ သည်။

ဣမေသံ ပန ယမကာနံ သမ္ဘဟဘာဝတော သဗ္ဗမ္ပေတံ ပကရဏံ ယမကန္တိ ဝေဒိတဗ္ဗံ။

ဣမေသံ ပန ယမကာနံ၊တို့၏။ သမ္ဘဟဘာဝတော၊ အပေါင်း၏ အဖြစ်ကြောင့်။သဗ္ဗမ္ပိ၊ သော။ တံပကရဏံ၊ကို။ ယမကန္တိ၊ ဟူ၍။ ဝေဒိတဗ္ဗံ၊၏။

★ အဘယ်ယမိုက်သည် မူလယမိုက်မည်ပါသနည်း ဖြေ ဆို၍ ယမိုက်ဆယ်ကျမ်းတို့တွင် မူလယမိုက်ကိုသာ ရှေးဦးစွာ ဟောရခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။

☆ လောဘ, ဒေါသ စသောမူလတို့၏ အစွမ်းဖြင့် ပုဗ္ဗာ ဝိသဇ္ဇနာ ပြုလုပ်၍ ဟောကြားသော ယမိုက်သည် မူလယမိုက် မည်၏။ ကြွင်းသော ယမိုက်များကိုလည်း ဤနည်းမှီ၍သိ။

မူလယမိုက်ခ္ဍ ဟောကြား အပ်ကုန်သော ကုသိုလ် စသော တရား တို့ကိုပင် ခန္ဓဒေသနာ ပြုလုပ် ဟောကြား အပ်သော ကြောင့် အခြားသော ခန္ဓစသည့်ယမိုက်များကို မဟောဘဲ မူလ ယမိုက်ကိုသာ ရှေးဦးစွာ ဟောကြားရပါသည်။

တတ္ထ မူလဝသေန ပုဗ္ဗာဝိသဇ္ဇနံ ကတ္တာ ဒေသိတတ္တာ ဒသန္နံ တာဝ သဗ္ဗပဌမံ မူလယမကန္တိ ဝုတ္တံ။ ဣဒါနိ မူလ ယမကေ ဒေသိတေယေဝ ကုသလာဒိဓမ္မေ ခန္ဓဝသေန

သင်္ကန်းတွာ မူလယမကာနန္တရံ ဒေသိတသ ခန္ဓယမကသ
ဝဏ္ဏနာ ဟောတိ။ ။(ယမိုက်-၄)

တတ္ထ၊ ထိုယမိုက်ကျမ်းဌ။ မူလဝသေန၊ လောဘ, ဒေါသ စသော မူလဘိုး၏ အစွမ်းဖြင့်။ ပုဗ္ဗာ ဝါသဇ္ဇနံ၊ကို ။ ကတ္တာ။ ၍။ ဒေသိတတ္တာ၊ ကြောင့်။ ဒသန်း၊ တို့တွင်။ သဗ္ဗပဌမံ၊ ကို။ မူလယမကန်း၊ဟူ၍။ ဝုတ္တံ၊ ၏။ ဧဒါနိ၊ ဌ။ မူလယမကေ၊ ဌ။ ဒေသိတေ၊ ကုန်သော။ ကုသလာ ဒိမ္မေယေ၀၊ သာလျှင်။ ခန္ဓ၀သေန၊ ဖြင့်။ သင်္ကန်းတွာ၊ ၍။ မူလ ယမကာနန္တရံ၊ အခြားမဲ့ဌ။ ဒေသိတသ၊ သော။ ခန္ဓယမကသ၊ ၏။ ဝဏ္ဏနာ၊ သည်။ ဟောတိ၊ ဖြစ်လတ္တံ့။

★ ဥဒ္ဒေသ, နိဒ္ဒေသမည်ရခြင်း၏အဓိပ္ပါယ်ကို ဘော်ပြ၍ ယင်းဥဒ္ဒေသ နိဒ္ဒေသနှစ်ပါးတို့တွင် အဘယ်ကြောင့် ဥဒ္ဒေသကို ရှေးဦးစွာဟောရသည်ကိုလည်း ဖြေဆိုခဲ့ပါ။

☆ အကျဉ်း ပြဆိုခြင်းသည် ဥဒ္ဒေသမည်၏၊ အကျယ် ပြဆိုခြင်းသည် နိဒ္ဒေသမည်၏။

ယင်းဥဒ္ဒေသ နိဒ္ဒေသနှစ်ပါးတို့တွင် အကျဉ်းပြအပ်ပြီးသော ဥဒ္ဒေသအစဉ်ဖြင့် အကျယ်နိဒ္ဒေသကိုပြအပ်သောကြောင့် ဥဒ္ဒေ သကို ရှေးဦးစွာဆိုရပါသည်။

ဝ ဝ ဝ

တေသု ဥဒ္ဒိဋ္ဌာနုက္ကမေန နိဒ္ဒိသတမ္ဘတ္တာ ဥဒ္ဒေသ ဝါရော ပဌမော။ ။(ယမိုက်-၄)

ဟေသု!တို့တွင်။ဥဒ္ဒေ(ဌာနုက္ကမေန၊အကျဉ်းပြ၁ပ်ပြီးသော ဥဒ္ဒေသ အစဉ်ဖြင့်။ နိဒ္ဒေ(သိတဗ္ဘတ္တာ၊ အကျယ်နိဒ္ဒေသကို ပြအပ်သောကြောင့်။ ဥဒ္ဒေသဝါရော၊ ကို။ ပဌမော၊ စွာ။ ဝုတ္တော၊ ၏။

★ တိကမာတိကာဥဒ္ဒေသ, ဒုကမာတိကာဥဒ္ဒေသတို့တွင် အာဘယ့်ကြောင့် တိကမာတိကာဥဒ္ဒေသကို ရှေးဦးစွာ ဆိုပါသနည်း။

☆ ဒုကမာတိကာထက် မှတ်ယူလွယ်သောကြောင့်၎င်း, ဒုက်အောက်နည်းသောအပြားရှိသောကြောင့်၎င်း တိကမာတိကာဥဒ္ဒေသကို ရှေးဦးစွာ ဆိုပါသည်။

သုခဂ္ဂဟဏတော အပ္ပဘေဒတောစ တိကာဝေ ပဌမံ ဝုတ္တာ။ ။(ဓမ္မသင်္ဂဏီ–အနု)

သုခဂ္ဂဟဏတောစ၊ မှတ်ယူ လွယ်သောကြောင့် ၎င်း။ အပ္ပဘေဒတောစ၊ ဒုက်အောက်နည်းသော အပြားရှိသောကြောင့်၎င်း။ တိကာဝေ၊ သာလျှင်။ပဌမံ၊ စွာ။ ဝုတ္တာ၊ ကုန်၏။

★ တိကမာတိကာဥဒ္ဒေသတွင် တိက်ပေါင်း (၂၂)တိက် ရှိရာ အာဘယ့်ကြောင့် ကုသလတိက်ကို ရှေးဦးစွာဟောသည်ဟု ဖြေဆိုပြီးလျှင် ကုသလပဒ, အကုသလပဒ, အဗျာကတပဒတို့တွင် ကုသလပဒကို ရှေးဦးစွာဟောရခြင်းကိုလည်း ရေးခဲ့ပါ။

☆ အကြွင်းမရှိသော အလုံးစုံသော ရုပ်နာမ်ဓမ္မတို့ကို သိမ်းကျုံးမိသောကြောင့်၎င်း, အနဝဇ္ဇသာဝဇ္ဇဓမ္မတို့၏ အချင်းချင်း မရောယှက်သောကြောင့်၎င်း, ကုသိုလ် တည်းဟူသော အာဒိကလျာဏနှင့် ပြည့်စုံသောကြောင့်၎င်း ကုသလတိက်ကို ရှေးဦးစွာဟောရပါသည်။

အပြစ်မရှိခြင်း, ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာ ရှိသည်ဖြစ်၍ အလုံးစုံသော သခ်ၦာတရားတို့ထက် မြတ်သော

ကြောင့်ရင်း, အကုသိုလ်တရားတို့ကို ပယ်ဖျက်တတ်သည်ဖြစ်၍ ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့်ရင်း, မျက်မှောက်တမလွန် တို့၌ဖြစ်သောအကျိုးတို့ကို ဆောင်ရွက်တတ်သောကြောင့်ရင်း ကုသလပဒကို ရှေးဦးစွာဟောရပါသည်။

> တေသု ပန သဗ္ဗသင်္ဂဟ အသင်္ကရ အာဒိကလျာဏ ဘာဝေန ပဌမံ ကုသလတ္တိကံ ဝုတ္တံ၊ ကုသလတ္တိကေပိစ ပဋ္ဌာနပါသံသ ဥဘယဟိတဘာဝတော ကုသလာ ဓမ္မာ ပဌမံ ဝုတ္တာ။ ။(ဓမ္မသင်္ဂဏီ–အနု)

ပန၊ ဆက်ဦးအံ့။ တေသု၊ ထိုနှစ်ဆဲ့နှစ်ကိုက်တို့တွင်။ သဗ္ဗသင်္ဂဟ အသင်္ကရ အာဒိကလျာဏဘာဝေန၊ အကြင်းမရှိ အလုံးစုံသော ရုပ်နာမ် ဓမ္မတို့ကို သိမ်းကျုံးမိသည်၏အဖြစ်, အနဝဇ္ဇဓမ္မ,သာဝဇ္ဇမ္မတို့၏ အချင်းချင်း မရောယှက်သည်၏ အဖြစ်, ကုသိုလ် တည်းဟူသော အာဒိ ကလျာဏနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ပဌမံ၊ စွာ။ကုသလတ္တိကံ၊ ကို။ ဝုတ္တံ၊ ၏။ စ၊ ဆက်ဦးအံ့။ ကုသလတ္တိကေပိ၊ ၌လည်း။ ပဋ္ဌာန ပါသံသ ဥဘယဟိတဘာဝတော၊အပြစ်မရှိခြင်း ကောင်းသောအကျိုး ကို ပေးခြင်းလက္ခဏာရှိသည်ဖြစ်၍ အလုံးစုံသောသန်တတရားတို့ထက် မြတ်သည်၏အဖြစ်, အကုသိုလ် တရားတို့ကို ပယ်ဖျက်တတ်သည် ဖြစ်၍ ပညာရှိတို့ ချီးမွမ်း အပ်သည်၏ အဖြစ်, မျက်မှောက် တမလွန်တို့၌ ဖြစ် သော အကျိုးဘို့ကို ဆောင်ရွက်တတ်သည်၏ ဒေါဖြစ်ကြောင့်။ကုသလာ ဓမ္မာ၊တို့ကို။ ပဌမံ၊ စွာ။ ဝုတ္တာ၊ ကုန်၏။

★ ကုသလပဒ၏အခြားမဲ့၌ အကုသလ ပဒကိုရင်း, ယင်း အကုသလပဒ၏ အခြားမဲ့၌ အဗျာကတပဒကိုရင်း အဘယ် ကြောင့် ဟောရသည်ကို ဖြေဆိုခဲ့ပါ။

☆ ကုသိုလ်နှင့် အကုသိုလ်တို့သည် ပဟာယက, ပဟာတဗွ အဖြစ်ဖြင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကုသလပဒ၏အခြားမဲ့၌ အကုသလပဒကို ဟောရပါသည်။

ကုသိုလ် အကုသိုလ်တို့မှ ဖေါက်ပြန်သော သဘောရှိသောကြောင့် အကုသလပဒ၏ အခြားမဲ့၌ အဗျာကတပဒကို ဟောရပါသည်။

> တပ္ပဋိပက္ခတ္တာ တဒနန္တရံ အကုသလာ။ တဒုဘယ ဝိပရိတသဘာဝါ တဒနန္တရံ အဗျာကတာ ဝုတ္တာ။ ။ (ဓမ္မသင်္ဂဏီ–အနု)

တပ္ပဋိပက္ခတ္တာ၊ ကုသိုလ် အကုသိုလ်တို့သည် ပဟာယက ပဟာတဗွအဖြစ်ဖြင့် ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကြောင့်။ တဒနန္တရံ၊ ထိုကုသိုလ်၏အခြားမဲ့၌။ အကုသလာ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။ တဒုဘယဝိပရိတသဘာဝါ၊ ထိုကုသိုလ် အကုသိုလ်တို့မှ ဖေါက်ပြန်သောသဘောရှိသောကြောင့်။ တဒနန္တရံ၊ ၌။ အဗျာကတာ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။

★ ဓမ္မသင်္ဂဏီပါဠိတော် ကုသလတိက်၌ ကုသလပဒ, အကုသလပဒ, အဗျာကတပဒဟူ၍ သုံးပဒသာ ဟောပါလျက် အဘယ်ကြောင့် ဤယမိုက်ကျမ်း၌ နာမပဒကိုထည့်၍ လေးပဒ ဟောရပါသနည်း။

☆ ကုသလပဒ စသည်တို့ဖြင့် ဟောကြားအပ်သော အလုံးစုံသော ကုသိုလ်စသောတရားတို့ကို သိမ်းကျုံး၍ ဟော

ကြားတော်မူလိုသောကြောင့် နာမပဒကို ထည့်၍ လေးပဒကို ဟောရပါသည်။

သဗ္ဗကုသလာဓိသင်္ဂ္ဂတ္ထမေဝ နာမပဒဿ ဝုတ္တတ္တာ
ကုသလတိကမာတိကာယ စတ္ဠသု ပဒေသ္ဝတ ဝုတ္တာ။ ။
(ယမိုက်–မူ–ဋီ)

စ၊ ဆက်ဦးအုံ့။ သဗ္ဗကုသလာဓိ သင်္ဂ္ဂတ္ထမေဝ၊ အလုံးစုံသော ကုသိုလ်စသော တရားဘို့ကို သ်မ်းကျုံးခြင်းငှါ သာလျှင်။ နာမပဒဿ၊ ကို။ ဝုတ္တတ္တာ၊ ကြောင့်။ ကုသလတိကမာတိကာယ၊၌။ စတ္ဠသု ပဒေ သ္ဝတိ၊ ဟူ၍။ ဝုတ္တံ ၊ ၏။

★ ဝါရ၏ အဓိပ္ပါယ်ကို ရေး၍ ဝါရဆယ်ပါးကိုလည်း ရေတွက်ပြခဲ့ပါ။

☆ ပိုင်းခြားကြောင်း ဖြစ်သောကြောင့် ဝါရမည်၏။ ဝါရဆယ်ပါးကား အောက်ပါလက်ဘအတိုင်းသိ။

ဆောင်။ ။မူ,ဟေ,နိဒါ၊သ္ဘာ၊ပဘ သမုဋ္ဌာ။
ဟာရ–ရမ္မက၊ပစ္ဆယ.ပ္ပတ်ကြသမုဒါ၊

★ မူလဝါရ, ဟေတုဝါရတို့၏ အဓိပ္ပါယ်ကို အသီးသီး ရေးခဲ့ပါ။

☆ ဟိတ်ခြောက်ပါး ပစ္စည်းတရားတည်းဟူသော မူလ အားဖြင့် ဟောကြားအပ်သောဝါရဖြစ်သောကြောင့် မူလဝါရ မည်၏။

ဟိတ်ခြောက်ပါးတည်းဟူသောဟေတုဖြင့် ဟောကြားအပ်သော ဝါရဖြစ်သောကြောင့် ဟေတုဝါရမည်၏။

★ မူလဝါရနှင့် ဟေတုဝါရစသည်တို့သည် တရားကိုယ်အရကောက်တူကြပါလျက် အဘယ်ကြောင့်ဟေတုဝါရ စသည်တို့ကို ဟောရကြောင်းကို ဖြေဆိုပြီးလျှင် ဟေတုဝါရ၌ ပုစ္ဆာဟောပုံကို သိသာရုံမျှ ဥဒါဟာရုဏ်နှင့်တကွ ပြခဲ့ပါ။

☆ ဒေသနာဝိလာသ,ပုဂ္ဂလဗျာသယအားဖြင့် ဝေနေယျသတ္တဝါတို့အား သိစေလိုသောကြောင့် ဟေတုဝါရစသည်တို့ကို ဟောရပါသည်။

ဟေတုဝါရ၌ ပုစ္ဆာဟောပုံ

မူလဝါရ၌ ;မူလသဒ္ဒါအစား ဟေတုသဒ္ဒါကို ထည့်သွင်းဆိုခြင်းမျှသာ ထူးပါသည်။

ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ ကုသလဟေတူ သဗ္ဗေ တေ ကုသလဟေတုနာ ဧကဟေတူ သဗ္ဗေ တေ ကုသလဟေတုနာ အညမညဟေတူ သဗ္ဗေ တေ ကုသလ ဟေတုဟေတူ ကုသလဟေတုကာ ကုသလဟေတု ဟေ တုကာ။

★ နိဒါနဝါရ, သမ္ဘဝဝါရ,ပဘဝ ဝါရ, သမုဋ္ဌာနဝါရ, အာဟာရဝါရ, အာရမ္မဏဝါရ, ပစ္စယဝါရ, သမုဒယဝါရတို့၏ အဓိပ္ပါယ်ကို အသီးအသီးရေးခဲ့ပါ။

☆ ဟိတ်ခြောက်ပါး ပစ္စည်းတရားတည်းဟူသော နိဒါန၊ ဖြင့် ဟောအပ်သော ဝါရဖြစ်သောကြောင့်နိဒါန၀ါရမည်။ ဟိတ်ခြောက်ပါး ပစ္စည်းတရား တည်းဟူသောသမ္ဘ၀ဖြင့် ဟောကြား အပ်သော ဝါရဖြစ်သောကြောင့် သမ္ဘ၀၀ါရ မည်။ ထိုအတူ ပဘ၀ဖြင့်, သမုဋ္ဌာနဖြင့်, အာဟာရဖြင့်, အာရမ္မဏဖြင့် ပစ္စယဖြင့်,သမုဒယဖြင့် ဟောကြား အပ်သော ဝါရ ဖြစ်သော ကြောင့် ပဘ၀၀ါရ, သမုဋ္ဌာန၀ါရ, အာဟာရ၀ါရ, အာရမ္မဏ ၀ါရ, ပစ္စယ၀ါရ, သမုဒယ၀ါရမည်။

★ မူလနယ၏အဓိပ္ပါယ်ကိုရေး၍ မူလယမက၏အဓိပ္ပါယ် ကိုလည်း ရေးခဲ့ပါ။

☆ မူလအားဖြင့်သိအပ်သောနယကို မူလနယဟုခေါ်၏။ (ဤနယကိုကြည့်ခြင်းဖြင့် မူလ မူလနယစသည်ကိုလည်း သိ။)

မူလအားဖြင့် မေးဖြေဟောကြားအပ်သော ယမကကို မူလ ယမကဟု ခေါ်၏။ (ဤကိုနည်းမှီ၍ ဧကမူလယမက စသည်ကို လည်း သိကြလေ။)

★ အဘယ်ကို အနုလောမ ပုစ္ဆာ, ပဋိုလောမ ပုစ္ဆာဟု ခေါ်သနည်း။

☆ ပါဠိဓမ္မအား လျှော်စွာ မေးအပ်သော ပုစ္ဆာကို အနုလောမပုစ္ဆာဟု ခေါ်၏။ အပြန်အားဖြင့် မေးအပ်သော ပုစ္ဆာကို ပဋိုလောမပုစ္ဆာဟု ခေါ်၏။

★ မည်ကဲ့သို့ မေးသည်ကို ပါဠိဧမ္မအား လျော်သည့်, ပြန်ဘက်အားဖြင့် မေးသည်ဟု ဆိုပါသနည်း။

☆ ကုသိုလ် ဖြစ်သည့်အား လျော်စွာ ကုသိုလ် ဓမ္မ တို့ကို ပဓာန ထား၍ ၎င်းကုသိုလ်ဓမ္မတို့သည် ကုသိုလ်မူလ မည်ကုန် သလောဟု မေးအပ်သောပုစ္ဆာကို ပါဠိဧမ္မအား လျော်သည် ဟု ဆိုပါသည်။

ယင်းကဲ့သို့ မေးအပ်သောပုစ္ဆာကို သန္ဓိဌာန် သံသယ ပြန်၍ ကုသိုလ်မူလ မည်ကုန်သော တရားတို့သည် ကုသိုလ် မည် ကုန် သလောဟု အပြန် အားဖြင့် မေးသည်ကို ပဋိလောမ ပုစ္ဆာ ဟု ခေါ်၏။

★ အဘယ်ကြောင့် သန္ဓိဌာန် သံသယ မည်သည်ဟု ဖြေ ဆိုပြီးလျှင် အဘယ်ကဲ့သို့ အမြဲမှတ်သည်, သံသယ ဖြစ်သည်ကို လည်း စုံလင်စွာ ဖြေဆိုခဲ့ပါ။

☆ အမြဲ မှတ်အပ် သောကြောင့် သန္ဓိဌာန်ဟု ခေါ်၏။ ယုံမှားအပ်သောကြောင့် သံသယဟု ခေါ်ပါသည်။

အမြဲမှတ်ပုံ နှင့် သံသယဖြစ်ပုံ

'ယေကေစိကုသလာဓမ္မာ'ဟူသောသန္ဓိဌာန်ပုဒ်အရ ကုသိုလ် စိတ် ကေဝိသ စေတသိက်အင်္ဂတိုံ သတို့၌ ကုသိုလ် မည်ကုန် သ လော,ကုသိုလ်မမည်ကုန်သလောဟု ယုံမှားဘွယ်မရှိဘဲ ကုသိုလ်

မည်သည်သာတည်းဟု အမြဲမှတ်အပ်သည်ကား သန္ဓိဌာန် ဖြစ်ပုံ တည်း။

'သဗ္ဗေတေကုသလမူလာ' ဟူသော သံသယပုဒ်၌ ခပ်သိမ်း ကုန်သော တရားတို့သည် ကုသိုလ်မူလ မည်ကုန်သလော, မမည် ကုန်သလောဟု ယုံမှားဘွယ်ရှိသည်ကား သံသယဖြစ်ပုံတည်း။

ယေကေစိ ကုသလာဓမ္မာတိ ကုသလေသု ကုသလာ နုခေါ နကုသလာနုခေါတိ သန္ဒေဟာဘာဝတော ဣမ သ္မိံ ပဒေ သန္ဒိဋ္ဌာနတ္ထော ဝေဒိတဗ္ဗော။ သဗ္ဗေ တေ ကုသလမူလာတိ သဗ္ဗေ တေ ကုသလာ ဓမ္မာ ကုသလမူလာ နုခေါ နနုခေါတိ ဧဝံ ဝိမတိ်ဝသေန ပုစ္ဆိတတ္တာ ဣမသ္မိံ ပဒေ သံသယတ္ထော ဝေဒိတဗ္ဗော။ ။ (မူလယမိုက် အဋ္ဌကထာ)

ယေကေစိကုသလာဓမ္မာကိဣမသ္မိံပဒေ၁်။ကုသလေသု၊တို့၌။ ကုသလာနုခေါ်၊လော။နကုသလာနုခေါ၊လော။ဣတိ၊သို့။သန္ဒေဟာ ဘာဝတော၊ ယုံမှားဘွယ်မရှိသောကြောင့်။ သန္ဒိဋ္ဌာနတ္ထော၊ အမြ မှတ်အပ်သောအနက်ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ သဗ္ဗေ တေ ကုသလ မူလာတိ ဣမသ္မိံ ပဒေ၁်။သဗ္ဗေ၊ကုန်သော။ ကုသလာ၊ကုန်သော။တေ ဓမ္မာ၊တို့သည်။ကုသလမူလာနုခေါ်၊ သလော။ နနုခေါ်၊လော။ ဣတိ ဧဝံ၊သို့။ဝိမတိ်ဝသေန၊ယုံမှားသည်၏အစွမ်းဖြင့်။ပုစ္ဆိတတ္တာ၊ ကြောင့်။ သံသယတ္ထော၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။

★ သန္ဒိဋ္ဌာန် သံသယနှစ်ပါး တို့တွင် အဘယ့်ကြောင့် သန္ဒိဋ္ဌာန်ကို ရှေးဦးစွာ ဟောပါသနည်း။

☆ ယမိုက်ကျမ်းကို ဟောတော်မူသော ဘုရားရှင်အား သန္ဓိဋ္ဌာန်သည် ရှေးဦးစွာ ဖြစ်သောကြောင့် သန္ဓိဋ္ဌာန်ကို ရှေးဦးစွာ ဟောရပါသည်။

ဒေသေန္တသ ပန ဘဂဝတော သန္ဓိဋ္ဌာနပုဗ္ဗကော သံသယောတိ ဒဿနတ္ထံ အယံပဒါနုက္ကမော ကတော။ ။ (ယမိုက်-အနုဋ္ဌီ)

ဒေသေန္တသ၊သော။ ဘဂဝတော၊အား။ သန္ဓိဋ္ဌာနပုဗ္ဗကော၊ သန္ဓိဋ္ဌာန်ရှေ့သွားရှိသော၊ သံသယော၊သည်။ ဟောတိ၊၏။ ဣတိ၊သို့။ ဒဿနတ္ထံ၊၄။ အယံပဒါနုက္ကမော၊ ဤသန္ဓိဋ္ဌာန် သံသယပုဒ်အစဉ်ကို။ ကတော၊ ၏။

★ မည်သည့် ပုဂ္ဂိုလ်အား ယုံမှားသောကြောင့် သံသယကို ဟောပါသနည်း ဖြေဆိုရ၍ အနုလောမပုစ္ဆာ၌ သန္ဓိဋ္ဌာန်သည် ပဋိလောမပုစ္ဆာ၌ သံသယဖြစ်ရ၏။ အနုလောမ ပုစ္ဆာ၌ သံသယသည် ပဋိလောမ ပုစ္ဆာ၌ သန္ဓိဋ္ဌာန်ဖြစ်ရ၏၊ထိုကဲ့သို့ သန္ဓိဋ္ဌာန်သံသယ မမြဲကြသည်မှာလည်း အဘယ့်ကြောင့်ပါနည်း။

☆ ဝေနေယျတို့၏ သံသယဖြစ်လောက်သော အရာ၌ သံသယဖြစ်ပုံကို ပြလိုသောကြောင့် သံသယကိုဟောပါသည်။

သန္ဓိဋ္ဌာန်သံသယ မမြဲခြင်း

အချို့သတ္တဝါတို့မှာ ကုသိုလ်မည်သောတရားသည် ကုသိုလ်မူလ မည်လေသလော....ဟူ၍ရင်း,အချို့သတ္တဝါတို့မှာ ကုသိုလ်

မူလ မည်သောတရားသည် ကုသိုလ်မည်သလော....ဟူ၍ရှင်း ဤ သို့စသောအားဖြင့် အမျိုးမျိုးသံသယဖြစ်သောကြောင့်မမြဲပါ။

သောစ ခေါ ဝေနေယျာနံ သံသယဌာနေ သံသယ ဒပနတ္ထ ဝုတ္တော၊ တထာဂတသ ပန သံသယောနာမ နတ္ထိ။ အနိယတဝတ္ထုကာ ဟိ သန္နိဋ္ဌာန သံသယာ အနေ ကဂ္ဂါသယတ္တာ သတ္တာနံ။ ။(ယမိုက်–ဋ္ဌ နှင့် အနုဋ္ဌီ)

သောစခေါ၊ထိုသံသယကိုလည်း။ ဝေနေယျာနံ၊ တို့၏။ သံသယဌာနေ၊ သံသယဖြစ်လောက်သောအရာ၌။ သံသယဒီပနတ္ထံ၊ ၄ါ။ ဝုတ္တော၊ ၏။ပနတထာဂတသ၊ လည်း။ တံထာဂတသ၊ အား။ သံသယောနာမ၊ မည်သည်။ နတ္ထိ၊မရှိ။ သတ္တာနံဟိ၊ အားကား။ အနေကဂ္ဂါသယတ္တာ၊များသောအလိုအငွေ့သယရှိသည်၏အဖြစ်ကြောင့်။ သန္နိဋ္ဌာနသံသယာ၊ တို့သည်။အနိယတဝတ္ထုကာ၊မ်မြဲသောတည်ရာရှိကုန်သည်။ ဟောန္တိ၊ကုန်၏။

★ ‘ယေကေစိကုသလာဓမ္မာ၊ယေဝါပနကုသလမူလာ’ တို့၌ ယေကေစိသဒ္ဒါ, ဝါပနသဒ္ဒါတို့၏ ဟောအပ်သောအနက်များကို ဖော်ပြခဲ့ပါ။

☆ ယေကေစိသဒ္ဒါသည် အကြင်းမရှိသော အနဝသေသ အနက်ကို ဟောပါသည်၊ ဝါပန သဒ္ဒါသည် ပက္ခန္တရဇောတက အနက်ကို ဟောပါသည်။

★ ဧကမူလာ၌“ တခုသောမူလ ”ဟု အနက်ပေးရာ၌ သင့် မသင့် ဖြေဆိုရ ယင်းဧကမူလတရားတို့၏ တူသော မူလရှိပုံ ကိုလည်း ရေးခဲ့ပါ။

☆ ကေမူလာ၌ ကေသဒ္ဒါသည် သမာန=တူသော အနက်ကို ဟောသောကြောင့် ယင်း အနက်ပေးခြင်းသည် မသင့်ပါ။

အမှာ။ ။ကေမူလာ၌ ကေသဒ္ဒါ၏ ဟောအပ်သော အနက်ကို ထုတ်ပြပါဆိုက သတိရှိစေ။

တူသောမူလရှိပုံ

ကေမူလအရ ဟေတုပစ္စယုပ္ပန်တရားများကို အရကောက်ရာထိုတွင် သဟိတ်နှာမကွန္ဒာတို့၏အကြောင်းလည်း ဟိတ်ခြောက်ပါး ဟေတုပစ္စည်း တရားပင်ဖြစ်၍ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် တို့၏ အကြောင်းလည်း ဟိတ် ခြောက်ပါး ဟေတုပစ္စည်းတရားပင်ဖြစ်ရကား ယင်းကဲ့သို့အကြောင်းပစ္စည်း တရားတူညီသည်ကို တူသောမူလရှိသည်ဟု ဆို၏။

> ကေမူလာတိတ္ထေ ဂဏနတ္ထေန ကေမူလတံ အဂ္ဂ ဟောတ္ဝာ သမာနဋ္ဌေန ဂဟေတဗ္ဗာ။ ။(ယမိုက်–အဋ္ဌ ကထာ)

ကေမူလာတိတ္ထေ၊၌။ဂဏနတ္ထေန၊တခုအရေအတွက်ဟူသော ဂဏနအနက်အားဖြင့်။ ကေမူလတံ၊ ကေမူလ၏အဖြစ်ကို။ အဂ္ဂ ဟောတ္ဝာ၊ ၍။ သမာနဋ္ဌေန၊ သမာနအနက်အားဖြင့်။ ကေမူလတာ၊ ကို။ ဂဟေတဗ္ဗာ၊ ၏။

★ အညမညမူလယမကဋ္ဌ အခြားသော မူလယမကတို့ကဲ့သို့ ဟောတော်မမူဘဲ အဘယ့်ကြောင့် ‘ယေကေစိ ကုသလ မူလေန ကေမူလာဓမ္မာ’ဟု မေးရပါသနည်း။

☆ အညမညမူလ ယမကဌ် 'ယေကေစိ ကုသလာဓမ္မာ' ဟု မေးခဲ့သော် အညမည မူလယမက၏ အရကောက် တရားသည် မူလယမက၏ အရကောက်နှင့် တူညီရာ၏၊ မူလယမက ဖြင့်ပင် ကုသိုလ်တရားတို့၏ ကုသိုလ်မူ ဖြစ်, မဖြစ်၌ ယုံမှားမရှိ၍ တဖန် ယုံမှားဘွယ်လည်း မရှိ၊ ထို့ကြောင့် ထိုမူလယမကနှင့် ကဲ့ပြိုး လိုသောကြောင့် 'ယေကေစိကုသလမူလေန ဧကမူလာဓမ္မာ' ဟု ဟောရပါသည်။

အညမညမူလယမကေ ယေကေစိကုသလာတိ အ ပုစ္ဆိတ္ဝာ ယေကေစိကုသလမူလေန ဧကမူလာတိ ပုစ္ဆာ ကတာ၊ ကသ္မာ ဣမိနာပိ ဗျဉ္ဇနေန တသ္မေ ဝတ္ထုသ္မိ သမ္ဘဝတော။ ။(ယမိုက်အဋ္ဌကထာ)

အညမညမူလယမကေ၊ဌ။ ယေကေစိကုသလာတိ၊ ဟူ၍။ အ ပုစ္ဆိတ္ဝာ၊၍။ယေကေစိကုသလမူလေန ဧကမူလာတိ၊ဟူ၍။ ပုစ္ဆာ၊ကို။ ကတာ၊၏။ကသ္မာ၊ ကား။ ဣမိနာဗျဉ္ဇနေနာပိ၊ ဤယေကေစိကုသလာ ဟူသောသဒ္ဒါဖြင့်လည်း၊တသ္မေ ဝတ္ထုသ္မိ၊ထိုမူလယမကဌ်ဟောတော် မူအပ်သောအနက်၏သာလျှင်၊ သမ္ဘဝတော၊ ဖြစ်သင့်သောကြောင့်။ ယေကေစိကုသလမူလေန ဧကမူလာတိ၊ ဟူ၍။ ပုစ္ဆာ၊ ကို။ ကတာ၊ ပြုတော်မူအပ်၏။

★ အညမညမူလယမကဌ် ပဋ္ဌိလောမပုစ္ဆာဌ် "ယေဝါ ပန ကုသလမူလေန အညမညမူလာ သဗ္ဗေ တေ ဓမ္မာ ကုသလ မူလေန ဧကမူလာ" ဟု မေးသင့်လျက် အဘယ့်ကြောင့် 'သဗ္ဗေ တေ ဓမ္မာ ကုသလာ' ဟုမေးရသည်ကိုဖြေဆိုရ အဘယ်ကို အ ဏ္ဍ ဟု ဆိုသည်ကိုလည်း ရေးခဲ့ပါ။

☆ အညမညမူလအဖြစ်ကို ဆုံးဖြတ် ပြီးသည် ရှိသော် ကေမူလအဖြစ်၌ ယုံမှားဘွယ်မရှိသောကြောင့် 'သဗ္ဗေတေဓမ္မာ ကုသလာ'ဟု မေးရပါသည်။

သန္နိဋ္ဌာန်သံသယကို အတ္ထဟုဆိုရပါသည်။

အညမညမူလတွေ့ ပန နိစ္ဆိတေ ကေမူလတ္တာသံသယာ ဘာဝတော သဗ္ဗေတေဓမ္မာ ကုသလမူလေန ကေမူလာ တိ ပုစ္ဆာ နကတာတိ ဒဋ္ဌဗ္ဗာ။ ။(ယမိုက်–မူဋ္ဌိ)

အညမညမူလတွေ့ပန၊ ကိုကား။ နိစ္ဆိတေ၊ ဆုံးဖြတ် ပြီးသည် ရှိသော်။ ကေမူလတ္တာ သံသယာဘာဝတော၊ ကေမူလအဖြစ်၌ ယုံမှား ဘွယ် မရှိသောကြောင့်။ သဗ္ဗေတေဓမ္မာ ကုသလမူလေန ကေမူလာ တိ၊ ဟူ၍။ ပုစ္ဆာ၊ ကို။ နကတာ၊ အပ်။ ဒဋ္ဌဗ္ဗာ၊အပ်၏။

★ မူလနယနှင့် အရကောက် ခြားနားခြင်း မရှိပါဘဲ လျက် အဘယ်ကြောင့် မူလမူလနယကို ဟောရသည်ဟု ဖြေဆို ပြီးလျှင် အတ္ထသဒ္ဒါ၏ ဟောအပ်သောအနက်,မဟောအပ်သော အနက်မျှားကိုလည်း ထုတ်ပြခဲ့ပါ။

☆ မူလသဒ္ဒါသည် ကုသလမူလ အဗျာကတမူလတို့နှင့် လည်း ဆက်ဆံသောကြောင့် သာမညဖြစ်၍ အထူးပြုကာ ဟော ကြားတော်မူလိုသောကြောင့် မူလမူလနယကို ဟောရပါသည်။ (မူလမူလကနယလည်း နည်းတူမှတ်။)

အတ္ထသဒ္ဒါ

အတ္ထသဒ္ဒါသည် ဤနေရာ၌ ကုသိုလ်စသောဓမ္မကို မဟော၊ သန္ဓိဋ္ဌာန်သံသယဟူသော အတ္ထကိုသာ ဟောပါသည်။

ဥဒ္ဒေသပြီး၏။

နိဒ္ဒေသ

★ သန္ဓိဋ္ဌာန်သံသယနှစ်မျိုးတို့တွင် အဘယ်သည် အဘယ့်ကြောင့် ပဓာနဖြစ်သည်,အပဓာနဖြစ်သည်ဟုဆိုနိုင်ပါသနည်း။

☆ သံသယသည် သန္ဓိဋ္ဌာန်အလိုသို့လိုက်ရသောကြောင့် သန္ဓိဋ္ဌာန်သည် ပဓာနဖြစ်၍ သန္ဓိဋ္ဌာန်သည် သံသယအလိုသို့ လုံးဝ မလိုက်သောကြောင့် သံသယသည် အပဓာနဖြစ်၏။

★ အောက်ပါ ယမိုက်နိယံကဗျာတို့၏ အဓိပ္ပါယ်ကို ရှင်းခဲ့ပါ။

(၁ က) သန္ဓိဋ္ဌာန်မှ၊ သံသယ၊ အရထွက်သည်သာ၊
(ခ) သံကျယ်သော်လဲ၊သန်ထက်ကဲ၊ကောက်မြို့ မဟုတ်ပါ၊
(ဂ) သံ-သန်နှစ်ဆ။ ရမတူ၊ သံမှု မကောက်ချ၊
(ဃ) သန္ဓိဋ္ဌာန်မရှိက၊ သံသယ၊ လုံးဝ မကောက်ချ။

☆ (က) သန္ဓိဋ္ဌာန်သံသယတို့ အရကောက်ရာ၌ သန္ဓိဋ္ဌာန် တရားစုများထဲမှ ဖြစ်သင့်သော တရားများကို သံသယ အရ ကောက်ယူရမည်ဟူလို။

(ခ) သံသယ အရသည် သန္ဓိဋ္ဌာန် အရကောက် ထက် တရားစု မည်သို့ပင် များသော်လည်း သန္ဓိဋ္ဌာန်ထက် ပိုလွန်၍ မကောက်ရဟူလို။

(ဂ) သန္ဓိဌာန်သံသယပုဒ်တို့၏ အရသည် တခု နှင့် တခု အရကောက်မတူဘဲ ထူးခြားနေမည်ဆိုလျှင် သံသယ ပုဒ်အရ လုံးဝ မကောက်ရဟူလို။

(ဃ) သန္ဓိဌာန်သံသယတို့တွင် သန္ဓိဌာန်အရ လုံးဝမရှိဘဲ သံသယအရ တရားစုရှိသော်လည်း လုံးဝ မကောက်ရဟူလို။

★ တဘက်ရ, နှစ်ဘက်ရတို့၏သဘောကို သိသာအောင် ရှင်းခဲ့ပါ။

☆ အနုလုံပစ္စနိုက်တို့၌ နှစ်ဘက်ရ ရှိကြလေရာ အနုလုံ၏ နှစ်ဘက်ရသည် အနုလုံ၌သာ တည်၏၊ ပစ္စနိုက်သို့ ပြောင်းရွှေ့ခြင်းမရှိ၊ ပစ္စနိုက်၏နှစ်ဘက်ရသည်လည်း ပစ္စနိုက်၌သာ တည်၏၊ အနုလုံသို့ ပြောင်းရွှေ့ခြင်း မရှိသောကြောင့် နှစ်ဘက်ရသည် မြဲခိုင်ခြင်း ပတိဋ္ဌာနသဘောရှိ၏။

အနုလုံ၌ အနုလောမ, ပဋိလောမတို့၌ တဘက်ရ ရှိကြရာ ထိုနှစ်မျိုးလုံးပင် ပစ္စနိုက်သို့ အနုလောမ, ပဋိလောမပြန်၍ ပြောင်းကုန်၏၊ အနုလုံတဘက်ရ တရားသည် ပစ္စနိုက်သို့ အနုလောမ, ပဋိလောမပြန်၍ပြောင်းရွှေ့ဖြစ်သောကြောင့် တဘက်ရသည် ပြောင်းရွှေ့ခြင်း အပက္ကမသဘောရှိ၏။

★ ဝိဘင်းနှင့် ဝိသဇ္ဇနာ တူ, မတူကို ယမိုက်နိယံ ကိုးမျိုး ဖြေဆိုပြီးလျှင် ဝိဘင်းခြောက်မျိုးကိုလည်း ရေးခဲ့ပါ။

☆ "ဝိဘင်း ဝိသင်္ခ၊သဘောစစ်၊ မှတ်လစ်သဒ်သာ"ဟု ဆိုသောကြောင့် ဝိဘင်းနှင့် ဝိသင်္ခနာတို့သည် တူကြပါသည်။

ဝိဘင်းခြောက်မျိုး

(၁) တဘက်ရဝိဘင်း
(၂) နှစ်ဘက်ရဝိဘင်း
(၃) အာမန္တာဝိဘင်း
(၄) ဥပဇ္ဈတိဝိဘင်း
(၅) နောဝိဘင်း
(၆) နတ္ထိဝိဘင်းအားဖြင့် ခြောက်မျိုးတည်း။

ဆောင်။ ။ဝိဘင်းခြောက်မျိုး၊ နှတ်ရကြောင်း၊ ဟောရိုးသိနိုင်စေ။

★ ယမိုက်ကျမ်းလာ ဝိဘင်းငါးမျိုးကို ရေးခဲ့ပါ။

ဝိဘင်းငါးမျိုး

☆ (၁) ပါဋိဂဏ္ဍိဝိဘင်း
(၂) အာမန္တာဝိဘင်း
(၃) သရူပဒဿနဝိဘင်း
(၄) နောဝိဘင်း
(၅) နတ္ထိဝိဘင်းအားဖြင့် ငါးပါးတည်း။

မှတ်ချက်။ ။ပါဋိဂဏ်ဝိဘင်းဆိုသည်မှာ ဥပဇ္ဈတိ၊ ဥပဇ္ဈာ်ထွ စသည်တည်း၊ သရူပဒဿနဝိဘင်းဆိုသည်မှာ တဘက်ရ, နှစ်ဘက်ရဝိဘင်းတည်း။

ဆောင်။ ။ပါ, အာ, သရ၊ နော, နတ်ယူ၊ ငါးဆူ၀ိဘင်းလာ။

★ ပါဋိဂတိ၀ိဘင်းထုတ်နိုင်သည့် အမျိုးအစားကို ပုံစံနှင့်တကွ ထုတ်ပြခဲ့ပါ။

ပါဋိဂတိ၀ိဘင်းထုတ်နိုင်သည့်အမျိုး

☆ (က) သန္ဓိဌာန်ပုဒ်အရသာရှိ၍ သံသယပုဒ်အရ မရှိသောအရာ

(ခ) သန္ဓိဌာန်သံသယအချင်းချင်း အရကောက်မတူသော အရာဌာနတို့၌ ပါဋိဂတိ၀ိဘင်း ထုတ်ရပါသည်။

[က]ပုံစံမှာ 'ယဿရူပကွန္ဒေ၀ဥပ္ပဇ္ဇတိ၊တဿ၀ေဒနာကွန္ဒေ နုပ္ပဇ္ဇိတ္ထာတိ ဥပ္ပဇ္ဇိတ္ထ'စသည်တည်း။

[ခ]ပုံစံမှာ 'ယတ္ထ ရူပကွန္ဒေ နုပ္ပဇ္ဇတိ၊တတ္ထ ၀ေဒနာကွန္ဒေ နုပ္ပဇ္ဇတိတိ ဥပ္ပဇ္ဇတိ'စသည်တည်း။

★ အာမန္တာ၀ိဘင်း ထုတ်နိုင်သည့် အမျိုးအစားကို ပြယုဂ်နှင့်တကွ ထုတ်ပြခဲ့ပါ။

အာမန္တာ၀ိဘင်းထုတ်နိုင်သည့်အမျိုး

☆ (က)သန္ဓိဌာန်အရကျဉ်း၍ သံသယအရကျယ်သောအရာ

(ခ) သန္ဓိဌာန်သံသယအချင်းချင်း အရတူသော အရာဌာနတို့၌ အာမန္တာ၀ိဘင်းထုတ်ရပါမည်။

(က) ပြယုဂ်ကား....ယေ၀ါ ပန ကုသလမူလာ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ အာမန္တာ–စသည်တည်း။

(ခ) ပြယုဂ်ကား....ဝေဒနာ ၊ ဝေဒနာကွန္ဓေါတို အာမန္တာ စသည်တည်း။

★ တဘက်ရ,နှစ်ဘက်ရဝိဘင်း သို့မဟုတ် သရူပဒဿန ဝိဘင်းထုတ်နိုင်သည့်အရာမျိုး ပြယုဂ်နှင့်တကွ ဖေါ်ပြခဲ့ပါ။

☆ တဘက်ရ,နှစ်ဘက်ရ သို့မဟုတ် သရူပဒဿနဝိဘင်း ထုတ်နိုင်သည့်အရာကား သန္ဓိဌာန်အရ ကျယ်၍ သံသယအရ ကျဉ်းသောအရာမျိုးသာ ဖြစ်ပါသည်။

ပြယုဂ်ကား....ယေကေစိ ကုသလာဓမ္မာ သဗ္ဗေ တေ ဓမ္မာ ကုသလမူလာတိ တိဏေဝ ကုသလမူလာနိ အဝသေသာ ကုသလာ ဓမ္မာ နကုသလမူလာ–စသည်တည်း။

★ နောဝိဘင်းထုတ်နိုင်သည့် အရာဌာနမျိုးကို ပြယုဂ်နှင့်တကွ ဖေါ်ပြခဲ့ပါ။

☆ သန္ဓိဌာန်ပုဒ်၏အရနှင့် သံသယပုဒ်အရ မတူသောအရာဌာနမျိုး,သန္ဓိဌာန်ပုဒ်၏အရသာရှိ၍ သံသယပုဒ်အရ မရှိသော အရာဌာနမျိုးတို့၌ နောဝိဘင်းထုတ်နိုင်ပါသည်။

(က) ပြယုဂ်ကား....ယဿ ရူပကွန္ဓော ဥပ္ပဇ္ဇတိ၊တဿ ဝေဒနာကွန္ဓော နိရုဇ္ဈတိတိ နော–စသည်တည်း။

(ခ) ယေကေစိ သနိဒဿနသပ္ပဋိဃာ ဓမ္မာ သဗ္ဗေ တေ သနိဒဿန သပ္ပဋိဃမူလာတိ နော–စသည်တည်း။

★ နတ္ထိဝိဘင်းထုတ်နိုင်သည့်အရာဌာနမျိုးကို ပြယုဂ်နှင့် တကွဖေါ်ပြခဲ့ပါ။

☆ (က) သံသယပုဒ်သာ အရရှိ၍ သန္နိဋ္ဌာန်ပုဒ်အရ မရှိသောအရာဌာနမျိုး

(ခ) သန္နိဋ္ဌာန် သံသယနှစ်မျိုးလုံး အရမရှိသောအရာဌာနမျိုးတို့၌ နတ္ထိဝိဘင်းထုတ်နိုင်ပါသည်။

(က) ပြယုဂ်ကား....ယတ္ထဝါ ပန ဓမ္မာယတနံ နုပ္ပဇ္ဇတိ၊တတ္ထ မနာယတနံ နုပ္ပဇ္ဇတိတိ နတ္ထိ–စသည်တည်း။

(ခ) ယသ ရူပကွန္ဓော နုပ္ပဇ္ဇိတ္ထ၊ တသ ဝေဒနာကွန္ဓော နုပ္ပဇ္ဇိတ္ထာတိ နတ္ထိ–စသည်တည်း။

★ အနုလုံအတွက် တဘက်ရ, နှစ်ဘက်ရကို ကြည့်၍ ဝိဘင်းထုတ်ပုံနှင့် ပစ္စနိုက်၌ မည်သို့မည်ပုံ ထုတ်ရမည်ကိုလည်း ရေးခဲ့ပါ။

အနုလုံအတွက်

☆ (၁) တဘက်ရသာ ရှိ၍ နှစ်ဘက်ရမရှိမူ နောဝိဘင်း ထုတ်ရမည်။

(၂) နှစ်ဘက်ရသာ ရှိ၍ တဘက်ရ မရှိမူ အာမန္တာ ဝိဘင်း ထုတ်ရမည်။

(၃) တဘက်ရ နှစ်ဘက်ရ နှစ်ပါးစုံရှိပါမူ သရူပ ဒဿနဝိဘင်းထုတ်ရမည်။

ပစ္စနိုက်အတွက်

(၁) တဘက်ရသာ ရှိ၍ နှစ်ဘက်ရ မရှိမူ ပါဠိဂတိဝိဘင်း ထုတ်ရပါမည်။

(၂) နှစ်ဘက်ရသာ ရှိ၍ တဘက်ရ မရှိမူ အာမန္တာဝိဘင်း ထုတ်ရပါမည်။

(၃) တဘက်ရ နှစ်ဘက်ရ နှစ်ပါးစုံရှိပါမူ သရူပဒဿန ဝိဘင်းထုတ်ရပါမည်။

(၄) တဘက်ရ,နှစ်ဘက်ရ နှစ်ပါးစုံမရှိမူ နတ္ထိဝိဘင်းထုတ် ရပါမည်။

ဆောင်း ။တစ်သာ၌လာ၊ နောယူပါ၊ နှစ်မှာ အာမန္တာ။
အစုံရှိက၊ သရူပ၊ မှတ်ကြ နုလုံထွက်နည်းမှာ။
တစ်သာရှိလာ၊ ပါဠိပါ၊နှစ်မှာ အာမန္တာ၊
စုံမ၌ရိုး၊နဏ္ဍိုး၊တမျိုးပစ္စနိုက်မှာ။

★ ဝိဘင်းငါးမျိုးရှိရာ အနုလုံ, ပစ္စနိုက်နှစ်ပါးတို့ အဘယ်ဝိဘင်းကို ရသင့်သည်ဟု စုံလင်စွာပြေဆိုခဲ့ပါ။

☆ အနုလုံ၌ နောဝိဘင်းကို ရအပ်ပါသည်၊ ပစ္စနိုက်၌ ပါဠိဂတိဝိဘင်းနှင့် နတ္ထိဝိဘင်းတို့ကို ရအပ်ပါသည်၊ အနုလုံ ပစ္စနိုက်တို့၌ အာမန္တာဝိဘင်းနှင့် သရူပဒဿနဝိဘင်းကို ရအပ်ပါသည်။

★ "ဝိဘင်းပြောင့် ဝိဘင်းလိမ်၊ဉာဏ်ဖြင့်ချိန်၊ကဝိန်ခေါ် လောက်စေ"ဟူသော ရှေးကဗျာနိယံစကားအရ ဝိဘင်းပြောင့်

ဝိဘင်းလိမ်တို့၏ အဓိပ္ပါယ်နှင့် ယင်းတို့သည် မည်သည့်ဝိဘင်းမှ ဆင်းသက်လာကြသည်ကိုလည်း ဖော်ပြခဲ့ပါ။

☆ တဘက်ရကို ရှေ့ထား၍ ဟောကြားသော ဝိဘင်းမျိုးကို ဝိဘင်းဖြောင့်ဟု ခေါ်၏။

ပြယုဂ်....ကုသလသမုဋ္ဌာနံရူပံ ကုသလမူလေန ဧကမူလံ၊ နကုသလံ၊ ကုသလံ ကုသလမူလေန ဧကမူလဥ္စေဝ ကုသလဥ္စ-စသည်တည်း။

နှစ်ဘက်ရကို ရှေ့ထား ဟောကြားသော ဝိဘင်းကို ဝိဘင်းကောက် ဝိဘင်းလိမ်ဟု ခေါ်ပါသည်။

ပြယုဂ်....တီဏေဝ ကုသလမူလာနိ အဝေသာ ကုသလာ ဓမ္မာ နကုသလမူလာ-စသည်တည်း။

ထိုဝိဘင်းဖြောင့် ဝိဘင်းလိမ်တို့သည် သရူပဒဿနဝိဘင်းမှ ဆင်းသက်လာကြပါသည်။

ဆောင်။ ။တဘက်ရှေ့ထား၊ဟောခဲ့ပြီး၊မှတ်သားပ်ဝိဘင်းဖြောင့်။
နှစ်ဘက်ရှေ့လှန်၊ဟောခဲ့ပြန်၊ကောန်ပ်ဝိဘင်းလိမ်။
သရူမှဆင်း၊ နှစ်ဆူကျင်း၊ပ်ဝိဘင်းဖြောင့်လိမ်သာ။

★ 'ယေကေစိ ကုသလာဓမ္မာ'ဟူသော သန္ဓိဋ္ဌာန် ပုဒ်၏ အရ ပေါင်းကောက်သင့်ပါလျက် ကုသိုလ်စိတ် ဧကဝီသ ကုသလမူ သုံးခုကြဉ်သော စေ-ပဠူတိ သရ၏၊ကုသလမူ သုံးခုလည်း ရ၏ဟု အဘယ်ကြောင့် ခွဲကောက်ရပါသနည်း။

☆ သန္ဓိဌာန်တဘက်ရနှင့် သန္ဓိဌာန်,သံသယနှစ်ဘက်ရ အရကောက်တရားတို့ ကွဲပြားလိုသောကြောင့် ခွဲပြီးကောက်ရပါသည်။

★ "အမေးလေးထွေ၊ အဖြေငါးပါး၊ မြဲမှုတ်သား၊ ပိုင်းခြားသိကြစေ" ဟူသောရှေးဆရာတော်များ မိန့်ကြားအပ်သော ကဗျာနိယံအရ အမေးလေးထွေ, အဖြေငါးပါးကို ထုတ်ဖော်ပြခဲ့ပါ။

အမေးလေးထွေ

☆ (၁) ပုရေပဥ္စာ၊
(၂) ပစ္ဆာပဥ္စာ၊
(၃) ပရိပုဏ္ဏာပဥ္စာ၊
(၄) မောဃပဥ္စာအားဖြင့် လေးပါးတည်း။

အဖြေငါးပါး

(၁) ပါဠိဂတိဝိသဇ္ဇနာ၊
(၂) ပဋ္ဌိဝစနဝိသဇ္ဇနာ၊
(၃) သရူပဒဿနဝိသဇ္ဇနာ၊
(၄) ပဋ္ဌိသေဓဝိသဇ္ဇနာ၊
(၅) ပဋ္ဌိကွေပဝိသဇ္ဇနာအားဖြင့် ငါးပါးတည်း။

ဆောင်။ ။ပုရေ ပစ္ဆာ၊တဖြာပရိ၊မောဃထည့်၊ မှတ်သိလေးပဉ္စာ။ ပါဠိ ပဋ္ဌိဝစန၊သရူပနှင့်၊မှတ်ကြပဋ္ဌိသေ၊ပဋ္ဌိကွေ၊ငါးထွေ ဝိသဇ္ဇနာ။

မှတ်ချက်။ ။အမေးလေးထွေ၌ မောဃပဉ္ဍာသည် ပဌမ မောဃ ပဉ္ဍာ, ဒုတိယ မောဃ ပဉ္ဍာအားဖြင့် နှစ်မျိုးရှိ၏။ သို့သော် အမည်တူအားဖြင့် ပေါင်းသောကြောင့် တမျိုးတည်းသာ ဆိုလေသည်၊ ယမိုက်နိယံ၌ပင် ငါးမျိုး ရှိကြောင်းကို "ပု, ပစ်, ပရိ၊ မောနှစ်ထည်၊ မှတ်သိ ငါးပဉ္ဍာ"ဟု ဆိုသည်ကို သတ်ပြု။

★ အမေးလေးထွေ အဖြေငါးပါးတို့၏ အဓိပ္ပါယ်ကို တခုစီရေးခဲ့ပါ။

☆ သန္ဒိဋ္ဌာန်တဘက်ရသာ ရှိသောပဉ္ဍာသည် ပုရေပဉ္ဍာ မည်၏။

သန္ဒိဋ္ဌာန် သံသယနှစ်ဘက်ရသာ ရှိသောပဉ္ဍာသည် ပစ္ဆာ ပဉ္ဍာမည်၏။

တဘက်ရ နှစ်ဘက်ရနှင့် ပြည့်စုံသောပဉ္ဍာသည် ပရိပုဏ္ဏ ပဉ္ဍာမည်၏။

သန္ဒိဋ္ဌာန်သံသယနှစ်ပါးတို့တွင် တပါးပါး၌ အရကောက် မရှိဘဲ အချည်းနှီးသက်သက် မေးအပ်သောပဉ္ဍာသည် မောဃ ပဉ္ဍာမည်၏။

အဖြေငါးပါး၏ အဓိပ္ပါယ်

ပုစ္ဆာပါဠိအားလျှော်စွာ ဖြေဆိုခြင်းသည် ပါဠိဂတိဝိသဇ္ဇနာမည်၏။

သန္ဒိဋ္ဌာန်ပုဒ်၏ အရကို ဝန်ခံသောအားဖြင့် ဖြေခြင်းသည် ပဋိဝစနဝိသဇ္ဇနာမည်၏။

ပုရိမကောဋ္ဌာသ, ပစ္ဆိမကောဋ္ဌာသ သရုပ်ကိုပြ၍ ဖြေခြင်းသည် သရူပဒဿနဝိသဇ္ဇနာမည်၏။

သံသယပုဒ်၏ အနက်ကို မြစ်၍ သရုပ်ကို ဖြေဆိုခြင်းသည် ပဋိသေဓဝိသဇ္ဇနာမည်၏။

သန္နိဋ္ဌာန်ပုဒ်၏ အနက်ကို ပယ်၍ ဖြေခြင်းသည် ပဋိက္ခေပ ဝိသဇ္ဇနာမည်၏။

★ အမေးလေးထွေ, အဖြေ ငါးပါးကို ယှဉ်တွဲပြ၍ ပဋိက္ခေပ ဝိသဇ္ဇနာနှင့် ပဋိသေဓ ဝိသဇ္ဇနာတို့၏ အထူးကိုလည်း ရေးခဲ့ပါ။

☆ ပုရေပဉ္ဇာနှင့် ပါဋိဂတိဝိသဇ္ဇနာ၊
ပစ္ဆာပဉ္ဇာနှင့် ပဋိဝစနဝိသဇ္ဇနာ၊
ပရိပုဏ္ဏပဉ္ဇာနှင့် သရူပဒဿနဝိသဇ္ဇနာ။
မောဃပဉ္ဇာနှင့် ပဋိက္ခေပဝိသဇ္ဇနာ, ပဋိသေဓဝိသဇ္ဇနာတို့ ယှဉ်တွဲရပါသည်။

ပဋိက္ခေပနှင့် ပဋိသေဓအထူး

သန္နိဋ္ဌာန်ပုဒ်၏အနက်ကို ပယ်ခြင်းသည် ပဋိက္ခေပဝိသဇ္ဇနာမည်၏၊

သံသယပုဒ်၏အနက်ကို ပယ်ခြင်းသည် ပဋိသေဓဝိသဇ္ဇနာမည်၏။ ဤကား အထူးတည်း။

အမှာ။ ။ပဌမမောဃနှင့် ပဋိက္ခေပ။ ဒုတိယမောဃနှင့် ပဋိသေဓ ဝိသဇ္ဇနာတွဲလေ။

သန္ဓိဌာနတ္ထသေဝ ပဋ္ဌိကၠိပနံ ပဋ္ဌိကၠေပေါ၊ သံသ ယတ္ထ နိဝါရဏံ ပဋ္ဌိသေဓောတိ အယံ ပဋ္ဌိကၠေပ ပဋ္ဌိသ ဓာနံ ဝိသေသော။ ။(မူလဋီ)

သန္ဓိဌာနတ္ထသေဝ၊ ကိုသာလျှင်။ ပဋ္ဌိကၠိပနံ၊ ပယ်ခြင်းသည်။ ပဋ္ဌိကၠေပေါ၊ မည်၏။ သံသယတ္ထနိဝါရဏံ၊ သံသယပုဒ်၏ အနက်ကို တားမြစ်ခြင်းသည်။ပဋ္ဌိသေဓော၊မည်၏။ဤတိအယံ၊ ကား။ ပဋ္ဌိကၠေပ ပဋ္ဌိသေဓနံ၊တို့၏။ဝိသေသော၊အထူးတည်း။

★ အနုလုံပစ္စနိက်တို့၌ အဘယ်ပဋ္ဌာ, အဘယ်ဝိသဇ္ဇနာ တို့ကို ရပါသနည်း။

အမေးလေးထွေ

☆ ဒုတိယမောဃပဋ္ဌာကို အနုလုံ၌သာ ရအပ်၏၊ ပဌမ မောဃပဋ္ဌာနှင့် ပုရေပဋ္ဌာတို့ကို ပစ္စနိက်၌ ရအပ်၏၊ ပစ္ဆာပဋ္ဌာ, ပရိပုဏ္ဏပဋ္ဌာတို့ကို အနုလုံ ပစ္စနိက်နှစ်မျိုးလုံး၌ ရအပ်၏။

အဖြေငါးပါး

ပဋ္ဌိသေဓဝိသဇ္ဇနာကို အနုလုံ၌ ရအပ်၏၊ ပါဋိဂတိဝိသဇ္ဇနာ, ပဋ္ဌိကၠေပဝိသဇ္ဇနာတို့ကို ပစ္စနိက်၌ ရအပ်၏၊ ပဋ္ဌိဝစနဝိသဇ္ဇနာ, သရူပဒဿနဝိသဇ္ဇနာတို့ကို အနုလုံပစ္စနိက်နှစ်မျိုးလုံး၌ ရအပ်၏။

ဆောင်။ ။နုလုံဒုမော၊ ပ-မောပုရေ။ နှစ်ထွေနိက်သာ၊ ပစ္ဆာ ပရိ၊ လုံနိက်မိ၊မှတ်သိငါ်းပဋ္ဌာ။
လုံ ပဋ္ဌိသေ၊ပဋ္ဌိကၠေပါ၊ ပစ္စနိတည်း၊ ပဋ္ဌိဝစန၊ သရူပ ဖြစ်လေ၊လုံနိက်ပေါ၊ငါ်းထွေဝိသဇ္ဇနာ။

★ အရကောက်ဝယ် စတုဝေါကာရဘုံ၌ ဖြစ်သော အခါဟု မဆိုဘဲ အဘယ့်ကြောင့် ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါဟု ဆိုသည်ကို ဖြေဆိုရ၍ ကုသိုလ်နာမကွန္ဓာတို့သည် စိတ္တဇရုပ်တို့အား ယထာရဟပြုပုံကိုလည်း ရေးခဲ့ပါ။

☆ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ ရုပ်ကို မဖြစ်စေနိုင်ဘဲ ယင်း စတုဝေါကာရကို နစ်စေလိုသောကြောင့် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါဟု ဆိုပါသည်။

ယထာရဟဖြိုမုံ

ကုသိုလ်နာမကွန္ဓာတို့သည် သက်သက်သောအခါ သုဒ္ဓဋ္ဌကကလာပ်ကိုဖြစ်စေသည်၊ ကိုယ်အင်္ဂါလှုပ်ရှားသောအခါ ကာယဝိညတ္တိ နဝကကလာပ်ကို ဖြစ်စေသည်၊ နှုတ်အင်္ဂါလှုပ်ရှားသော အခါ ဝစီဝိညတ္တိဒသကကလာပ်ကို ဖြစ်စေသည်၊ဓာတ်လေးပါးညီညွတ်သောအခါ လဟုတာဒေကာဒသကကလာပ်ကို ဖြစ်စေသည်၊ ကိုယ်အင်္ဂါလည်း လှုပ်ရှား,ဓာတ်လေးပါးလည်းညီညွတ်သောအခါ ကာယဝိညတ္တိလဟုတာဒိဒ္ဒါဒသကကလာပ်ကို ဖြစ်စေပါသည်၊ နှုတ်အင်္ဂါလည်း လှုပ်ရှား, ဓာတ်လေးပါးလည်းညီညွတ်သော အခါ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသကကလာပ်ကို ဖြစ်စေပါသည်၊ ဤကား ယထာရဟဖြစ်ပုံတည်း။

★ 'ကုသလသမုဋ္ဌာနံ ရူပံ'ဟု ဆိုသောကြောင့် ကမ္မဇရုပ်ကို ကောက်သင့်လျက် အဘယ့်ကြောင့် မကောက်သည်ကို ဖြေဆိုရ "ကုသလသမုဋ္ဌာနံ ရူပန္တိ ကုသလစိတ္တသမုဋ္ဌာနံ ရူပံ" ဟူသောစကားအရ ကုသိုလ်စိတ် ဧကဝိသသာ မဆိုဘဲ အဘယ့်

ကြောင့် စေတသိက်အဌတိ သ နာမက္ခန္ဓာတို့သည် ဟု ဆိုရသည် ကိုလည်း ရှင်းပြခဲ့ပါ။

☆ ကမ္မဇရုပ်၏ အရာမဟုတ်သောကြောင့် မကောက်ပါ၊ စေတသိက်သည် ရုပ်ကို မဖြစ်နိုင်ဟူသော မိစ္ဆာဉာဏ်ကို ပယ်ဖျောက်လိုသောကြောင့် စေတသိက်အဌတိ သ နာမက္ခန္ဓာတို့သည်ဟု ဆိုပါသည်။

★ စေတသိက်သည် ရုပ်ကို ဖြစ်စေနိုင်လျက် အဘယ့်ကြောင့် 'ကုသလစိတ္တသမုဋ္ဌာနံ ရူပံ' ဟု ဆိုသည်ကို ဖြေဆိုရ၍ ကုသလသမုဋ္ဌာနရုပ်ကို ကုသိုလ် ဟု မခေါ်ဆိုရသည်ကိုလည်း ဖြေခဲ့ပါ။

☆ ကုသိုလ် ကမ္မဇရုပ်ကို နစ်စေသည့်ပြင် လောကိယ ဓမ္မဒေသနာ၌ စိတ်သည် ဓူရ, ဇော, ပုဗ္ဗင်္ဂမ ဖြစ်သောကြောင့် ကုသလစိတ္တသမုဋ္ဌာနံ ရူပံ ဟု ဆိုပါသည်။

ကုသိုလ် မခေါ်ရခြင်း

အနဝဇ္ဇ သုခ ဝိပါကဟု ဆိုအပ်သော ကုသလလက္ခဏာ မရှိသောကြောင့် ကုသိုလ်ဟု မခေါ်ရပါ။

ကုသလလက္ခဏာဘာဝေန ပန တံ နကုသလံ။ ။
(အဋ္ဌကထာ)

တံပန၊ ထိုကုသလသမုဋ္ဌာနရုပ်သည်ကား။ ကုသလလက္ခဏာ ဘာဝေန၊ အနဝဇ္ဇ သုခဝိပါကဟု ဆိုအပ်သော ကုသလ လက္ခဏာ မရှိသောကြောင့်။ နကုသလံ၊ ကုသိုလ်မမည်။

★ အညွှမည် မူလယမက အနုလောမပုစ္ဆာ၌ 'တိဏော အညွှမည်မူလာနိ' ဟူ၍ မဟောကြားဘဲ 'မူလာနိ ယာနိ' စသည်ဖြင့် ဟောရခြင်းအကြောင်းနှင့် 'ကုသလမူလာနိ' ဟု ဝိသေသနကို ဆိုရခြင်းကိုလည်း ရေးခဲ့ပါ။

☆ ဟေတုပစ္စည်းထိုက်သော ဟိတ်သုံးပါးတို့ကို နစ်စေလိုသောကြောင့် 'မူလာနိ ယာနိ' စသည်ဖြင့် ဟောကြားပါသည်။

ကုသလမူလာနိဟု ဝိသေသန ဆိုရခြင်း

မူလသဒ္ဒါသည် အကုသလမူလ, အဗျာကတမူလတို့နှင့် ဆက်ဆံ၍ သာမည်ဖြစ်သောကြောင့် ၎င်းတို့ကို နစ်စေလိုသောကြောင့် 'ကုသလမူလာနိ' ဟု ဝိသေသနကို ဆိုရပါသည်။

> တာနိ ပန ကုသလမူလာနိပိ ဟောန္တိ အကုသလ အဗျာကတာနိပိ ဣဓ ကုသလမူလာနိတိ ဝိသေသန ဒဿနတ္ထမိဒံ ဝုတ္တံ။ ။(အဋ္ဌကထာ)

ပန၊ ထိုသို့ပင် ဟောပါသော်လည်း။ တာနိ၊ ထိုမူလတို့သည်။ ကုသလမူလာနိပိ၊ ကုသလမူလ တို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ အကုသလ အဗျာကတ မူလာနိပိ၊ အကုသလ အဗျာကတ မူတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ ဣဓ၊ ဤအရာ၌။ကုသလမူလာနိတိ၊ ဟူ၍။ ဝိသေသဒဿနတ္ထံ၊ အထူးကို ပြခြင်း အကျိုးငှာ။ ဣဒံ၊ ဤကုသလ မူလာနိဟူသောပုဒ်ကို။ ဝုတ္တံ၊ ၏။

★ အကုသလသမုဋ္ဌာနရူပ်ကို အဘယ့်ကြောင့် အကုသိုလ်ဟု မခေါ်ပါသနည်း။

☆ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာဟု ဆိုအပ်သော အကုသလလက္ခဏာ မရှိသောကြောင့် အကုသိုလ်ဟု မခေါ်ပါ။

★ ကုသိုလ်,အကုသိုလ်နာမက္ခန္ဓာတို့သည် သဟိတ်ဖြစ်ကြပါလျက် ၎င်းတို့ပြုအပ်သော စိတ္တဇရူပ်ကို အဘယ့်ကြောင့် အဟိတ်စိတ္တဇရုပ်၌ သွင်းရပါသနည်း။

☆ ကုသိုလ် အကုသိုလ် နာမက္ခန္ဓာတို့၌ ကုသိုလ်ဟိတ်, အကုသိုလ်ဟိတ်သာ ရှိသည်၊ အဗျာကတဟိတ်ကား မရှိသောကြောင့် ၎င်းတို့ ပြုအပ်သောစိတ္တဇရူပ်ကို အဟိတ်စိတ္တဇရူပ်၌ သွင်းရပါသည်။

★ ယမိုက်ပါဋိဌေတော်၌ သဟိတ်စိတ္တဇရူပ်, သဟိတ် ပဋ္ဌိသန္ဓေကမ္မဇရူပ် ထင်ရှားပါလျက် သင်္ဂဟကျမ်းက ရူပ်ဟူသမျှကို အဘယ့်ကြောင့် အဟိတ်ဟု ဆိုပါသနည်း။

☆ သင်္ဂဟဆရာသည် ရူပ်ဟူသမျှကို သမ္မယုတ်ဟိတ် ကင်းသောကြောင့် အဟိတ်ဟူ၍ ဆိုပါသည်။

မှတ်ချက်....ဇနကဟိတ်ကိုရည်၍ အချို့ရုပ်တို့ကို သဟိတ်ဟူ၍ ဘုရားရှင်မိန့်တော်မူ၏၊ သင်္ဂဟကျမ်းကား သမ္မယုတ်ဟိတ်မရှိသည်ကိုရည်၍ ဆိုသောကြောင့် ဝါဒနှစ်ရပ် မဆန့်ကျင်ပြီမှတ်။

★ ယေဝါပန အဗျာကတမူလေန ဧကမူလာ သဗ္ဗေ တေ ဓမ္မာ အဗျာကတာ ၌ 'အဗျာကတသမုဋ္ဌာနံရူပံ' ထုတ်သင့်

လျက် အာဘယ်ကြောင့် 'အာမန္တာ' ဟု ဝိဘင်းထုတ်ရသည်ကို ဖြေ၍ ဒွေပဋ္ဌဝိညာဉ်ကြဉ်ရခြင်းအကြောင်းကိုလည်း ရှင်းခဲ့ပါ။

☆ ရူပ်ဟူသမျှ အဗျာကတတရားပင် ဖြစ်သောကြောင့် အဗျာကတသမုဋ္ဌာနံ ဟု ဝိဘင်းမထုတ်ဘဲ အာမန္တာ ဟု ဝိဘင်းထုတ်ရပါသည်။

ဒွေပဋ္ဌဝိညာဉ်ကြဉ်ရခြင်း

ဒွေပဋ္ဌဝိညာဉ်တို့၌ စျာနင်, မဂ္ဂင်, ဟိတ် မရှိသောကြောင့် စိတ်အင်္ဂါအားနည်း၍ ရူပ်ကို မဖြစ်စေနိုင်၊ ထို့ကြောင့် ကြဉ်ရသည်။

ဒ္ဝိပဋ္ဌဝိညာဏေသု ပန စျာနင်္ဂံ နတ္ထိ၊ မဂ္ဂင်္ဂံ နတ္ထိ၊ ဟေတု နတ္ထိတိ စိတ္တင်္ဂံ ဒုဗ္ဗလံ ဟောတိတိ စိတ္တင်္ဂဒုဗ္ဗလ တာယ တာနိ ရူပံ နသမုဋ္ဌာပေန္တိ။ ။ (သမ္မောဟ ဝိနောဒနီ)

ဒ္ဝိပဋ္ဌ ဝိညာဏေသုပန၊ တို့၌ကား။ စျာနင်္ဂံ၊ သည်၊ နတ္ထိ၊ မရှိ။ မဂ္ဂင်္ဂံ၊ သည်။ နတ္ထိ၊ မရှိ။ ဟေတု၊ သည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ စိတ္တင်္ဂံ၊ သည်။ ဒုဗ္ဗလံ၊ သည်။ ဟောတိ၊ ၏၊ ဣတိ တသ္မာ စိတ္တင်္ဂ ဒုဗ္ဗလတာယ၊ ကြောင့်။ တာနိ၊ တို့သည်။ ရူပံ၊ ကို၊ နသမုဋ္ဌာ ပေန္တိ၊ မဖြစ်စေနိုင်ကုန်။

★ ရူပ်ကိုမဖြစ်စေနိုင်သော အဟိတ်ပဋ္ဌိသန္ဓေ, အဟိတ် စုတိတို့ကို အရကောက်ရာ၌ အာဘယ်ကြောင့် မကြဉ်သည်ကို

ဖြေဆိုရ၏ အဟိတ်အဗျာကတဒ္ဓ ဥတုဇရုပ်ကို တဖန်ဆိုရခြင်းကို လည်း ဖြေဆိုခဲ့ပါ။

☆ အဟိတ်ပဋ္ဌိသန္ဓေ, အဟိတ်စုတိတို့သည် ဘွင်စိတ်၌ အကျုံးဝင်ပြီးဖြစ်သောကြောင့် မကြဉ်ပါ။

ဥတုဇရုပ်ကို တဖန်ဆိုရခြင်း

ဗာဟိရရုပ်ကို တဖန် ဆိုရုံမျှဖြင့် ဥတုဇရုပ်သည် မကုန်ဘဲ ဣန္ဒြိယဗဟု ဥတုဇရုပ်သည် ကျန်သေးသောကြောင့် ၎င်းတို့ကို ယူစေခြင်းငှါ ဥတုဇရုပ်ကို တဖန်ဆိုရပါသည်။

ပဋ္ဌိသန္ဓိစိတ္တံ ပန စုတိစိတ္တဉ္စ ကေ့ဏဝိသတိဘဝင်္ဂသော အနေ္တာဝဇ္ဇာ စိတ္တန္တရံ နဟောတိ တိ နု. တသ ဝဇ္ဇနံ ကတံ။ ။(အဘိဓမ္မာဌာဏ်ရောင်)

ပန၊ ဆက်ဦးအံ့။ ပဋ္ဌိသန္ဓေ(စိတ္တဉ္စ)၊ သည်ရင်း။ စုတိစိတ္တဉ္စ၊ ရင်း။ ကေ့ဏဝိသတိဘဝင်္ဂသော၊ ၏သာလျှင်။ အနေ္တာဝဇ္ဇာ၊ အကျုံးဝင်သည်၏အဖြစ်ကြောင့်။ စိတ္တန္တရံ၊ ဘွင်စိတ်မှတပါးသည်။ နဟောတိ၊ မဖြစ်။ ဇုတိတသ္မာ၊ ကြောင့်။ တသ၊ ထိုပဋ္ဌိသန္ဓေစိတ်, စုတိစိတ်ကို၊ ဝဇ္ဇနံ၊ ကို။ နကတံ၊ မပြု။

★ ရုပ်ကို မဖြစ်စေနိုင်သော စိတ်စုကို ထုတ်ဖော်ပြ၍ ပဋ္ဌိသန္ဓေစိတ်၏ ရုပ်ကို မဖြစ်စေနိုင်ခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

☆ အလုံးစုံသောသတ္တဝါတို့၏ ပဋ္ဌိသန္ဓေစိတ်, ရဟန္တာတို့၏စုတိစိတ်, ဒွေပဉ္စဝိညာဉ်တဆယ်, အရူပဝိပါက် လေးခုတို့သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

ရုပ်ကို မဖြစ်စေနိုင်ခြင်း

ပဋ္ဌိသန္ဓေစိတ်သည် မှီရာ ဟဒယဝတ္ထုရုပ်၏ အားနည်းသောကြောင့်ရင်း, ထောက်တည်ရာ မရသောကြောင့်ရင်း, ပုရေဇာတပစ္စည်းချို့တဲ့သောကြောင့်ရင်း, ပစ္စုပ္ပန်ဘဝ၌ အာဂန္တုကဖြစ်သောကြောင့်ရင်း ပဋ္ဌိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

သဗ္ဗသတ္တာနဉ္စိ ပဋ္ဌိသန္ဓိစိတ္တံ ခဏာသဝဿ စုတိစိတ္တံ ဒ္ဝိပဉ္စဝိညာဏာနိ စတ္တာရိအရူပဝိပါကာနိတိ သောဋသ စိတ္တာနိ ရူပံ နသမုဋ္ဌာပေန္တိ၊ တတ္ထ ပဋ္ဌိသန္ဓိစိတ္တံ တာဝ ဝတ္ထုနော ဒုဗ္ဗလတာယ အပ္ပတိဋ္ဌိတတာယ ပစ္စယဝေကလ္လတာယ အာဂန္တုကတာယစ ရူပံ နသမုဋ္ဌာပေတိ။ (သမ္မောဟဝိနောဒနီ)

ဟိ၊ ချဲ့ဦးအုံ့။ သဗ္ဗသတ္တာနံ၊ တို့၏။ ပဋ္ဌိသန္ဓိစိတ္တံ၊ ၎င်း။ ခဏာသဝဿ၊ ၏။ စုတိစိတ္တံ၊ ၎င်း။ ဒ္ဝိပဉ္စဝိညာဏာနိ၊ တို့၎င်း။ စတ္တာရိ၊ ကုန်သော။ အရူပဝိပါကာနိ၊ တို့၎င်း။ ဣတိ၊ သို့။ သောဋသ စိတ္တာနိ၊ တို့သည်။ ရူပံ၊ ကို။ နသမုဋ္ဌာပေန္တိ၊ ကုန်။ တတ္ထ၊ ထိုတဆဲ့ခြောက်ပါး တို့တွင်။ ပဋ္ဌိသန္ဓိစိတ္တံ၊ သည်။ တာဝ၊ စွာ။ ဝတ္ထုနော၊ ၏။ ဒုဗ္ဗလတာယ၊ ကြောင့်ရင်း။ အပ္ပတိဋ္ဌိတတာယ၊ ထောက်တည်ရာ မရသောကြောင့်ရင်း။ ပစ္စယဝေကလ္လတာယ၊ ပုရေဇာတပစ္စည်း၏ ချို့တဲ့သည်၏ အဖြစ်ကြောင့်ရင်း။ အာဂန္တုကတာယ၊ ၎င်း။ ရူပံ၊ ကို။ နသမုဋ္ဌာပေတိ၊ နိုင်။

★ ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို အဘယ့်ကြောင့် မဖြစ်စေနိုင်သည်ကိုဖြေဆိုရ၍ ရုပ်ကိုမဖြစ်စေနိုင်သောစိတ်တို့တွင် အရူပဝိပါက်လေးခုကို ကြည့်ရခြင်းကိုလည်း ဖြေဆိုခဲ့ပါ။

☆ ရဟန္တာတို့၏ စုတိစိတ်သည် ဝဋ်မြစ် ပြတ်ပြီး ငြိမ်းလေပြီးသည်၏ အဖြစ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ။

အရူပဝိပါက်လေးခုကို ကြဉ်ရခြင်း

ရုပ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းအားဖြင့် ဖြစ်သောကြောင့်ရင်း, အရူပကုသိုလ်ဟူသော အကြောင်း၏ ရုပ်နှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ရင်း, အရူပဘုံ၏ ရုပ်ဖြစ်ရာ အရပ်မဟုတ်သောကြောင့်ရင်း ကြဉ်ရပါသည်။

ရူပဝိရာဂဘာဝနာ နိဗ္ဗတ္တတ္တာ ဟေတုနော တဇ္ဇီခုရ တာယ အနောကာသတာယစ အရူပဝိပါကာ။ ။
(အဘိဓမ္မာညာဏ်ရောင်)

ရူပဝိရာဂ ဘာဝနာနိဗ္ဗတ္တတ္တာ၊ ရုပ်၌ တပ်ခြင်း ကင်းသော ဘာဝနာ၏ အစွမ်းဖြင့် ဖြစ်သည်၏ အဖြစ်ကြောင့်ရင်း။ ဟေတုနော၊ အရူပကုသိုလ်ဟူသော အကြောင်း၏။ တဇ္ဇီခုရတာယစ၊ ထို ရုပ်နှင့် ဆန့်ကျင်သည်၏ အဖြစ်ကြောင့်ရင်း။ အနောကာသတာယ၊ အရူပဘုံ၏ ရုပ်ဖြစ်ရာ မဟုတ်သောကြောင့် ရင်း။ အရူပ ဝိပါကာ၊ တို့သည်။ ရူပံ၊ ကို။ နသမုဋ္ဌာပေန္တိ၊ ကုန်။

★ အရူပဝိပါက်သာ ရုပ်ကိုမဖြစ်နိုင်ဟုမှတ်ရမည်လော၊ အခြားရှိသေးက ထုတ်ပြပြီးလျှင် ၎င်းတို့ကို အဘယ့်ကြောင့် မကြဉ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

☆ အရူပဝိပါက်သာ မဟုတ်ပါ၊ အရူပဘုံ၌ဖြစ်သော ကုသိုလ်စိတ်ပန္နရသ၊ အကုသိုလ်စိတ် ဒွါဒသ၊ ကြိယာစိတ် တေ

ရသ၊ ဖိုလ်စိတ်လေးခုအားဖြင့် (၄၂)ပါးတို့လည်း ရုပ်ကိုမဖြစ်စေနိုင်ပါ။ ၎င်းတို့ကို ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါဟူသော စကားဖြင့် ပေါ်လွင်နေပြီ ဖြစ်သောကြောင့် ထည့်သွင်း မဆိုတော့ပါ။

တသ္မိံ ဘဝေ အဋ္ဌကာမာဝစရကုသလာနိ ဒသအကုသလာနိ နဝကြိယစိတ္တာနိ စတ္တာရိ အာရုပ္ပကုသလာနိ စတသော အာရုပ္ပကြိယာ တီဏိ မဂ္ဂစိတ္တာနိ စတ္တာရိ ဖလစိတ္တာနိတိ ဒ္ဝေစတ္တာလီသစိတ္တာနိ ဥပ္ပဇ္ဇန္တိ၊ တာနိပိ တတ္ထ ရူပဿ နတ္ထိတာယ ဝေ ရူပံ နသမုဋ္ဌာပေန္တိ။ ။(သမ္မောဟ ဝိနောဒနီ)

တသ္မိံ ဘဝေ၊ ထိုအရူပဘုံ၌။ အဋ္ဌကာမာဝစရကုသလာနိ၊ တို့ဌင်း။ဒသအကုသလာနိ၊လောဘမူမောဟမူတို့ဌင်း၊နဝ၊ကုန်သော။ ကြိယစိတ္တာနိ၊ မနောဒ္ဓါရာဝဇ္ဇန်း မဟာကြိယာစိတ်တို့ဌင်း။ စတ္တာရိ၊ ကုန်သော။ အာရုပ္ပကုသလာနိ၊ တို့ဌင်း။ စတသော၊ ကုန်သော။ အာရုပ္ပကြိယာ၊ တို့ဌင်း။ တီဏိ၊ ကုန်သော။ မဂ္ဂစိတ္တာနိ၊ အထက်မဂ်စိတ်တို့ဌင်း။ စတ္တာရိ၊ ကုန်သော။ ဖလစိတ္တာနိ၊ တို့ဌင်း။ ဣကိ၊ သို့။ ယာနိဒ္ဒေစတ္တာလီသစိတ္တာနိ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။တာနိပိ၊ တို့သည်လည်း၊ တတ္ထ၊ ထိုအရူပဘုံ၌။ ရူပဿ၊ ၏။ နတ္ထိတာယ ဝေ၊ သာလျှင်။ ရူပံ၊ကို။ နသမုဋ္ဌာပေန္တိ၊ ကုန်။

★ ပဝတ္တိကမ္မဇရူပ်ကိုလည်း ဇနကဟိတ်ရှိသောကြောင့် သဟိတ်အဗျာကတတရားခ၌ ပါဝင်သင့်လျက် အဘယ့်ကြောင့် မကောက်ပါသနည်း။

☆ ပဝတ္တိကမ္မဇရုပ်သည် စိတ်နှင့်စပ်၍ မဖြစ်၊ စိတ်နှင့် မစပ်၍ ဟိတ်နှင့်လည်းမစပ်သောကြောင့် မကောက်ပါ။

★ ရုပ်တရားသည် မိမိသို့ အာရမ္မဏိကတရားတို့ကို ညွှတ်စေတတ်သောကြောင့် နာမ် ဟု ခေါ်သင့်, မခေါ်သင့် အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

☆ နာမသဒ္ဒါကို နာမ်တရားတို့၌သာ အထင်ရှင်အား ဖြင့် တင်စားအပ်လေသောကြောင့် ရုပ်တရားကို နာမ်ဟု မခေါ်သင့်ပါ။

နိရုဇ္ဈတ္တာ ပန နာမသဒ္ဒေါ အရူပဓမ္မေသုဝေ ဝုတ္တော၊
နေ ပထဝီအာဒိသူတိ နေ တေသံ နာမဘာဝေါ။ ။(မူလဋ္ဌီ)

ပန၊ ဆက်ဦးအုံ့။ နိရုဇ္ဈတ္တာ၊ နာမသဒ္ဒါကို နာမ်တရားတို့၌သာ တင်စားအပ်သည်၏အဖြစ်ကြောင့်။ နာမသဒ္ဒေါ၊ ကို။ အရူပဓမ္မေသုဝေ၊ တို့၌သာလျှင်။ ဝုတ္တော၊ ၏။ ပထဝီအာဒိသု၊ တို့၌။ နဝုတ္တော၊ အပ်။ ဧကိတသ္မာ၊ ကြောင့်။ တေသံ၊ ထိုပထဝီစသော ရုပ်တရားတို့အား။ နာမဘာဝေါ၊ နာမ်အဖြစ်သည်။ နဟောတိ၊ မဖြစ်။

★ ဟိတ်တရားသည် ခြောက်ပါးသာ ရှိပါလျက် အဘယ်ကြောင့် 'နဝေဝ နာမမူလာနိ' ဟု ဆိုရသည်ကို ဖြေဆိုမှ အဟိတ်နာမ်,သဟိတ်နာမ်တို့ကိုလည်း ခွဲခြားပြခဲ့ပါ။

☆ ဟိတ်တရားသည် ခြောက်ပါး ရှိငြားသော်လည်း ကုသိုလ်ဟိတ်(၃)ပါး,အကုသိုလ်ဟိတ်(၃)ပါး,အဗျာကတဟိတ်

(၃)ပါးအားဖြင့် ကိုးပါးရှိသောကြောင့် 'နဝေဝ နာမမူလာနိ' ဟု ဆိုပါသည်။

အဟိတ်နာမ်,သဟိတ်နာမ်အစွဲ

မောဟမူဒ္ဓေ၌ မောဟ၊ အဟိတ်စိတ် အဌာရသ၊ ဆန္ဒကြဉ် သောအညသမာန်း ဒ္ဝါဒသ၊ နိဗ္ဗာန်သည် သမ္မယုတ်ဟိတ် မရှိ သောကြောင့် အဟိတ်နာမ်ဟု ခေါ်၏။

သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒ္ဓေ၌ မောဟကြဉ်သော စေတသိက် ဒ္ဝေပညာသတ္တိသည် သမ္မယုတ်ဟိတ်ရှိသောကြောင့် သဟိတ်နာမ်ဟု ခေါ်၏။

မူလယမိုက်ပြီး၏။

ခန္ဓယမိုက်

ဥဒ္ဒေသ

★ မူလယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ အဘယ်ကြောင့် ခန္ဓယမိုက်ကို ဟောပါသနည်း ဖြေဆိုရ၍ မူလယမိုက်၏ အခြားမဲ့၌ အာယတန ယမိုက်ကို မဟောရခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

☆ မူလယမိုက်၌ဟောအပ်သော ကုသိုလ်စသောတရားတို့ကို ခန္ဓဒေသနာပြုလုပ်၍ ဟောကြားလိုသောကြောင့် မူလယမိုက်၏အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောရပါသည်။

အာယတနယမိုက်ကို မဟောခြင်း

အလုံးစုံသောပရမတ္ထတရားတို့ကို သိမ်းကျုံးမိ၍ အာယတနစသည်တို့အောက် အလွန် ဦးသောပုဒ်ရှိသောကြောင့် မူလယမိုက် ဟောတော်မူသည်၏ အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောရပါသည်။

ဣဒါနိ မူလယမကေ ဒေသိတေယေဝ ကုသလာဒိဓမ္မေ ခန္ဓဝသေန သင်္ဂဟိတ္တာ မူလယမကာနန္တရံ ဒေသိတာသ ခန္ဓယမကသ ဝဏ္ဏနာ ဟောတိ။ ။ (ယမိုက် အဋ္ဌကထာ)

ဣဒါနိ၊ ၌။ မူလယမကေ၊ ၌။ ဒေသိတေ၊ကုန်သော။ ကုသလာဒိဓမ္မေယေဝ၊ တို့ကို၊သာလျှင်။ ခန္ဓဝသေန၊ ဖြင့်။ သင်္ဂဟိတ္တာ၊ ၍။

မူလယမကာနန္တရံ၊ မူလယမိုက်၏အခြားမဲ့၌။ ဒေသိတသ၊သော။ ခန္ဓယမကသ၊ ၏။ ဝဏ္ဏနာ၊ သည်။ ဟောကို၊ ဖြစ်လတ္တံ့။

★ အာယတနယမိုက် စသည်တို့အောက် နည်းသော ကြောင့် ဟောသည်ဆိုလျှင် သင်္ခါရယမိုက်ကို ဟောသင့်လျက် အာဘယ့်ကြောင့် ခန္ဓယမိုက်ကို ဟောရပါသနည်း။

☆ နိဗ္ဗာန်သည် ကြည်အပ်သော အလုံးစုံသောပရမတ္ထ တရားတို့ကို သိမ်းကျုံးမိသောကြောင့် မူလယမိုက်၏အခြားမဲ့၌ သင်္ခါရယမိုက်ကို မဟောဘဲ ခန္ဓယမိုက်ကိုသာ ဟောပါသည်။

★ ခန္ဓယမိုက်ကျမ်း၌ အာဘယ်ဝါရကို မဟာဝါရ ဟု ခေါ်သည်ဟု ဖြေဆိုပြီးလျှင် ယင်းဝါရတို့၏အဓိပ္ပါယ်ကိုလည်း အသီးသီးရေးခဲ့ပါ။

☆ ခန္ဓယမိုက်ကျမ်း၌ ပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာ ဝါရတို့ကို မဟာဝါရ(ဝါ)ဝါရကြီးဟု ခေါ်ပါသည်။

ဝါရသုံးပါးအဓိပ္ပါယ်

ခန္ဓာစသောတရားတို့၏ အမည်ပညတ်ကို စီစစ်ဟောကြား အပ်သောဝါရသည် ပဏ္ဏတ္တိဝါရမည်၏။

ခန္ဓာစသော တရားတို့၏ ဥပါဒ, နိရောဓ၏အစွမ်းဖြင့် ဖြစ်ပုံ ကို စီစစ်ဟောကြားသောဝါရသည် ပဝတ္တိဝါရမည်၏။

ခန္ဓာစသောတရားတို့ကို ဥတ, တိရဏ, ပဟာနဟု ဆိုအပ် သော သုံးပါးသော ပရိညာကိစ္စတို့ဖြင့် ပိုင်းခြားရှုသိပုံကို ပြဆို သောဝါရသည် ပရိညာဝါရမည်၏။

မှတ်ချက်။ ။ထိုဝါရသုံးပါးတို့တွင် ပဏ္ဍိတ္တိဝါရဖြင့် ပရိယတ္တိဉာဏ်ကိုပြ၏၊ ပဝတ္တိဝါရဖြင့် ပဋိပဿနာဉာဏ်ကိုပြ၏၊ ပရိညာဝါရဖြင့် မဂ်ဉာဏ်ကိုပြ၏။

ဣမသ္မိံ ခန္ဓယမကေ တယော မဟာဝါရာ ဟောန္တိ ပဏ္ဍိတ္တိဝါရော ပဝတ္တိဝါရော ပရိညာဝါရောတိ။ ။ (အဋ္ဌကထာ)

ဟိ၊ ချဲ့ဦးအုံ့။ ဣမသ္မိံ ခန္ဓယမကေ၊ ဤ။ ပဏ္ဍိတ္တိဝါရော၊ ၎င်း။ ပဝတ္တိဝါရော၊ ၎င်း။ ပရိညာဝါရော၊ ၎င်း။ ဣတိ၊ သို့။ တယော၊ ကုန်သော။ မဟာဝါရာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

★ ပရိညာဝါရ သုံးပါးကို ဖေါ်ပြ၍ အဓိပ္ပါယ်ကို တခုစီရေးခဲ့ပါ။

ပရိညာသုံးပါး

☆ ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ အားဖြင့် သုံးမျိုးတည်း။

ပရိညာသုံးပါးအဓိပ္ပါယ်

ထိုထိုဓမ္မတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် စသည်တို့ကို ဟုတ်မှန်သည့်အတိုင်း ပိုင်းခြားမှ သိခြင်းသည် ဉာတပရိညာမည်၏။

ထိုထိုဓမ္မတို့ကို အနိစ္စ,ဒုက္ခ,အနတ္တစသော အခြင်းအရာအားဖြင့် ဆုံးဖြတ်ခြင်းသည် တီရဏပရိညာမည်၏။

ထိုထိုမမ္မတို့ဌာ်ဖြစ်သော ဆန္ဒရာဂကို အရဟတ္တမဂ်ဖြင့် ပယ်ဖျက်ခြင်းသည် ပဟာနပရိညာမည်၏။

★ ပဏ္ဏတ္တိဝါရ၏ ဥဒ္ဒေသသည် ဝါရမည်မျှပြောသည်ကို ဖေါ်ပြပြီးလျှင် ၎င်းတို့၏အဓိပ္ပါယ်ကိုလည်း တခုစီရေးခဲ့ပါ။

☆ ပဏ္ဏတ္တိဝါရ၏ဥဒ္ဒေသသည် ပရိစ္ဆေဒဝါရ, ပရိစ္ဆိန္နုဒ္ဒေသဝါရ,ဝိဘာဂဝါရအားဖြင့် သုံးပါးရှိပါသည်။

အဓိပ္ပါယ်

ခန္ဓာစသော တရားတို့၏ အရေအတွက်သရ်ျောကို ပိုင်းခြားပြဆိုအပ်သောဝါရသည် ပရိစ္ဆေဒဝါရမည်၏။

အရေအတွက် သရ်ျောဖြင့် ပိုင်းခြားအပ်သော ခန္ဓာစသော တရားတို့ကို သရုပ်ထုတ်၍ ပြဆိုသောဝါရသည် ပရိစ္ဆိန္နုဒ္ဒေသဝါရမည်။

ပဒသောဓနု စသော လေးပါးသောနည်းဖြင့် ဝေဘန်ပြဆိုသောဝါရသည် ဝိဘာဂဝါရမည်၏။

တနည်းကား....ပဏ္ဏတ္တိဝါရ၏ ဥဒ္ဒေသသည် ခန္ဓုဒ္ဒေသ,နာမဝဝတ္ထာန် နယဝါရအားဖြင့် သုံးပါးတည်း။

အဓိပ္ပါယ်

ခန္ဓာတို့၏အရေအတွက်သရ်ျောကို အကျဉ်းပြအပ်သော ဝါရသည် ခန္ဓုဒ္ဒေသမည်၏။

ခန္ဓာတို့၏ အမည်ပညတ်ကို ပိုင်းခြား၍ပြဆိုသောဝါရသည် နာမဝဝတ္ထာန်မည်၏။

ပဒသောဓနုစသော လေးပါးသော နည်းတို့ဖြင့် ဝေဘန်ပြဆိုအပ်သောဝါရသည် နယဝါရမည်၏။

★ အဘယ်ကြောင့် ခန္ဓာတို့ကို ငါးပါးသာ ရှိသည်ဟောပါသနည်း။

☆ အလုံးစုံသော သင်္ခတတရားတို့ကို တူသောအဘို့အားဖြင့် သိမ်းကျုံးမိသောကြောင့်၎င်း, ငါ၏ကိုယ် ငါ၏ဥစ္စာဟု စွဲလမ်းခြင်းသည်လည်း ထိုခန္ဓာငါးပါးလျှင် အတိုင်း အရှည် ရှိသော ကြောင့်၎င်း, အခြားသော သီလကွန္ဓစသော တရားတို့သည်လည်း ထိုခန္ဓာငါးပါး၌ အကျုံးဝင်သောကြောင့်၎င်း ငါးပါးသာ ရှိသည်ဟု ဆိုပါသည်။

> သဗ္ဗသင်္ခတသဘာဝေကသင်္ဂဟတော အတ္တတ္တနိယဂ္ဂါ ဟဝတ္ထုသ္မာ တေပ္ပရိမတော တဒညေသဉ္စ တဒဝရောဓ တော။ ။(သမ္မော)

သဗ္ဗသင်္ခတသဘာဝေကသင်္ဂဟတော၊ အလုံးစုံသော သင်္ခတတရားတို့ကို တူသောအဘို့အားဖြင့် သိမ်းကျုံးမိသော ကြောင့် ၎င်း။ အတ္တတ္တနိယဂ္ဂါဟ ဝတ္ထုသ၊ ငါ၏ကိုယ်, ငါ၏ဥစ္စာဟု စွဲလမ်း အပ်သော ဝတ္ထု၏။ တေပ္ပရိမတောစ၊ ထိုငါးပါးသာလျှင် အတိုင်းအရှည် ရှိသောကြောင့်၎င်း။ တဒညေသံ၊ ထိုခန္ဓာငါးပါးမှတပါး ကုန်သော သီလကွန္ဓစသည်တို့၏။ တဒဝရောဓတောစ၊ ထိုငါးပါး၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်၎င်း၊ ခန္ဓာ၊ တို့ကို။ ပဌေဝ၊ ဟူ၍သာလျှင်။ ဝုတ္တာ၊ ၏။

★ ပဒသောဓနမူလစက္ကဝါရ စသည်၌ အာဟယ်ကြောင့် စက်ဟု ခေါ်ပါသနည်း။

☆ ရူပ် ရူပက္ခန္ဓာ စသော မူလပုဒ်ကို လှည်းဘီး ပုံတောင်းသဖွယ်ပြု၍, ခန္ဓာဟူသောပုဒ်ကို အကွပ်သဖွယ်ပြု၍, ဝေဒနာက္ခန္ဓာ စသောမူလီ ပုဒ်တို့ကို အကန့်သဖွယ်ပြု၍ ဟောကြားသောကြောင့် စက္က=စက်ဟု ခေါ်ပါသည်။

ရူပံ ရူပက္ခန္ဓောတိ ဝေမာဒိကံ မူလပဒံ နာဘိ ကတ္တာ ခန္ဓာတိဣဒံ နေမိ ကတ္တာ ဝေဒနာက္ခန္ဓောတိ အာဒိနိ အရေ ကတ္တာ စက္ကဘာဝေါ ဝုတ္တော။ ။(မူ-ဋီ)

ရူပံရူပက္ခန္ဓောဂိ ဝေမာဒိကံ၊ သော။ မူလပဒံ၊ ဂို။ နာဘိ ် လှည်းဘီးပုံတောင်းသဖွယ်။ ကတ္တာ၊ ၍။ ခန္ဓာဂိဣဒံ၊ ကို။ နေမိ ် ၊ အကွပ်သဖွယ်၊ ကတ္တာ၊ ၍။ ဝေဒနာက္ခန္ဓောဂိ အာဒိနိ၊ တို့ကို။ အရေ၊ အကန့်သဖွယ်။ ကတ္တာ၊ ၍။ စက္ကဘာဝေါ၊ ကို။ ဝုတ္တော၊ ၏။

★ ခန္ဓယမကဋ္ဌ အနုလုံ့ ပစ္စနိက်တို့၏အဓိပ္ပါယ်ကို ဖော်ပြ၍ ပဋ္ဌာန်းကျမ်းလာ ပစ္စနိက်နှင့် ယမိုက်ကျမ်းလာပစ္စနိက်တို့၏ အထူးကိုလည်း ရေးခဲ့ပါ။

☆ နမမြစ်မူ၍ ရူပ် ရူပက္ခန္ဓော စသည်ဖြင့် ဟောကြားအပ်သည်ကား အနုလုံ့မည်၏။

နမြစ်၍ နရူပ် နရူပက္ခန္ဓော စသည်ဖြင့် ဟောကြားသည်ကား ပစ္စနိက်မည်၏။

ပစ္စနိုက်နှစ်ပါးအထူး

ပဋ္ဌာန်းကျမ်းလာပစ္စနိုက်ကား ပစ္စယုပ္ပန်မှလွတ်သောတရား တည်း။

ယမိုက်ကျမ်းလာ ပစ္စနိုက်ကား အနုလောမ, ပဋိလောမ နှစ်ပါးစုံမှလွတ်သောတရားတည်း။ဤကား အထူးတည်း။ ။ (အဘိဓမ္မာဉာဏ်ရောင်)

★ ပဒသောဓနမူလစက္ကဝါရ၌ နယ၏အဓိပ္ပါယ်,ယမက၏ အဓိပ္ပါယ်တို့ကို ဖေါ်ပြခဲ့ပါ။

☆ အနုလုံပစ္စနိုက်ကို နယဟုခေါ်၏၊ မူလိကို ယမကဟု ခေါ်ပါသည်။

ဥဒ္ဒေသပြီး၏။

ခန္ဓယမိုက်-ပဝတ္တိဝါရ

★ အဝိဇ္ဇာပစ္စယာသင်္ခါရာ, တယောသင်္ခါရာ, သဠာယတနပစ္စယာ သင်္ခါရာအနိစ္စာ,အနိစ္စာဝတသင်္ခါရာတို့၌ သင်္ခါရတို့၏ အထူးကို ရေး၍ သင်္ခါရာ သင်္ခါရကွန်ရှောင်၌ မည်သည့်သင်္ခါရဖြစ်သည်ကို လည်း ရေးခဲ့ပါ။

☆ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ လာသော သင်္ခါရကား လောကီကုသိုလ် အကုသိုလ်စေတနာကို ဟော၏။

တယောသင်္ခါရာ၌လာသော သင်္ခါရကား ကာယသင်္ခါရ, ဝစီသင်္ခါရ,စိတ္တသင်္ခါရအားဖြင့် သင်္ခါရသုံးပါးကို ဟော၏။

သဗ္ဗေသခ်ၢိရာ၌လၢသော သခ်ၢိရကၢး တေဘူမကသခ်ၢိရ ကို ဟော၏။

အနိစ္စာဝတသခ်ၢိရာ၌ လၢသော သခ်ၢိရကၢး စတုဘူမက သခ်ၢိရကို ဟော၏၊ ဤသခ်ၢိရာ သခ်ၢိရကၦနွၧ်၌ အနိစ္စာဝ့တ သခ်ၢိရဖြစ်၏။

သခ်ၢိရကၦနွၧ်ယမကေ အဝ်ဃသ်သ၁ သခ်ၢိရာတိ အနိစ္စာဝတသခ်ၢိရာတိ အာဒီသု အာဂတာ သခ်ၢိရကၦနွၧ် တော အ ၀ ်ဃသ်သ၁ သခ်ၢ်တဝမ္မာ။ ။(ယမိုက်အဋ္ဌကထာ)

သခ်ၢိရကၦနွၧ်ယမကေ၊ ၌။ အဝ်ဃသ်သ၁ သခ်ၢိရာကိ၊ ဟူသည်။ အနိစ္စာဝတ သခ်ၢိရာတိအာဒီသု၊ တို့၌။ အာဂတာ၊ ကုန်သော။ သခ်ၢိ ရကၦနွၧ်တော၊ မှ။ အ ၀ ်ဃသ်သ၁၊ ကုန်သ့ော။ သခ်ၢ်တဝမ္မာ၊ တို့တည်း။

★ ပဏ္ဍိတ်ဝါရ၌ ဥဒ္ဒေသဝါရကို ဟောသကဲ့သို့ ပဝတ်တ် ဝါရ၌ အဘယ့်ကြောင့် မဟောသည်ကို ဖြေဆိုရ ဥပ္ပါဒစ၊ ရ, နိရောဓဝါရ, ဥပ္ပါဒ နိရောဓစ၊ ရတို့၏ အဓိပ္ပါယ်ကိုလည်း ရေး ခဲ့ပါ။

☆ ပဏ္ဍိတ်ဝါရ၌ ပြဆိုပြီးသောနည်းကိုမှီ၍ သိနိုင်သော ကြောင့် မဟောပါ။

ဥပ္ပါဒစသောအဓိပ္ပါယ်

ခန္ဓာစသောတရား၏ ဥပ္ပါဒလက္ခဏာကို ပြဆိုသောဝါရ သည် ဥပ္ပါဒဝါရမည်၏။

ခန္ဓာစသောတရားတို့၏ နိရောဓလက္ခဏာကို ပြဆိုသောဝါရသည် နိရောဓဝါရမည်၏။

ခန္ဓာစသောတရားတို့၏ ဥပ္ပါဒ နိရောဓလက္ခဏာ နှစ်ပါးစုံကို ပြဆိုသောဝါရသည် ဥပ္ပါဒနိရောဓဝါရမည်၏။

မှတ်ချက်။ ။ဥပ္ပါဒ ဝါရဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်၏၊ ဥဒယဗ္ဗယ ဉာဏ်ကိုပြ၏၊ ဒုက္ခလက္ခဏာကို ထင်၏။ နိရောဓဝါရဖြင့် သဿတ ဒိဋ္ဌိ ကို ပယ်၏၊ ဘင်္ဂဉာဏ်ကို ပြ၏၊ အနိစ္စ လက္ခဏာကို ထင်၏။ ဥပ္ပါဒနိရောဓဝါရဖြင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးစုံကိုပယ်၏၊ ဘယစသော ဉာဏ်ကိုပြ၏၊ အနတ္တ လက္ခဏာကို ထင်၏။

ကသ္မာပနေတ္ထ ဥဒ္ဒေသဝါရော နဝုတ္တော၊ ဟေဋ္ဌာ ဒဿိတနယတ္တာ၊ ဥပ္ပါဒဝါရေန စေတ္ထ ဓမ္မာနံ ဥပ္ပဇ္ဇနာ ကာရော၀ ဒီပိတော၊ နိရောဓဝါရေန ဥပ္ပန္နနာမ နိစ္စံ နတ္ထိတိ တေသညေ၀ အနိစ္စတာ ဒီပိတာ၊ ဥပ္ပါဒနိရောဓ ဝါရေန တဒုဘယံ။ ။(အဋ္ဌကထာ)

ပန၊ ဆက်ဦးအံ့။ ထွေ၊ ဤပဝတ္တိ၀ါရ၌၊ ကသ္မာ၊ ကြောင့်။ ဥဒ္ဒေသဝါရော၊ ကို။ နဝုတ္တော၊ နည်း။ ဣကိအယံ၊ သည်ကား။ ပုဗ္ဗာ၊ တည်း၊ ဟေဋ္ဌာ၊ အောက်ပဏ္ဏတ္တိ၀ါရ၌။ ဒဿိတနယတ္တာ၊ ပြအပ်သောနည်းရှိသည်၏ အဖြစ်ကြောင့်၊ နဝုတ္တော၊ မမူအပ်။ ဣကိအယံ၊ လျှင်။ ပဋိသဇ္ဇနာတည်း။ ထွေ၊ ဤသုံးပါးသော ဝါရတို့တွင်လည်း။ ဥပ္ပါဒဝါရေန၊ ဖြင့်။ ဓမ္မာနံ၊ ခန္ဓာစသော တရားတို့၏။ ဥပ္ပဇ္ဇနာကာ ရော၀၊ ဖြစ်ဆဲအခြင်းအရာကိုသာလျှင်။ ဒီပိတော၊ ၏။ နိရောဓဝါရေ နေ၊ ဖြင့်။ ဥပ္ပန္နနာမ၊ ဖြစ်ပြီးသောတရားမည်သည်။ နိစ္စံ၊ သည်။ နတ္ထိ၊

မရှိ။ ဇုကိ၊ သို့။ တေသညေ၀၊ ထိုခန္ဓာစသော တရားဟို၏သာလျှင်။ အနိစ္စတာ၊ ကို။ ဒိပိတာ၊ ၏။ ဥပ္ပါဒနိရောဓ၀ါရေန၊ဖြင့်။ တဒုဘယံ၊ ကို။ ဒ်ပိတံ၊ ၏။

★ အဘယ့်ကြောင့် ပစ္စုပ္ပန္နဝါရ စသည်တို့ကို အစဉ် အတိုင်း ဟောပါသနည်း။

☆ မျက်မှောက်ဖြစ်ဆဲ ခံစားဆဲဖြစ်၍ အလွန်သိလွယ်သောကြောင့် ပစ္စုပ္ပန္နဝါရကို ရှေးဦးစွာဟော၏။

ဖြစ်ဘူး ခံစားဘူးသည်ဖြစ်၍ အနာဂတ်တရားတို့ ထက်သိလွယ်သောကြောင့် ပစ္စုပ္ပန္နဝါရ၏အခြားမဲ့၌ အတီတဝါရကို ဟော၏။

ဖြစ်ဆဲ ခံစားဆဲ ဖြစ်ဘူး ခံစားဘူးသော တရားတို့ကို မှန်းဆသောအားဖြင့် နောင်အခါ ဣရိယာပထ်သို့သော တရားမျိုးသည် ဖြစ်လတ္တံ့ဟု သိအပ်သောကြောင့် အတီတဝါရ၏ အခြားမဲ့၌ အနာဂတဝါရကို ဟော၏။

★ အဘယ့်ကြောင့် အတီတပစ္စုပ္ပန္န,အနာဂတပစ္စုပ္ပန္န, အနာဂတာတီတ သုံးဝါရတို့ကို မဟောပါသနည်း။

☆ မိဿကဝါရ ပဋ္ဌိလောမပုစ္ဆာဖြင့်ပင်လျှင် အတီတ ပစ္စုပ္ပန္နစသော ကာလအပြားကို ပြဆိုအပ်သောကြောင့် ယင်းသုံးဝါရတို့ကို မဟောပါ။

တတ္ထတတ္ထ ပဋ္ဌိလောမပုစ္ဆာဟိ အတီတေန ပစ္စုပ္ပန္နာ ဒယော ကာလဘေဒါ ဒဿိတာ။ ။(မူလဋ္ဌိကာ)

ဟိ-ယသ္မာ၊ ကြောင့်။ တတ္ထ တတ္ထ၊ ထိုထိုပစ္စုပ္ပန္နာတီတဝါရ စ သည် တို့၌။ ပဋိလောမပုစ္ဆာဟိ၊ တို့ဖြင့်။ အတီတေန ပစ္စုပ္ပန္နာ ဒယော၊ ကုန်သော၊ ကာလဘေဒါ၊ တို့ကို။ ဒဿိတာ၊ ကုန်၏။

★ ပုဂ္ဂလစဝါရ, သြကာသဝါရ, ပုဂ္ဂလောကာသဝါရ တို့၏ အဓိပ္ပါယ်တို့ကို အသီးသီးရေးခဲ့ပါ။

☆ ပုဂ္ဂိုလ်၏အစွမ်းဖြင့် ခန္ဓာစသောတရားတို့၏ ဖြစ်ပုံ ချုပ်ပုံကို ပြဆိုသောဝါရသည် ပုဂ္ဂလဝါရမည်၏။ သြကာသ၏ အစွမ်းဖြင့် ခန္ဓာစသောတရားတို့၏ ဖြစ်ပုံချုပ်ပုံကို ပြဆိုသော ဝါရသည် သြကာသဝါရမည်၏။ပုဂ္ဂလ သြကာသနှစ်ပါးစုံတို့၏ အစွမ်းအားဖြင့် ခန္ဓာစသောတရားတို့၏ ဖြစ်ပုံ ချုပ်ပုံကို ပြဆိုသောဝါရသည် ပုဂ္ဂလောကာသဝါရမည်၏။

★ သုဒ္ဓကာလတို့၌ ရူပကွန္ဓစသော ရှေးရှေးသောပုဒ်တို့ကို အဘယ်ကြောင့် မူလီသွတ်၍ မဟောသည်ကိုဖြေဆိုခဲ့ပါ။

☆ ပဋိလောမအတိုင်းပင် ဖြေဆို ဟောရမည် ဖြစ်၍ ဟောကြားပြန်က အကျိုးမရှိသောကြောင့် ရူပကွန္ဓ စသော ရှေးရှေးပုဒ်တို့ကို မူလီသွတ်၍ မဟောပါ။

နပုရိမေန ကသ္မာ၊အမိသ္သကကာလဘေဒေသု ဝါရေ သု အတ္ထိဝိသေသာဘာဝတော။ ။(မူလဋီကာ)

ပုရိမေန၊ ရှေးရှေးရူပကွန္ဓာ စသောပုဒ်နှင့်၊ သဟ၊ ကွ။ ယော ဇေတွာ၊ ၍။ နဝုတ္တာနိ၊ ကုန်။ ကသ္မာ၊ ကား။ အမိသ္သက ကာလ

ဘေဒေသု၊ မရောယှက်သောကာလ အထူးရှိကုန်သော။ ဝါရေသု၊ တို့၌။အတ္ထဝိသေသာဘာဝတော၊အကျိုးထူးမရှိသောကြောင့်တည်း။

★ အဘယ်ကြောင့် အဘယ်ဘုံကို ကေဝေါကာရ, စတု ဝေါကာရ, ပဉ္စဝေါကာရ ဟု ခေါ်ပါသနည်း။ ယင်းတို့၌ ပါသော ဝေါကာရသဒ္ဒါတို့၏ ဟောအပ်သော အနက်ကိုလည်း ရေးခဲ့ပါ။

☆ ရူပကွန္ဓာဟုဆိုအပ်သော ခန္ဓာတပါး၏သာ ဖြစ်ရာ ဖြစ်သောကြောင့် အသညသတ်ဘုံကို ကေဝေါကာရဘုံ ဟု ခေါ်၏။

နာမကွန္ဓာလေးပါးတို့၏ ဖြစ်ရာဖြစ်သောကြောင့် အရူပ လေးဘုံကို စတုဝေါကာရဘုံဟု ခေါ်၏။

ခန္ဓာငါးပါးတို့၏ ဖြစ်ရာ ဖြစ်သောကြောင့် ကာမတဏှာ တဘုံ,အသညသတ်ကြဉ်သော ရူပတဏှာငါးဘုံတို့ကို ပဉ္စဝေါ ကာရဘုံဟု ခေါ်၏။

ဝေါကာရသဒ္ဒါ

ဝေါကာရသဒ္ဒါသည် လာမကအနက်, ခန္ဓာအနက်တို့တွင် ခန္ဓာအနက်ကိုသာ ဟော၏။

★ အဘယ်ပုဂ္ဂိုလ်သည် အဘယ်ဘုံ၌ ဖြစ်သည်, မဖြစ် သည်ကို ပုဂ္ဂိုလ်မှုနေ၍ ဘုံကို မှတ်ပြခဲ့ပါ။

☆ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် အပါယ်လေးဘုံ တို့၌သာ ဖြစ်၏၊ ကာမသုဂတိခုနစ်ဘုံ, ရူပတဆဲ့ခြောက်ဘုံ, အရူပလေးဘုံတို့၌ မဖြစ်ပါ။

သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် မနုဿဘုံ, စတုမဟာရာဇ်ဘုံ, အသညသတ်ဘုံတို့၌သာ ဖြစ်၏၊ အပါယ်လေးဘုံ, အထက်နတ်ပြည်ငါးထပ်, အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ,အရူပလေးဘုံတို့၌ မဖြစ်ကြပါ။

ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ကာမသုဂတိခုနစ်ဘုံ၌ ဖြစ်၏၊ အပါယ်လေးဘုံ, ရူပတဆဲ့ခြောက်ဘုံ, အရူပလေးဘုံ တို့၌ မဖြစ်ပါ။

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်,အလယ်မဂ္ဂဌာန်နှစ်ယောက်,အောက်ဖလဌာန်နှစ်ယောက်တို့သည် ကာမသုဂတိခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ, အရူပလေးဘုံတို့၌ဖြစ်၏၊ အပါယ်လေးဘုံ,အသညသတ်ဘုံ, သုဒ္ဓါဝါသငါးဘုံတို့၌ မဖြစ်။

သောတာပတ္တိ မဂ္ဂဌာန်ပုဂ္ဂိုလ်သည် ကာမသုဂတိခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံတို့၌ဖြစ်၏၊ ကြင်းမဖြစ်။

အနာဂါမိဖလဌာန်, အရဟတ္တမဂ္ဂဌာန်, အရဟတ္တဖလဌာန်တို့သည် ကာမသုဂတိခုနစ်ဘုံ, အသညသတ်ကြဉ်သောရူပတဆဲ့ငါးဘုံ, အရူပလေးဘုံ တို့၌ ဖြစ်၏၊ ကြင်းဘုံ တို့၌ မဖြစ်ကြ။

★ အဘယ်ဘုံ၌ အဘယ်ပုဂ္ဂိုလ်မျှားဖြစ်သည်ကို ဘုံမှုနေ၍ ပုဂ္ဂိုလ်ကို အသီးသီးမှတ်ပြခဲ့ပါ။

☆ အပါယ်လေးဘုံ တို့၌ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တယောက်သာ ဖြစ်၏။

မနုဿဘုံ, စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိကြဉ်သောပုဂ္ဂိုလ် တဆဲ့တယောက်ဖြစ်၏။

အထက် နတ်ပြည်ငါးထပ်၌ ဒု-သု ကြဉ်သောပုဂ္ဂိုလ် ဆယ်ယောက်ဖြစ်၏။

ဝေဟပ္ဖိုလ်တိုင်အောင် ဗြဟ္မာဆယ်ဘုံတို့၌ တိဟိတ်ပုထုဇဉ်နှင့် အရိယာရှစ်ယောက်ဖြစ်၏။

အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုထုဇဉ် တယောက်သာ ဖြစ်၏။

သုဒ္ဓါဝါသငါးဘုံတို့၌ အနာဂါမိဖလဌာန်, အရဟတ္တမဂ္ဂဌာန်,အရဟတ္တဖလဌာန်သုံးယောက်ဖြစ်၏။

အရူပလေးဘုံတို့၌ တိဟိတ်ပုထုဇဉ်နှင့် သောတာပတ္တိမဂ်ကြဉ်သောအရိယာခုနစ်ယောက်ဖြစ်၏။

ဆောင်။ ။အပါယ်ဒုဂ၊သူနတ်စဋ္ဌ၊ဒု-ပယ် ကော် ဒသ၊ထက်ငါးနတ်ဝယ်၊ အဟိတ်ပယ်လေး၊ ဆယ်ဘုံရှုပ၊ ကိဟိတ်ရိယာ၊ ကိုးယောက်ဒြာ၏၊သုသာသည်၊ ငါးသုဒ္ဓမှာ၊ရိုယခေါင်ဆုံး၊ သုံးယောက်စိ၊ အရူပဝယ်၊ စ,မဂ်ပယ်သည်၊ ရှစ်သွယ် တိဟိတ်မကြွင်းတည်း။ (အဘိဓမ္မာဥာဏ်ရောင်)

★ ခန္ဓယမိုက် ပဝတ္တိဝါရ၌ အဘယ်ပုဂ္ဂိုလ်တို့ကို ဟောသည်, အဘယ်ပုဂ္ဂိုလ်တို့ကို အဘယ့်ကြောင့် မဟောသည်တို့ကို စုံလင်စွာပြခဲ့ပါ၊

☆ ပဝတ္တိဝါရ၌ ပုထုဇဉ်လေးယောက်နှင့် ဖလဌာန် လေးယောက်တို့ကို ဟောပါသည်။

မဟောသောပုဂ္ဂိုလ်

မဂ်ပုဂ္ဂိုလ်လေးယောက်သည် စုတိပဋိသန္ဓေတို့၏ အစွမ်းဖြင့် မဖြစ်နိုင်သောကြောင့် မဟောပါ။

★ အသည္ယတ် ဥပပဇ္ဇန္တဆိုရိုးဌ "အစစ္စာသော ဇီ၀ိတ နေ၀ကကလာပ်ရုပ်တို့၏ ဥပ္ပါဒကွဏသမင်္ဂီ ဟု ဆိုအပ်သော" ဟု အဘယ်ကြောင့် ဆိုပါသနည်း၊ အသည္ယတ်ဗြဟ္မာကို အလုံးစုံသော စိတ္တုပ္ပါဒ်ကင်းသောကြောင့် အစိတ္တကပုဂ္ဂိုလ်ဟူ၍ရင်း, အစိတ္တုပ္ပါဒကပုဂ္ဂိုလ်ဟူ၍ရင်း ခေါ်သင့်လျက် မခေါ်ဘဲ အဘယ် ကြောင့် အသည္ယတ် ပုဂ္ဂိုလ်ဟု ခေါ်ရ ပါသနည်း။

☆ အသည္ယတ် ဗြဟ္မာတို့သည် ဦးစွာအစ အသည္ယတ်ဘုံ၌ ဇီ၀ိတနေ၀ကကလာပ်ရုပ်ဖြင့်သာ ပဋိသန္ဓေနေသောကြောင့် ဆိုရိုးပြုရပါသည်။

အစိတ္တကပုဂ္ဂိုလ် မခေါ်ခြင်း

အသည္ယတ်ဗြဟ္မာတို့သည် အလုံးစုံသော စိတ္တုပ္ပါဒ်ကင်းသော်လည်း သညာကိုသာ ဒေသနာသီသပြုသောကြောင့် အသည္ယတ်ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

အသည္ယတ္တာတိ ဒေသနာသီသမေတံ အစိတ္တုပ္ပါ
ဒါ ရူပမတ္တကအတ္တဘာ၀ါတိ အတ္ထော။ ။(သီလက္ခန္ဓ)

အသည္ယတ္တာကိုတော်၊ ဤသဒ္ဒါသည်။ ဒေသနာသီသံ၊တည်း။ အစိတ္တုပ္ပါဒါ၊စိတ္တုပ္ပါဒ်ကင်းကုန်သော။ရူပမတ္တကအတ္တဘာ၀၊ ရုပ်မျ

သာဖြစ်ကုန်သော၊ အတ္တဘော ရှိကုန်သော သတ္တဝါတို့တည်း။ ဣကိ အယံ၊ လျှင်။ အဒ္ဓေ၊ တည်း။

★ အသညသတ်ဘုံ၌ မည်သည့်ပုဂ္ဂိုလ်မျှားသာ ဖြစ်နိုင်သည်, မည်သည့် ပုဂ္ဂိုလ်မျှား မဖြစ်နိုင်သည်တို့ကို ခွဲခြားပြခဲ့ပါ။

☆ ကံကံ၏ အကျိုးကို မယုံကြည်သော နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယာဒိဋ္ဌိအယူရှိသော တိတ္ထိရဟန်းနှင့် ကံကံ၏အကျိုးကိုသာ ယုံကြည်သော ကမ္မကြိယဝါဒီတိတ္ထိတို့သည် အသညသတ်ဘုံ၌ ဖြစ်နိုင်ကြပါသည်၊သာသနာတော်၌ ရဟန်းပြုကုန်သောပုဂ္ဂိုလ်တို့ မရောက်နိုင်ကြပါ။

★ ပဋ္ဌဝေါကာရ ဥပပဇ္ဇနီ ဆိုရိုး၌ အာဘယ်ကိုရည်၍ ကမ္မဇကလာပ်သုံးစည်း, ခုနစ်စည်း, လေးစည်းဟု ဆိုရသည်ကို ဖြေဆို၍ အရူပဥပပဇ္ဇနီဆိုရိုး၌ ရုပ်ပဋိသန္ဓေကို အာဘယ့်ကြောင့် မပြသည်ကိုလည်း ဖြေခဲ့ပါ။

☆ ဂဗ္ဘသေယျကပုဂ္ဂိုလ်သည် ကမ္မဇကလာပ်သုံးစည်းတို့ဖြင့် ပဋိသန္ဓေတည်နေ၏၊ ကာမာဝစရ သံသေဒဇ ဥပပါတ်ပုဂ္ဂိုလ်တို့သည် ကမ္မဇကလာပ် ခုနစ်စည်းဖြင့် ပဋိသန္ဓေ နေ၏၊ အသညသတ်ကြဉ်သော ရူပါဝစရပြဟ္မာတို့သည် ကမ္မဇကလာပ် လေးစည်းတို့ဖြင့် ပဋိသန္ဓေနေ၏၊ ၎င်းတို့ကိုရည်၍ကမ္မဇကလာပ်သုံးစည်း,ခုနစ်စည်း,လေးစည်းဟု ဆိုပါသည်။

ဆောင်။ ။ဂ ဒ္ဓဿုံးရှ၊ သံ ခုနှစ်လီ၊ ရှပိလေးဝ၊ ပြစ်ကြောင်း ပြ၊ ရှပကလာပါ။

ရုပ်ပဋိသန္ဓေကို မပြခြင်း

ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် အရူပပြဟ္မာတို့အား ထိုအရူပ ဘုံ၌ အချင်းခပ်သိမ်း ရုပ်ဖြစ်ခြင်း မရှိသောကြောင့် မပြဆိုပါ။

အရူပီနံ ရူပဝိရာဂဘာဝနာဗလေန တတ္ထ သဗ္ဗေန သဗ္ဗံ ရူပပဝတ္တိယာ အဘာဝတော။ ။(အဘိဓမ္မာ ဉာဏ်ရောင်)

အရူပီနံ၊ အရူပပြဟ္မာတို့အား။ ရူပဝိရာဂ ဘာဝနာ ဗလေန၊ ရုပ်၌တပ်ခြင်း ကင်းသော ဘာဝနာ၏ အစွမ်းဖြင့်။ တတ္ထ၊ ထိုအရူပ ဘုံ၌။ သဗ္ဗေန-သဗ္ဗံ၊သိမ်း။ ရူပပဝတ္တိယာ၊ ရုပ်၌ဖြစ်ခြင်း၏။ အဘာ ဝတော၊ ကြောင့်။ နသံဝိဇ္ဇန္တိ၊ ကုန်။

★ ခပ်သိမ်းသောစဝန္ဓဆိုရိုး၌ ကမ္မဇကလာပ် သုံးစည်း, လေးစည်းဟု စသည်ဖြင့်မဆိုဘဲ အဘယ့်ကြောင့် 'အဆုံးစွန် သောကမ္မဇရုပ်, ဇီဝိတနဝကကလာပ်ရုပ်တို့၏'ဟု ဆိုပါသနည်း။

☆ ပဋိသန္ဓေခဏ၌ ပဋ္ဌာဝေါကာရပုဂ္ဂိုလ်တို့အား ကမ္မဇ ကလာပ်သုံးစည်း, ခုနစ်စည်း, လေးစည်းတို့သည် ထိုက်သည့် အားလျော်စွာဖြစ်သကဲ့သို့ စုတိဆဲခဏ၌ ယင်းကလာပ်စည်းတို့ သည် အပြည့်အစုံမရနိုင်ဘဲ စုတိခဏ၌ အမှတ်မရှိသောကမ္မဇရုပ် တို့ ဖြစ်ကြလေသောကြောင့် ထိုပဋ္ဌာဝေါကာရကိုရည်၍ အဆုံး စွန်သောကမ္မဇရုပ်ဟု ဆိုရပါသည်။

အသည်သတ်ပုဂ္ဂိုလ်တို့ကား ပဋ္ဌိသန္ဓေခဏ၌ ဇီဝိတနဝက ကလာပ်ရုပ်ဖြင့် ပဋ္ဌိသန္ဓေနေသကဲ့သို့ စုတိခဏ၌ ဇီဝိတနဝက ကလာပ်ရုပ်ဖြင့်သာ စုတိလေသောကြောင့် ယင်းအသည်သတ် ကိုရည်၍ ဇီဝိတနဝကကလာပ်ရုပ်ဟု ဆိုပါသည်။

★ သြကာသဝါရ၌ ကာလသုံးပါးကို ရခြင်းကိုရင်း, ဥပ္ပါဒနိရောဓ ရောပြွမ်းခြင်းကိုရင်း ဖြစ်ရသည်ကို အကြောင်းစုံ လုစ်ခဲ့ပါ။

☆ လောကဓာတ်သည် အနန္တဖြစ်၍ သြကာသအပိုင်း အခြားမရှိသောကြောင့် သုံးဆဲ့တဘုဉ်ဖြစ်ကုန်သော သတ္တဝါ အနန္တတို့တွင် အချို့မှာဖြစ်ဆဲ, အချို့မှာချုပ်ဆဲ, အချို့မှာ ဖြစ်ဘူး, အချို့မှာ ချုပ်ဘူး, အချို့မှာဖြစ်လတ္တံ့, အချို့မှာ ချုပ်လတ္တံ့ စသောအားဖြင့် ဖြစ်ကြ၍ ထိုပုဂ္ဂိုလ်တို့၏ ဖြစ်ရာ တည်ရာဖြစ်သော သြကာသမှာ ကာလသုံးပါးရခြင်း, ဥပ္ပါဒ နိရောဓရောပြွမ်းခြင်းဖြစ်ရပါသည်။

> အနန္တာ လောကဓာတုယောတိ သြကာသဿ အ ပရိစ္ဆိန္နတ္တာ သြကာသဝေသန ဝုစ္စမာနာနံ ဥပ္ပါဒနိရော ဓာနဉ္စိ ပရိစ္ဆေဒါဘာဝတော သံဝိဇ္ဇတာ ဟောတိ။ ။ (မူလဋီ)

လောကဓာတုယောဟူသည်။ အနန္တာ၊ အဆုံးအဝိုင်းအခြား မရှိကုန်။ ဣတိ၊ သို့။ သြကာသဿ၊ ၏၊ အပရိစ္ဆိန္နတ္တာ၊ ကြောင့်။ သြကာသဝေသန၊ ဖြင့်။ဝုစ္စမာနာနံ၊ ကုန်သော။ ဥပ္ပါဒနိရောဓာနမ္ပိ၊

လည်း။ ပရိဇ္ဇေဒါဘာဝတော၊ အဝိုင်းအခြား မရှိသည်၏ အဖြစ်ကြောင့်။ သံကိလိဋ္ဌတာ၊ ကာလစသည်တို့၏ ရောပြွမ်းသော အဖြစ်သည်။ ဟောကိ၊ ၏။

★ ရဟန္တာပုဂ္ဂိုလ်သည် ရှေးဘဝက ရဟန္တာအဖြစ် ပဋ္ဌိသန္ဓေနေခြင်း မရှိသောကြောင့် ခန္ဓာငါးပါး ဖြစ်ဘူးမရသင့်ပါလျက် အတိတပုဂ္ဂလဝါရဒ္ဒ ရဟန္တာပုဂ္ဂိုလ်ကို ထည့်သွင်းခြင်း အကြောင်းကို ရေး၍ မဂ်ပုဂ္ဂိုလ်သည် ခန္ဓာငါးပါးရပါလျက်ယင်း အတိတပုဂ္ဂလဝါရဒ္ဒ ထည့်သွင်း မကောက်ခြင်းကိုလည်း ရေးခဲ့ပါ။

ရဟန္တာပုဂ္ဂိုလ်ကို ကောက်ခြင်း

☆ ရဟန္တာအဖြစ်ဖြင့် ပဋ္ဌိသန္ဓေ မနေဘူးသော်လည်း ရှေးပုထုဇဉ်စသည်ဖြစ်သောအခါက ခန္ဓာငါးပါး ဖြစ်ခဲ့ဘူးရာ ပုထုဇဉ်စသော အတ္တဘောနှင့် ရဟန္တာ၏အတ္တဘော နှစ်ခုတို့၏ တစပ်ထည်း ဖြစ်သောကြောင့် ရှေးပုထုဇဉ်ဘဝ ခန္ဓာငါးပါး ဖြစ်သည်ကိုရည်၍ ဥပစာအားဖြင့် ကောက်ခြင်းဖြစ်ပါသည်။

မဂ်ပုဂ္ဂိုလ်ကို မကောက်ခြင်း

မဂ်ပုဂ္ဂိုလ်တို့သည် ပဋ္ဌိသန္ဓေနေသည်၏အစွမ်းအားဖြင့်ရင်း, စုတိသည်၏အစွမ်းအားဖြင့်ရင်း မဖြစ်နိုင်သောကြောင့် အတ်တပုဂ္ဂလဝါရဒ္ဒ မရပါ။

ဆောင်၊ ။ဒီဏာသဝ၊ ဖြစ်ဘူးရ၊ ကောက်ကြဉပစာ။
စုတိသန္ဓေ၊ မဖြစ်ပေ၊ ကြဉ်လေ မဂ္ဂဋ္ဌာ။

မှတ်ချက်။ ။ပဋိကွေ့ပအရ သန္ဓိဋ္ဌာန်ပုဒ်အရကိုပယ်၍ ပဋိသေ ဓအရ သံသယပုဒ်အရကိုမြှစ်၍ နဏ္ဍိပဲဘင်း ကောင်္ဘသ တင်လေ။

★ ပါဠိတော်ဝယ် 'ပဠဝေါကာရနံ တေသံတတ္ထ'ဟု သာမညဆိုပါလျက် သုဒ္ဓါဝါသကို ကြည်ရခြင်း အကြောင်းကို ရေး၍ ယင်းသုဒ္ဓါဝါသပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် ဖြစ်ဘူး ချုပ်ဘူး မရသည်ကိုလည်း ရေးခဲ့ပါ။

☆ သုဒ္ဓါဝါသဘုံ၌ ဖြစ်သော အနာဂါမ်,အရဟတ္တဖလဌာန် ပုဂ္ဂိုလ်တို့သည် မိမိဖြစ်ဆဲသုဒ္ဓါဝါသဘုံ၌ ခန္ဓာငါးပါးလုံးဖြစ် ဘူးမရသောကြောင့် အရကောက်ရာ၌ ကြည်ရပါသည်။

ဖြစ်ဘူး ချုပ်ဘူး မရ

သုဒ္ဓါဝါသပုဂ္ဂိုလ်တို့သည် သဒ္ဓါစသော ဣန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်များ ဖြစ်၍ မိမိ ဖြစ်ခိုက် ဘုံ၌ နှစ်ကြိမ် ထပ်မံ၍ မဖြစ် ကောင်းသောကြောင့် ဖြစ်ဘူး ချုပ်ဘူး မရပါ။

သုဒ္ဓါဝါသာနံ တေသံတတ္ထ ရူပကွန္ဓောစ နုပ္ပဇ္ဇိတ္ထ ဝေဒနာကွန္ဓောစ နုပ္ပဇ္ဇိတ္ထာတိ ဧတေန သုဒ္ဓါဝါသဘူမိသု ကောဘူမိယမ္ပိ ဒုတိယာ ဥပပတ္တိ နတ္ထိတိ ဥပါတံ ဟောတိ။ (မူ–ဋီ)

သုဒ္ဓါဝါသာနံ တေသံ တတ္ထ။လ။ဧတေန၊ ဖြင့်။ သုဒ္ဓါဝါသဘူ မိသု၊ တို့တွင်။ ကောဘူမိယမ္ပိ၊ ၌လည်း။ ဒုတိယာ၊ သော။ ဥပပတ္တိ။ ပဋိသန္ဓေနေခြင်းသည်။ နတ္ထိ၊မရှိ။ ဣတိ၊ သို့။ ဥပါတံ၊ သည်။ဟောတိ၊ ၏။

★ သစ္စယမိုက်စသည်တို့၌ သုဒ္ဓါဝါသပုဂ္ဂိုလ်တို့ ဒုက္ခသစ္စာ ဖြစ်ဘူးရကြောင်း စသည်တို့ကို ဟောကြား၏။ ဤခန္ဓယမိုက်၌ သုဒ္ဓါဝါသပုဂ္ဂိုလ်တို့ ဘူးနှစ်မျိုး မရဟု ဟောရာ အချင်းချင်း ညီနှိုင်းဖြေဆိုပါ။

☆ သစ္စယမိုက်စသည်တို့၌ ပဝတ္တိအခါ ခဏပစ္စုပ္ပန်ဖြင့်လည်း ပိုင်းခြားဟောသောကြောင့် ဘူးနှစ်မျိုး ရသည်၊ ခန္ဓယမိုက်၌ အဒ္ဓါပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ပိုင်းခြားဟောသောကြောင့် ဘူးနှစ်မျိုးကို မရပါ၊ ထို့ကြောင့် အချင်းချင်း မဆန့်ကျင်ကြပါ။

★ သုဒ္ဓါဝါသဗြဟ္မာတို့သည် မိမိဖြစ်ခိုက်ဘုံ၌ နှစ်ကြိမ်ထပ်၍ မဖြစ်ဟုဆိုလျင် အခြားသော ဘုံသို့ပြောင်းရွှေ့၍ မဖြစ်ဟု ယူသော် သင့်ပါမည်လော။

☆ သုဒ္ဓါဝါသဗြဟ္မာတို့သည် ရဟန္တာဖြစ်လောက်သော ဣန္ဒြေရင့်သော် အခြားဘုံသို့ ပြောင်းရွှေ့၍ မဖြစ်၊ ဣန္ဒြေမရင့်ခဲ့သော် ဥဒ္ဓံသောတဂါမိ အကနိဋ္ဌအနာဂါမ် ရှိကြောင်း ဘုရားရှင်ဟောကြားသောကြောင့် အခြားဘုံသို့ ပြောင်းရွှေ့ဖြစ်နိုင်ပါသည်။

> တတ္ထ သုဒ္ဓါဝါသေသု ဟေဋ္ဌာဘူမိကဿ အသတိ ဣန္ဒြိယပရိပါကေ ဥပရိဘူမိသမုပ္ပတ္တိ နသက္ကာ ပဋိသေဓေတုံ ဥဒ္ဓံသောတဝစနတော။ ။(အနုဋီ)

တတ္ထ၊ ထိုစကားရပ်၌။ဥဒ္ဓံသောတဝစနတော၊ ဥဒ္ဓံသောတဂါမိအကနိဋ္ဌအနာဂါမ်ကို ဘုရားရှင် ဟောကြားတော်မူသောကြောင့်။

သုဒ္ဓါဝါသေသသု၊ တို့တွင်။ ဟောဌာဘူမိကဿ၊ အောက်အောက်ဖြစ်သော သုဒ္ဓါဝါသပုဂ္ဂိုလ်အား။ ဣန္ဒြိယပရိပါကေ၊ ဤနေ့ရောက်ခြင်းသည်။ အသကိ၊ သော်။ ဥပရိဘူမိသမုပ္ပတ္တိ၊ အထက်အထက်ဘုံ၌ ဖြစ်ခြင်းကို၊ ပဋိသေဓေတုံ၊ ၄၂။ နသက္ကာ၊ ကောင်း။

★ သုဒ္ဓါဝါသဘုံတို့၌ အနာဂါမိဖလဌာန်, အရဟတ္တမဂ္ဂဌာန်,အရဟတ္တဖလဌာန်တို့ ဖြစ်သည်ဟု ဆိုရာ "အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ"ဟူသောစကားနှင့် မဆန့်ကျင်အောင် ဖြေပါ။

☆ 'အနောဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ' ဟူသော စကားသည် ပဋိသန္ဓေနေသည်၏ အစွမ်းအားဖြင့် ဖြစ်သည်ကို ရည်ရွယ်ဆိုသောကြောင့် မဆန့်ကျင်ပါ။

★ အရူပဘုံ သို့ဖြစ်၍ ပရိနိဗ္ဗာန်ဝင်နိုင်သော ပုဂ္ဂိုလ်ကို ဖေါ်ပြ၍ ပဠဝေါကာရတိဟိတ်ပုထုဇဉ် ဥပပဇ္ဇန္တိ, စဝန္တိနှစ်မျိုးတွင် အဘယ်ပုဂ္ဂိုလ်သည် အရူပဘုံ သို့ဖြစ်၍ ပရိနိဗ္ဗာန် ဝင်နိုင်ကြောင်းကိုလည်း ရေးခဲ့ပါ။

☆ အရူပဘုံ သို့ဖြစ်၍ ပရိနိဗ္ဗာန်ဝင်နိုင်သောပုဂ္ဂိုလ်ကား ပဠဝေါကာရ တိဟိတ်ပုထုဇဉ်, အောက် ဖလဌာန်ပုဂ္ဂိုလ် သုံးယောက်,အရူပ အောက် ဖလဌာန်သုံးယောက်တို့ ဖြစ်ပါသည်။

ဥပပဇ္ဇန္တိ စဝန္တိနှစ်မျိုးတို့တွင် ပဠဝေါကာရ ဥပပဇ္ဇန္တတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သာ အရူပဘုံ သို့ဖြစ်၍ ပရိနိဗ္ဗာန်ဝင်နိုင်ပါသည်။

★ ပဠဝေါကာရ စဝန္ဓတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် အရူပဘုံ၌ဖြစ်လျက် အဘယ့်ကြောင့် မကောက်ပါသနည်း၊ ပဠဝေါကာရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တိုင်း အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ဝင်နိုင်ပါသလော။

☆ အရူပဘုံ၌ဖြစ်နိုင်သော်လည်း ယင်းဘုံ၌ သောတာပတ္တိမဂ်ကို မရ၊ ပရိနိဗ္ဗာန် မဝင်နိုင်သောကြောင့် အရ မကောက်ပါ။

ဥပပဇ္ဇနာတိုင်း မဟုတ်ပါ

အောက်မဂ်ကိုရ၍ အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန် ဝင်လတ္တံ့သော ပဠဝေါကာရ ဥပပဇ္ဇနာတိဟိတ်ပုဂ္ဂိုလ်သာ အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ဝင်နိုင်ပါသည်။

★ မည်သည့်ဘုံမှမဆို အောက်မဂ်ကိုရသော ပဠဝေါကာရ ဥပပဇ္ဇနာ တိဟိတ်ပုထုဇဉ်တိုင်း အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ဝင်နိုင်,မဝင်နိုင်ဖြေဆိုရ၍ ဝေဟပ္ဖိုလ်ဘုံ၌ တိဟိတ်ပုထုဇဉ်ဖြစ်နိုင်လျက် ထည့်သွင်းအရမကောက်ခြင်းကိုလည်း ရေးခဲ့ပါ။

☆ ကာမသုဂတိ(၇)ဘုံ သုဘကိဏ္ဏတိုင်အောင်သော ရူပါဝစရ(၉)ဘုံ၊ ဤ(၁၆)ဘုံမှ အောက်မဂ်ကိုရသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည်သာ အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ဝင်နိုင်ပါသည်။

ဝေဟပ္ဖိုလ် မထည့်ခြင်း

ဝေဟပ္ဖိုလ်ဘုံမှာ သေဌဖြစ်သောကြောင့် ထိုဘုံ၌ ဖြစ်သော တိဟိတ်ပုထုဇဉ်သည် မဂ်ဖိုလ်ကိုရ၍ အရိယာအဖြစ်သို့

ရောက်သော် အခြားဘုံ၌ မဖြစ်၊ အရဟတ္တမဂ်ဖိုလ်ကို မရလျှင် မိမိဘုံ၌ အကြိမ်ကြိမ်အခါခါ ဖြစ်နိုင်၏၊ အရဟတ္တမဂ်ဖိုလ်ကို ရလျှင် ၎င်းဘုံ၌ပင် ဘဝအဆုံးသတ်၍ ပရိနိဗ္ဗာန်ဝင်နိုင်သော ကြောင့် ထည့်သွင်းအရကောက်ခြင်း မပြုပါ။

★ သေဋ္ဌဘဝ ဘဝသီသ ဘဝဂ္ဂမည်သော ဘုံတို့ကို ထုတ်ပြခဲ့ပါ။

☆ သေဋ္ဌဘဝ ဘဝသီသ ဘဝဂ္ဂမည်သော ဘုံများကား ဝေဟပ္ဖိုလ်, အကနိဋ္ဌ, နေဝသညာနာသညာယတနဘုံတို့ ဖြစ်ပါသည်။

သေဋ္ဌ ဘဝ သုံးဌာနတို့၌ ဖြစ်ကြသော အရိယာပုဂ္ဂိုလ်တို့သည် အခြားဘုံတို့သို့ ပြောင်းရွှေ့မဖြစ်ကြတော့ပြီ။

ထို့ကြောင့်....

ဆောင်။ ။သေဋ္ဌဘဝ၊ သုံးဌာန၌၊ ဖြစ်ကြရိယာ၊ အောက်ထက်ရှာ သို့၊ ဘယ်ခါကူးပြောင်း၊ မဖြစ်ကောင်း၊ မှတ်ကြောင်း ကေန်သာ။

ဗြဟ္မာဘုံ၌ဖြစ်ကုန်သောအရိယာတို့သည် အောက်အောက် ဖြစ်သောဗြဟ္မာဘုံတို့သို့ မဖြစ်ကြ။

ဆောင်။ ။ထက် ဗြဟ္မာဘုံ၊ ရိယာကုန်၊ အောက်ခုံမဆင်းပါ။

★ အသညသတ်ဘုံ၌ဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်နှင့် အရူပဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်တို့သည် မိမိတို့ကံဟုန်ကုန်၍ စုတေသောအခါ အဘယ်ဘုံသို့ သက်ဆင်းကြရပါသနည်း။

☆ ပဠုဝေါကာရ အပါအဝင် ကာမသုဂတိခုနစ်ဘုံသို့ သာ ကေန်သက်ဆင်းရပါသည်။

မှတ်ချက်။ ။" မြဟာဖြစ်၍ ပြောင်ဝင်းဝင်း၊ ဝက်စားကျင်းတရ၏ ရှိ"ဟူသောစကားမှာ မိဂပဒဝလဠုနနည်းဖြင့် ဆိုသော စကား သာ ဖြစ်၍ မြဟာ ဘုံမှ တိုက် ရိုက် အပါယ်ဘုံသို့ လားသည်ကို မဆိုလိုဟုမှတ်။

★ ဤဝါရလာ ပစ္စိမဘဝိကအစစ်, အတုကို ပုဂ္ဂိုလ်နှင့် တကွ ခွဲခြားပြခဲ့ပါ။

☆ သုံးဆဲ့တဘုံ တို့၌ ပြန်၍မဖြစ်တော့ဘဲ ဘဝဆုံးသော စတုဝေါကာရ ပဠုဝေါကာရ ဥပပဇ္ဇနဖြစ်သော တိဟိတ် ပုထုဇဉ်, အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်, စဝန္ဓဖြစ်သော အရဟတ္တဖလဌာန်ပုဂ္ဂိုလ်တို့ကို ပစ္ဆိမဘဝိကအစစ်ဟု ခေါ်၏။

မိမိဖြစ်ခိုက်ဘုံ၌ တဖန်ပြန်၍ မဖြစ်ကောင်းသော ပုဂ္ဂိုလ်ကို ပစ္ဆိမဘဝိကအတုဟု ခေါ်၏။

မှတ်ချက်။ ။အဝီစိတွင် ခံစားနေရသော ဒေဝဒတ်သည် ပ်မိကံကုန်၍ ထိုအဝီစိမှ လွတ်မြောက်သော် တဖန်ပြန်၍ မဖြစ်တော့သောကြောင့် အတုဟုခေါ်၏။

ဆောင်။ ။ဘုံသုံးဆဲ့တစ်၊ ပြန်မဖြစ်၊ အစစ်ပစ္ဆိမာ။
ဖြစ်ဆဲဘဝ၀၊ မဖြစ်က၊ မှတ်ကြေအတုသာ။
ဖြစ်လတ္တံ့ကို၊ မရဆို၊ ပုဂ္ဂိုလ်ပစ္ဆိမာ။

★ ပစ္စိမဘဝိက ဖြစ်ပြန်ကောင်း, မဖြစ်ပြန်ကောင်းကို ဘုံအားဖြင့်ရင်း,ပုဂ္ဂိုလ်အားဖြင့်ရင်း သတ်မှတ်ပြခဲ့ပါ။

☆ အပါယ်လေးဘုံ အသညသတ်ဘုံတို့၌ ဖြစ်ပြန်ကောင်း,မဖြစ်ပြန်ကောင်း နှစ်ယောက်ရှိ၏။

သုဒ္ဓါဝါသ အောက်လေးဘုံတို့၌ ပစ္စိမဘဝိက မဖြစ်ပြန်ကောင်း နှစ်ယောက်ရှိ၏။

အကနိဋ္ဌဘုံ၌ ပစ္စိမဘဝိက တယောက်သာ ရှိ၏။

စတုဝေါကာရလေးဘုံ,သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံတို့၌ ပစ္စိမဘဝိက ဖြစ်ပြန်ကောင်း မဖြစ်ပြန်ကောင်း သုံးယောက် ရှိ၏။

ဘုံအားဖြင့် မှတ်ပုံ

ပစ္စိမဘဝိကပုဂ္ဂိုလ်သည် စတုဝေါကာရလေးဘုံ, အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံအားဖြင့် (၂၆)ဘုံတို့၌ ဖြစ်၏။ မဖြစ်ပြန်ကောင်းပုဂ္ဂိုလ်သည် စတုဝေါကာရလေးဘုံ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံ အသညသတ်ဘုံအားဖြင့် ဘုံသုံးဆယ်တို့၌ ဖြစ်၏။

ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်သည် စတုဝေါကာရလေးဘုံ၊သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံ, အသညသတ်ဘုံအားဖြင့် နှစ်ဆဲ့ခြောက်ဘုံတို့၌ ဖြစ်၏။

★ အသညသတ် မိဿက ဖြစ်ပြန်ကောင်း ဆိုရိုးခ္ခ 'အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်း'ဟုဆိုလျက် အရူပမိဿ

ကဋ္ဌ 'မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော' ဟု အဘယ့်ကြောင့် ဆိုရိုးပြုပါသနည်း။

☆ အသညသတ်ဘုံမှာ တဘုံထည်း ဖြစ်သောကြောင့် 'အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော'ဟုဆိုပါသည်။

အရူပနှင့်ပဉ္စဝေါကာရဘုံတို့ကား အစဉ်အတိုင်း လေးဘုံ, နှစ်ဆဲ့ခြောက်ဘုံရှိသောကြောင့် 'မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော'ဟု ဆိုရိုးပြုပါသည်။

မှတ်ချက်။ ။ဖြစ်ပြန်ကောင်း မဖြစ်ပြန်ကောင်းကို အရကောက်ရာ၌ ရဟန္တာပုဂ္ဂိုလ်ကို အမြဲချန်၍ကောက်၊သုဒ္ဓါဝါသသည် ဖြစ်ပြန်ကောင်း မရသောကြောင့် ပဉ္စဝေါကာရဒိသက ဖြစ်ပြန်ကောင်း ဆိုရိုး၌ သုဒ္ဓါဝါသကို အမြဲချန်၍ကောက်၊ မဖြစ်ပြန်ကောင်း ပစ္ဆိမဘဝိက အတု့ကို အရကောက်ရာ၌ အကနိဋ္ဌ ဘုံဝယ် ပစ္ဆိမ ဘဝိက အတုနှင့် ဖြစ်ပြန်ကောင်းကို လုံးလုံးမရဟု မှတ်။

ဇောင်။ ။ဖြစ်ပြန် မဖြစ်ပြန်၊ ဤနှစ်တန်၊ ပယ်ချန်ရဟန္တာ။
ဖြစ်လတ္တံ့ကို၊ မရဆို၊ ပုဂ္ဂိုလ်သုဒ္ဓါဝါ။
အကနိဋ္ဌ၊ တုမရ၊ ကင်းပဖြစ်ပြန်သာ။

ပဝတ္တိဝါရပြီး၏။

ခန္ဓယမိုက်-ပရိညာဝါရ

★ ပရိညာဝါရ၌ ပုဂ္ဂလဝါရကိုသာ ဟော၍ အဘယ့်ကြောင့် သြကာသဝါရ, ပုဂ္ဂလောကာသဝါရတို့ကို မဟောပါသနည်း။

☆ ပုဂ္ဂလဝါရနှင့် တူသော အဖြေ ဝိသဇ္ဇနာ ရှိသော ကြောင့် ပုဂ္ဂလဝါရကိုသာ ဟောပါသည်။

ပုဂ္ဂလဝါရော သြကာသဝါရော ပုဂ္ဂလောကာသ ဝါရောတိ ဣမေသု တီသု ပုဂ္ဂလဝါရောဝ လဗ္ဘတိ၊ နဣတရေ ဒွေ၊ ကိံ ကရဏာ သဒ္ဒိသဝိသဇ္ဇနတာယ။ ။ (အဋ္ဌကထာ)

ပန်၊ ဆက်ဦးအုံ့။ ပုဂ္ဂလဝါရော၎င်း။ သြကာသဝါရော၎င်း။ ပုဂ္ဂလောကာသဝါရော၎င်း။ ဣတိ၊ သို့။ ဣမေသုတီသု၊ တို့တွင်။ ပုဂ္ဂလဝါရောဝ၊ ကိုသာလျှင်။ လဗ္ဘတိ၊ ၏။ ဣတရေ၊ ကုန်သော။ ဒွေ၊ တို့ကို။ နလဗ္ဘန္တိ၊ ကုန်။ ကိံ ကရဏာ၊ ဟူမူကား။ သဒ္ဒိသ ဝိသဇ္ဇနတာယ၊ တူသော အဖြေရှိသောကြောင့်တည်း။

★ ပဝတ္တိဝါရနှင့် ပရိညာဝါရတို့ ကာလယူပုံခြင်း ထူးမထူးကို ဝေဘန်၍ အာဘယ်ကြောင့် စုတိပဋိသန္ဓေတို့၏ အစွမ်းအားဖြင့် မပိုင်းခြားသည်ကိုလည်း ရေးခဲ့ပါ။

ထူးခြားပုံ

☆ ပဝတ္တိဝါရ၌ စုတိပဋိသန္ဓေတို့၏အစွမ်းဖြင့် ပိုင်းခြားပါသည်၊ ပရိညာဝါရ၌ ပဝတ္တိအခါ စိတ္တက္ခဏ၏အစွမ်းအားဖြင့်သာ ပိုင်းခြားပါသည်၊ ဤကား အထူး။

မပိုင်းခြားခြင်း

ပရိညာကိစ္စမည်သည် စုတိပဋိသန္ဓေခဏတို့၌ မဖြစ်၊ ပဝတ္တိအခါ လောကုတ္တရာ မဂ်ခဏ၌သာ ဖြစ်သောကြောင့် မပိုင်းခြားပါ။

အတိတာနာဂတပစ္စုပ္ပန္နသင်္ခါတာ တယောအဒ္ဓါ ပဝတ္တိဝါရေဝိယ စုတိပဋိသန္ဓိဝသေန နလဗ္ဘန္တိ၊ပဝတ္တေ စိတ္တက္ခဏဝသေနေဝ လဗ္ဘန္တိ၊လောကုတ္တရမဂ္ဂသမ္ပဋ္ဌိ နိဗ္ဗာနာရမ္မဏေန စိတ္တေန ပဠုသု ခန္ဓေသု ပရိညာကိစ္စ နိဗ္ဗတ္တိယာ။ ။(အဋ္ဌကထာ)

အတိတာနာဂတ ပစ္စုပ္ပန္နသင်္ခါတာ၊ ဟုဆိုအပ်ကုန်သော။ တယောအဒ္ဓါ၊ ကာလသုံးပါးတို့ကို။ ပဝတ္တိဝါရေဝိယ၊ သို့။ စုတိ ပဋိသန္ဓိဝသေန၊ ဒြင့်။ နလဗ္ဘန္တိ၊ ကုန်။ ပဝတ္တေ၊ ၌။ စိတ္တက္ခဏဝသေနေဝ၊ သာလျှင်။ လဗ္ဘန္တိ၊ ကုန်၏။ ဟိ၊ မှန်၏။ လောကုတ္တရမဂ္ဂသမ္ပဋ္ဌိ၊ ၌။ နိဗ္ဗာနာရမ္မဏေန၊ သော။ စိတ္တေန၊ ဖြင့်။ ပဠုသု ခန္ဓေသု၊တို့၌။ ပရိညာကိစ္စနိဗ္ဗတ္တိယာ၊ ပရိညာကိစ္စဖြစ်သောကြောင့်။

★ မဂ်လေးပါးတို့တွင် အဘယ်ကြောင့် အဘယ်မဂ် ခဏကို ယူရမည်,မယူရမည်တို့ကို ပိုင်းခြားပြခဲ့ပါ။

☆ ပရိညာကိစ္စ၏ အထူတ်အထိပ်သို့ရောက်ပြီးဖြစ်သော ကြောင့် အရဟတ္တမဂ်ခဏကိုသာ ယူရပါမည်၊ အောက်မဂ္ဂဌာန်တို့သည် ခန္ဓာငါးပါးကို ပိုင်းခြားသိနိုင်သော်လည်း ပရိညာ ကိစ္စ၏ပြီးဆုံးခြင်းအထူတ်အထိပ်သို့ မရောက်သေးသောကြောင့် အောက်မဂ်ခဏကို မယူရပါ။

ဝေမေတ္ထ ပရိဇာနာတိတိ ပဠုသု အနုလောမနယေ ပရိညာကိစ္စယ မတ္ထကပ္ပတ္တံ အဂ္ဂမဂ္ဂသမင်္ဂိံ သန္ဓာယ အာမန္တာတိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ။(အဋ္ဌကထာ)

ဒေါ်၊ သို့။ ထွေ၊ ဤပရိညာဝါရဋ္ဌ။ ပရိဇာနာဘီကိ ပဋ္ဌေသု၊ ပဠာတိုဋ္ဌ။ အနုလောမနယေ၊ ဋ္ဌ။ ပရိညာကိစ္စဿ၊ ၏။ မတ္ထကပတ္တိ၊ အတ္ထတ်အထိပ်သို့ ရောက်လေပြီးသော။ အဂ္ဂမဂ္ဂသမင်္ဂီ၊ အရဟတ္တ မဂ္ဂဌာန်ပုဂ္ဂိုလ်ကို။ သန္ဓာယ၊ ၍။ အာမန္တာကိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဣကိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

★ ပရိညာဝါရဋ္ဌ ဟောအပ်သော ဝါရတို့ကို ထုတ်ပြ၍ အာဘယ်ပုဂ္ဂိုလ်ကို အာဘဗ ခေါ်ကြောင်းကိုလည်း ရေးခဲ့ပါ။

ဟောအပ်သောပုဂ္ဂိုလ်နှင့် အာဘဗ

☆ ဘဗပုထုဇဉ်, အာဘဗပုထုဇဉ် အရိယာ ရှစ်ယောက် အားဖြင့် ဆယ်ယောက်တို့ဖြစ်ပါသည်၊ မဂ်ဖိုလ်ကို ရထိုက်သော သော ဥပနိဿမရှိသောပုဂ္ဂိုလ်ကို အာဘဗဟု ခေါ်၏။

ထွေစ ပုထုဇ္ဇနော အဌစ အရိယာတိ နဝပုဂ္ဂလာ၊ တေသု ပုထုဇ္ဇနော ဘဗ္ဗာဘဗ္ဗဝသေန ဒုဝိဓော။ ။ (မူလဋ္ဌိကာ)

ထွေစ၊ ဤပရိညာဝါရဋ္ဌလည်း။ ပုထုဇ္ဇနောစ၊ ၎င်း။ အဌအရိယာ စ၊ ၎င်း။ ဣကိ၊ သို့။ နဝပုဂ္ဂလာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တေ သု၊ တို့တွင်၊ ပုထုဇ္ဇနော၊ သည်။ ဘဗ္ဗာ ဘဗ္ဗဝသေန၊ ဖြင့်။ ဒုဝိ ဓော၊ ၏။

★ ဤယမိုက်ကျမ်း ပရိညာဝါရဋ္ဌ အနာဂတ်ကို ဘဝ အားဖြင့် အပိုင်းအခြား ပြု၍ မဟောသောကြောင့် ဘဝမဆုံး မချင်း ယူသင့်ပါသလော။

☆ ဤပရိညာဝါရ၌ ပဝတ္တိအခါ စိတ္တကၠဏ၏ အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလကို ပိုင်းခြားမ၍ ဟောသောကြောင့် ဘဝမဆုံးမချင်းမယူဘဲ အဒ္ဓါပစ္စုပ္ပန်တဘဝအတွင်း၌သာ ပစ္စုပ္ပန်ဖြစ်ဆဲခဏမှထောက်၍ အနာဂတ်ကိုသာ ယူ။

ဤကိုရည်၍ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးက....

ပယ်သောအသံ၊ မဂ္ဂံနလဘိသန္တိ။ ပါဠိအရ၊ နာဂ တဝယ်၊ ဘဝ အထောက်၊ဘယ်မျှလောက်နှင့်၊ ရောက်တုံ အကြာ၊ ကပ္ပါဘယ်မျှ၊ နေရလိမ့်မည်၊ နောင်ရှည်သမျှ၊ ဘဝဝယ်၊ မရလေရာ၊ ပညာထောက်ကူ၊ ယူရမည်လား၊ အငြင်းများ၏။

ဟု အမေးလက်ံပြုတော်မူလေသည်။

ထိုအမေးလက်ံကို ဖြေကြားတော်မူခဲ့သော အုတ်ဖိုဆရာတော်ဘုရားကြီးက "မဂ္ဂံ နလဘိသန္တိ ယမိုက်ပါဠိအရ အနာဂတ်ကို အဒ္ဓါပစ္စုပ္ပန် တဘဝအတွင်း၌ ပစ္စုပ္ပန်ဖြစ်ဆဲခဏမှ ထောက်၍ အနာဂတ်ကို ယူရမည်" ဟု မိန့်ဆိုတော်မူလေသည်။

ဆောင်။ ။မဂ္ဂံ နလဘိသ၊ မဂ်စိတ်အရ၊ထိုဘဝဓာတ်၊ အနာဂတ်တည့်၊ နောင်ဝဋ် သံသာ၊ ရှည်ကြာ လေးမြင့်၊ ကျွတ်ခွင့်ခါကြိုက်၊အမှိုက်သုဒ္ဓါ၊ မဆိတ်ပါခဲ့။

ခန္ဓယမိုက်ပြီး၏။

အာယတနယမိုက်

ပဏ္ဏာတိုဝါရ

★ ဝိဘင်းပါဠိတော်၌ ကာယာယတန၏ အခြားမဲ့၌ မနာယတနကိုဟောလျက် ယမိုက်ပါဠိတော်၌ ဖေါဌဗ္ဗာယတန၏အခြားမဲ့၌ မနာယတနကို အဘယ့်ကြောင့် ဟောပါသနည်း။

☆ ယမက၏အစ္စမ်းအားဖြင့် ပုစ္ဆာပြုလွယ်စိမ့်သောဌါ ဖေါဌဗ္ဗာယတန၏ အခြားမဲ့၌ မနာယတနကို ဟောရပါသည်။

ယမကဝေသန ပုစ္ဆာသုခတ္ထဥ္ဇေတ္ထ ပဌမံ ပဋိပါဋိယာ အဇ္ဈတ္တိကရူပါယတနာနိ ဝုတ္တာနိ၊ ပစ္ဆာ ဗာဟိရရူပါ ယတနာနိ၊ ပရိယောသာနေ မနာယတန ဓမ္မာယတ နာနိ။ ။(အဋ္ဌကထာ)

ဇွေစ၊ ဤအာယတန ယမိုက်၌လည်း။ ယမကဝေသန၊ ဖြင့်။ ပုစ္ဆာသုခတ္ထံ၊ ၎။ ပဌမံ၊ စ္စာ။ ပဋိပါဋိယာ၊ တိုင်း။ အဇ္ဈတ္တိက ရူပါယတနာနိ၊ တို့ကို။ ဝုတ္တာနိ၊ ကုန်၏။ ပစ္ဆာ၊ ၌။ ဗာဟိရရူပါယ တနာနိ၊ တို့ကို။ ဝုတ္တာနိ၊ ကုန်၏။ ပရိယောသာနေ၊ ၌။ မနာယတန ဓမ္မာယတနာနိ၊ တို့ကို။ ဝုတ္တာနိ၊ ကုန်၏။

★ ဗုဒ္ဓစက္ခု, သမန္တစက္ခု, ဓမ္မစက္ခုတို့ကိုလည်း စက္ခု ဟူသောသန္ဓိဌာန်ပုဒ်အရ ကောက်ယူသင့်လျက် အဘယ့်ကြောင့် ဒိဗ္ဗစက္ခု, ပညာစက္ခုတို့ကိုသာ စက္ခုဟူသော သန္ဓိဌာန်ပုဒ်အရ ကောက်ပါသနည်း။

☆ ဗုဒ္ဓစက္ခုစသည်တို့သည် ပညာစက္ခုအရတွင် အကျုံး၀င်ပြီးဖြစ်သောကြောင့် ဒိဗ္ဗစက္ခု, ပညာစက္ခု နှစ်ပါးကိုသာ အရကောက်ပါသည်။

မှတ်ချက်။ ။ဒိဗ္ဗစက္ခုသည် ပညာစက္ခုဘေဒ၌ အပါအ၀င်ဖြစ်သော်လည်း ၀ိဇ္ဇာဉာဏ် အထူးဖြစ်သောကြောင့် ဒိဗ္ဗစက္ခုကို အသီးအခြား ဟောကြားရလေသည်။

★ အဘယ့်ကြောင့် ဒိဗ္ဗစက္ခုကို ဒုတိယ ၀ိဇ္ဇာဉာဏ်, ပညာစက္ခုကို တတိယ၀ိဇ္ဇာဉာဏ်ဟု ဆိုပါသနည်း။

☆ ပုဗ္ဗေနိ၀ါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသ၀က္ခယဉာဏ်တို့တွင် ဒိဗ္ဗစက္ခုသည် နှစ်ခုမြောက်သော ၀ိဇ္ဇာဉာဏ်ဖြစ်၍ ပညာစက္ခုသည် သုံးခုမြောက်သော အာသ၀က္ခယဉာဏ် ဖြစ်သောကြောင့် ဆိုပါသည်။

★ အဘယ့်ကြောင့် တဏှာကို သောတဟု ဆိုရသည်ကို ဖြေဆိုရ၍ တဏှာကို သောတ အမည်ဖြင့် ဟောကြားနိုင်ခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

☆ စက္ခုဒ္ဒါရ စသည်တို့၏အစွမ်းဖြင့် ရူပါရုံစသည်တို့၌ ယိုစီးတတ်သည်ဖြစ်၍ ရေအလျဉ်နှင့်တူသောကြောင့် တဏှာကို သောတဟု ဆို၏။

တဏှာကို သောတဆိုခြင်း

'သ၀န္တိ သဗ္ဗဓိ သောတာ' ဟူသော ဓမ္မပဒပါဠိတော်ကို ထောက်ဆသောအားဖြင့် တဏှာကို သောတဟု ဆိုပါသည်။

သဝန္တိ သဗ္ဗဓိ သောတာ။ ။(ဓမ္မပဒပါဠိတော်)

သဗ္ဗဓိ၊အလုံးစုံသောအာရုံခြောက်ပါးတို့၌၊သောတာ၊ တဏှာ တည်းဟူသော သောတတို့သည်။ သဝန္တိ၊ ယိုစီးတတ်ကုန်၏။

★ ရူပကာယကို အရကောက်ရာ၌ အဘယ်ကြောင့် ကာယာယတနမှတပါး ဟု ကာယာယတနကို ချန်၍ ကောက်ရသည်ကို ဖြေဆိုရ၍ ရူပါယတန ယမက၌ အဘယ်ကြောင့် ရူပံအရ ပိယရူပ်,သာတရူပ်တို့ကို ကောက်ရခြင်းကိုလည်း ရေးခဲ့ပါ။

☆ ကာယာယတနသည် ရူပ်တရား မှန်သော်လည်း 'ကာယာယတနံ ထပေတ္ဝာ'ဟူသော ဝိဘင်းပါဠိကို ထောက်၍ ချန်ကောက်ပါသည်။

'ရူပါယတနံ ထပေတ္ဝာ အဝေသံ ရူပံ'ဟူသော ဝိဘင်းပါဠိ၌ 'အဝေသံ'ကို 'ရူပံ'ဟူသော ပုဒ်နှင့် ဝိသေသန–ဝိသေသျ ပြုလုပ်ယောဇနာပါက ရူပသဒ္ဒါဟောနိုင်သော ပိယရူပ်,သာတရူပ်အမည်ရှိသော တဏှာ၏အာရုံဖြစ်ထိုက်သော လောကီစိတ်ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရူပါယတနမှ တပါး ရူပ်သတ္တဝိသတို့ကိုသာ ရသောကြောင့် ရူပံအရ ပိယရူပ်,သာတရူပ်တို့ကိုသာ ကောက်ပါသည်။

အဝေသံရူပန္တိ ရူပါယတနတော သေသံ ဘူတုပ္ပါ
ဒါယ ရူပဉ္စေဝ ပိယရူပ သာတရူပဉ္စ။ ။(အဋ္ဌကထာ)

အဝေသံရူပန္တိ၊ ဟူသည်။ ရူပါယတနတော၊ မှ။ သေသံ၊ သော။ ဘူတုပ္ပါဒါယရူပဉ္စေဝ၊ သည်ရင်း။ ပိယရူပသာတရူပဉ္စ၊ ရင်း။

★ သီလစသည်တို့ကို အဘယ်ကြောင့် ဂန္ဓဟု ဆိုပါသနည်း ဖြေဆိုရ သမ္မာ၀ါစာ သမ္မာကမ္မန္တ သမ္မာအာဇီ၀ တို့ကိုလည်း သီလဂန္ဓဟု ဆိုနိုင်ခြင်းကိုလည်း ရေးခဲ့ပါ။

☆ ၀နိုးကျင်အောက်ထက် အရပ်သို့ ပျံ့နှံ့တတ်သည်ဖြစ်၍ နံ့သာနှင့်တူသောကြောင့် ဂန္ဓဟု ဆိုပါသည်။

သမ္မာ၀ါစာ သမ္မာကမ္မန္တ သမ္မာအာဇီ၀တို့သည် ပကတေ့အားဖြင့် သီလသာလျှင်ဖြစ်၍ သီလဇာတ်အားဖြင့် တူသောကြောင့် ထိုသုံးပါးကို သီလဂန္ဓဟု ဆိုပါသည်။

သီလဂန္ဓောတိ အာဒိနိ ၀ါယနဋ္ဌေန သီလာဒိနံယေ၀ နာ၀မာနိ။ ။(အဋ္ဌကထာ)

သီလဂန္ဓောတိအာဒိနိ၊ တို့သည်။ ၀ါယနဋ္ဌေန၊ ပျံ့နှံ့ခြင်းအနက်အားဖြင့်။ သီလာဒိနံယေ၀၊ တို့၏သာလျှင်။ နာ၀မာနိ၊ တည်း။

★ သမာဓိဂန္ဓဋ္ဌ သမ္မာသမာဓိသည် ဖြစ်တန်ကောင်း၏၊ သမ္မာ၀ါယာမ, သမ္မာသတိတို့ကို အဘယ်ကြောင့် သမာဓိဂန္ဓဋ္ဌ ထည့်သွင်းရသည်ဟု ဖြေဆိုခဲ့ပါ။

☆ သမ္မာသမာဓိသည် မိမိသဘောအားဖြင့် အာရုံ၌တည်ခြင်းငှါ မစ္စမ်းနိုင်ဘဲ သမ္မာ၀ါယာမသည် ချီးမြှောက်ခြင်းကိစ္စကိုရင်း, သမ္မာသတိသည် မမေ့လျော့ခြင်းကိစ္စကိုရင်း ပြီးစေသောအားဖြင့် ကျေးဇူးပြုခြင်းကိုရပါမှသာလျှင် အာရုံ၌တည်နိုင်သောကြောင့် သမ္မာ၀ါယာမနှင့် သမ္မာသတိကို သမာဓိဂန္ဓဋ္ဌ ထည့်သွင်းရပါသည်။

ဝိရိယေ ပဂ္ဂဟာကိစ္စံ သာဓေန္တော် သတိယာစ အပိလာပနကိစ္စံ သာဓေန္တိယာ လဒ္ဓူပကာရော ဟုတ္ဝာ သမာဓိ သင်္ကော်တိ အာရမ္မဏေ ဧကဂ္ဂဘာဝေန အပ္ပေတုံ၊တသ္မာ သမာဓိယေဧတ္ထ သဇာတိတော သမာဓိကွန္ဒေန သင်္ဂ်ဟိတော။ ။(သမ္မောဟဝိနောဒနီ)

ဝိရိယေ၊ သည်။ ပဂ္ဂဟာကိစ္စံ၊ ချီးမြှောက်ခြင်းကိစ္စကို။ သာဓေန္တော်၊ သော်၎င်း။ သတိယာ၊ သည်။ အပိလာပနကိစ္စံ၊ မမေ့လျော့ခြင်း ကိစ္စကို။ သာဓေန္တိယာ၊ သော်၎င်း။ လဒ္ဓူပကာရော၊ ရအပ်သော ကျေးဇူးရှိသည်။ ဟုတ္ဝာ၊ ၍ သမာဓိ၊ သည်။ အာရမ္မဏေ၊၌။ ဧကဂ္ဂဘာဝေန၊ဖြင့်။ အပ္ပေတုံ' ဖြစ်ခြင်းငှာ။ သင်္ကော်တိ၊ ၏။တသ္မာ၊ ကြောင့်။ ဧတ္ထ၊ တို့တွင်။ သမာဓိယေဝ၊ ကိုသာလျှင်။ သဇာတိတော၊ မိမိသဘောအားဖြင့်။ သမာဓိကွန္ဒေန၊ သမာဓိကွန္ဒဖြင့်။သင်္ဂ်ဟိတော၊ ၏။

★ သမ္မာဒိဋ္ဌိကို ပညာဂန္ဓဟု ဆိုတန်စေ၊သမ္မာသင်္ကပ္ပကို အာဘယ်သို့လျှင် ပညာဂန္ဓဟု ဆိုနိုင်ပါသနည်း။

☆ သမ္မာဒိဋ္ဌိသည် မိမိသဘောအားဖြင့် အာရုံကို အနိစ္စစသည်တို့ဖြင့် မဆုံးဖြတ်နိုင်၊အာရုံသို့ရှေးရှုတင်ပေးသော သမ္မာသင်္ကပ္ပသည်သာလျှင် အာရုံကိုဆုံးဖြတ်နိုင်သောကြောင့် ပညာဂန္ဓဟု ဆိုပါသည်၊

နှ ပညာ အတ္ထနော ဓမ္မတာယ အနိစ္စာဒိဝသေန အာရမ္မဏံ နိစ္ဆိတုံ သင်္ကော်တိ။ ။(သမ္မောဟဝိနောဒနီ)

ပညာ၊ သည်။ အတ္တနော၊ ၏။ ဓမ္မတာယ၊ သဘော အား ဖြင့်။ အနိစ္စာဒိဝသေန၊ ဖြင့်။ အာရမ္မဏံ၊ ကို။ နိဿိတံ၊ ၄၂။ နသဏ္ဌောတိ၊ နိုင်။

★ အဘယ်ကြောင့် ရသဟု ခေါ်သည်ကို ဖြေ၍ မည်သည့်တရားတို့ကို အတ္ထရသ,ဓမ္မရသ,ဝိမုတ္တိရသ ဟု ခေါ်သည်ကို လည်း ရေးခဲ့ပါ။

☆ ကောင်းမြတ်သော အနက်, သူတော်ကောင်းတို့ နှစ်သက်အပ်သောအနက်ကြောင့် ရသဟု ခေါ်၏။

ဖိုလ်လေးခုကို အတ္ထရသ၊ မဂ်လေးခုကို ဓမ္မရသ၊ တနည်း.... ကုသိုလ် အကုသိုလ် စသည်တို့သည် အတ္ထရသ၊ ကုသလာဓမ္မာ စသော ဝစီဘေဒသည် ဓမ္မရသ၊ နိဗ္ဗာန်သည် ဝိမုတ္တိရသမည်၏။

မှတ်ချက်။ ။ရသလေးမျိုးကို အဓိပ္ပါယ်နှင့်တကွ ထုတ်ပြခဲ့ပါ ဟု ဆိုလျှင် ဥာဏ်ဌသက်ဝင်ပါ၏စေ။

★ အဘယ့်ကြောင့် ဖိုလ်လေးခုစိတ္တုပ္ပါဒ်ကို အတ္ထရသ, မဂ်လေးခုစိတ္တုပ္ပါဒ်ကို ဓမ္မရသဟု ခေါ်ပါသနည်း။

☆ အတ္ထရသဌ္ဌ အတ္ထသဒ္ဒါသည် အကျိုးဖလ အနက်ကို ဟောသောကြောင့် ဖိုလ်လေးခု စိတ္တုပ္ပါဒ်ကို အတ္ထရသ ဟု ခေါ်၏။ ဓမ္မရသဌ္ဌ ဓမ္မသဒ္ဒါသည် အကြောင်းမဂ္ဂ အနက်ကို ဟောသောကြောင့် အကြောင်းဖြစ်သော မဂ်လေးခုစိတ္တုပ္ပါဒ်ကို ဓမ္မရသဟု ခေါ်ပါသည်။

★ အကြောင်းတရား, အကျိုးတရားတို့သည် မျှားစ္ဓာ ရှိပါလျက် အဘယ့်ကြောင့် ဖိုလ်လေးခုစိတ္တုပ္ပါဒ်ကို အတ္ထရသ, မဂ်လေးခုစိတ္တုပ္ပါဒ်ကို ဓမ္မရသဟု ခေါ်ပါသနည်း။

☆ ဝိမုတ္တိရသနှင့် စင်စစ် အာရုံအာရမ္မဏိကအဖြစ် နီးစပ်သောကြောင့် ဖိုလ်လေးခုစိတ္တုပ္ပါဒ်ကို အတ္ထရသ၊ မဂ်လေးခုစိတ္တုပ္ပါဒ်ကို ဓမ္မရသဟု ခေါ်ပါသည်။

☆ စိတ်,စေတသိက်, ရုပ်, နိဗ္ဗာန်တို့ကို ပရမတ္ထဓမ္မ အရကောက်ယူသင့်လျက် အဘယ့်ကြောင့် စိတ်တခုယုတ်ကိုးဆယ်, သြဠာရိကရုပ်ဒွါဒသတို့ကို ပရမတ္ထဓမ္မ အရကောက်ပါသနည်း။

☆ 'ဓမ္မာယတနံ ထပေတ္ဝာ အဝသေသော ဓမ္မော နု ဓမ္မာယတနံ'ဟု ယမိုက်ဝိဘင်းဌ္ဌ ဆိုသောကြောင့် စိတ်တခုယုတ်ကိုးဆယ်, သြဠာရိကရုပ်ဒွါဒသကို ပရမတ္ထ အရ ကောက်ယူရပါသည်။

ပဏ္ဏတ္တိဝါရပြီး၏

ပဝတ္တိဝါရ

★ အာယတနယမိုက် ပဝတ္တိဝါရ၌ အာယတန တဆဲ့နှစ်ပါးတို့တွင် ဟောအပ်သော အာယတန, မဟောအပ်သော အာယတနတို့ကို ခွဲခြားပြပြီးလျှင် အဘယ့်ကြောင့် မဟောအပ်သည်ကိုလည်း ရေးခဲ့ပါ။

ဟောအပ် မဟောအပ် အာယတန

☆ သဒ္ဒါယတနမှ တပါးသော အာယတန တဆဲ့တပါး ကို ဟော၏။ သဒ္ဒါယတနကို မဟောပါ။

မဟောခြင်း အကြောင်း

သဒ္ဒါယတနသည် ပဋိသန္ဓေခဏ၌ ဖြစ်ခြင်းမရှိသောကြောင့် မဟောပါ။

ဆောင်။ ။သန္ဓေကာလ၊ ရူပ်သဒ္ဒ၊ မရဏကန်သာ။

သဒ္ဒါယတနသ ပဋိသန္ဓိက္ခဏေ အနုပ္ပတ္တိတော။ ။ (အဋ္ဌကထာ)

သဒ္ဒါယတနသ၊ ၏။ ပဋိသန္ဓေက္ခဏေ၊ ၌။ အနုပ္ပတ္တိတော၊ ကြောင့်။

★ သဒ္ဒါယတနကို ပဋိသန္ဓေခဏ၌ အဘယ်ကြောင့် မရသည်ကို ဖြေဆိုရ၍ ယင်းသဒ္ဒါယတနကို ပဝတ္တိဝါရ၌ ရအပ်သည် ဖြစ်ပါလျက် ပဝတ္တိဝါရ၌ ထည့်သွင်း မဟောရခြင်းကိုလည်း ရေးခဲ့ပါ။

☆ 'သဒ္ဒေါ စိတ္တေါတုဇော'ဟူသောစကားအရ သဒ္ဒါယတနသည် စိတ်, ဥတုကြောင့်သာ ဖြစ်၏၊ ပဋိသန္ဓေစိတ်သည်လည်း အားနည်းသည် ဖြစ်၍ စိတ္တဇရူပ်ကို မဖြစ်စေနိုင်သောကြောင့် ပဋိသန္ဓေခဏ၌ မရပါ။

ပဝတ္တိဝါရဒ် မဟောခြင်း

အာယတနယမိုက်ပဝတ္တိဝါရကို ပဝတ္တိကာလဖြင့် မပိုင်းခြား ဘဲ ပဋ္ဌိသန္ဓေစုတိတို့ဖြင့်သာ ပိုင်းခြားဟောသောကြောင့် ပဝတ္တိ ဝါရဒ် ထည့်သွင်းမဟောပါ။

★ အာယဟနယမိုက် ပဝတ္တိဝါရဒ် ဟောအပ်သော အာယတနများကို ဘုံဖြင့် သတ်မှတ်ပြခဲ့ပါ။

☆ စက္ခု,သောတနှစ်ပါးတို့သည် ပဋ္ဌေဝါကာရ နှစ်ဆဲ ခြောက်ဘုံတို့ဒ်သာ ဖြစ်၏၊စတုဝေါကာရ,ဧကဝေါကာရဘုံတို့ဒ် မဖြစ်ကြ။

ဃာန,ဇိဝှါ, ကာယ, ဂန္ဓ,ရသ, ဖေါဋ္ဌဗ္ဗတို့သည် ကာမတဆဲ့ တဘုံဒ်သာ ဖြစ်၏၊ရူပဘုံ,အရူပဘုံတို့ဒ် မဖြစ်ကြ။

ရူပါယတနသည် ပဋ္ဌေဝါကာရဘုံ, ဧကဝေါကာရ ဘုံတို့ဒ် ဖြစ်၏၊ အရူပဘုံတို့ဒ် မဖြစ်ကြ။

မနာယတနသည် ပဋ္ဌေဝါကာရဘုံ, စတုဝေါကာရဘုံတို့ဒ် ဖြစ်၏၊ ဧကဝေါကာရဘုံတို့ဒ် မဖြစ်ကြ။

ဓမ္မာယတနသည် ဘုံအလုံးစုံတို့ဒ်ဖြစ်၏၊ မဖြစ်နိုင်သော ဘုံ ဟူ၍ မရှိ။

မှတ်ချက်။ ။ဘုံအားလုံးဒ် ဖြစ်နိုင်သော အာယတနကို ထုတ် ပြပါဆိုက သတိရှိစေ။

★ အာယတနယမိုက်ပဝတ္တိုဝါရ၌ ဟောအပ်သော အာယတနများကို ဘုံမှနေ၍ သတ်မှတ်ပိုင်းခြားပြပါ။

☆ ကာမတဆဲ့တဘုံတို့၌ အာယတနတဆဲ့တပါးဖြစ်၏၊ မဖြစ်နိုင်သော အာယတန မရှိ။

အသည်သတ်ကြည်သော ရူပတဆဲ့ငါးဘုံတို့၌ စက္ခု သောတ ရူပ မန ဓမ္မတို့ဖြစ်၏၊ ကြင်းအာယတနခြောက်ပါး မဖြစ်ကြ။

အသည်သတ်ဘုံ၌ ရူပ,ဓမ္မသာ ဖြစ်၏၊ ကြင်း အာယတနကိုးပါး မဖြစ်။

အရူပလေးဘုံတို့၌ မန,ဓမ္မသာ ဖြစ်၏၊ ကြင်းကိုးပါး မဖြစ်ကြ။

★ အာယတနယမိုက် ပဝတ္တိုဝါရ၌ ချို့ကောင်းသော အာယတန၊ အာယတနချို့ကောင်းသော ပုဂ္ဂိုလ်၊ အာယတနချို့ကောင်းသောဘုံတို့ကို ဖေါ်ပြခဲ့ပါ။

☆ စက္ခု သောတ ဃာနအားဖြင့် ချို့ကောင်းသော အာယတနသုံးပါးတည်း၊ ပဋိသန္ဓေအားဖြင့် စက္ခု, သောတ, ဃာန မဖြစ်ထိုက်သော ဇစ္စန္ဓ, ဇစ္စဗဓိရ, ဇစ္စဃာနက, ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် နှစ်ယောက်တည်း၊ အပါယ်လေးဘုံ,မနုဿဘုံ,ဝိနိပါတိက အသုရဟု ဆိုအပ်သော စတုမဟာရာဇ်ဘုံအားဖြင့် ကာမာဝစရခြောက်ဘုံတို့တည်း။

ဆောင်။ ■ချို့ အာ ဘြီ၊ ပုဂ္ဂိုလ်ဒွိ၊ ဘူမိဆဗ္ဗီဝ။

★ အဘယ်ပုဂ္ဂိုလ်အား ဃာနာယတန ချို့ကောင်းရ၍ အဘယ်ပုဂ္ဂိုလ်အား ဃာနာယတန မချို့ကောင်းသည်ကိုခွဲခြား ပြပါ။

☆ ဤအရာ၌ ဂဗ္ဘသေယျက သံသေဒဇ ပုဂ္ဂိုလ်တို့သာ ဃာနာယတန ချို့ကောင်းရ၍ ကာမဥပပါတ်တို့အား မချို့ကောင်းပါ။

ကာမဓာတုယံ ပန အဃာနကော သြပပါတိကော နတ္ထိ။ ။(အဋ္ဌကထာ)

ကာမဓာတုယံပန၊ ဌာနကား။ အဃာနကော၊ ဃာနချို့သော။ သြပပါတိကော၊ သည်။ နတ္ထိ၊ မရှိ။

★ ယောနိ၏ အဓိပ္ပါယ်ကိုရေး၍ မည်သည့်ပုဂ္ဂိုလ်တို့၌ မည်သည့်ယောနိမျိုးကို ရသည်ကိုလည်း ရေးခဲ့ပါ။

☆ သတ္တဝါတဦးနှင့် တဦး ဇာတ်အားဖြင့် တူညီကြ၍ ရောနှောသက်သို့ ဖြစ်ကြောင်း ဖြစ်သောကြောင့် ပဋိသန္ဓေကို ယောနိဟု ခေါ်ပါသည်။

ရအပ်သောယောနိ

ငရဲ၌ဖြစ်သော သတ္တဝါ၊ ဘုမ္မဇိုဝ်းနတ်ကြီးသော နတ်များ, နိဗ္ဗာမတဏှာကပြိတ္တာ ဤ ပုဂ္ဂိုလ်တို့၌ သြပပါတိက ယောနိကို ရ၏။ တိရစ္ဆာန်, နိဗ္ဗာမတဏှာကပြိတ္တာကြီး ကြင်းသောပြိတ္တာ, ဘုမ္မဇိုဝ်းနတ်, လူ–ဤပုဂ္ဂိုလ်တို့၌ ယောနိလေးပါးလုံး ရ၏။

ဆောင်။ ။ဘုမ္မာပယ်ချ၊ ကြွင်းဒေဝနှင့်၊ နိဗ္ဗာပေတော၊ နိုရယော၊ ဖြစ်ပေသြပပါ။

နိုဗ္ဗာကြဉ်က၊ ကြွင်းပေတနှင့်၊ ဘုမ္မဒေဝါ၊ မနုဿာ တိရစ္ဆာန်၊ဖြစ်ကြောင်းမှန်၊ လေးတန်ယောနိလာ။

★ ယောနိလေးပါးကို ဖေါ်ပြ၍ အဓိပ္ပါယ်ကိုလည်း တခုစီရှင်းပြခဲ့ပါ။

ယောနိ လေးပါး

☆ အဏ္ဍဇ,ဇလာဗုဇ,သံသေဒဇ,သြပပါတိက အားဖြင့် လေးပါးတည်း။

ထိုတွင် အဉ္ဍ ပဋိသန္ဓေအားဖြင့် တည်နေသော သတ္တဝါကို အဏ္ဍဇဟု ခေါ်၏။ အမိသားအိမ်၌ ပဋိသန္ဓေအားဖြင့် တည်နေသောသတ္တဝါကို ဇလာဗုဇဟု ခေါ်၏။ အညိုစသည်တို့ကို စွဲ၍ ပဋိသန္ဓေအားဖြင့် တည်နေသောသတ္တဝါကို သံသေဒဇဟု ခေါ်၏။ ကောင်းကင်မှကျလာသကဲ့သို့ ကိုယ်ထင်ရှား ဖြစ်လာသော သတ္တဝါကို သြပပါတိက ဟုခေါ်၏။

ဆောင်။ ။အန်, ဇ,သံ, သြ၊လေးပါးနှောမှတ်လော ယောနိသာ။

★ 'သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ'၌ သစက္ခုကာနံ ကို 'စက္ခုနှင့်တကွဖြစ်ကုန်သော'ဟု ယောဇနာလျှင် သင့် မသင့် ထောက်ချင့်ဖြေဆိုခဲ့ပါ။

☆ မသင့်ပါ၊ အကြောင်းကား သစက္ခုကာနံ့၌ သဟ သဒ္ဒါသည် သလောမကော သပက္ခကော စသည်တို့ကဲ့သို့ သံဝိဇ္ဇ မာနအနက်ကို ဟောသောကြောင့် 'ရထိုက်သော စက္ခုရှိကုန် သော'ဟုသာ ယောဇနာသင့်ပါသည်။

★ 'သသောတကာနံ အစက္ခုကာနံ ဥပပဇ္ဇန္တိ ဘာနံ တေသံ' ဟူသော ဝိဘင်းအရ သသောတက အစက္ခုကဆိုရိုး၌ သောတာ ယတနသာ ဖြစ်၍ စက္ခာယတနမဖြစ်မီ စုတိလတ္တံ့သော တတိယ ဝိကလ ဆိုရိုးကို အာဘယ့်ကြောင့် ထည့်သွင်း မကောက် ပါ သနည်း။

☆ အာယတနပဝတ္တိကွမ၌ စက္ခုနှင့် သောတနှစ်ပါးတို့ တွင် စက္ခုသည်သာ ပဌမဖြစ်၍ သတ္တာဟကိုလွန်မှ သောတ ဖြစ်ရကား သောတာယတနသာ ဖြစ်၍ စက္ခုမဖြစ်မီ စုတိလတ္တံ့ သော တတိယဝိကလ မပါနိုင်သောကြောင့် မကောက်ပါ။

★ 'စက္ခာယတနသာဖြစ်ကောင်းသော မဖြစ်ကောင်း သော'ဟု အာဘယ့်ကြောင့် ဝိသေသန မ ၍ ဆိုရပါသနည်း ဖြေ ဆို၍ ကာမဘုံ၌ ဇိဝှါယတန မချို့ကောင်းဘဲလျက် ဝိသေသန မ,ရခြင်းကိုလည်း အကြောင်းစုံရေးခဲ့ပါ။

ဝိသေသန မ,ခြင်း

☆ ကာမဘုံ၌ စက္ခု သောတ ဃာနတို့သည် အချို့ ပုဂ္ဂိုလ်၌ဖြစ်၍ အချို့ပုဂ္ဂိုလ်၌ မဖြစ်ဟု လျှဉ်းပါးဘွယ်ရှိသော ကြောင့် ဝိသေသန မ,ရပါသည်။

ဇိဝှါယတန ·

ကာမဘုံ၌ ဇိဝှါယတနသည် မချို့ကောင်းသော်လည်း ဇိဝှါယတနမဖြစ်မီ စုတိလတ္တံ့သောပုဂ္ဂိုလ်၊ မစုတိလတ္တံ့သောပုဂ္ဂိုလ်ဟု နှစ်မျိုးပြား၍ လျှဉ်းပါးဘွယ်ရှိသောကြောင့် ဝိသေသန မ,ရပါသည်။

★ ကာမဘုံ၌ ကာယ, ရူပ, ဂန္ဓာဒိတ္တယ, မန,ဓမ္မတို့ကို အရကောက်ရာ၌ 'ကာယာယတန ဖြစ်ကောင်းသော'ဟု ဝိသေသန မ,မခြင်းနှင့် ရူပ အရူပဘုံတို့၌ ဃာနာဒိတ္တယ ဂန္ဓာဒိတ္တယတို့ကို အရကောက်ရာ၌ ဝိသေသန မ,မခြင်းကိုလည်း ရေးခဲ့ပါ။

☆ ကာမဘုံ၌ အလျင်းမချို့ကောင်း၍ လျှဉ်းပါးဘွယ်မရှိသောကြောင့် ဝိသေသန မ,မပါ။

ရူပ အရူပဘုံတို့၌ ဃာနာဒိတ္တယ စသည်တို့သည် အလျင်းမဖြစ်၊ အာယတနကိစ္စမတပ်၍ လျှဉ်းပါးဘွယ်မရှိသောကြောင့် ဝိသေသန မ,မပါ။

★ စက္ခု သောတနှစ်ပါးတို့တွင် အဘယ်ကြောင့် 'စက္ခုယတနသာဖြစ်၍ သောတာယတနမဖြစ်မီ စုတိလတ္တံ့သော'ဟု ဆိုရိုး ပြုပါသနည်း၊ မူလ မူလီ ဟောကြားရာ၌ ကာယသည် နောက်ဖြစ်ပါလျက် စက္ခု၏ ရှေးဦးစွာ ဟောရသည်ကိုလည်း ရေးခဲ့ပါ။

☆ စက္ခု သောတနှစ်ပါးတို့တွင် စက္ခုသည် ရှေးဦးစွာ ဖြစ်သောကြောင့် ရှေးဦးစွာ စက္ခာယတနသာ ဖြစ်၍ ဟု ဆိုရိုးပြုရပါသည်။

ကာယာယတန ရှေးဦးဟောခြင်း

စက္ခု ကာယနှစ်ပါးတို့တွင် ဒေသနာကျမ၌ စက္ခုသည် ရှေး ဖြစ်သော်လည်း အာယတနပဝတ္တိကျမ၌ ကာယသည် ရှေးဦးစွာ ဖြစ်သောကြောင့် 'စက္ခာယတနသာ ဖြစ်၍ ကာယာယတန မဖြစ်မီ စုတိလတ္တံ့သော'ဟု ဆိုရိုးပြုပါသည်။

မှတ်ချက်။ ။ကာယာယတနသည် ကာမဘုံ၌ ချို့ကောင်းသော အာယတနမဟုတ်၍ လူဦးပါးဘွယ် မရှိသောကြောင့် 'ကာယာယတနသာဖြစ်၍' ဟု ဆိုရိုးမပြုဟု မှတ်။

★ 'သစက္ခုကာနံ အဃာနကာနံ ဥပပဇ္ဇန္တိဘာနံ တေသံ' ဟူသော ဝိဘင်းပါဠိ အရ အပါယ်သြပပါတိက ဥပပဇ္ဇန္တိကို အဘယ့်ကြောင့် အရကောက် မပါသနည်း။

☆ ကာမဘုံ၌ ဥပပါတ်ပုဂ္ဂိုလ်တို့အား ဃာနာယတန မချို့စကောင်းသောကြောင့် ထည့်သွင်း အရမကောက်ပါ။

★ ရူပါဝစရ ဗြဟ္မာများအား နှာခေါင်း ပုံသဏ္ဌာန်ရှိ လျက် အဘယ့်ကြောင့် ဃာနပသာဒ မရှိပါသနည်း။

☆ ကာမဝိရာဂဘာဝနာ၏ အစွမ်းအားဖြင့် ဂန္ဓစသည် လျှင်အရာရှိသောဃာနပသာဒ စသည်တို့၌ တပ်ခြင်းကင်းသော ကြောင့် ဃာနပသာဒ မရှိပါ။

ဗြဟ္မာနံ ကာမဝိရာဂဘာဝနာဝသေန ဂန္ဓရသ ဖေါ ဋ္ဌဗ္ဗေသု ဝိရတ္တတာယ တဗ္ဗိသယပသာဒေသု ဝိရာဂ သဘာဝတော။ ။(အဘိဓမ္မတ္ထဝိဘာဝနီဋီကာ)

ဗြဟ္မာနံ၊ တို့အား။ ကာမဝိရာဂ ဘာဝနာဝသေန၊ ကာမဂုဏ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းဖြင့်။ ဂန္ဓရသ ဖေါဋ္ဌဗ္ဗေသု၊ တို့၌။ ဝိရတ္တတာယ၊ ဖြင့်။ တဗ္ဗိသယပသာဒေသုပိ၊ ထိုဂန္ဓာရုံစသည်ကို လျှင် အရာရှိကုန်သော ဃာန ပသာဒစသည်တို့၌လည်း။ ဝိရာဂ သ ဘာဝတော၊ တပ်ခြင်းကင်းသော သဘောရှိသောကြောင့်တည်း။

★ ယမိုက်ပါဠိတော်ဝယ် ဇီဝါယတန, ကာယာယတန မူလ ဝိဘင်း တို့ကို အာဘယ်ကြောင့် ဘုရားရှင် ထုတ်ဆောင် မဟောကြားပါသနည်း။

☆ ဃာနာယတန မူလီနှင့် အဖြေဝိသဇ္ဇနာ တူသော ကြောင့် ထုတ်ဆောင် မဟောကြားပါ။

တသာ ဃာနာယတနယမကေန သဒိသဝိသဇ္ဇနတ္တာ တံ သေသာနိ ပါဠိအနာရုဠှာနိ။ ။(မူလဋီကာ)

တသာ၊ ထိုပုဗ္ဗာ၏။ ဃာနာယတန ယမကေန၊ နှင့်။ သဒိသ ဝိသဇ္ဇနတ္တာ၊ ကြောင့်။ တံသေသာနိ၊ ထိုဃာနာယတန ယမကမှ

ကြင်းကုန်သော ဇီဝါယတန ယမက, ကာယာယတန ယမကတို့ကို။ ပါဠိအနာရုဠာနိ။ ယမိုက်ပါဠိတော်သို့ မတင်အပ်ကုန်။

★ စက္ခုမူ ဓမ္မမူလီ၌ အဘယ့်ကြောင့် 'သဓမ္မကာနံ အဓမ္မကာနံ' ဟု ဝိဘင်းမထုတ်ပါသနည်း။

☆ ဥပပဇ္ဇန္တပုဂ္ဂိုလ်မှန်သမျှ ဓမ္မာယတန မချို့စကောင်းသောကြောင့် 'သဓမ္မကာနံ အဓမ္မကာနံ' ဟု ဝိဘင်းမထုတ်ပါ။

★ ဃာနမူ ဇီဝါယတန မူလီ၌ ဝိဘင်းမည်ကဲ့သို့ ထုတ်သည်ကို သိသမျှဖေါ်ပြခဲ့ပါ။

☆ အရကောက်ဆရာကား တဘက်ရန္နစ်ဘက်ရ သရူပဒဿနဝိဘင်းရှည်ထုတ်ပါသည်၊ မဓုဋ္ဌိကာဆရာကား အာမန္တာဝိဘင်း ထုတ်ပါသည်၊ ထိုကဲ့သို့ ဋ္ဌိကာကျော်စပါဒသို့လိုက်၍ အရကောက်ဆရာသည် သရူပဒဿနဝိဘင်းကိုထုတ်သည်၊ မူလဋ္ဌိကာ ဝါဒသို့လိုက်၍ မဓုဋ္ဌိကာဆရာသည် အာမန္တာဝိဘင်း ထုတ်သည်မှတ်။

★ 'ဣတရေသံ တေသံ' ဝိဘင်း ထုတ်ရခြင်း အမျိုးအစားကို သေချာစွာဖေါ်ပြခဲ့ပါ။

☆ စက္ခု သောတ ရူပ တပါးပါးကို မူလ၊ မန, ဓမ္မ တပါးပါးကို မူလီပြုလုပ်ဟောကြားရာ၌ 'ဣတရေသံတေသံ'ဟု ထုတ်ခြင်း တမျိုး၊ စက္ခု,သောတ တပါးပါးကို မူလ၊ ဃာနာဒိတ္တယ ဂန္ဓာဒိတ္တယ တပါးပါးကို မူလီပြုလုပ်ဟောကြားရာ၌ 'ဣတရေသံ တေသံ'ဟု ဝိဘင်းထုတ်ခြင်းတမျိုးအားဖြင့် နှစ်မျိုးရှိပါသည်။

★ ကာမာဝစရာဘုံ၌ နောင် ဖြစ်ပြန်ကောင်း ဆိုရိုး၌ အာဘယ့်ကြောင့် အနာဂါမိဖလဌာန်ပုဂ္ဂိုလ်ကို အရမကောက်ပါ သနည်းဖြေဆို၍ သုက္ခဝိပဿကအနာဂါမ်၏ ဗြဟ္မာဘုံ၌ဖြစ်နိုင်ခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။

☆ အနာဂါမိဖလဌာန်ပုဂ္ဂိုလ်သည် ပဋ္ဌိသန္ဓေနေသည်၏ အစွမ်းဖြင့် ကာမဘုံ၌ နောင်တဖန် ပြန်၍ မဖြစ်ပြန်ကောင်း သောကြောင့် အရမကောက်ပါ။

ဗြဟ္မာဘုံ၌ ဖြစ်နိုင်ခြင်း

သုက္ခဝိပဿကအနာဂါမ်သည် သမာဓိ ပရိပူရကာရီ ပုဂ္ဂိုလ်များ ဖြစ်ကြသောကြောင့် မရဏာသန္နအခါ၌ ဧကန် စျာန်သမာပတ်တို့ကို ဖြစ်စေသောနည်းဖြင့် ဗြဟ္မာ့ဘုံ၌ ဖြစ်ကြပါသည်။

★ ပစ္ဆိမဘဝိက ပဠဝေါကာရ ဥပပဇ္ဇန္တ အစစ်, အတုခွဲခြား၍ ဆိုရိုးကျပြပြီးလျှင် အစကျွဲက ကာမာဝစရ ဥပပဇ္ဇန္တာ ဆိုရိုးကိုလည်း ထုတ်ပြခဲ့ပါ။

ပစ္ဆိမဘဝိက ပဠဝေါကာရ ဥပပဇ္ဇန္တအစစ်

☆ ပဠဝေါကာရ တိဟိတ်ပဋ္ဌိသန္ဓေ ကိုးခု၊ စေတသိက် ပဠတိုံသ၊ ကမ္မဇကလာပ် သုံးစည်း၊ ခုနစ်စည်း၊ လေးစည်းတို့၏ဥပါဒကွဏသမဋ္ဌိ ဟု ဆိုအပ်သော ပစ္ဆိမဘဝိက ပဠဝေါကာရ ဥပပဇ္ဇန္တာဖြစ်သော တိဟိတ်ပုထုဇဉ်, အောက် ဖလဌာန်

ပဋ္ဌိုလ်သုံးယောက်တို့အား အပါယ်ကြဉ်သော ပဋ္ဌဝေါကာရ နှစ်ဆဲနှစ်ဘုံ။

ပဓိမဘဝိက ပဋ္ဌဝေါကာရ ဥပပဇ္ဇနာအတု

မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရပဒီသည်နှင့် ပန္နရသ၊ စေတသိက် ပဋ္ဌတိ်သ၊ ကမ္မဇကလာပ်သုံးစည်း ခုနှစ်စည်း လေးစည်းတို့၏ ဥပဓါဒကွ ဏသမဋ္ဌိ ဟုဆိုအပ်သော ပဋ္ဌဝေါကာရ ဥပပဇ္ဇနာဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဌာန်ပဋ္ဌိုလ်သုံးယောက်တို့အား အကနိဋ္ဌကြဉ်သော ပဋ္ဌဝေါကာရ နှစ်ဆဲငါးဘုံ။

အစက္ခုကကာမာဝစရ ဥပပဇ္ဇနာ

မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော စက္ခာယတနမဖြစ်ကောင်းသော အပါယ်သြပပါတိက ဥပပဇ္ဇနာဖြစ်သော ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပဋ္ဌိုလ်၊ သံသေဒဇ ဂဗ္ဘသေယျက ဥပပဇ္ဇနာဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ပုထုဇဉ်ပဋ္ဌိုလ်၊ စက္ခာယတနမဖြစ်မီ စုတိလတ္တံ့သော ဂဗ္ဘသေယျက ဥပပဇ္ဇနာဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ပုထုဇဉ်ပဋ္ဌိုလ်တို့အား အပါယ်လေးဘုံ မနုဿဘုံ ဝိနိပါတိက အသုရာဟု ဆိုအပ်သော စတုမဟာရာဇ်ဘုံအားဖြင့် ကာမာဝစရခြောက်ဘုံ။

★ ပဋ္ဌဝေါကာရ ပရိနိဗ္ဗန် အစစ်, အတု ခွဲခြားမှ ဆိုရိုးကျရေးခဲ့ပါ။

အစစ်

☆ ပဠေဝါကာရတိဟိတ်စုတိ ကိုးခု၊ စေတသိက် ပဠတိ သ၊အဆုံးစွန်သောကမ္မဇရုပ်တို့၏ ဘင်္ဂဏသမင်္ဂီဟု ဆိုအပ်သော ပဠေဝါကာရ ပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဌာန်တို့အား အပါယ်ကြဉ်သောပဠေဝါကာရ နှစ်ဆဲ့နှစ်ဘုံ။

အတု

မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပဠေဝါကာရစုတိ ပန္နရသ၊ စေတသိက် ပဠတိ သ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂဏသမင်္ဂီ ဟု ဆိုအပ်သော ပဠေဝါကာရ ဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဌာန်သုံးယောက်တို့အား အကနိဋ္ဌကြဉ်သော ပဠေဝါကာရ နှစ်ဆဲ့ငါးဘုံ။

မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော အစက္ခုက ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကာမာဝစရခြောက်ဘုံ၊ (ဤ ဆိုရိုးကား ဝိဘင်းသီးခြား မရှိ)

★ ပစ္ဆိမဘဝိက ကာမာဝစရ ဥပပဇ္ဇန္တ အစစ်, အတု ခဲ့ခြား၍ ဆိုရိုးအတိုင်းရေးခဲ့ပါ။

အစစ်

☆ ကာမတိဟိတ်ပဋိသန္ဓေလေးခု၊ စေတသိက်တေတို့သ၊ ကမ္မဇကလာပ် သုံးစည်း ခုနစ်စည်းတို့၏ ဥပဓိဒကွဏသမင်္ဂီ ဟု ဆိုအပ်သော ပစ္ဆိမဘဝိက ကာမာဝစရ ဥပပဇ္ဇန္တ ဖြစ်သော

တိဟိတ်ပုထုဇဉ် အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်တို့အား ကာမသုဂတိ ခုနှစ်ဘုံ။

အတု

မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ကာမာဝစရပဋိသန္ဓေတဆယ်၊ စေတသိက် တေတ္တိံသ၊ ကမ္မဇကလာပ်သုံးစည်း ခုနှစ်စည်းတို့၏ ဥပဓိဒကွဏသမဋ္ဌိ ဟု ဆိုအပ်သော ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက် အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ်နှစ်ယောက်တို့အား ကာမတဆဲ့တဘုံ။

★ ကာမာဝစရ ပရိနိဗ္ဗန္တ အစစ်, အတုခွဲခြား၍ ဆိုရိုး အတိုင်း ရေးခဲ့ပါ။

အစစ်

☆ ကာမတိဟိတ် စုတိလေးခု၊ စေတသိက် တေတ္တိံသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂကွဏသမဋ္ဌိဟု ဆိုအပ်သော ကာမာဝစရပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနှစ်ဘုံ။

အတု

မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ကာမစုတိတဆယ်၊ စေတသိက်တေတ္တိံသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂကွဏသမဋ္ဌိ ဟု ဆိုအပ်သော ကာမာဝစရ စဝန္တဖြစ်သော ပုထုဇဉ် လေးယောက် အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား ကာမတဆဲ့တဘုံ။

မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော အစက္ခုကကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကာမာဝစရခြောက်ဘုံ။ (ဤကား အနုလုံတရားအကြင်းတည်း)

★ ပဠုဝေါကာရ ပစ္ဆိမဘဝိက မိဿကဆိုရိုး၌ အစစ်, အတုခွဲခြား၍ ရေးခဲ့ပါ။

အစစ်

☆ ပစ္ဆိမဘဝိကပဠုဝေါကာရ ဥပပဇ္ဇန္တဖြစ်သောတိဟိတ် ပုထုဇဉ်၊ အောက်ဖလဌာန်ပုဂ္ဂိုလ် သုံးယောက်၊ စဝန္တဖြစ်သော အရဟာတ္တ ဖလဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ, ဝေဟပ္ဖိုလ်ဘုံတိုင်အောင်သော ရူပါဝစရဆယ်ဘုံ။

အတု

မိမိဖြစ်ခိုက်သော ဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော ပဠုဝေါကာရ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား သုဒ္ဓါဝါသကြဉ်သော ပဠုဝေါကာရ နှစ်ဆဲ့တဘုံ။

★ 'ရူပါဝစရာနံ'ဟူသော ဝိဘင်းသည် တမျိုးတည်းဖြစ်၍ အသညသတ်သည်ရင်း, သုဒ္ဓါဝါသသည်ရင်း, အသညသတ် သုဒ္ဓါဝါသသည်ရင်း အချို့မှာ ပါ၍ အချို့မှာ မပါ၊ ပစ္ဆိမဘဝိကသည် အချို့မှာပါ၍ အချို့မှာမပါဘဲရှိကြရာ မည်သည့် အရာကိုမြင်၍ ပါ,မပါကို သိနိုင်ပါသနည်း။

☆ 'အသညသတ္တာနံ'ဟု ဝိဘင်းသီးခြား ထွက်သည်ကို မြင်လျှင်ရှေး'ရူပါဝစရာနံ' ဝိဘင်းခ္ဍ အသညသတ် မပါဟုမှတ်၊

'အသညသတ္တာနံ'ဟု သီးခြားဝိဘင်းမထွက်မူ ရှေး'ရူပါဝစရာနံ'တွင် အသညသတ် ပါသည်ဟု မှတ်။

'သုဒ္ဓါဝါသာနံ'ဟု ဝိဘင်းသီးခြား ထွက်သည်ကို မြင်လျှင် ရှေး'ရူပါဝစရာနံ' ဝိဘင်းခ္ဍ သုဒ္ဓါဝါသ မပါ၊ သီးခြားမထွက်မူ သုဒ္ဓါဝါသ ပါ၏ဟု မှတ်။

'ရူပါဝစရေ ပစ္ဆိမဘဝိကာနံ'ဟု ဝိဘင်းသီးခြားထွက်သည်ကိုမြင်မူ ရှေး 'ရူပါဝစရာနံ' တွင် ပစ္ဆိမဘဝိကမပါဟု မှတ်၊ သီးခြား မထွက်သည်ကိုမြင်လျှင် ပစ္ဆိမဘဝိက ပါသည်ဟုမှတ်။

အာဃယတနယမိုက်ပြီး၏။

ဓာတုယမိုက်

★ အာယတနယမိုက်၏ အခြားမဲ့၌ သစ္စယမိုက်စသည်ကို မဟောဘဲ ဓာတုယမိုက်ကို ဟောရခြင်းအကြောင်းကိုရေး၍ ဝိဘင်းပါဠိတော်လာ ဓာတ်တဆဲ့ ရှစ်ပါး ဟောပုံနှင့် ယမိုက်ပါဠိတော်လာ ဓာတ်တဆဲ့ရှစ်ပါးတို့၏ ဟောပုံ အစီအစဉ်ကို လည်း ရေးခဲ့ပါ။

☆ မူလယမိုက်၌ ဟောတော်မူအပ်သောကုသိုလ်စသော တရားတို့ကိုသာလျှင် ဓာတ်၏အစွမ်းအားဖြင့်သိမ်းကျုံး၍ နာမရူပသမူဟ ဝိတ္ထာရ ရှုစိ, မုဒိန္ဒြိယပုဂ္ဂိုလ်တို့ အလိုကြောင့် ဓာတုယမိုက်ကို ဟောကြားရပါသည်။

ဝိဘင်းပါဠိတော်၌ ဟောပုံအစီအစဉ်

အကြောင်းဖြစ်သော ဓာတ်, အကျိုးဖြစ်သော ဓာတ်တို့၏ အစီအစဉ်ကို ပိုင်းခြား၍ ဒေသနာကျမအားဖြင့် ဟောကြား၏။

အဌာရသဓာတုယော စက္ခုဓာတု ရူပဓာတု စက္ခုဝိညာဏဓာတု သောတဓာတု သဒ္ဒဓာတု သောတဝိညာဏဓာတု ဃာနဓာတု ဂန္ဓဓာတု ဃာနဝိညာဏဓာတု ဇိဝှါဓာတု ရသဓာတု ဇိဝှါဝိညာဏဓာတု ကာယဓာတု ဖောဋ္ဌဗ္ဗဓာတု ကာယဝိညာဏဓာတု မနောဓာတု ဓမ္မဓာတု မနောဝိညာဏဓာတု–ဟူသည်တည်း။

မှတ်ချက်။ ။ဤတွင် စက္ခုဓာတ်, ရူပဓာတ်ကား အကြောင်း။ စက္ခုဝိညာဏ ဓာတ်ကား အကျိုးစသည်ဖြင့်မှတ်။

ယမိုက်ပါဠိတော်၌ ဟောပုံအစီအစဉ်

ယမိုက်ပါဠိတော်၌ အစဉ်အတိုင်း အဋ္ဌတ္တိကခေတ်ငါးပါး, ဗာဟိရခေတ်ငါးပါးတို့ကို ဟောပြီး၍ သတ္တဝိညာဏခေတ်, ဓမ္မခေတ်ကို ဟောကြားသည်။ (ဟောသော ပါဠိမှာ အဘိဓမ္မာလာသည်နှင့် တူပြီ၊ ဓမ္မခေတုကို အဆုံးထားသည်)

ဣဒါနိ တေယော မူလယမကေ ဒေသိတေ ကုသလာဒိ ဓမ္မေ ခေတုဝသေန သင်္ဂဟိတ္ဝာ အာယတနယမကာနန္တရံ ဒေသိတသာ ခေတုယမကသာ ဝဏ္ဏနာ ဟောတိ၊ ဣခေပိစ ယမကပုစ္ဆာသုခတ္ထံ ပဋ္ဌိပါဠိယာ အဋ္ဌတ္တိက ဗာဟိရာ ရူပခေတုယောဝ ဝတ္ဝာ ဝိညာဏခေတုယော ဝုတ္တာ။ ။(ယမိုက်အဋ္ဌကထာ)

ဣဒါနိ၊ ၌။ မူလယမကေ၊ ၌။ ဒေသိတေ၊ ကုန်သော။ တေယော ကုသလာဒိဓမ္မေ၊ လျှင်။ ခေတုဝသေန၊ ဖြင့်။ သင်္ဂဟိတ္ဝာ၊၍။ အာယတနယမကာနန္တရံ၊ ၌။ ဒေသိတသာ၊ သော။ ခေတုယမကသာ၊ ၏။ ဝဏ္ဏနာ၊ သည်။ ဟောတိ၊ ၏။ စ၊ အံ့။ ဣခေပိ၊ ၌လည်း။ ယမကပုစ္ဆာသုခတ္ထံ၊ ယမက၏ အစွမ်းဖြင့် ပုစ္ဆာ ပြုလွယ် စိမ့်သောငှါ။ အဋ္ဌတ္တိကဗာဟိရာ၊ ကုန်သော။ ရူပခေတုယောဝ၊ သာလျှင်။ ပဋ္ဌမံ၊ စွာ။ ပဋ္ဌိပါဠိယာ၊ တိုင်း။ ဝတ္ဝာ၊ ၍။ ပုစ္ဆာ၊ မှ။ ဝိညာဏ ခေတုယော၊ တို့ကို။ ဘဂဝတာ၊ သည်။ ဝုတ္တာ၊ ကုန်၏။

★ ဘုရားရှင်သည် ဝိဘင်းကျမ်းနှင့် ယမိုက်ကျမ်းတွင် ဟောကြားသောခေတ်တို့ အဘယ်ကြောင့် မတူဘဲ ကွဲပြားစွာ ဟောရပါသနည်း ဖြေဆိုရ ဓမ္မခေတ်ကို နောက်ဆုံးထားဟောရခြင်းကိုလည်း ရေးခဲ့ပါ။

ခြားနားမှု ဟောခြင်း

☆ ဘုရားရှင်သည် ယမက၏ အစွမ်းဖြင့် ပြုလုပ်စေသောကြောင့် ဝိဘင်းပါဠိတော်နှင့်မတူဘဲ ထူးခြားစွာ ဟောရပါသည်။

ဓမ္မဓာတ်ကို နောက်ဆုံး ဟောရခြင်း

စက္ခုဓာတ်မှစ၍ ဖေါဋ္ဌဗ္ဗဓာတ်အဆုံးရှိသော ဓာတ်တို့သည် ရူပ်ဓာတ်, သတ္တဝိညာဏဓာတ်တို့သည် နာမ်ဓာတ်ဖြစ်၍ ထိုရူပ်ဓာတ်, နာမ်ဓာတ်တို့နှင့် ရောသော မိသကဓာတ် ဖြစ်သောကြောင့် ဓမ္မဓာတ်ကို နောက်ဆုံးထား ဟောရပါသည်။

★ ပဋ္ဌဝိညာဏဓာတ်တို့ကို အကြောင်းဖြစ်သောရူပါရုံ စသည်တို့ကိုစွဲ၍ ရူပဝိညာဏဓာတ်, သဒ္ဒဝိညာဏဓာတ် စသည်ဖြင့် ခေါ်သင့်မခေါ်သင့် ဖြေဆိုပြီးလျှင် ဓာတုသဒ္ဒါ၏လိင်ကို လည်း ဆုံးဖြတ်ခဲ့ပါ။

☆ ရူပါရုံ စသော အကြောင်းတို့သည် တပါးသော ဝိညာဏ်တို့နှင့် ဆက်ဆံသောကြောင့်ရင်း, စက္ခုစသောဝတ္ထုရူပ်တို့သည် တပါးသောဝိညာဏ်တို့နှင့် မဆက်ဆံသည့်ပြင် မိမိတို့ တိုက္ခ မန္ဒ ဖြစ်လတ်သော် ဝိညာဏ်တို့၏ တိုက္ခ မန္ဒဖြစ်ကြကုန်၍ ထူးသောအကြောင်း ဖြစ်သောကြောင့်ရင်း ရူပဝိညာဏဓာတ် စသည် မခေါ်သင့်ပါ။

ဓာတုသဒ္ဒါ၏လိင်

ဘုရားရှင်အလိုတော်အားဖြင့် 'ဓာတုယော'ဟု ဟောတော်မူသောကြောင့် ဣတ္ထိလိင် ဖြစ်၏၊ လောကီဗျာကရဏ်းဆရာတို့အလိုအားဖြင့် ပုလ္လိင်တည်း၊ ကစ္စည်းဆရာအလိုအားဖြင့် ဣတ္ထိလိင်, ပုလ္လိင်–ဒွိလိင်တည်း။

ရူပါဒိနံ ပစ္စယာနံ အညဝိညာဏ သာဓာရဏတ္တာ အသာဓာရဏေန ဝတ္ထုနာ စက္ခုဝိညာဏံ သောတဝိညာဏန္တိ နာမံ ဥဒ္ဒဋ္ဌံ စက္ခာဒိနံ တိဏ္ဍမန္ဒဘာဝေ ဝိညာဏာနံ တိဏ္ဍမန္ဒဘာဝါ ဝိသေသပစ္စယတ္တာစ။ ။(မူ–ဋီ)

ရူပါဒိနံ၊ ဂုန်သော။ ပစ္စယာနံ၊ အကြောင်းတရားတို့၏။ အညဝိညာဏ သာဓာရဏတ္တာစ၊ တပါးသော ဝိညာဏ်တို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့်ရင်း။ စက္ခာဒိနံ၊ ဝတ္ထုတို့၏။ တိဏ္ဍမန္ဒဘာဝေ၊ သည်။ သတိ၊ သော်။ ဝိညာဏာနံ၊ တို့၏။ တိဏ္ဍမန္ဒဘာဝါ၊ တို့သည်။ ဟုတ္တာ၊ ၍။ ဝိသေသပစ္စယတ္တာစ၊ ကြောင့်ရင်း။ အသာဓာရဏေန၊ သော။ ဝတ္ထုနာ၊ ဖြင့်။ စက္ခုဝိညာဏံ သောတဝိညာဏန္တိ အာဒိနာ၊ ဖြင့်။ နာမံ၊ ကို။ ဥဒ္ဒဋ္ဌံ၊ ၏။

ဓာတုယမိုက်ပြီး၏။

သစ္စယမိုက်

ပဏ္ဏာတိုဝါရ

★ ဓာတုယမိုက်၏ အခြားမဲ့၌ သင်္ခါရယမိုက်စသည်ကို မဟောဘဲ အဘယ့်ကြောင့် သစ္စယမိုက်ကိုဟောပါသနည်း ဖြေဆိုရ သစ္စာ၏အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

☆ မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်စသောတရားတို့ကို သစ္စာ၏အစွမ်းဖြင့်ပေါင်း၍ ဓာတုယမိုက်၏ အခြားမဲ့၌ ဟောကြားလိုသောကြောင့် သစ္စယမိုက်ကို ဟောပါသည်။

သစ္စာ၏ အဓိပ္ပါယ်

အရိယာ သူတော်ကောင်းတို့၏ သန္တာန်၌ ဖြစ်တတ်သောကြောင့် သစ္စာဟု ခေါ်၏၊ တနည်း....ဒုက္ခကို ညှဉ်းဆဲတတ်သောကြောင့် သစ္စာဟု ခေါ်၏။

★ အဘယ့်ကြောင့် သစ္စာလေးပါးသာ ဟောရသည်ဟု ဖြေဆိုပြီးလျှင် သစ္စာတရား လေးပါးကိုလည်း အကျိုးအကြောင်း ခွဲပြပါ။

☆ သစ္စာလေးပါးမှတပါး အခြားသစ္စာဖြစ်ထိုက်သောတရားမရှိသောကြောင့်ရင်း, သစ္စာလေးပါးတရားတွင် နုတ်အပ်သောတရားမရှိသောကြောင့်ရင်း သစ္စာလေးပါးသာ ဟောရပါသည်။

အကျိုး အကြောင်း

ဒုက္ခသစ္စာ နိရောဓသစ္စာတို့ကား အကျိုးတည်း၊ သမุဒယ သစ္စာ မဂ္ဂသစ္စာတို့ကား အကြောင်းတည်း။

အညဿသမ္ဘဝတော အညတရဿစ အနုပနေယ္ယ ဘာဝတော။ ။(သမ္မောဒဋ္ဌကထာ)

အညဿ၊ သစ္စာလေးပါးမှ တပါးသော တရား၏။ အ သမ္ဘဝတောစ၊ သစ္စာမဖြစ်ထိုက်သောကြောင့်ရင်း။ အညတရဿ၊ သစ္စာလေးပါး တို့တွင် တပါးသော သစ္စာတရား၏။ အနုပနေယ္ယ ဘာဝတောစ၊ နုတ်ပယ်အပ်သော တရားမရှိသည်အဖြစ်ကြောင့်ရင်း။ စတ္တာရော၀၊ ကုန်သော။ အရိယသစ္စာနှိ၊ တို့ကို။ ၀ုတ္တာနှိ၊ ကုန်၏။

★ 'တဏှာ ကာယိကဒုက္ခ, စေတသိကဒုက္ခမှ တပါး' ဟူသောဆိုရိုးခ္ခ အဘယ့်ကြောင့် တဏှာနှင့် ကာယိကဒုက္ခ, စေတသိကဒုက္ခတို့ကို ကြည်ရပါသနည်း။

☆ တဏှာသည် သမุဒယသစ္စာ အသီးအခြားဖြစ်သောကြောင့် ကြည်ရပါသည်၊ ကာယိကဒုက္ခ စေတသိကဒုက္ခတို့သည် နှစ်ဘက်ရ ထုတ်၍ အသီးအခြား ယူလတ္တံ့ ဖြစ်သောကြောင့် ကြည်ရပါသည်။

★ ဣန္ဒြိယဗဒ္ဓရုပ် ဟု ခေါ်သောတရားစုကို ဖေါ်ပြ၍ ဒုက္ခမျှားစ္ဆာရှိပါလျက် ကာယိကဒုက္ခ, စေတသိကဒုက္ခတို့ကိုသာ အဘယ့်ကြောင့် ဒုက္ခံဟူသော သန္နိဋ္ဌာန်ပုဒ်အရ ကောက်ရသည်ကိုလည်း ရေးခဲ့ပါ။

☆ သဝိညာဏက ပုဂ္ဂိုလ်၏ သန္တာန်ဌာဖြစ်သော စက္ခုသောတတို့နှင့် ဆက်စပ်သော ရုပ်နှစ်ဆဲရှစ်ခုကို ဣန္ဒြိယဗဒ္ဓရုပ်ဟု ခေါ်ပါသည်။

ဒုက္ခပေါင်းများစွာရှိသော်လည်း မုချအားဖြင့် ဒုက္ခသဘောရှိသောကြောင့် ကာယိကဒုက္ခ, စေတသိကဒုက္ခတို့ကိုသာ အရကောက်ရပါသည်။

ပဏ္ဏတ္တိဝါရပြီး၏။

သစ္စယမိုက်-ပဝတ္တိဝါရ

★ သစ္စယမိုက်ပဝတ္တိဝါရ၌ ဟောအပ်သောပုဂ္ဂိုလ်တို့ကို ဖေါ်ပြ၍ ယင်းပဝတ္တိဝါရ၌ ကာလကို အဘယ်အခြင်းအရာအားဖြင့် ပိုင်းခြားသည်ကိုလည်း ရေးခဲ့ပါ။

ဟောအပ်သောပုဂ္ဂိုလ်

☆ ပုထုဇဉ်လေးယောက်, အရိယာပုဂ္ဂိုလ် ရှစ်ယောက် အားဖြင့် တဆဲ့နှစ်ယောက်လုံး ဟောကြားပါသည်။

ကာလပိုင်းခြားခြင်း

ကာလကို စုတိပဋိသန္ဓေတို့၏ အစွမ်းအားဖြင့်ရင်း, ပဝတ္တိစိတ္တက္ခဏအားဖြင့်ရင်း ပိုင်းခြားပါသည်။

ပစ္စုပ္ပန္နာဒယော ပန တယောကာလာ စုတိပဋိသန္ဓိ
နမ္ပိ ပဝတ္တိယာပိ စသေန လဗ္ဘန္တိ။ ။(အဋ္ဌကထာ)

ပစ္စ!ပ္ပန္နာဒေယော၊ ကုန်သော။ တယောကာလာပန၊တို့ကိုကား။ စုတိပဋိသန္ဓိနမ္ပိ၊ တို့၏ရင်း။ ပဝတ္တိယာပိ၊ ၏ရင်း။ ဝသေန၊ ဖြင့်။ လဇ္ဈန္တိ၊ ကုန်၏။

★ သစ္စယမိုက် ပဝတ္တိဝါရ၌ နိရောဓသစ္စာကို မဟာခြင်းအကြောင်းကို ရေး၍ ဒုက္ခ,သမุဒယ,မဂ္ဂသစ္စာတို့၏ ဖြစ်ရာကာလကိုလည်း ညွှန်ခဲ့ပါ။

နိရောဓကို မဟာခြင်း

☆ နိဗ္ဗာန်သည် ဥပါဒ်,ဌိ,ဘင်ဟူဆိုအပ်သောခဏတွေယသို့ မရောက်နိုင်ရကား ဥပ္ပဇ္ဇတိဟူ၍ရင်း, နိရုဇ္ဈတိ ဟူ၍ရင်း စသည်ဖြင့်ဟောခြင်းငှါ မသင့်သောကြောင့် မဟောပါ။

ဖြစ်ရာကာလ

သမုဒယနှင့် မဂ္ဂသစ္စာတို့ကို စုတိပဋိသန္ဓေနှစ်ခုတို့၏ အကြားဟု ဆိုအပ်သော ပဝတ္တိအခါ၌သာ ရ၏၊ဖြစ်၏၊ ဒုက္ခသစ္စာကို မူကား ပဝတ္တိအခါ၌ရင်း, စုတိပဋိသန္ဓေအခါ၌ရင်း ရအပ်၏။

> တေသု ယသ္မာ နိရောဓသ နေဝဥ္ပါဒေါ၊ နာ နိရောဓော ယုဇ္ဇတိ သေသေသု ပန တီသု သမုဒယသစ္စ မဂ္ဂသစ္စာနိ ကေန္ဒြနာ ပဝတ္တိယံ ယေဝ လဗ္ဘန္တိ၊ ဒုက္ခသစ္စံ စုတိပဋိသန္ဓိသုပိ လဗ္ဘတိ။ ။(အဋ္ဌကထာ)

တေသု၊ ထိုသုံးပါးသော သစ္စာတို့တွင်။ ယသ္မာ၊ ကြောင့်။ နိရောဓသ၊ ၏။ ဥပ္ပါဒေါ၊ သည်။ နေဝယုဇ္ဇတိ၊ မသင့်။ နိရောဓော၊ သည်။နယုဇ္ဇတိ၊မသင့်။ သေသေသု၊ နိရောဓသစ္စာမှကြွင်းကုန်သော။

တီသုပန၊ တွင်ကား။ သမုဒယသစ္စမဂ္ဂသစ္စာနှီ၊ တို့ကို။ ကေန္ဓေန၊ အားဖြင့်။ ပဝတ္တိယံယေဝ၊ သာလျှင်။ လဒ္ဓန္တိ၊ကုန်၏။ ဒုက္ခသစ္စံ၊ကို။ စုတိ ပဋိသန္ဓိသုပိ၊ တ့ဉ္ဉလည်း။ လဒ္ဓတိ၊ ၏။

★ အဋ္ဌကထာဆရာအလိုအားဖြင့် အရကောက်ဆရာသည် ပဋ္ဌဝေါကာရ ပဝတ္တိသက်သက်ကိုသာ အရကောက်သင့်လျက် အဘယ်ကြောင့် စတုဝေါကာရပဝတ္တိကို ထည့်သွင်း အရကောက်ပါသနည်း။

☆ စတုဝေါကာရ ပဝတ္တိအခါ မဂ်ဖိုလ်မှ တပါးသော စိတ်တို့၏ ဥပါဒကွဲကသမင်္ဂီ ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ ဖြစ်နိုင်သောကြောင့် 'ယဿ ဒုက္ခ သစ္စံ ဥပ္ပဇ္ဇတိ' ဟူသောပုဒ်ကို ထောက်၍ စတုဝေါကာရကိုပါ ထည့်သွင်းအရကောက်ရပါသည်။

★ ပဋ္ဌဝေါကာရပဝတ္တိဆိုရိုးဌ 'ပဝတ္တေ တဏှာဝိပ္ပယုတ္တစိတ္တာသ' ဟု ဟောသောကြောင့် စိတ်သက်သက်ကိုသာ အရကောက်သင့်လျက် စေတသိက်ပါ ထည့်သွင်း ကောက်ရခြင်းကို ရေး၍ ပဋ္ဌဝေါကာရပဝတ္တိဆိုရိုးဌ လောဘ ဒိဋ္ဌိ မာနတို့ ကြဉ်ရကြောင်းကိုလည်း ရေးခဲ့ပါ။

☆ 'ပဝတ္တေ တဏှာဝိပ္ပယုတ္တစိတ္တာသ'ဟု စိတ်ကို ပဓာနထား၍ ဟောသော်လည်း စိတ်နှင့် စေတသိက်သည် ကင်း၍ မဖြစ် ကောင်း သော ကြောင့် စေတသိက်ကိုပါ ထည့် သွင်း ကောက်ရပါသည်။

လောဘ ဒိဋ္ဌိ မာနတို့သည် လောဘမူစိတ်ရှစ်ခုတို့နှင့်ဆက်ဆံသော လောဘမူလ သာဓာရဏစေတသိက် ဖြစ်ကြ၍ ယှဉ်ဘက်

စိတ် မပါသောကြောင့် ကြဉ်ရပါသည်။ စတုဝေါကာရ ကြဉ်ရာ မှာလည်း ဤနည်းတူမှတ်။

★ စတုဝေါကာရ ပဝတ္တိဆိုရိုးဌ ဒေါစတုက်လေးခုနှင့် ထိနမိဒ္ဓတို့ကို ကြဉ်ရကြောင်းကို ရေး၍ ဝိရတိအပွမညာတို့ကို ကြဉ်ရခြင်းကိုလည်း ရေးခဲ့ပါ။

☆ ဒေါစတုက်လေးခုသည် ဒေါသမူလ သာဓာရဏ ဖြစ်၍,ထိနမိဒ္ဓတို့သည် လောဘမူ ဒေါသမူဟူသော ဥာဘယမူလ သာဓာရဏဖြစ်၍ စတုဝေါကာရပဝတ္တိဆိုရိုးဌ ယှဉ်ဘက် လောဘမူ, ဒေါသမူစိတ်တို့ မပါဝင်သောကြောင့် ကြဉ်ရပါသည်။

ဝိရတိအပွမညာကြဉ်ခြင်း

လောကီဝိရတိအပွမညာစေတသိက်တို့သည် စတုဝေါကာရ ဘုံဌမဖြစ်နိုင်သောကြောင့် ကြဉ်ရပါသည်။

★ 'ပဝတ္တေ စိတ္တသ ဘင်္ဂကွဏေ'ဌ ပဝတ္တိအခါဟူသည် အဘယ်တိုင်အောင်သောအခါကို ဆိုပါသနည်းဖြေဆို၍ ပဝတ္တိအခါဌ ပဋ္ဌိသန္ဓေစိတ်၏ ဖြစ်နိုင်ခြင်း မရှိဘဲလျက် 'ပဝတ္တိအခါ ပဋ္ဌိသန္ဓေမှစ၍'ဟု အဘယ့်ကြောင့်ဆိုသည်ကိုလည်း ရေးခဲ့ပါ။

ပဝတ္တိအခါဟူသည်

☆ ပဋ္ဌိသန္ဓေ နောင် ပဌမဘဝင်မှ စ၍ စုတိတိုင်အောင် သော အခါကို ဆိုပါသည်။

အမှာ။ ။ပဋ္ဌိသန္ဓေစိတ်၏ ခဏတ္တယကိုကား ပဋ္ဌိသန္ဓေအခါ ဟု ဆို၏။

ဆိုရိုးပြုရခြင်း

ပဋ္ဌိသန္ဓေစိတ်သည် ပဝတ္တိအခါ၌ မဖြစ်သော်လည်း ပဋ္ဌိသန္ဓေစိတ်၏ ဘင်ခဏ၌ ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါးလုံး ဖြစ်ဆဲမရသောကြောင့် 'ပဝတ္တိအခါ ပဋ္ဌိသန္ဓေမှစ၍'ဟု ဆိုရိုးပြုရပါသည်။

ပဝတ္တေ စိတ္တသ ဘင်္ဂေတိ အာဂတဋ္ဌာနေ ပဋ္ဌိသန္ဓိစိတ္တသာပိ ဘင်္ဂံ ဒဋ္ဌဗ္ဗံ။ ။(မူ–ဋီ)

ပဝတ္တေ စိတ္တသ ဘင်္ဂေတိ အာဂတဋ္ဌာနေ၊ ပဝတ္တေ စိတ္တသ ဘင်္ဂေတိဟု လာသော အရာ၌။ ပဋ္ဌိသန္ဓေ စိတ္တသာပိ၊ ပဋ္ဌိသန္ဓေ စိတ်၏လည်း။ ဘင်္ဂံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။

★ စုတိစိတ်သည် ပဝတ္တိအခါ၌ ဖြစ်နိုင်ပါလျက် စုတိစိတ်ကို ချန်လှပ်၍ စုတိ၏ အနန္တရတိုင်အောင် ဟု ဆိုရခြင်းကို ရေးခဲ့ပါ။

☆ 'သဗ္ဗေသံ စဝန္တောနံ'ဟူသောဝိဘင်းဖြင့် စုတိစိတ်ကို ဟောပြီးဖြစ်၍ စုတိ၏အနန္တရတိုင်အောင်ဟု ဆိုရိုးပြုရပါသည်။

★ 'အရူပေ မဂ္ဂသစ ဖလသစ'၌ မဂ္ဂအရ အဘယ်မဂ်ကိုသာ ကောက်သင့်သည်ကိုဖေါ်ပြ၍ အရူပဘုံ၌ သောတာပတ္တိမဂ်ကို မရနိုင်ခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။

မဋ္ဌအရ

☆ အရူပဘုံ၌ သောတာပတ္တိမဂ်မဖြစ်နိုင်သောကြောင့် အထက်မဂ်သုံးခုကိုသာ ကောက်ယူသင့်ပါသည်။

သောတာပတ္တိမဂ်ကို မရခြင်း

သောတာပတ္တိမဂ်သည် ပရတောဃောသပစ္စည်း ချို့လတ်သော် အရိယာသာဝက မဖြစ်နိုင်သောကြောင့်၎င်း, ဘုရားပစ္စေကတို့၏လည်း လူ့ပြည်မှ တပါး အခြားဘုံ၌ မဖြစ်နိုင်သောကြောင့်၎င်း အရူပဘုံ၌ မဖြစ်နိုင်ပါ။

ပဌမမဂ္ဂေါပိ ပရတောဃောသပစ္စယဘာဝေ သာဝကာနံ အနုပ္ပဇ္ဇနတော ဗုဒ္ဓပစ္စေကဗုဒ္ဓါနဉ္စ မနုဿလောကတော အညတ္ထ အနိဗ္ဗတ္တနတော။ ။(အဘိဓမ္မာ ဉာဏ်ရောင်)

ပဌမမဂ္ဂေါဝိ၊ သည်လည်း။ ပရတော ဃောသပစ္စယဘာဝေ၊ ပရတောဃောသပစ္စည်းချို့လတ်သော်၊သာဝကာနံ၊တို့၏။အနုပ္ပဇ္ဇနတောစ၊ မဖြစ်သောကြောင့်၎င်း။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓါနံ၊ တို့၏။ မနုဿလောကတော၊ မှ။ အညတ္ထ၊ တပါးသောဘုံ၌။ အနိဗ္ဗတ္တနတောစ။ မဖြစ်သောကြောင့်၎င်း။ အာရုပ္ပဘာဝေ၊ ၌၊ နဉ္စပ္ပဇ္ဇတိ၊ မဖြစ်။

★ အရူပမဂ် ဖိုလ်တို့၏ ဥပါဒကွဏသမဋ္ဌိ ပုဂ္ဂိုလ်ကို ပစ္စနိုက်နှစ်ဘက်ရထုတ်သကဲ့သို့ ပဋ္ဌေါကာရမဂ်ဖိုလ်တို့၏ ဥပါဒကွဏသမဋ္ဌိပုဂ္ဂိုလ်ကို နှစ်ဘက်ရ မထုတ်ဘဲ အဘယ့်ကြောင့် တဘက်ရ ကောက်ပါသနည်း။

☆ ပဠုဝေါကာရ မဂ်ဖိုလ်တို့၏ ဥပဒါဒကွဏ်ဌာ စိတ္တဇရုပ် ဖြစ်နိုင်သောကြောင့် ပဠုဝေါကာရ မဂ်ဖိုလ်တို့၏ ဥပဒါဒကွဏ်ဌ သမင်္ဂီပုဂ္ဂိုလ်ကို 'ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ' ဟူသော တဘက်ရှု ထည့်သွင်းကောက်ရပါသည်။

★ စိတ်တို့၏ဘင်္ဂကွဏ်ဌာ တိဇရုပ် တည်းဟူသော ဒုက္ခ သစ္စာဖြစ်ဆဲရသင့်ပါလျက် အဘယ့်ကြောင့် 'ပဝတ္တေ စိတ္တဿ ဘင်္ဂကွဏေ ဒုက္ခသစ္စံ နုပ္ပဇ္ဇတိ' ဟု ဟောကြားပါသနည်း။

☆ စိတ္တဇရုပ်သည်သာ စိတ္တပဋ္ဌိဘဒ္ဒဝုတ္တိဖြစ်၍ စိတ်တို့၏ ဘင်္ဂကွဏ်ဌာ မဥပါဒ်နိုင်သောကြောင့် စိတ်တို့၏ဘင်္ဂကွဏ်ဌာ စိတ္တဇ ရုပ်တည်းဟူသော ဒုက္ခ သစ္စာဖြစ်ဆဲ မရပေ၊ထို့ကြောင့် 'ပဝတ္တေ စိတ္တဿ' စသည်ဖြင့် ဟောပါသည်။

★ နိရောဓသမာပတ္တိဝိထိ၌ ဂေါတြဘူ နောင် နှစ်ကြိမ် စောသော စျာန်သည် မည်သည့်စျာန် ဖြစ်ကြောင်းကို ရေး၍ 'စိတ်စေတသိက် စိတ္တဇရုပ်တို့သည် (၇)ရက်ချုပ်သည်' ဟူသော စကား၏ရည်ရွယ်၍ဆိုသောပုဂ္ဂိုလ်ကိုလည်း ရေးခဲ့ပါ။

ဖြစ်နိုင်သောစျာန်

☆ ဝင်စားသည့် ပုဂ္ဂိုလ်သည် အနာဂါမ် ဖြစ်ခဲ့သော် နေဝသညာနာသညာယတနကုသိုလ်စျာန် ဖြစ်၏၊ ရဟန္တာဖြစ်ခဲ့သော် နေဝသညာနာသညာကြိယာစျာန်ဖြစ်၏။

ရည်ရွယ်သောပုဂ္ဂိုလ်

ကာမဘုံ၌ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဆိုပါသည်။

★ နိရောဓသမာပတ်မှ ထသောအခါ ရှေးဦးစွာ ဖြစ်သော ဖိုလ်ကို ဖေါ်ပြ၍ ယင်းနိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်သည်သာ အဘယ်တရားနှင့် ပြည့်စုံမှ ဝင်စားနိုင်သည်ကို လည်း ဖြေဆိုခဲ့ပါ။

☆ သဠာယတနကျမ်း၌ 'အနာဂါမိဖလံဝါ အရဟတ္တဖလံဝါ'ဟု ဆိုသောကြောင့် ဝင်စားသည့်ပုဂ္ဂိုလ်သည် အနာဂါမ်ဖြစ်အံ့ အနာဂါမိဖိုလ်၊ ရဟန္တာဖြစ်အံ့ အရဟတ္တဖိုလ် ဖြစ်ပါသည်။

ဝင်စားနိုင်သည့်ပုဂ္ဂိုလ်

အနာဂါမ်ရဟန္တာပုဂ္ဂိုလ်သည်သာ သမာပတ် ရှစ်ပါးနှင့် ပြည့်စုံမှ ဝင်စားနိုင်ပါသည်။

★ နိရောဓသမာပတ်ကို ဝင်စားနိုင်သည့်ဘုံကို ဖေါ်ပြ၍ အရူပဗြဟ္မာ့ဘုံ၌ ဖြစ်သော အနာဂါမ်ရဟန္တာ တို့သည် အဘယ့်ကြောင့် မဝင်စားနိုင်သည်ကိုလည်း ရေးခဲ့ပါ။

ဝင်စားနိုင်သည့်ဘုံ

☆ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲနှစ်ဘုံ၌သာ ဝင်စားနိုင်ပါသည်။

မဝင်စားနိုင်ခြင်းအကြောင်း

အရူပဗြဟ္မာ့ဘုံ၌ ဖြစ်သော အနာဂါမ် ရဟန္တာတို့သည် သမာပတ်ရှစ်ပါးနှင့် မပြည့်စုံသောကြောင့် မဝင်စားနိုင်ပါ။

★ နိရောဓသမာပတ်ကို ဝင်စားနိုင်သည့်ပုဂ္ဂိုလ်, မဝင်စားနိုင်သည့်ပုဂ္ဂိုလ်များကို အကြောင်းနှင့်တကွ ဖေါ်ပြခဲ့ပါ။

☆ အဋ္ဌသမာပတ္တိလာဘီပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့သည် အချို့သော သြရမ္ဘာဂိယသံယောဇဉ် တို့ကို မပယ်ရသေးသည်ဖြစ်၍ သမထဝိပဿနာတရားတို့၏ ဒုဗ္ဗလဖြစ်သောကြောင့် မဝင်စားနိုင်ပါ။

သုက္ခဝိပဿကအနာဂါမ်, ရဟန္တာများကား အနုပုဗ္ဗသမာပတ်တရားတို့၏ ထင်ရှားမရှိသောကြောင့် မဝင်စားနိုင်ပါ။

ပစ္စုပ္ပန္နဝါရပြီး၏။

အတီတဝါရ

★ အဘိသမေတာဝီနံ၌ ဖြစ်သင့်သော ဓာတ်ပစ္စည်းကို ဖေါ်ပြ၍ အဘိသမေတာဝီနံနှင့် အနဘိသမေတာဝီနံ ကိုလည်း ရသင့်သမျှ အနက်ယောဇနာခဲ့ပါ။

ဓာတ်ပစ္စည်း

☆ အဘိရှေး, သံရှေးရှိသော ဣဓာတ်၊ တာဝီပစ္စည်း ဖြစ်ပါသည်။

အနက်ယောဇနာခြင်း

'အဘိသမေတာဝီနန္တိ အဘိသမိတသစ္စာနံ'ဟု ယမိုက် အဋ္ဌကထာ ဆိုသောကြောင့် "အဘိသမေတာဝီနံ=သစ္စာလေးပါးတို့ကို သိဘူးပြီးကုန်သော၊ အနဘိသမေတာဝီနံ=သစ္စာလေးပါးတရားတို့ကို မသိဘူးကုန်သေးသော"ဟု ပေး။ တနည်း....အနဘိသမေတာဝီနန္တိ စတုသစ္စပဋိဝေဓသင်္ခါတံ အဘိသမယံ အပ္ပတ္တသတ္တာနံ-ဟု ဆိုသောကြောင့် " အနဘိသမေတာဝီနံ=သစ္စာလေးပါးတို့ကို သိဘူးပြီးသော အဖြစ်သို့ မရောက်ကုန်သေးသော"ဟု ပေးနိုင်ပါသည်။

★ အောက်ပါစိတ်များကို အကြောင်းနှင့်တကွ ဖေါ်ပြခဲ့ပါ။

(က) ပစ္ဆိမစိတ်။
(ခ) မုချဒုတိယစိတ်။
(ဂ) တံသဒိသဒုတိယစိတ်။

☆ (က) ရဟန္တာတို့၏ စုတိစိတ်သည် သုံးဆဲ တဘုံ၌ နောက်ဆုံးဖြစ်သောကြောင့် ပစ္ဆိမစိတ်။

(ခ) သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေ နောင် ပဌမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်မှ ထောက်၍ နှစ်ခုမြောက်သော စိတ်ဖြစ်သောကြောင့် မုချဒုတိယစိတ်။

(ဂ) ဒုတိယဘဝင်မှစ၍ ဘဝနိကန္တိက ပဌမဇောတိုင်အောင်သော တဆဲခုနစ်ခုသောစိတ်တို့သည် မုချဒုတိယစိတ်နှင့်

အတိတ်၌ သမုဒယသစ္စာ ဖြစ်ဘူး မရပုံချင်း တူသောကြောင့် တံသဒိသဒုတိယစိတ် မည်၏။

အတိတဝါရ ပြီး၏။

အနာဂတဝါရ

★ 'အရဟတ္တမဂ်၏ရှေး ဂေါတြဘူ၏ ခဏတ္တယသမဥ်' ဟု မဆိုဘဲ အဘယ့်ကြောင့် 'အရဟတ္တမဂ်၏ရှေး ဝေါဒါန်၏ ခဏတ္တယသမဥ်'ဟု ဆိုပါသနည်း။

☆ ဝေါဒါန်သည်သာ အထက်မဂ်သုံးခုတို့၏ ရှေးဦးဖြစ်သောကြောင့် 'အရဟတ္တမဂ်၏ရှေး ဝေါဒါန်၏ခဏတ္တယသမဥ်' ဟု ဆိုပါသည်။

★ ယေစပုထုဇဉာ အတုဘုံသတ်ရာ၌ အဘယ့်ကြောင့် နေဝသညာနာသညာယတနဘုံ,အပါယ်လေးဘုံ,ဝေဟပ္ဖုလ်ဘုံ, သုဒ္ဓါဝါသငါးဘုံတို့ကို မကောက်ပါသနည်း။

☆ နေဝသညာနာသညာယတနဘုံ, ဝေဟပ္ဖုလ်ဘုံတို့သည် သေဌာဘဝဖြစ်၍ ထိုဌာနဖြစ်ကြသော အရိယာတို့သည် ဘုံတပါးသို့ ကူးပြောင်းခြင်း မရှိသောကြောင့်ရင်း, အပါယ်လေးဘုံ၌ အရိယာပုဂ္ဂိုလ်တို့ မဖြစ်သောကြောင့်ရင်း, သုဒ္ဓါဝါသငါးဘုံတို့တွင် တခုသော ဘုံ၌ နှစ်ကြိမ် မဖြစ်ကောင်းသောကြောင့်ရင်း ထည့်သွင်းမကောက်ပါ။

★ တပါးဘုံကသာ အောက်မင်္ဂလာကို ရ၍ မိမိဖြစ်ခိုက် သောဘုံ၌ မင်္ဂလာကိုမရလတ္တံ့ သောပုဂ္ဂိုလ်ကို ဘုံသတ်ရာ၌ အဘယ့်ကြောင့် အကနိဋ္ဌဘုံကို ထည့်သွင်းမကောက်ပါသနည်း။

☆ အကနိဋ္ဌဘုံ၌ဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်သည် မိမိဖြစ်ခိုက်သောဘုံ၌ နောင်တဖန်မဖြစ်ကောင်း, ဘုံတပါးသို့လည်း ပြောင်း၍ မဖြစ်နိုင်, အရဟတ္တမင်္ဂလာကိုလည်း ဧကန် ရလတ္တံ့ ဖြစ်သောကြောင့် ထည့်သွင်း မကောက်ပါ။

အနာဂတဝါရ ပြီး၏။

ပစ္စုပ္ပန္နာ တီတဝါရ

★ ဘုရားရှင်သည် 'သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ' ဟု မဟောဘဲ အဘယ့်ကြောင့် 'သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တာသ ဥပ္ပါဒကွဏေ' ဟု ဟောပါသနည်း။

☆ ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ ဘဝနိကန္တိကပဌမဇော တိုင်အောင်သော တဆဲ ရှစ်ချက်သော စိတ္တုပ္ပါဒကွဏ သမင်္ဂီပုဂ္ဂိုလ်တို့ကိုလည်း သိမ်းကျုံးတော်မူလိုသောကြောင့် 'သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တာသ ဥပ္ပါဒကွဏေ' ဟု ဟောရပါသည်။

ပစ္စုပ္ပန္နာတီတဝါရ ပြီး၏။

ပရိညာဝါရ

★ ဤသစ္စယမိုက်ပရိညာဝါရ၌ ဟောအပ်သောသစ္စာနှင့် မဟောအပ်သောသစ္စာတို့ကို အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

ဟောအပ်သော သစ္စာ

☆ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ နှစ်ပါးကိုသာ ဤ ပရိညာဝါရဒ္ဓ ဟောပါသည်။

မဟောအပ်သောသစ္စာ

မဂ္ဂသစ္စာ, နိရောဓသစ္စာတို့ကို လောကုတ္တရာ တရားတို့၌ ပရိညာကိစ္စမရှိသောကြောင့် မဟောပါ။

ယသ္မာစ လောကုတ္တရဓမ္မေသု ပရိညာနာမ နတ္ထိ၊
တသ္မာ ဣဓ ဒွေသစ္စာနိ ဂဟိတာနိ။ ။(အဋ္ဌကထာ)

စ၊ ဆက်ဦးအုံ့။ ယသ္မာ၊ ကြောင့်။ လောကုတ္တရ ဓမ္မေသု၊ တို့၌။ ပရိညာနာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ဣဓ၊ ၎င်း ပရိညာဝါရ၌။ ဒွေသစ္စာနိ၊ တို့ကို။ ဂဟိတာနိ၊ ကုန်၏။

★ ပရိညာသုံးပါးကို ဖေါ်ပြ၍ ယင်းပရိညာသုံးပါး နှင့် သစ္စာနှစ်ပါးကိုလည်း ဖြစ်သင့်သလို ယှဉ်တွဲပြပါ။

ပရိညာသုံးပါး

☆ ညာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာအား ဖြင့် သုံးပါးဖြစ်ပါသည်။

ပရိညာနှင့်သစ္စာယှဉ်တွဲပုံ

ဒုက္ခသစ္စာ
တရဏနှင့်
ပဟာနနှင့် သမုဒယသစ္စာ
ညာတနှင့် သစ္စာနှစ်ပါးလုံးဆက်ဆံ၏။

ဆောင်။ ။ညာတ တီရဏ၊ ပဟာန၊သုံးဝပရိညာ။

ဒုက္ခေ တိရဏပရိညာ ဝုတ္တာ၊ နပဟာနပရိညာ၊ သမုဒယေစ ပဟာနပရိညာ၊ နတိရဏပရိညာ၊ ညာတပရိညာ ပန သာဓာရဏာ။ ။(မူ–ဋီ)

ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ တိရဏပရိညာ၊ ကို။ ဝုတ္တာ၊ ၏။ ပဟာနပရိညာ၊ ကို။ နဝုတ္တာ၊ အပ်။ သမုဒယေစ၊ ၌လည်း။ ပဟာန ပရိညာ၊ ကို။ ဝုတ္တာ၊ ၏။ တိရဏပရိညာ၊ ကို။ နဝုတ္တာ၊ အပ်။ ညာတပရိညာ ပန၊ သည်ကား။ သာဓာရဏာ၊ နှစ်ပါးစုံနှင့် ဆက်ဆံ၏။

★ မဂ်ခဏ၌ ပရိညာသုံးပါးကို ရထိုက်, မရထိုက် အကြောင်းပြဖြေဆိုခဲ့ပါ။

☆ မဂ်ဉာဏ်သည် ဒုက္ခသစ္စာ သမုဒယသစ္စာတို့ကို ထင်စ္ဆာပြတတ်သောကြောင့် ညာတပရိညာလည်း ဟုတ်၏၊ ဒုက္ခကို ပိုင်းခြားရှုသိခြင်းကိစ္စတို့ကို ပြီးစေတတ်သောကြောင့် တိရဏပရိညာလည်း ဟုတ်၏၊ သမုဒယသစ္စာ၏ တဖန်ပြန်မဖြစ်ခြင်းကို ပြုတတ်သောကြောင့် ပ ဟာနပရိညာလည်း ဟုတ်၏၊ ထို့ကြောင့် မဂ်ခဏ၌ ပရိညာသုံးပါးလုံးရပါသည်။

မဂ္ဂဉာဏဉ္စိ ဒုက္ခသမုဒယာနိပိ ဝိဘာဝေတိတိ ညာတပရိညာစ ဟောတိ၊ ဒုက္ခတိရဏကိစ္စာနံ နိပ္ဖါရဏတောတိရဏ ပရိညာစ သမုဒယဿ အပ္ပဝတ္တိကရဏတောဝ ပဟာနပရိညာစာတိ တိဿောပိ ပရိညာ မဂ္ဂက္ခဏေဝ ယောဇေတဗ္ဗာ။ ။(မူ–ဋီ)

မဂ္ဂဉာဏ်၌၊ သည်ကား။ ဒုက္ခသမုဒယာနိ၊ တို့ကို။ ဝိဘာဝေတိ၊ ထင်စ္ဆာပြတတ်၏။ ဤတိ၊ ကြောင့်။ ညာတပရိညာစ၊ သည်လည်း။

ဟောတိ၊၏။ဒုက္ခတိရဏာ ကိစ္စာနံ၊ ဒုက္ခကိုပိုင်းခြား၍သိခြင်းကိစ္စတို့ကို။ နိပ္ပါရဏာတော၊ ပြီးစေတတ်သောကြောင့်။ တိရဏာပရိညာစ၊ သည်လည်း။ ဟောတိ၊ ၏။ သမုဒယသ၊ ၏။ အပ္ပဝတ္တိကရဏာတော၀၊ တဖန်ပြန်မဖြစ်ခြင်းကို ပြုတတ်သောကြောင့်သာလျှင်။ ပဟာနပရိညာစ၊ သည်လည်း။ဟောတိ၊ ၏။ဗုတိ၊ ကြောင့်။ တိဿောပိ၊ကုန်သော၊ ပရိညာ၊ တို့ကို။ မဂ္ဂကျေဏာ၀ေ၊ ၌သာလျှင်။ ယောဇေတဗ္ဗာ၊ ကုန်၏။

★ ခန္ဓယမိုက်လာ ပရိညာ၀ါရနှင့် ဤသစ္စယမိုက်လာ ပရိညာ၀ါရတို့၏ ဟောပုံချင်း ထူးမထူးကို နှိုင်းယှဉ်ပြပါ။

☆ ခန္ဓယမိုက်၌ 'ယော ရူပက္ခန္ဓံ ပရိဇာနာတိ'စသည်ဖြင့် ပရိဇာနာတိ သဒ္ဒါတခုတည်းကိုသာ ဟော၏၊ ဤသစ္စယမိုက်၌ကား 'ယော ဒုက္ခသစ္စံ ပရိဇာနာတိ၊ သော သမုဒယသစ္စံ ပဇဟာတိ'ဟု နှစ်မျိုးဟောသည်သာ ထူး၏၊အကြင်းမထူးပါ၊ (အတိတ၀ါရ၌လည်း ပရိဇာနိတ္ထ၊ ပဇဟိတ္ထ၊ အနာဂတ၀ါရ၌ ပရိဇာနိဿတိ၊ပဇဟိဿတိ–စသည်ဖြင့် ၀ါရသုံးလုံးက၍ ဆိုရမည်မှတ်။)

သစ္စယမိုက်ပြီး၏။

အောက်ယမိုက်ငါးကျမ်းပြီး၏။

အောက်ယမိုက် ငါးကျမ်း

နောက်ဆက်တွဲ

ဥဒ္ဒေသ

ယမိုက်မည်ပုံ

အတ္ထအားဖြင့်ရင်း, ပါဠိဓမ္မအားဖြင့်ရင်း အစုံအစုံပြု၍ ဟောသောကျမ်းဖြစ်သောကြောင့် ယမိုက်မည်၏။

ယမကတို့၏အစုံအစုံဖြစ်ပုံ

မူလယမကဌ် အနုလောမပုစ္ဆာသန္နိဋ္ဌာန်အရဖြစ်သောကုသိုလ်ဟူသောအနက်, ပဋ္ဌိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရဖြစ်သော ကုသိုလ်မူလဟူသောအနက် ဤသို့အနက်နှစ်ပါးစုံသတည်း။

တနည်း....အနုလောမပုစ္ဆာ သံသယပုဒ်၏ အရ ဖြစ်သော ကုသိုလ်မူလဟူသော အနက်, ပဋ္ဌိလောမပုစ္ဆာ သံသယပုဒ်၏ အရဖြစ်သော ကုသိုလ်ဟူသောအနက် ဤသို့အနက်နှစ်ပါးစုံသတည်း။

တနည်း....အနုလောမ ပုစ္ဆာ, ပဋ္ဌိလောမပုစ္ဆာ အားဖြင့် နှစ်ပါး စုံသတည်း။

တနည်း....အနုလောမပုစ္ဆာ ပါဠိဓမ္မ, ပဋ္ဌိလောမပုစ္ဆာ ပါဠိဓမ္မအားပြင့် နှစ်ပါး စုံသတည်း။ (ဧကမူလယမကတို့ကိုလည်း နည်းတူခဲ့)

ကုသလကုသလမူလသင်္ခါတာနံ ဒ္ဒိန္နံအတ္ထာနံ ဝသေန အတ္ထယမကန္တိ၀ါ တေသညေ၀ အတ္ထာနံ ဝသေန

အနုလောမ ပဋိလောမတော ပဝတ္တပါဋိဧမ္မဝသေန ဧမ္မ ယမကန္တိ၀ါ အနုလောမ ပဋိလောမတော ပဝတ္တပုဗ္ဗာ ၀သေန ပုဗ္ဗာယမကန္တိ၀ါ တိ၀ိဓာယ ယမကဘာ၀ေါ ဝေဒိတဗ္ဗော။

ကုသလကုသလမူလသခ်ါတာနံ၊ ကုန်သော။ ဒ္ဝိန္နံ၊ ကုန်သော။ အတ္ထာနံ၊ တို့၏။ ၀သေန၊ ဖြင့်။ အတ္ထယမကန္တိ၀ါ၊ ဟူ၍ဂင်း။ တေ သညေ၀ အတ္ထာနံ၊တို့၏သာလျှင်။၀သေန။အား၊ဖြင့်။ အနုလောမ ပဋိ လောမတော၊ အား၊ဖြင့်။ ပ၀တ္တပါဋိဧမ္မ၀သေန၊ ဖြစ်သောပါဋိ၀ိမ္မ၏ အစွမ်း၊အား၊ဖြင့်။ ဧမ္မယမကန္တိ၀ါ၊ ဟူ၍ဂင်း။ အနုလောမပဋိလောမ တော၊ အား၊ဖြင့်။ပ၀တ္တပုဗ္ဗာ၀သေန၊ အား၊ဖြင့်။ ပုဗ္ဗာယမကန္တိ၀ါ၊ ဟူ၍ဂင်း။တိ၀ိဓာယ၊အား၊ဖြင့်။ယမကဘာ၀ေါ၊ကို။ဝေ၀ိတဗ္ဗော၊၏။

ဆယ်ကျမ်းလုံး ယမိုက်မည်ပုံ

အနက်အား၊ဖြင့်ရင်း, ပါဋိဧမ္မအား၊ဖြင့်ရင်း အစုံအစုံ ဖြစ် သောယမကတို့ဖြင့် ဟောအပ်သော၊ကြောင့် မူလယမက, ဧက မူလယမကစသော အစိတ်အစိတ်ဖြစ်သော ယမကတို့၏ ယမိုက် ဟူသောအမည်ကို အပေါင်း၊ဖြစ်သော မူလ ခန္ဓ စသောယမိုက် ဆယ်ကျမ်းလုံးတို့၌ တင်စား၍ ယမိုက်မည်၏။

အမှာ။ ။တိက မာတိကာကို ရှေးဦး၌ ဟော၊ခြင်း, ကုသလ တိက်ကို ရှေးဦး၌ ဟော၊ခြင်းစသော အကြောင်းကို **မာတိကာ** နှင့် **ဓာတုကထာ ဉာဏ်ရောင်** တွင်ရှုပါ။

ဥဒ္ဒေသပြီး၏။

နိဒ္ဒေသဝါရ

'တိကောဝကုသလမူလာနိ'ဟု ဟောသော ဒ္ဒိဟိတ်ဌာရှိသော မူလနှစ်ပါး ပါဝင်နိုင်ပုံ

တိဟိတ်ဌာရှိသောမူလသုံးပါးဟူသောအပေါင်းကို ဆိုသဖြင့် ဒ္ဒိဟိတ်ဌာ ရှိသော မူလနှစ်ပါးဟူသော အစိတ်လည်း ရသောကြောင့် ဒ္ဒိဟိတ်ဌာရှိသောမူလနှစ်ပါး ပါဝင်နိုင်၏။

အဝေသသာပါဌ်ဖြင့် အကု, အဗျာတ္တိ ကုသလမူလမှ ကြွင်းသောကြောင့် ကုသိုလ်မည်သည်ဟု မဆိုနိုင်ခြင်း

အကု,အဗျာကတတို့မှာ ကုသလမူသုံးခုမှ ကြွင်းသော်လည်း ကုသိုလ်မမည်၊ ဖဿ စသောကုသိုလ်မည်ထိုက်သော တရားတို့သာ ကုသိုလ်မည်၏။

မှတ်ချက်။ ။'ထေရော အဘိဓမ္မံ ဘာသရေ'ဆိုရာ၌ ထေရောအရ ထေရ် အမျှားနှင့် ဆက်ဆံ သော်လည်း အဘိဓမ္မာကို မရွတ်နိုင်သော တော ထွက် မထေရ် မျှား ကို မယူဘဲ။ အဘိဓမ္မာကို ရွတ်နိုင်သည့် ထေရ်မျှားကိုသာ ယူသကဲ့သို့မှတ်။

အဝေသသာ ဖဿာဒယော ကုသလာဓမ္မာယေဝ။

အဝ၀ေသသာ၊ ကုန်သော။ဖသသာဒယော၊ တို့သည်။ ကုသလာ ဓမ္မာယေ၀ နာမ၊ သာလျှင်။ ဟောန္တိ၊ ကုန်၏။

ဇရတာအနိစ္စတာကို စတုသမုဋ္ဌာနိကရုပ် မယူခဲ့သော် ဇရာမရဏံဘိက္ခဝေ စသည်နှင့်မဆန့်ကျင်ပုံ

သုတ္တန်ပါဠိ၌ သင်္ခတ ပဋိစ္စ သမုပ္ပန္န ဖြစ်ကြောင်း လာသည်ကား မှန်၏၊ယင်းစကားမှာ ၎င်းဇရတာ အနိစ္စတာတို့ကို စတုသမုဋ္ဌာနိက ရုပ်တို့၏ ရင့်ခြင်း, ပျက်ခြင်း အခိုက်အတန့်ဖြစ်၍ ပရိယာယ်အားဖြင့် ဟောကြားသည်၊မုချမဟောပါ၊ထို့ကြောင့် မဆန့်ကျင်။

နိစ္စတရား မဖြစ်နိုင်

ဥပစယ, သန္တတိ ဇရတာ အနိစ္စတာတို့သည် ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲဖြစ်သောစတုသမုဋ္ဌာနိကရုပ်တို့ကိုမှီ၍ ဖြစ်သောကြောင့် ၎င်းတို့ ထင်ရှား ဖြစ်လတ်သော် လက္ခဏာရုပ်တို့လည်း ထင်ရှား ဖြစ်သော ကြောင့် ယုန်ချိုကဲ့သို့ မရှိသောတရား, နိဗ္ဗာန် ကဲ့သို့ နိစ္စတရားမျိုး မဖြစ်နိုင်။

ဇရတာအနိစ္စတာတို့ကိုပရိယာယ်အားဖြင့် ဟောရခြင်း

ပရိယာယ်အားဖြင့် မဟောပါမူ ၀ေနေယျတို့မှာ ယင်းတရားတို့ကား နတ္ထိဘာ၀ နိစ္စဘာ၀အဖြစ်ဖြင့် မှားသော နှလုံးသွင်း

ဖြစ်ရာ၏၊ ထိုနှလုံးသွင်းကို တားမြစ်အံ့သောဌါ ဟောတော်မူ၏။

တေမိုစ အဘိနိဝေသံ ပဋိသေဓေတုမေဝ ဣဒံ ဝုတ္တံ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နန္တိ။

တေမ္ပ ိစအဘိနိဝေသံ၊ ဤဇရတာ အနိစ္စတာတို့ကား နတ္ထိနိစ္ဆ ဟူသော မှားသော နှစ်လုံး သွင်းခြင်း ကိုလည်း။ ပဋိသေဓေတုမေဝ၊ တားမြစ်ခြင်းငှာသာလျှင်။ ဇရာမရဏံ၊ လ။ ဣဒံ ဝစနံ၊ ကို။ ဝုတ္တံ၊၏။

ဧကမူလယမကဒ္ဓ တူသောမူလရှိပုံ

အတူတကွဖြစ်သည်ကို မဆိုလို၊အကြောင်း အကျိုးအားဖြင့် စပ်၍ဖြစ်သည်ကိုသာ တူသောမူလရှိသည်ဟု ဆိုပါသည်။

အကြောင်းအကျိုး၏ အဖြစ်ဖြင့်စပ်ပုံ

ဟိတ်ခြောက်ပါး တရားကား ဟေတုပစ္စည်း အကြောင်းတရားတည်း၊ စိတ္တဇရုပ်တို့ကား ဟေတုပစ္စယုပ္ပန် အကျိုးတရားတည်း၊ဤသို့အကြောင်း အကျိုး၏အဖြစ်ဖြင့် စပ်၍ဖြစ်သည်။

အညမညမူလယမကဒ္ဓ 'ယေကေစိကုသလာ'ဟု မမေးခြင်း

ကုသလသဒ္ဒါ၏အနက်သည် ကုသလမူလေန ဧကမူလသဒ္ဒါ၏အနက်ဌပါဝင်ပြီးဖြစ်သောကြောင့် 'ယေကေစိကုသလမူလေန ဧကမူလာ'ဟု မေးရသည်။

ဣမိနာပိ ဗျဥ္ဇနေန တယော၀တ္ထသ သမ္ဘ၀တော။

ဣမိနာပိ ဗျဥ္ဇနေန၊ ဤ ယေကေစိ ကုသလမူလေန ကေမူလာ သဒ္ဒါဖြင့်လည်း၊ တယော၀တ္ထသ၊ ထိုယေကေစိ ကုသလာ ဟူသော သဒ္ဒါ၏ အနက်၏ သာလျှင်။ သမ္ဘ၀တော၊ ဖြစ်သင့်သောကြောင့် (ကတာ၊ ပြုအပ်၏။)

'ကုသလမူလာနိ'ဟု ထပ်ဟောရခြင်း

'မူလာနိယာနိ'စကားမှာ သာမညဖြစ်၍ ကုသိုလ်မူလ,အကုသိုလ်မူလ,အဗျာကတမျှားနှင့်သာ ဆက်ဆံ၍နေ၏။ ဤနေရာ၌ ကုသလမူလသာ ယူရမည်ဟု အနက်ထူးကိုပြခြင်းငှါ 'ကုသလမူလာနိ'ဟု ထပ်မံမိန့်ကြားရသည်။

ဣဓ ကုသလမူလာနိတိ ဝိသေသဒဿနတ္ထမိဒံ ဝုတ္တံ။

ဣဓ၊ဒ္ဒါ။ကုသလမူလာနိ၊တို့တည်း။ဣတိ၊ ကြောင့်။ ဝိသေသဒဿနတ္ထံ၊အထူးကိုပြခြင်းအကျိုးငှါ။ဣဒံ၊စကားကို။ဝုတ္တံ၊၏။

အညမညယမကပဋိလောမ၀ယ်

'သဗ္ဗေတေ၀မ္မာကုသလာ'ဟု ဟောခြင်း

သန္ဓိဗ္ဗာန်၀ယ် အညမညမူလအဖြစ်ကို ဆုံးဖြတ်ပြီးသော တရားဒ္ဒ ကေမူလအဖြစ် သံသယမရှိသောကြောင့် 'သဗ္ဗေ ကုသလမူလေန ကေမူလာ'ဟု ပုစ္ဆာမပြုဘဲ 'သဗ္ဗေ တေ ၀မ္မာ ကုသလာ'ဟု ပြုရပါသည်။

အညမညမူလတွေ့ ပန နိစ္စံတေ ကေမူလတ္တ သံသ ယာဘာဝတောဝ၊ သဗ္ဗေ တေ ဓမ္မာ ကုသလမူလေန ကေ မူလာတိ ပုစ္ဆာ နကတာတိ ဒဋ္ဌဗ္ဗာ။

အညမညမူလတွေ့ပန၊ အဖြစ်ကိုကား။ နိစ္စံတေ၊ သော်။ ကေ မူလတ္တသံသယာဘာဝတောဝ၊ တူသောမူလရှိသည်၏ အဖြစ်၌ ယုံမှား ခြင်းမရှိသည်၏အဖြစ်ကြောင့်။ သဗ္ဗေတေ၊ ဓမ္မာ ကုသလမူလေန ကေ မူလာတိ၊ ဟူ၍။ ပုစ္ဆာ၊ ကို။ နကတာ၊ မပြု။ ဋီကာ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ရုပ်ကို မဖြစ်စေနိုင်သောစိတ်ပေါင်း

ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်, ရဟန္တာတို့၏ စုတိစိတ်, ဒွေပဉ္စဝိညာဉ် တဆယ်, အရူပဝိပါက်လေးခု ဤတဆဲ့ ခြောက်ခုတည်း။

ပဋိသန္ဓေစိတ်၏ရုပ်ကို မဖြစ်စေနိုင် ခြင်း

မိုရာဝတ္ထုရုပ်၏ အားနည်းသောကြောင့်ဝင်း, ထောက်တည် ရာ မရသောကြောင့်ဝင်း, ပစ္စာဇာတပစ္စည်း၏ ချို့တဲ့သော ကြောင့်ဝင်း,အာဂန္တုကဖြစ်သောကြောင့်ဝင်း ရုပ်ကို မဖြစ်စေ နိုင်ပါ။

အဗျာကတမူလေန ဧကမူလာ၌ ပဝတ္တိကမ္မဇရုပ် မကောက်ခြင်း

ပဋိသန္ဓေကမ္မဇရုပ်ကား စိတ်နှင့် စပ်၍ ဖြစ်သောကြောင့် ကောက်ရသည်၊ပဝတ္တိကမ္မဇရုပ်ကား စိတ်ရှိသော်လည်း စိတ်နှင့် စပ်၍မဖြစ်သောကြောင့် မကောက်ရပါ။

ရုပ်သည် နာမ် မမည်ခြင်း

စိတ် စေတသိက် နိဗ္ဗာန်တို့ကား အမည်နှင့်ကင်း၍ မထင်ရှား သောကြောင့် နာမ်မည်၏၊ ရုပ်ကား အမည်နှင့်ကင်း၍ ထင်ရှား သောကြောင့် နာမ်မမည်။

ပါဠိနှစ်ထွေ

နာမပဒ ကေမူလယမကဝိသဇ္ဇနာဝယ် 'အဟေတုကံ နာမံ နာမမူလေန ကေမူလံ'ဟူ၍ရင်း, 'အဟေတုကံ နာမမူလေန ကေမူလံ'ဟူ၍ရင်း ရှိရာ နှစ်ထွေစလုံးသင့်မြတ်၏၊ နာမံမှာ ထင်ရှား စေလိုသောကြောင့် ထည့်၏ဟုမှတ်။

မူလယမိုက်ပြီး၏။

ခန္ဓယမိုက်

ပဏ္ဏာတ္တိဝါရ

ခန္ဓာကို အယုတ်အလွန် မဟောခြင်း

အလုံးစုံသောသန်တတရားတို့ကို ပေါင်း၍ ယူခြင်းကြောင့်ရင်း, ငါ ငါ၏ဥစ္စာဟုစွဲလမ်းခြင်းသည် ခန္ဓာငါးပါးသာလျှင် အတိုင်းအရှည် ရှိသောကြောင့်ရင်း, တပါးသော တရားတို့၏ ခန္ဓာငါးပါးတို့ဌာသာ သက်ဝင်သောကြောင့်ရင်း အယုတ်အလွန် မဟောပါ။

ရူပက္ခန္ဓာကို ရှေးဦးဟောခြင်း

ယူလွယ်စေခြင်းငှါ စက္ခုဝိညာဏ် စသည်တို့၏ အာရုံ ဖြစ်သော ရုန်ရင်းကြမ်းထမ်းသောရူပက္ခန္ဓာကို ရှေးဦးစွာဟောရ၏။

ရူပံကို ရူပက္ခန္ဓာဟု ဝိသေသယောဇနာခြင်း

နိဒ္ဒေသဝါရ၌ ရူပက္ခန္ဓာ စသည်ဖြင့် ဝိသေသဝေဘန်သော ကြောင့် ရူပက္ခန္ဓာဟု ဝိသေသယောဇနာရသည်။

ပိယရုပ် သာတရုပ်၌ ရုပ်အဋ္ဌဝိသဝင်ဖြစ်လျက် နရူပက္ခန္ဓောဟု ဟောခြင်း

ရုပ်အဋ္ဌဝိသဝင်ဖြစ်သော်လည်း ပိယရုပ်,သာတရုပ်မည်သော ရုပ်အဋ္ဌဝိသကား ချစ်အပ်, သာယာအပ်သော အပေါင်းရုပ် ဖြစ်၍ ရူပအမည်သာ ရ၏၊ရုပ္ပနသဘောမရှိ၍ ရူပက္ခန္ဓာ အမည် မရ၊ ထို့ကြောင့် 'နရူပက္ခန္ဓော'ဟု ဟောသည်။

တဏှာအာရုံ မပြုသောအခါ၌လည်း ပိယရုပ် သာတရုပ်ပင်

ဘောဇဉ်ကို မစားသောအခါ၌လည်း ဘောဇဉ်ဟု အမည် ရသကဲ့သို့ တဏှာအာရုံ မပြုသောအခါ၌လည်း ပြုခြင်းငှါ ထိုက် သောကြောင့် ပိယရုပ် သာတရုပ်မည်၏။

ပဏ္ဏတ္တိဝါရပြီး၏။

ပစ္စယဝါရ

ကာလကိုးပါး မဟောရခြင်း

အတီတပစ္စုပ္ပန္န၊ အနာဂတပစ္စုပ္ပန္န၊ အနာဂတာတီတ သုံးပါး သည် ပစ္စုပ္ပန္န၊ အတီတ၊ အနာဂတ၊ ပစ္စုပ္ပန္နာတီတ၊ ပစ္စုပ္ပန္န နာဂတ၊ အတီတာနာဂတ ကာလခြောက်ပါးတွင် မိသက ကာ လ ပဋ္ဌိလောမနှင့်တူသောကြောင့် ကိုးပါး မဟောပါ။

ပဝတ္တိဝါရဒ် မူလီမသွတ်ခြင်း

မရောသောကာလ အထူးရှိသောဝါရတို့၌ အနက်ထူး မရှိသောကြောင့် ရှေးရှေးသော ခန္ဓာကို မူလီသွတ်၍ မဟောပါ။

ပုရိမကောဋ္ဌာသနှင့် တူသည်ဆိုရာ၌

သရူပဒဿန ဝိသဇ္ဇနာ၏ ပုရိမကောဋ္ဌာသကို ဆိုလိုသည်၊ တနည်း....ပရိပုဏ္ဏပညာ၏ ပုရိမကောဋ္ဌာသကို ဆိုလိုသည်။

တံ ဝိသဇ္ဇနဿ ပန ပုရိမကောဋ္ဌာသေန သဒိသတ္ထ တာယ ပုရေပညော ပစ္ဆိမကောဋ္ဌာသ သဒိသတ္ထတာယ ပစ္ဆာပညောတိစ နာမံ ဝုတ္တံ။

ပန၊ တပါး။ တံဝိသဇ္ဇနဿ၊ ထိုသရူပဒဿန ဝိသဇ္ဇနာဖြင့် ဖြေခြင်းရှိသော ပညာ၏။ ပုရိမကောဋ္ဌာသေန၊ နှင့်။ သဒိသတ္ထတာယ၊ တူသောအနက်ရှိသည်၏ အဖြစ်ကြောင့်။ ပုရေပညောတိစ၊ ဟူ၍ရင်း။ ပစ္ဆိမကောဋ္ဌာသ သဒိသတ္ထတာယ၊ ကြောင့်။ ပစ္ဆာပညောတိစ၊ရင်း။ နာမံ၊ ကို။ ဝုတ္တံ၊ ၏။

ပါဠိဂတိနှင့် ပဒိုဏေခ ဝိသဇ္ဇနာ

ခန္ဓာတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကို တားမြစ်၍ ဖြေသည်ကား (ဝါ)ပဒ္ဒိုဏေခကို နှ-အက္ခရာကိုပယ်၍ ဖြေသည်ကား ပါဠိဂတိတည်း။

ခန္ဓာတို့၏ဖြစ်ခြင်း, ချုပ်ခြင်းကိုမြစ်၍ ဖြေသည်ကား (ဝါ) ပဒ္ဒိုဏေခ နော ဟု ဖြေသည်ကား ပဒ္ဒိုဏေခဝိသဇ္ဇနာ ဖြစ်၏၊ (ဤကား အထူးတည်း။)

ပဝတ္တိဝါရပြီး၏။

ပရိညာဝါရ

ပရိညာဝါရ၌ ပဝတ္တိသာ ဟောခြင်း

စုတိပဋ္ဌိသန္ဓေအခါ၌ ပရိညာကိစ္စ မရှိသောကြောင့် စုတိပဋ္ဌိသန္ဓေကို မဟော၊ ပဝတ္တိအခါကိုသာ ဟော၏။

'ယော ရူပက္ခန္ဓံ ပရိဇာနာတိ'၌ အရဟတ္တမဂ်သာ ကောက်ရခြင်း

အောက်မဂ္ဂဌာန်တို့ ရူပက္ခန္ဓာကို သိဆဲဖြစ်သော်လည်း ပရိညာကိစ္စအပြီးသို့ မရောက်သောကြောင့် ပရိညာကိစ္စအပြီးသို့ရောက်သော အရဟတ္တမဂ္ဂဌာန်ကိုသာ ရည်၍ ဟောသောကြောင့် ကောက်ရသည်။

ပရိညာဝါရပြီး၏။
ခန္ဓယမိုက်ပြီး၏။

အာယတနယမိုက်

ပဏ္ဏတ္တိဝါရ

စက္ခုငါးပါးရှိရာ ဒိဋ္ဌစက္ခု ပညာစက္ခုကိုသာဟောခြင်း

ဒိဋ္ဌစက္ခု,ပညာစက္ခုနှစ်ပါးသာ နီးစပ်သောကြောင့် ဟော၏၊ ကြွင်း ဗုဒ္ဓစက္ခု သမန္တစက္ခု ဓမ္မစက္ခုတို့ကား အလွန်ဝေးသောကြောင့် မဟောပါ။

သမ္မာဝါယာမ,သမ္မာသတိတို့ သမာဓိကွန်ဖြစ်နိုင်ခြင်း

သမာဓိသည် မိမိသဘောအားဖြင့် အာရုံသို့မတက်ရောက်နိုင်၊ ဝိရိယဖြင့် အားထုတ်ခြင်း, သတိဖြင့် မမေ့လျော့ခြင်းဟူသော အကူအညီဖြင့်သာ တက်ရောက်နိုင်သောကြောင့် သမာဓိအား လျော်ကပ်သောကြိယာအားဖြင့် သမာဓိကွန်ဟု ဆိုပါသည်။

သမ္မာသက်ပွကို ပညာကွန်ဟု ဆိုနိုင်ခြင်း

ပညာသည် သဘောအားဖြင့် အနိစ္စစသောအာရုံကို မဆုံးဖြတ်နိုင်၊ ဝိတက်သည် ပြန်လှန်၍ ပေးမှသာလျှင် ဆုံးဖြတ်နိုင်သောကြောင့် ပညာနှင့်တူသောကိစ္စအားဖြင့် သမ္မာသက်ပွကို ပညာကွန်ဟု ဆိုနိုင်၏။

သီလစသည်ကို ဂန္ဓဆိုခြင်း

သီလစသည်တို့သည် အနံ့မဟုတ်သော်လည်း ပျံ့နှံ့ထင်ရှားသောအနက်ကြောင့် ဂန္ဓဟု ဆိုပါသည်။

သီလဂန္ဓောတိ အာဒိနိ ဝါယနင္ဒေန သီလာဒိနံယေဝ နာမာနိ။

သီလဂန္ဓောတိ အာဒိနိ၊ တို့သည်။ ဝါယနင္ဒေန၊ ပျံ့နှံ့ထင်ရှားတတ်သောအနက်ကြောင့်။ သီလာဒိနံယေဝ၊ တို့၏သာလျှင်။ နာမာနိ၊ တို့တည်း။

အတ္ထစသည်ကို ရသဆိုခြင်း

အတ္ထစသည်တို့သည် အရသာ မဟုတ်သော်လည်း ချိုမြိန်သာယာအပ်သောအနက်သဘောကြောင့် အတ္ထစသည်ကို ရသဟု ဆိုပါသည်။

အတ္ထရသောတိ အာဒီနိပိ သာဒုမဓုရဋ္ဌေန အတ္ထာဒီနံ ယေဝ နာမာနိ။

အတ္ထ ရသောတိ အာဒီနိပိ၊ တို့သည်လည်း။ သာဒုမဓုရဋ္ဌေန၊ ချိုမြိန်သာယာအပ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်။ အတ္ထာဒီနံ ယေဝ၊ တို့၏သာလျှင်။ နာမာနိ၊ တို့တည်း။

ပဏ္ဏတ္တိဝါရပြီး၏။

ပဝတ္တိဝါရ

စက္ခာယတနမှဉ် သဒ္ဒါယတနမူလိကိုသွတ်၍ ဟောသင့် မဟောသင့်

သဒ္ဒါယတနမူလိကိုသွတ်၍ မဟောသင့်ပါ၊ သို့သော် စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဥပါဒိန္နဖြစ်သော ဝဋ္ဋတရား၏ ဖြစ်ခြင်း ချုပ်ခြင်းကိုဟောရာဖြစ်သော ပဝတ္တိဝါရ၌ သဒ္ဒါယတနအတွက် ဝိသဇ္ဇနာ မရသော်လည်း ပုစ္ဆာမှရသည်ကို သဂြိုဟ်၍ 'စက္ခာယတန မူလကာနိ ကောဒသ'ဟု အဋ္ဌကထာ ဆိုပါသည်။

ယသ စက္ခာယတနံ ဥပ္ပဇ္ဇတိ၌

ဂဗ္ဘသေယျကပုဂ္ဂိုလ်မှာ ပဋိသန္ဓေအခါ၌ စက္ခာယတနမရှိသော်လည်း ပစ္စုပ္ပန်သုံးပါးတွင် အဒ္ဓါပစ္စုပ္ပန်ကို ယူသောကြောင့် သင့်မြတ်၏။

ဃာနမရခြင်းသည် သံသေဒဇအားသာ ဟု ဆိုရခြင်း

သံသေဒဇ သြပပါတိကတို့အား သြမကအားဖြင့် စက္ခု, သောတ, ဃာနဘာဝတို့ကို မရအပ်ဟု သာမညအားဖြင့်ဆိုသော်လည်း တစိတ်တဒေသအားဖြင့် စပ်သင့်သောကြောင့် သံသေဒဇအား ခွဲခြမ်းရှုယူရပါသည်။

ဂန္ဓာယတနမူလိန္ဒြေ အဂန္ဓကာနံ စသည်ဖြင့် ဝိဘင်းထွက်သော်

ရူပပုဂ္ဂိုလ်တို့အား ဂန္ဓရှိ၏၊ သို့သော် ဃာနာယတန မရှိ၍ အာယတနကိစ္စမပြီးသောကြောင့် ဂန္ဓရှိသည်ဟု မဆိုနိုင်။

ဓမ္မာယတန ဖွဲ့ရခြင်း

ရူပဘုံ၌ရှိသော ဂန္ဓ, ရသ, ဖေါ၇ဗ္ဗတို့ကို ဓမ္မာယတနဖွဲ့ခြင်းမျှ ဓမ္မသဘာဝကို မလွန်နိုင်သောကြောင့်၎င်း, မနောဝိညာဏဓာတ်၏ အာရုံ၏အဖြစ်သို့ ရောက်သောကြောင့်၎င်း ဓမ္မာယတန၌ အကျုံးဝင်သည်ကိုပြု၍ ဓမ္မာယတန ဖွဲ့ရပါသည်။

ဓမ္မသဘာဝါ နာတိဝတ္တနတော မနောဝိညာဏဿ စ ဝိသယဘာဝူပဂမနတော ဓမ္မာယတနန္တောဂဓေ ကတ္တာ ပဋ္ဌာယတနာနိတိ ပါဋိယံ ဝုတ္တံ။

ဓမ္မသဘာဝါနာတိဝတ္တနတောစ၊ တရားသဘောကို မလွန်နိုင်သည်၏ အဖြစ်ကြောင့်ရင်း။ မနောဝိညာဏဿ၊ ၏။ ဝိသယဘာဝူပဂမနတော၊ အာရုံ၏အဖြစ်သို့ ရောက်သောကြောင့်ရင်း။ ဓမ္မာယတနန္တောဂဓေ၊ တို့ကို။ ကတ္တာ၊ ၍။ ပဋ္ဌာယတနာနိကိ၊ ဟူ၍။ ပါဋိယံ၊ ၌။ ဝုတ္တံ၊ ၏။

အာယတနယမိုက်ပြီး၏။

သစ္စယမိုက်

ပဏ္ဏတ္တိဝါရ

သစ္စာလေးပါးသာ ဟောခြင်း

သစ္စာလေးပါးမှ တပါးသော သစ္စာမရှိသောကြောင့်ရင်း, လေးပါးတို့တွင်လည်း နုတ်ပယ်အပ်သော တရား မရှိသောကြောင့်ရင်း အယုတ်အလွန် မဟော။

သမုဒယသာ အကြောင်းဟု ဟောရခြင်း

ပြဋ္ဌာန်းသော ထူးသောအကြောင်းဖြစ်သောကြောင့် သမုဒယကိုသာ အကြောင်းဟု ဆိုသည်။

ပဏ္ဏတ္တိဝါရပြီး၏။

ပ၀ဏ္ဏိ၀ါရ

နိရောဓသစ္စာကို မဟောခြင်း

ယင်း နိရောဓသစ္စာကား ဖြစ်ခြင်း, ချုပ်ခြင်း မရှိ်သော ကြောင့် မဟော။

ပရိညာ၀ါရ

မဂ္ဂနှင့်နိရောဓကို မဟောခြင်း

လောကုတ္တရာတရားတို့ကား ပရိညာကိစ္စ မရှိသောကြောင့် မဟော။

ဒုက္ခသစ္စံ ပရိဇာနာတိဖြင့် ဉာတပရိညာ, တီရဏပရိညာ နှစ်ပါးကိုရ၏။

သမုဒယသစ္စံ ပဇဟာတိဖြင့် ဉာတနှင့် ပဟာနပရိညာ နှစ်ပါး ကို ရ၏။

ဒုက္ခသစ္စာ၌ ပဟာန, သမုဒယ၌ တီရဏကို မရခြင်း

မြတ်သောအကျင့်ကို ကျင့်သောသူသည် ဒုက္ခသစ္စာကို ပိုင်း ခြားရှိသိခြင်းငှါ, သမုဒယသစ္စာကိုပယ်ခြင်းငှါ ကျင့်၏၊ ဒုက္ခ သစ္စာ၌ ပဟာနကိစ္စမရှိ၊ သမုဒယသစ္စာ၌ တီရဏကိစ္စမရှိ၊ ထို့ ကြောင့် မရပါ။

သစ္စယမှိုက်ပြီး၏။
အောက်ယမှိုက်–နောက်ဆက်တွဲပြီး၏။

ယမိုက်ချီး

၀ိဘင်းခြောက်မျိုးအချိုး

သန္ဒီဌာန် သံသယ၊ လုံးတူမျှ သည်ပုစ္ဆာ။ ။အာမန္တာ၀ိဘင်း နှင့်၊မယှင်းကြရာ။ ။သန္ဒီဌာန်မျှားကျယ်သာလျှင်၊ သာသည်ကို ရှေ့ထုတ်။ ။နှစ်ပုဒ်ရ တူလုံးစုံကို၊မြဲကြည်ယုံ နောက်၀ိဘင်းထုတ်။

နှစ်ပုဒ်အရ အဖြာဖြာတွင်၊ သံသယာ ဓိပ္ပါယ်မျှား၍၊ မှတ်သားဘွယ်ထွေလာ။ ။ယဉ်ဆန်းတဲ့မူရာကို၊အာမန္တာဖြေလိုက်သင့်လေး။

ယမိုက်တော် ရှေကျမ်းမှာ၊ နည်းဆန်းတဲ့ မှတ်စရာ။ ။ သန္ဒီဌာန် မရသာလျှင်၊နတ္ထိမှာ မယှင်း၊သံသယာဓိပ္ပါယ်ကင်းရှိ အလျင်းပင်မပါ။ ။နှ–မြစ်လို့ မေးလာလျှင်၊နှ,ကိုသာ ပယ်လိုက်တော့မင်း။

သံသယအလျင်း၊ နှ,မယှင်း မေးပုစ္ဆာ။ ။ရှေဉာဏ်တော် မတွေးတောနှင့်၊ နောဖြေသင့်ပါ။ ။စာသင်ပျိုနုမှတ်စရာကို၊ ၀ိဘင်းခြောက်ဖြာ ညွှန်းသကိုရှင့်လေး။

ဤကား ၀ိဘင်းခြောက်ပါးပြီး၏။

ပုစ္ဆာ၀ိသဇ္ဇနာချီး

သန္ဒီဌာန်သာ ပုဒ်အရနှင့်၊နောက်သံသယ မရှိချေ။ ။ပုရေပဥ္စာ မေးပါဘိရော့၊ပါဠိဂတိ အဖြေကျ၊ကောဌာသက ပုရိမေ။ ။ အနုလုံ ပုစ္ဆာတွင်း၊သွင်းကောက်ကြလေ။

သန္ဓိဌာန်ပါ သံသယနှင့်၊ နှစ်ပုဒ်အရတူပြန်ပေ။ ။ပဋ္ဌိဝစန သ္ဟုအနေ။ ။ပစ္ဆာပဥ္ဘာ မေးလေမြဲပ၊ ကောဌာသက ပစ္ဆိမာ၊ အာမန္တာဝထုတ်တော့မလဲ။

သန္ဓိဌာန်မှာ အရကဲ့၍၊ သံသယပုဒ် သူကနဲ့လျှင်၊ ထုတ်မြဲ ဝိဘင်းနှစ်ပါးပင်၊ပရိပုဏ္ဏာပဥ္ဘာတင်၍၊ ဖြေသောခါလျှင် သရူပ၊ သန္ဓိဌာန်မျှ မရှိက၊ပဋ္ဌိကွေ့ပ ပယ်၍ဖြေ၊ နတ္ထိအနေ ဝိဘင်းထုတ်၊ ရှေးပုဒ် နောက်ပုဒ် မတူရှိလျှင်၊ ပဋ္ဌိသေဓ နောဟုလာ၊ မောဃ ပဥ္ဘာမေးလေမြဲပ၊အလိုရှိက ဤလက်ဝ၊နှုတ်မှာအာဂုံဆောင်ကြ မလဲ၊ ရှေကျမ်းယမိုက် ဆယ်စောင်တွင်၊ ကြီးဘိ ဂုဏ်အင်၊ ထွန်းလိမ့် ရဲရဲ။

အာယတနဆောင်ပုဒ်

ဘုမ္မဇိုဝ်းပယ်၊ ကြွင်းဝယ် မျှားစ္ဆာ၊ နတ်တကာနှင့်၊ နိဗ္ဗာမ တဏှိက၊ နိရယတို့၊ နေကြလေရာ၊ ယောနိမှာ၊ တခုသာ မှတ်၊ ဥပပတ်။

ဘုမ္မဇိုဝ်းလူ၊ထို့တူတိရစ္ဆာန်၊ နိဗ္ဗာမ်ပယ်လျှင်း၊ ကြွင်းသည့် ပြိတ္တာ၊ယောနိမှာ၊လေးပါးသာမှတ်။

ဒုနှင့်သုမှာ၊သံသေဒါ၊ငါးဖြာဒသက၊ချို့ကောင်းလှ။
ဒုဂ္ဂတိမှာ၊သြပပါ၊ဃာနာ မချို့ရ။
ကြွင်းလေးပါးမှာ၊သြပပါ၊ဒုမှာ ချို့သင့်စု။
ကြွင်းသြပပါ၊သုဒ္ဓမှာ၊ငါးဖြာဒသက၊မချို့ရ။
ကမ္ဘာဦးသာ၊သြပပါ၊ဘာဝါ ချို့ကောင်းစု။

ယောနိုလေးပါးအခွဲ

ယောနိုလေးထွေ၊ ခွဲစိတ်ဝေပိမ့်၊ သံသေ သြပ၊ အဏ္ဏ ဇလာ၊ ဤလေးဖြာတို့၊ ဘုမ္မာဒေဝ၊ မနုဿ တိရစ္ဆာန်၊ နိဗ္ဗာမ် မယှဉ်၊ ထိုပြင်ပြိတ္တာ၊ လေးယောက်မှာလျှင်၊ ရလေချင်၏၊ ဘုမ္မဇသြတ္တ၊ နတ်တို့မှလျှင်၊ နိဗ္ဗာမ ငရဲသူ၊ သုံးယောက်မူကား၊ ရူပ ဥပပတ်၊ တခုသာမှတ်၊ ကာမဘုံသတ်၊ ဥပပတ်မူ၊ ချို့လတ်ဂူ၌ မရှိ ချေတည့်၊ ကပ္ပေအစ၊ မနုဿမူ၊ ဘာဝချို့လေ၊ သံသေဒဇာ၊ ပုဂ္ဂိုလ်မှာကား၊စက္ခာသောတ၊ဃာနချို့ဘိ၊ ဒုဂ္ဂတိ ဥပပတ်မှာ၊ ယင်းခ်ဋ်သာလျှင်၊ဃာနာနုတ်လျှင်း၊ဘာဝသွင်း၍၊ယင်းဒုဘုံနေ၊ သံသေခေါ်မူ၊ ပုဂ္ဂိုလ်စုမှာ၊ စက္ခု သောတ၊ ဃာနဘာဝ၊ချို့ အပ်စွာသည်....ကျမ်းလာမှုနှင့် မမှားတည်း။

နတ်ဘုံမှာ ပယ်ရှင်းလို့၊ ကြွင်းသမျှဒေဝ၊ ။ငရဲအောက် ရှာနှင့်၊နိဗ္ဗာမှာ ပြိတ္တာစု၊ သွင်းမှုမှန်စွာ။ ။သန္ဓေမှာ ဥပပတ် သာ အမြဲ။ ။ကြွင်းပြိတ္တာ ဘုမ္မာနတ်ကယ်နှင့်၊ တိရစ္ဆာန် လူ တရပ်ကယ်တို့၊လေးပါးစုံ သန္ဓေကပ်သတဲ့၊ထုံးမှတ်လို့စဲ့။

ဘုံကာမမှာလ၊ ဃာနနှင့် ဇီဝ၊ ။ကျမ်းထွက်မှန် ကေန်မြ၊ စဲ့မှတ်ကြပါ။ ။အောက်ငရဲမှာတဲ့၊ မြေချေ၏ ဃာနာ၊ကောက် ပါလေ မမှား။ ။စက္ခုသောတာတို့၊ ဘုံကာမာ ကဒါစိ၊ တွေ့သိ ဉာဏ်သွား။

ဘုံကာမမှာလ၊ သဒ္ဒကိုပယ်ရှင်းလို့၊ ကြွင်းသမျှ ကောက်ပါ လေ။ ။ဆဲ့ငါးဖြာ ဘုံရူပမှာလ၊ မန ဓမ္မာနှင့်၊ ရူပါရုံ စက္ခု သော၊ ဟောတော့ မသွေ။ ။နာမ်မယှဉ် သညသတ်မှာလ၊

ရူပ နှင့် ဓမ္မေ၊အာရုပေ မနော။ ။ဓမ္မပေါင်းမြောင်လို့၊ ကျမ်း ဆယ်စောင်–ဤယမိုက်ကို၊ နှားစိုက်လို့ဟော။

၅ခြိုယဆောင်ပုဒ်

သုခဒုက္ခနှင့်၊ ဒေါမနဿဝေဒနာ။ ။လောကုတ်ကယ် ပညိန်နှင့်၊ ဣန္ဒြေ ဤခြောက်ပါး၊ ထားခဲ့သေချာ။ ။ကြွင်း သေသာ–ဟောပါလေအမျှား။ ။ပဿာဒင်ယ်နှင့်၊ မနာဘာဝါ တို့၊ ဤရှစ်ဖြာ သန္ဓေတွင်း၊သွင်းတော့မမှား။

ဇီဝိတင်ယ်နှင့်၊ သောမနဿ ဥပေက္ခာ။ ။သဒ္ဓါ ဝီရိယနှင့်၊ သတိပါ သမာဓိ၊ သွင်းဘိသေချာ။ ။လောကီမှာ ပညာလေ တစ။ ။ပဝတ္တိင်ယ်နှင့်၊စုတိ သန္ဓေပ၊ ဣန္ဒြေ ဤအရကို၊ ဟော တော့မှန်စ့။

ပဿာဒင်ယ်နှင့်၊ မနကိုတဲ့ ရှေးနည်းတူ။ ။ဘုံပုဂ္ဂိုလ် တူ သဘော၊ ဟောတော့ လွယ်ကူ။ ။ဣတ္ထိယင်ယ်နှင့်၊ ပုံဘာဝ နှစ်မူ၊ယူပါ၊လေကာမ။ ။ဇီဝိတင်ယ်နှင့်၊ မန တူစေလို့၊ ဣန္ဒြေ ဗိုလ်ပဉ္စကိုတဲ့၊နာမ်ရှိရာ ဘုံဌ ဘနမှာ၊ဟောတော့ မှန်လှ။

သန္ဓေခါ အပါယနှင့်၊ အရူပ ဝေဟပ္ဖိုလ်။ ။သုဒ္ဓါဝါ ဘုံတရပ်ကယ်နှင့် ၊နာမ်မယှဉ် သည်သတ်ကို၊ ထူးမှတ်လို့ ဆို။ ။ ဘုံတခို၊ ဥာဏ်ပျိုတဲ့စိတ်ကူး။ ။သောမနသ်ကိုတဲ့၊ မရ ပယ်ခ္ခါ လို့၊သည်ဘသန် ထိုကိုသွင်းကာနှင့်၊ ဥပေက္ခာ သန္ဓေတွင်း၊ သွင်း တော့အထူး။

သုဂတိ ဘုမ္မိတဲ့ကာမာ။ ။သောမနသ်ငယ်နှင့်၊မှတ်ယူလေ သန္ဓေတွင်း၊ သွင်း ဥပေက္ခာ။ ။နှစ်ပါးသာ ဖြစ်ရာဌာန။ ဝေဟပ္ဖိုလ် ထိုဘုံအောက်ကိုလ၊ ရူပမှာ ဘုံတလျှောက်ကိုမှ၊ ကောက်ပါလေ သန္ဓေနှောပါဘူး၊သောမနဿ။

မဟာဝိသုဒ္ဓါရုမ ဆရာတော်ဘုရားကြီး၏ ယမိုက်ကဗျာ မျှားမှာ အောက်ပါအတိုင်း ဖြစ်၏။

အမေးလေးထွေ–အဖြေငါးပါးတွဲမုံ

သန္ဓိဌာန၊သံသယတို့၊ အရတူရာ၊ ရှေ့နည်းရာလည်း၊ ပစ္ဆာ မည်ရှိ၊ပဋ္ဌာသိလော့၊ ပဋ္ဌိဝစနာ၊အာမန္တာဖြေ၊ ရှေ့မှာမျှားဘီ၊ ပရိပုဏ္ဏာ၊သရူပဟု၊ဒဿနအဖြေ၊ ရှေ့မဲ့လေက၊ပဋ္ဌိကွေပ၊မောဃ နတ္ထိ၊ နောက်မရှိလည်း၊ ပဋ္ဌိသိမ်နော၊ မေးမောဃောပင်၊ ထို ဘောတူညီ၊ပစ္စနိမ္မ၊ ပုရေဟူ၏၊ ဖြေမူပါဠိ၊ ဂတိမည်ပေး၊ အမေး လေးထွေ၊ အဖြေငါးပါး၊ စပ်၍ထားသည်၊ .... ခြောက်ပါး ဝိဘင်း ကဗျာတည်း။

အဓိပ္ပါယ်သော်ကား....သန္ဓိဌာန် သံသယ အရတူပါလျှင် ပစ္ဆာပဋ္ဌာ၊ပဋ္ဌိဝစနအာမန္တာဖြင့် ဖြေ။သန္ဓိဌာန်နည်းလျှင်လည်း နည်းတူ။သန္ဓိဌာန်မျှားလျှင် ပရိပုဏ္ဏာပဋ္ဌာ သရူပဒဿနဖြင့် ဖြေ။ သန္ဓိဌာန်အရမရှိလျှင် မောဃပဋ္ဌာနတ္ထိဖြင့်ဖြေ၊ပဋ္ဌိကွေပဝိဘင်း။ သံသယအရ မရှိလျှင်လည်း မောဃပဋ္ဌာ၊ အနုလုံမှာ နောဖြင့် ဖြေ၊ ပဋ္ဌိသေဓဝိဘင်း။ ပစ္စနိက်ဌ်ဖြစ်မှ ပုရေပဋ္ဌာ ပါဠိဂတိဖြင့် ဖြေ။

ယမိုက်ချိုးပြီး၏။

အစမ်းမေးခွန်း နှင့် အဖြေ

(၁) အောက်ပါဟောရိုး ဝဝတ္ထာန်ကို ပေယျာလဖေါ်၍ အပြည့်အစုံရေးသားခဲ့ပါ။

ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့ဌ်။လ။ မူလဝါရကိုဟောတော်မူ၏။

(၁) မူလယမိုက်အတိုင်း ဖြေဆိုလေ။

---

(၂) 'ယေကေစိ အဗျာကတာ ဓမ္မာ သဗ္ဗေ တေ အဗျာကတမူလေန ဧကမူလာတိ'ဟူသော ပုစ္ဆာပါဠိကို ဝိသဇ္ဇနာ ဝိဘင်းထုတ်၍ ထိုဝိဘင်းအရ အဟိတ်အဗျာကတ, သဟိတ်အဗျာကတ သရုပ်တို့ကိုလည်း ခွဲခြားပြခဲ့ပါ။

(၂) အကောက်အတိုင်း ဖြေဆိုလေ။

---

(၃) ခန္ဓယမိုက်၌ ကမ္မဇကလာပ်သုံးစည်း ခုနစ်စည်း လေးစည်း ဟု ဆိုရာဝယ် ၎င်းတို့၏သရုပ်ကိုထုတ်ပြပြီးလျှင် အဘယ်ကို ရည်၍ သုံးစည်း ခုနစ်စည်း လေးစည်း ဆိုရကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

(၃) **ကမ္မဇကလာပ်သုံးစည်းကား**

ကာယဒသကကလာပ်
ဘာဝဒသကကလာပ်
ဝတ္ထုဒသကကလာပ် တို့ဖြစ်၏။

ကမ္မဇာကလာပ်ခုနစ်စည်းကား

စက္ခုဒသကကလာပ်
သောတဒသကကလာပ်
ဃာနဒသကကလာပ်
ဇိဝှါဒသကကလာပ်
ကာယဒသကကလာပ်
ဘာဝဒသကကလာပ်
ဝတ္ထုဒသကကလာပ်တို့ဖြစ်၏။

ကမ္မဇာကလာပ်လေးစည်းကား

စက္ခုဒသကကလာပ်
သောတဒသကကလာပ်
ဝတ္ထုဒသကကလာပ်
ဇီဝိတနဝကကလာပ်တို့ဖြစ်၏။

ထိုတွင် ဂဗ္ဘသေယျကပုဂ္ဂိုလ်ကိုရည်၍ သုံးစည်း၊ သံသေဒဇနှင့် ဥပပတ်ပုဂ္ဂိုလ်ကိုရည်၍ ခုနစ်စည်း၊ အသညသတ်ကြဉ်သောရူပါဝစရဗြဟ္မာတို့ကိုရည်၍ လေးစည်းဆိုပါသည်။

---

(၄) အောက်ပါ ပုစ္ဆာပါဋိတို့ကို ဝိသဇ္ဇနာဝိဘင်း ထုတ်၍ အရကောက်ခဲ့ပါ။

(က) ယဿ ယတ္ထ ရူပကွန္ဓော နုပ္ပဇ္ဇတ္ထ၊ တဿတတ္ထ ဝေဒနာကွန္ဓော နုပ္ပဇ္ဇတ္ထာတိ။

(ခ) ယသဝေါ ပန ယတ္ထ ဝေဒနာကၡန္ဓော နုပ္ပဇ္ဇတ္ထ၊ တသ တတ္ထ ရူပကၡန္ဓော နုပ္ပဇ္ဇတ္ထာတိ။

(၄) ယမိုက်ကျမ်းလာအကောက်အတိုင်းတည်း။

---

(၅) အောက်ပါတရားတို့ကို အသီးအသီးဖေါ်ပြပါ။

(က) ရုပ်လည်းမမည်, ရူပကၡန္ဓာလည်း မမည်သောတရား။

(ခ) စက္ခုလည်း မမည်, စက္ခာယတနလည်း မမည်သောတရား။

(ဂ) ဒုက္ခလည်းမမည်, ဒုက္ခသစ္စာလည်းမမည်သောတရား

(၅) (က) လောကုတ္တရာ စိတ်ရှစ်ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ပညတ်။

(ခ) ဒိဗ္ဗစက္ခု, ပညာစက္ခု, စက္ခာယတနမှ တပါးသော အာယတနတဆဲ့တပါး နိဗ္ဗာန်ပညတ်။

(ဂ) ကာယိကဒုက္ခ, စေတသိကဒုက္ခ, ဒုက္ခသစ္စာမှ တပါးသော သစ္စာသုံးပါး၊ သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ်နှစ်ဆဲ့ကိုးခု၊ ဖိုလ်စိတ္တုပ္ပါဒ် သုံးဆဲ့ခုနှစ်ခု၊ အနိဿိယဗဒ္ဓဖြစ်သော ဥတုဇကလာပ်နှစ်ခု ပညတ်။

---

(၆) 'ယသ ဃာနာယတနံ ဥပ္ပဇ္ဇတ္ထ၊ တသ ရူပါယတနံ ဥပ္ပဇ္ဇိဿတိတိ' ဟူသော ပုစ္ဆာပါဠိကို ဝိဘင်းထုတ်၍အရကောက်ပြပါ။

(၆) ယမိုက်ကျမ်းလာအတိုင်းမှတ်။

(၇) အောက်ပါဘုံများကို အသီးသီး ရှင်းခဲ့ပါ။

(က) ဒုက္ခသစ္စာသာ ဖြစ်ဆဲဖြစ်၍ သမุဒယသစ္စာ ဖြစ်ဆဲ မဟုတ်သောဘုံ။

(ခ) ဒုက္ခသမုဒယနှစ်ပါးစုံ ဖြစ်ဆဲဖြစ်သောဘုံ။

(ဂ) ဒုက္ခသစ္စာဖြစ်၍ မဂ္ဂသစ္စာဖြစ်ဆဲမဟုတ်သောဘုံ။

(ဃ) ဒုက္ခမဂ္ဂနှစ်ပါးစုံ ဖြစ်ဆဲဖြစ်သောဘုံ။

(င) သမုဒယသာဖြစ်၍ မဂ္ဂဖြစ်ဆဲမဟုတ်သောဘုံ။

(စ) သမုဒယ မဂ္ဂနှစ်ပါးစုံ ဖြစ်ဆဲသောဘုံ။

(ဆ) နှစ်ပါးစုံ ဖြစ်ဆဲမဟုတ်သောဘုံ။

(၇) (က) အသညသတ်ဘုံ

(ခ) စတုဝေါကာရဘုံ,ပဉ္စဝေါကာရဘုံ

(ဂ) အသညသတ်ဘုံ,အပါယ်ဘုံ

(ဃ) စတုဝေါကာရဘုံ, အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲနှစ်ဘုံ။

(င) အပါယ်ဘုံ

(စ) စတုဝေါကာရလေးဘုံ, အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲနှစ်ဘုံ။

(ဆ) အသညသတ်ဘုံ။

(ဂ) ခန္ဓ,အာယတန,ဓာတုယမိုက်ကျမ်းတို့၌ ပဝတ္တိအခါကို မဟောဘဲလျက် သစ္စယမိုက်တွင် ပဝတ္တိအခါကို ဟောရခြင်း အကြောင်းကို ရေးခဲ့ပါ။

ပဝတ္တိအခါကို ဟောရခြင်း

(၈) ပဝတ္တိအခါ၌ ဒုက္ခစသော သစ္စာတို့၏ ဖြစ်ခြင်းမှာ ဓမ္မပဒ္ဌိဂ္ဂါဟကပုဂ္ဂိုလ်၏ ဉာဏ်၌ အလွန်ထင်ရှားသောကြောင့်ရင်း, အချို့သောသစ္စာတို့၏ ပဝတ္တိအခါ၌သာ ဖြစ်နိုင်သောကြောင့်ရင်း သစ္စယမိုက်တွင် ထည့်သွင်းဟောရပါသည်။

---

(၁) (က) မူလမည်သောတရား

(ခ) ဧကမူလမည်သောတရား

(ဂ) အညမညမူလ မည်ဟော တရားတို့ကို ခွဲခြားပြပြီးလျှင် အဟိတ်အကုသိုလ်, သဟိတ်အကုသိုလ် တရား မျှားကိုလည်း ခွဲခြားပြခဲ့ပါ။

(၁) (က) ဟိတ်ခြောက်ပါးတရားတည်း။

(ခ) သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူ ဒွေ၌ မောဟ ကြည်သော စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့တည်း။

(ဂ) မောဟ မူဒွေ၌ မောဟ ကြည်သော ဟိတ်ခြောက်ပါးတည်း။

အဟိတ် အကုသိုလ်ကား....အကုသိုလ်ဒွါဒသ, မောဟမူ ဒွေ၌ မောဟကြည်သော ဟိတ်ခြောက်ပါးဖြစ်၏။

သဟိတ် အကုသိုလ်ကား....အကုသိုလ်ဒုါဒသ, မောဟမူဒ္ဓေ၌ မောဟကြည့်သော စေတသိက် သတ္တဝိသတ္တိ ဖြစ်၏။

---

(၂) 'ယေကေစိနာမာ မမ္မာ သဗ္ဗေ တေ နာမမူလေန ဧကမူလာတိ' ဟူသော ပုစ္ဆာပါဠိကို ဝိဘင်းထုတ်၍ အရကောက်ပြပါ။

(၂) ယမိုက်ကျမ်းလာအတိုင်းဖြစ်၏။

---

(၃) ခန္ဓယမိုက် ပဝတ္တိဝါရ၌ အောက်ပါ ပုဂ္ဂိုလ်တို့ကို အသီးအသီး ခွဲခြားပြပါ။

(က) စုတေ့သာ စုတေ့၍ ပဋိသန္ဓေမနေသောပုဂ္ဂိုလ်,
(ခ) ပဋိသန္ဓေသာနေ၍ စုတေ့ခြင်းမရှိသောပုဂ္ဂိုလ်,
(ဂ) နှစ်ပါးလုံးရသောပုဂ္ဂိုလ်,
(ဃ) နှစ်ပါးလုံး မရသောပုဂ္ဂိုလ်။

(၃) (က) အရဟတ္တဖလဌာန်ပုဂ္ဂိုလ်။
(ခ) မရှိ၊ တနည်း....အကနိဋ္ဌအနာဂါမ်။
(ဂ) ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်, အောက် ဖလဌာန်သုံးယောက်။
(ဃ) မဂ္ဂဌာန်ပုဂ္ဂိုလ်လေးယောက်။

(၄) အောက်ပါပုစ္ဆာပါဠိကို ဝိဘင်းထုတ်၍ အရကောက်ပြပါ။

ယသ ယတ္ထ ရူပကွန္ဓော နုပ္ပဇ္ဇိသတိ၊ တသ တတ္ထ ဝေဒနာကွန္ဓော နိ နိရုဇ္ဈိသတီတိ။

(၄) အရကောက်အတိုင်းမှတ်။

---

(၅) မိမိဖြစ်ခိုက်သောဘုံ၌ စက္ခာယတန, သောတာယတန နှစ်ပါးလုံးဖြစ်လတ္တံ့သောပုဂ္ဂိုလ်၊ နှစ်ပါးလုံးမဖြစ်လတ္တံ့သောပုဂ္ဂိုလ်တို့ကို ဘုံနှင့်တကွဖေါ်ပြပါ။

(၅) မိမိဖြစ်ခိုက်သောဘုံ၌ စက္ခာယတန သောတာယတန နှစ်ပါးဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တိစဝန္တိ ဖြစ်သော ပုထုဇဉ် လေးယောက်, အောက်ဖလဌာန် သုံးယောက်တို့အား သုဒ္ဓါဝါသကြဉ်သော ပဋ္ဌဝေါကာရ နှစ်ဆဲ့တဘုံ။

ပစ္ဆိမဘဝိက ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တိ ဖြစ်သော တိဟိတ်ပုထုဇဉ် အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်, စဝန္တိဖြစ်သော အရဟတ္တဖလဌာန် ပုဂ္ဂိုလ်တို့အား အပါယ်ကြဉ်သော ပဋ္ဌဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ ။ (ဤကား အစစ်တည်း)

မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တိ စဝန္တိဖြစ်သော ပုထုဇဉ်

လေးယောက်, အောက်ဖလဋ္ဌာန်သုံးယောက်တို့အား အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။

အသညသတ် အရူပ ဥပပဇ္ဇန် စဝန် ဖြစ်သော သုဂတိအဟိတ်, တိဟိတ်ပုထုဇဉ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့အား အသညသတ်ဘုံ, အရူပလေးဘုံ။ (ဤကား အတုတည်း)

---

(၆) (က) ရူပသာ မည်၍ ရူပါယတနမမည်သောတရား။
(ခ) ရသသာမည်၍ ရသာယတနမမည်သောတရား။
(ဂ) သမုဒယသာမည်၍ သမုဒယသစ္စာ မမည်သော တရားတို့ကို ခွဲခြားပြခဲ့ပါ။

(၆) (က) တဏှာ၏အာရုံဖြစ်ထိုက်သော ချစ်အပ်, သာယာအပ်သော လောကီစိတ် ဧကာသီတိ, စေတသိက် ဒွေပညာသ, ရူပါယတနမှတပါး ရှိပ်သတ္တဝီသ။

(ခ) ဖိုလ်လေးခုစိတ္တုပ္ပါဒ်ဟုဆိုအပ်သော အတ္ထရသ, မဂ်လေးခု စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော ဓမ္မရာ, နိဗ္ဗာန်ဟုဆိုအပ်သော ဝိမုတ္တိရသ။

တနည်း....ကုသိုလ်, အကုသိုလ်အစရှိသော ပရမတ္ထဟု ဆိုအပ်သော အတ္ထရသ, ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ–အစရှိသော ဝစီဘေဒသဒ္ဒဟု ဆိုအပ်သော ဓမ္မရသ, နိဗ္ဗာန်ဟု ဆိုအပ်သော ဝိမုတ္တိရသ။

(ဂ) တဏှာမှတပါး ကိလေသာ ကိုးပါး၊ ထိုကိလေသာ ကိုးပါးနှင့် တကွဖြစ်သော အကုသိုလ်စိတ္တဇပြါဒ် ထိုအကုသိုလ်စိတ္တဇပြါဒ်၏ အာရုံဖြစ်သော လောကီကုသိုလ်စိတ္တဇပြါဒ်ဟုဆိုအပ်သော သမုဒယသာမည်။

---

(၂) သစ္စာယမိုက်၌ အောက်ပါ ဟောရိုး၏ ပေယျာလကို ဖေါ်ခဲ့ပါ။

ပဏ္ဏတ္တိဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌။လ။ ဟော ဟန်ကား။

(၂) ယမိုက်ကျမ်းလာအတိုင်း ဖေါ်လေ။

(ဂ) အောက်ပါပုစ္ဆာပါဌိတို့ကိုဝိဘင်းထုတ်၍ အရကောက်ပြီးလျှင် ထိုဝိသဇ္ဇနာတို့ကိုလည်း အဖြေငါးပါးတို့တွင် အဘယ်ဝိသဇ္ဇနာဖြစ်သည်ကို ရေးခဲ့ပါ။

(က) ယဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိတိ။

(ခ) ယဿ ဝ ပန မဂ္ဂသစ္စံ နုပ္ပဇ္ဇိတ္ထ၊ တဿ သမုဒယသစ္စ နုပ္ပဇ္ဇတ္ထာဝတာ။

(ဂ) (က) နော။ ။လောဘမူစိတ်ရှစ်ခု,စေတသိက်ဗာဝီသတို့၏ ဥပ္ပါဒကွဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊အောက်ဖလဋ္ဌာန်သုံးယောက်။

(ခ) ဥပ္ပဇ္ဇိတ္ထ။ ။ပုထုဇဉ်လေးယောက်, သောတာ ပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

(က) သည် အဖြေငါးပါးတို့တွင် ပဋ္ဌိသေဓ ဝိသဇ္ဇနာ ဖြစ်ပါသည်။

(ခ) သည် ပါဋိဂတိဝိသဇ္ဇနာဖြစ်ပါသည်။

---

(၁) (က) ကုသိုလ်မူလနှင့် တူသောမူလသာ ရှိ၍ ကုသိုလ် မမည်သောတရား။

(ခ) တူသော မူလလည်းရှိ,ကုသိုလ်လည်း မည်သော တရား။

(ဂ) တူသောမူလသာရှိ၍ တပါးသည်တပါး၏ မူလ မမည်သော တရားတို့ကို ကောက်ပြခဲ့ပါ။,

(၁) (က) ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် ကေ ဝိသ,စေတသိက် အဌတိ ံသ,နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သောစိတ္တဇရုပ်။

(ခ) ကုသိုလ်ကေဝိသ, စေတသိက် အဌတိ ံသ။

(ဂ) ကုသိုလ်ကေဝိသ, ကုသလမူသုံးခုမှတပါး စေတ သိက် ပဋ္ဌတိ ံသ, ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်ကေဝိသ,စေတသိက် အဌတိ ံသ, နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် သတ္တရသ။

(၂) အောက်ပါပုစ္ဆာပါဌိကို ဝိသဇ္ဇနာဝိဘင်းထုတ်၍ အရ ကောက်ပြပါ။

ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊ တဿ ဝေဒနာက္ခန္ဓော နု နိရုဇ္ဈိဿတီတိ။

(၂) ယမိုက်ကျမ်းလာ အရကောက်အတိုင်းမှတ်။

---

(၃) အောက်ပါတို့ကို အရကောက်ခဲ့ပါ။

(က) ခန္ဓာငါးပါးဖြစ်လတ္တံ့သောပုဂ္ဂိုလ်,ဘုံ။

(ခ) မဖြစ်လတ္တံ့သောပုဂ္ဂိုလ်,ဘုံ။

(ဂ) နာမက္ခန္ဓာလေးပါးဖြစ်လတ္တံ့သောပုဂ္ဂိုလ်,ဘုံ။

(ဃ) မဖြစ်လတ္တံ့သောပုဂ္ဂိုလ်,ဘုံ။

(င) ရူပက္ခန္ဓာတပါးတည်းဖြစ်လတ္တံ့သောပုဂ္ဂိုလ်,ဘုံ

(စ) မဖြစ်လတ္တံ့သောပုဂ္ဂိုလ်,ဘုံ။

(၃) (က) မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရ ဥပပဇ္ဇနီယ စဝန္ဓဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဌာန် သုံးယောက်တို့အား သုဒ္ဓါဝါသကြဉ်သော ပဋ္ဌဝေါကာရ နှစ်ဆဲ့တဘုံ။

(ခ) ပစ္ဆိမဘဝိက ပဋ္ဌဝေါကာရ ဥပပဇ္ဇနီယ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက် ဖလဌာန်ပုဂ္ဂိုလ် သုံးယောက်၊ စဝန္ဓဖြစ်သော အရဟတ္တ ဖလဌာန်

ပုဂ္ဂိုလ်တို့အား အပါယ်ကြဉ်သော ပဋ္ဌဝေါ
ကာရ နှစ်ဆဲ့နှစ်ဘုံ။ (အစစ်)

မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်
ကောင်းသော ပဋ္ဌဝေါကာရ ဥပပဇ္ဇနှင့် စဝန္ဓ
ဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက် ဖလ
ဌာန်သုံးယောက်တို့အား အကနိဋ္ဌ ကြဉ်သော
ပဋ္ဌဝေါကာရနှစ်ဆဲ့ငါးဘုံ။ (အတူ)

(ဂ) မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်း
သော အရူပ ဥပပဇ္ဇနှင့် စဝန္ဓဖြစ်သော တိဟိတ်
ပုထုဇဉ်၊ အောက်ဖလဌာန် ပုဂ္ဂိုလ်သုံးယောက်
တို့အား အရူပလေးဘုံ။

(ဃ) ပစ္ဆိမဘဝိက စတုဝေါကာရ ဥပပဇ္ဇနှင့်ဖြစ်သော
တိဟိတ်ပုထုဇဉ်၊ အောက်ဖလဌာန်သုံးယောက်၊
စဝန္ဓဖြစ်သော အရဟတ္တ ဖလဌာန် ပုဂ္ဂိုလ်တို့
အား အရူပလေးဘုံ။

မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်
ကောင်းသော စတုဝေါကာရ ဥပပဇ္ဇနှင့် စဝန္ဓ
ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဌာန်
ပုဂ္ဂိုလ်သုံးယောက်တို့အား အရူပလေးဘုံ။

(င) အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော
အသညသတ် ဥပပဇ္ဇနှင့် စဝန္ဓဖြစ်သော သုဂတိ
အဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ။

(စ) အသညသတ် ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ။

---

(၄) ကာမ, ရူပ, အရူပ, အသညသတ်ဘုံတို့၌ ရထိုက်သော အာယတနများကို အသီးသီးပြဆိုပြီးလျှင် ထိုအာယတနတို့တွင် ဘုံပုဂ္ဂိုလ်သို့လိုက်၍ ချို့ကောင်းသော အာယတနတို့ကိုလည်း အသီးသီးဖေါ်ပြခဲ့ပါ။

(၄) ကာမဘုံ၌ ရထိုက်သော အာယတနကား .... သဒ္ဒါယတနမှတပါး အာယတနတဆဲ့တပါးတည်း။

ရူပဘုံ၌ ရထိုက်သော အာယတနကား....စက္ခာယတန, သောတာယတန,ရူပါယတန,မနာယတန, ဓမ္မာယတနတည်း။

အရူပဘုံ၌ ရထိုက်သော အာယတနကား .... မနာယတန,ဓမ္မာယတနနှစ်ပါးတည်း။

အသညသတ်ဘုံ၌ ရထိုက်သော အာယတနကား .... ရူပါယတန, ဓမ္မာယတနနှစ်ပါးတည်း။

ဘုံပုဂ္ဂိုလ်သို့လိုက်၍ ချို့ကောင်းသောအာယတနများ

ငရဲကြဉ်သော အပါယ်သုံးဘုံ၊ လူ့ဘုံ၊ ဘုမ္မသိတ ဝိနိပါတိက အသုရ ဟု ဆိုအပ်သော စတုမဟာရာဇ်

ဤငါးဘုံ၌ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား စက္ခာယတန, သောတာယတန, ဃာနာယတနသုံးပါးချို့၏။

ငရဲဘုံ၌ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား စက္ခာယတန,သောတာယတနနှစ်ပါးချို့၏။

ရူပ အရူပ အသညသတ်ဘုံတို့၌ ချို့ကောင်းသော အာယတန မရှိ။

---

(၅) အောက်ပါပုစ္ဆာပါဌိကို ဝိသဇ္ဇနာ ဝိဘင်းထုတ်၍ အရကောက်ပြပါ။

(က) ယဿ ဃာနာယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ ဇိဝှါယတနံ ဥပ္ပဇ္ဇိဿတိတိ။

(ခ) ယဿဝါ ပန ဇိဝှါယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ ဃာနာယတနံ ဥပ္ပဇ္ဇိဿတိတိ။

(၅) ယမိုက်ကျမ်းလာ အရကောက်အတိုင်းဖြေ။

---

(၆) အောက်ပါပုဒ်တို့၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

(က) တဒင်္ဂနိရောဓ

(ခ) ဝိက္ခမ္ဘနနိရောဓ

(ဂ) သမုစ္ဆေဒနိရောဓ

(ဃ) ပဋ္ဌိပဿဒ္ဓိနိရောဓ
(c) ခဏနိရောဓ။

(၆) (က) ကာမကုသိုလ်သည် ပယ်အပ်သောကိလေသာ၏ အဘာဝ။
(ခ) မဟဂ္ဂုတ်ကုသိုလ်သည် ပယ်အပ်သောနိဝရဏ၏ အဘာဝ။
(ဂ) မဂ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝ။
(ဃ) ဖိုလ်သည် ပယ်အပ်သောကိလေသာ၏ အဘာဝ။
(c) စိတ်,စေတသိက်တို့၏ ဘင်ခဏ။

---

(၇) သစ္စာလေးပါး တို့တွင် ပဝတ္တိအခါ၌သာ ရကောင်းသောသစ္စာ, ပဋ္ဌိသန္ဓေ စုတိ ပဝတ္တိသုံးပါးလုံးတို့၌ ရကောင်းသော သစ္စာတို့ကို ခွဲခြားပြပြီးလျှင် အောက်ပါ ပုစ္ဆာပါဋိဌ်တို့ကို လည်း ဝိသဇ္ဇနာဝိဘင်းထုတ်ပြခဲ့ပါ။

(က) ယတ္ထ ဒုက္ခ သစ္စံ နုပ္ပဇ္ဇတိ၊ တတ္ထ သမုဒယသစ္စံ နုပ္ပဇ္ဇတိတိ။

(ခ) ယတ္ထဝါ ပန သမုဒယသစ္စံ နုပ္ပဇ္ဇတိ၊ တတ္ထ ဒုက္ခ သစ္စံ နုပ္ပဇ္ဇတိတိ။

(၇) ပဝတ္တိအခါ၌ ရကောင်းသော သစ္စာကား....သမုဒယ သစ္စာနှင့် မဂ္ဂသစ္စာတည်း။

ပဋ္ဌိသန္ဓေ, စုတိ, ပဝတ္တိ သုံးပါးလုံးရကောင်းသော သစ္စာကား....ဒုက္ခသစ္စာတည်း၊
(က) နတ္ထိ၊ (ခ) ဥပ္ပဇ္ဇတိ။

(ဂ) မြတ်စွာဘုရားသခင် ယမိုက်ကျမ်းကို ဟောဆိုရခြင်း၏ ရည်ရွယ်ချက်နှင့် စာသင်သားတို့ သင်ကြားရခြင်း အကျိုးများကို ရေးခဲ့ပါ။

ရည်ရွယ်ချက်

(ဂ) ဓမ္မ ပုဂ္ဂလ ဩကာသ စသည်လျှင် မိုရာရှိကုန်သော သန္ဓိဌာန် သံသယတို့၏အစွမ်းဖြင့် အထူးထူးသောနည်း နာနယတို့ဌ် ကျမ်းကျင်လိမ္မာစေခြင်း ဟူသော ရည်ရွယ်ချက်နှင့် ယမိုက်ကျမ်းကို ဟောပါသည်။

အကျိုးများ

သန္ဓိဌာန်, သံသယတို့၏ အစွမ်းဖြင့် အထူးထူးသော နည်းနာနယတို့ဌ် လိမ္မာကျမ်းကျင်ရခြင်း, ယမိုက်ကျမ်းဌ် ရှိသော ခက်ခဲနက်နဲ သိမ်မွေ့သော အဘိဓမ္မာတရားတို့ အားလျော်စွာ အားထုတ်ကျင့်ကြံရခြင်းကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ကူးမြောက် နိုင်ခြင်းစသော အကျိုးများကို ရနိုင်ပါသည်။

---

(၁) (က) မူလယမိုက်ဌ် မူလတရား,
(ခ) ဧကမူလတရား,
(ဂ) နဧကမူလတရား,
(ဃ) အညမညမူလတရားတို့ကို ကောက်ပြခဲ့ပါ။

(၁) (က) ဟိတ်ခြောက်ပါး၊ တနည်း....ဟိတ်ကိုးပါး၊

(ခ) သဟိတ်စိတ် ကေသတ္တတိ မောဟမူဒ္ဓေ၌ မောဟ ကြည့်သော စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။

(ဂ) အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြည့်သော အညသမာန်း စေတသိက် ဒ္ဝါဒသ၊ မောဟမူဒ္ဓေ၌ မောဟ၊ အဟိတ် စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ဗဟိရရုပ်,အာဟာရဇရုပ်,ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်,နိဗ္ဗာန်။

(ဃ) မောဟမူဒ္ဓေ၌ မောဟကြည့်သော ဟိတ်ခြောက်ပါး၊ တနည်း....ဟိတ်ကိုးပါး။

---

(၂) (က) ရူပလည်း မမည်, ရူပက္ခန္ဓာလည်း မမည်သော တရား။

(ခ) စက္ခုလည်း မမည်, စက္ခာယတနလည်း မမည်သောတရား။

(ဂ) ဒုက္ခလည်းမမည်, ဒုက္ခသစ္စာလည်း မမည်သော တရားတို့ကို ခွဲခြားပြီးလျှင် ၎င်းတို့နှင့်ဆိုင်သော ဝိသဇ္ဇနာဝိဘင်းမျှားကိုလည်းထုတ်ခဲ့ပါ။

(၂) (က) လောကုတ္တရာစိတ် ရှစ်ခု, စေတသိက် ဆတ္တိံသ, နိဗ္ဗာန်,ပညတ်၊ဝိဘင်းကား....အာမန္တာ။

(ခ) စက္ခုသုံးပါးမှတပါး အာယတန တဆဲ့တပါး ပညတ်၊ ဝိဘင်းကား....အာမန္တာ။

(ဂ) ဒုက္ခသစ္စာမှတပါး သစ္စာသုံးပါး, သစ္စဝိမုတ် ဖြစ်သော မဂ်စိတ္တုပ္ပါဒ် နှစ်ဆယ့်ကိုးခု, ဖိုလ် စိတ္တုပ္ပါဒ်ယုံးဆယ့်ခုနှစ်ခု,အာနိုဋ္ဌိယဗဒ္ဓဖြစ်သော ဥတုဇကလာပ် နှစ်စည်း ပညတ်၊ ဝိဘင်းကား.... ဒုက္ခဥ ဒုက္ခသစ္စဥ ထပေတ္စာ အာဝေသသာ ဓမ္မာ နစေဝဒုက္ခံ နစဒုက္ခသစ္စံ-တည်း။

---

(၃) (က) ယသ ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇတ္ထ၊ တသ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတ္ထ။

(ခ) ယသ၀ါပန ယတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတ္ထ၊ တသ တတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇတ္ထ။

အထက်ပါပုစ္ဆာပါဋိတို့ကို ဝိသဇ္ဇနာ၀ိဘင်းထုတ်ခဲ့ပါ။

(၃) ယမိုက်ကျမ်းလာ အကောက်အတိုင်းဖြစ်၏။

---

(၄) အောက်ပါပုဒ်တို့၏အဓိပ္ပါယ်ကို အသီးသီးဖေါ်ပြခဲ့ပါ။

(က) သုဒ္ဓါ၀ါသ ဘုံးမရ

(ခ) အကနိဋ္ဌ တုမရ

(ဂ) အပါယိက စစ်မရ

(ဃ) ပုထုဇ္ဇနဘ၀ဂ်

(င) အရိယဘ၀ဂ်

(စ) ဘူမိဘဝဂ်
(ဆ) ဘူမိသီသ

သုဒ္ဓါဝါသဘုံးမရ

(၄) (က) သုဒ္ဓါဝါသဘုံ၌ ဖြစ်သောပုဂ္ဂိုလ်တို့သည် သဒ္ဓါစသော ဣန္ဒြေရင့်ကျက်သောကြောင့် မိမိဖြစ်ခိုက်ဘုံ၌ နှစ်ကြိမ် ထပ်မံ မဖြစ်ကောင်းရကား ၎င်းသုဒ္ဓါဝါသဘုံမှာ အတိတ်၌မဖြစ်ဘူး, မရဘူး သည်ကိုပင် 'သုဒ္ဓါဝါသဘုံးမရ' ဟု ဆိုသည်။

အကနိဋ္ဌတုမရ

(ခ) အကနိဋ္ဌဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည် တပါးသောဘုံ၌လည်းမဖြစ်, မိမိဘုံ၌လည်း ပြန်မဖြစ်သောကြောင့် ပစ္ဆိမဘဝိက အတုမရ၊အစစ်သာ ရသည်ကိုပင် 'အကနိဋ္ဌတုမရ' ဟုဆိုသည်။

အပါယိက စစ်မရ

(ဂ) အပါယ်လေးဘုံ၌ အရိယာပုဂ္ဂိုလ်တို့ မရသောကြောင့် ဘဝမဆုံးနိုင်၊ တပါးဘုံတို့၌ ဖြစ်ရဦးမည်ဖြစ်၍ ပစ္ဆိမဘဝိက အစစ်မရ၊ အတုသာ ရသည်ကိုပင် 'အပါယိကစစ်မရ' ဟုဆို၏။

(ဃ) ဝေဟပ္ဖိုလ်ဘုံ။
(င) အကနိဋ္ဌဘုံ။
(စ) နေဝသညာနာသညာယတနဘုံ။

(ဆ) ဝေဟပ္ဖိုလ်ဘုံ အကနိဋ္ဌဘုံ နေဝသညာ နာသညာယတနဘုံ တို့ဖြစ်၏။

---

(၅) (က) ရူပါယတနသာ ဖြစ်ဆဲဖြစ်၍ မနာယတန ဖြစ်ဆဲ မဟုတ်သောပုဂ္ဂိုလ်။

(ခ) မနာယတနသာဖြစ်ဆဲဖြစ်၍ ရူပါယတန ဖြစ်ဆဲ မဟုတ်သောပုဂ္ဂိုလ်။

(ဂ) နှစ်ပါးစုံဖြစ်ဆဲပုဂ္ဂိုလ်။

(ဃ) နှစ်ပါးစုံ ဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်တို့ကို ပိုင်းခြား ပြပြီးလျှင် ဆိုင်ရာဝိသဇ္ဇနာ ဝိဘင်းတို့ကို လည်း ညွှန်းခဲ့ပါ။

(၅) (က) အသညတ် ဥပပဇ္ဇန္တိ ဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်။ ဝိဘင်းကား .... အသညသတ္တံ ဥပပဇ္ဇန္တိဘဝနံ တေသံ။

(ခ) အရူပဥပပဇ္ဇန္တိဖြစ်သောတိဟိတ်ပုထုဇဉ်အောက် ဖလဌာန် သုံးယောက်၊ ဝိဘင်းကား .... အရူပံ ဥပပဇ္ဇန္တိဘဝနံ တေသံ။

(ဂ) ပဠဝေါကာရ ဥပပဇ္ဇန္တိဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ် လေး ယောက်၊ အောက် ဖဌာန် ပုဂ္ဂိုလ် သုံး ယောက်။ ဝိဘင်းကား .... ပဠဝေါကာရံ ဥပ ပဇ္ဇန္တိဘဝနံ တေသံ။

(ဃ) ခပ်သိမ်းသော စဝန္ဓာဖြစ်သော ပုထုဇဉ် လေးယောက် ဖလဋ္ဌာန်လေးယောက်။ဝိဘင်းကား.... သဗ္ဗေသံ စဝန္ဓာနံ တေသံ။

---

(၆) ယဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ ဟူသော ပါဠိကို ဝိသဇ္ဇနာ ဝိဘင်းထုတ်၍ အရကောက်ပြခဲ့ပါ။

(၆) ယမိုက်ကျမ်းလာ အတိုင်းတည်း။

---

(၇) သစ္စယမိုက် ပဝတ္တိဝါရ၌ သစ္စာလေးပါးကို မူလမူလိ သွတ်၍ ဒုက္ခသစ္စာမူ သုံး ယမက၊ သမုဒယသစ္စာမူ နှစ်ယမက၊ နိရောဓမူ တခုအားဖြင့် ခြောက် ယမက ရသင့်လျက် ဒုက္ခမူ၌ နှစ်ယမက သမုဒယမူ၌ တစ်ယမက အားဖြင့် သုံးယမကသာ အဘယ့် ကြောင့် ဟောရသည်ကို အကြောင်းပြ ရှင်းလင်းပါ။

(၇) ခြောက်ယမက ရသင့် သော်လည်း နိရောဓ သစ္စာ ဖြစ်သော နိဗ္ဗာန်တရားသည်ကား ဥပါဒ်,ဌိ,ဘင်, ခဏတ္တယ မရှိရကား ဥပ္ပဇ္ဇတိဟူ၍၎င်း, နိရုဇ္ဈတိ ဟူ၍ ၎င်း မဟောအပ်၊ ပဝတ္တိဝါရ၌လည်း ဥပ္ပါဒဝါရ, နိရောဓဝါရကို ဟောသောကြောင့် နိရောဓသစ္စာနှင့် စပ်သော ယမကကို မရကောင်း၊ထို့ကြောင့် ဒုက္ခ သစ္စာမူ၌ သမုဒယမဂ္ဂ ထည့်သွင်း၍ နှစ်ယမက၊ သမုဒယသစ္စာမူ၌ မဂ္ဂထည့်၍ ယမကတခုအားဖြင့် သုံးယမကသာလျှင် ;ပါဠိတော်၌ လာသောကြောင့် သုံးယမကသာ ဟောရပါသည်။

(၈) အောက်ပါပုစ္ဆာပါဌိတို့ကို ဝိသဇ္ဇနာဝိဘင်းပါဌိ သက်သက် ထုတ်ပြခဲ့ပါ။

(က) ယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇတိတိ။

(ခ) ယတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိတိ။

(၈) ယမိုက်ကျမ်းလာအတိုင်း ဖြေလေ။

---

(၁) "ယေကေစိနာမာ ဓမ္မာ သဗ္ဗေ တေ နာမမူလေန ဧကမူလာတိ" ဟူသော ပုစ္ဆာပါဌိကို ဝိသဇ္ဇနာဝိဘင်းထုတ်၍ အရကောက်ခဲ့ပါ။

(၁) မူလယမိုက်လာအတိုင်းဖြေ။

---

(၂) နတ္ထိဝိဘင်းနှင့် နောဝိဘင်းတို့ မည်သို့ခြားနားသည်ကို ဖော်ပြ၍ ဥဒါဟရဏ်ဝိဘင်းတခုစီထုတ်ပြခဲ့ပါ။

နတ္ထိဝိဘင်းနှင့် နောဝိဘင်း

(၂) သန္နိဋ္ဌာန်အရမရှိလျှင် နတ္ထိဝိဘင်းထုတ်ရပါမည်။

ဥဒါဟရဏ်....ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ နတ္ထိ။

သန္နိဋ္ဌာန်သံသယ နှစ်ပါးစုံအရမရှိလျှင် နောဝိဘင်းထုတ်ရပါ့မည်။

ဥဒါဟာရဏ်....ယဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတီတိ၊ နော။ ဟူသည်တည်း။

---

(၃) အောက်ပါ ပုစ္ဆာပါဠိကို ဝိသဇ္ဇနာ ဝိဘင်းထုတ်၍ အရကောက်ခဲ့ပါ။

ယဿ ရူပက္ခန္ဓော နိရုဇ္ဈတိ၊ တဿ ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတီတိ။

(၃) ယမိုက်ကျမ်းလာ အကောက်အတိုင်းပြေ။

---

(၄) ပစ္ဆိမဘဝိက အစစ်နှင့် အတုတို့၏ သဘောသွား ခြားနားပုံကို ပြဆိုပြီးလျှင် ပစ္ဆိမဘဝိက အစစ်၌ ပုဂ္ဂိုလ်, ဘုံ မည်မျှစီ ဖြစ်ထိုက်၍ အတု၌ ပုဂ္ဂိုလ်, ဘုံ မည်မျှစီ ဖြစ်ထိုက်သည်ကိုလည်း ရေတွက် ပြခဲ့ပါ။

ပစ္ဆိမဘဝိကအစစ်

(၄) သုံးဆဲ့တဘုံ၌ နောင်တဖန် ပဋိသန္ဓေ မနေလတ္တံ့သည်ကား ပစ္ဆိမဘဝိကအစစ်တည်း။

အတု

မိမိဖြစ်ခိုက်သောဘုံ၌ နောင်တဖန်ပဋိသန္ဓေ မနေကောင်းလတ္တံ့သည်ကား ပစ္ဆိမဘဝိကအတုတည်း။

ထိုတွင် ပစ္ဆိမဘဝိကအစစ်၌ တိဟိတ်ပုထုဇဉ် ဖလဌာန် ပုဂ္ဂိုလ်လေးယောက်တည်း၊ ဘုံအားဖြင့် အပါယ် အသညသတ်ကြဉ်သော နှစ်ဆဲ့ခြောက်ဘုံတည်း။

အတူ၌....မကျွတ်ထိုက် ကျွတ်ထိုက်သော ပုထုဇဉ် လေးယောက်, အောက်ဖလဌာန် သုံးယောက်တည်း၊ ဘုံအားဖြင့် အကနိဋ္ဌကြည်သော ပဉ္စဝေါကာရ နှစ်ဆဲ ခြောက်ဘုံ။

ဆောင်။ ။ဘုံသုံးဆဲ့တစ်၊ပြန်မဖြစ်၊အစစ်ပဋ္ဌိမာ၊
ဖြစ်ဆဲဘဝ၊မဖြစ်က၊မှတ်ကြ အတုသာ။

---

(၅) ခန္ဓာငါးပါးကို သိဆဲ,သိပြီး,သိလတ္တံ့ဖြစ်သောပုဂ္ဂိုလ်၊ သိဆဲ,သိပြီး, သိလတ္တံ့ မဟုတ်သော ပုဂ္ဂိုလ်တို့ကို အသီးသီး ဖေါ်ပြခဲ့ပါ။

(၅) ခန္ဓာငါးပါးကိုပိုင်းခြားမ၍ သိဆဲပုဂ္ဂိုလ်ကား အရဟတ္တ မဂ္ဂဌာန်တည်း၊ သိပြီးပုဂ္ဂိုလ်ကား အရဟတ္တဖလဌာန် တည်း၊ သိလတ္တံ့ပုဂ္ဂိုလ်ကား ကျွတ်ထိုက်သောပုထုဇဉ်, အောက်မဂ္ဂဌာန် သုံးယောက်, အောက် ဖလဌာန်သုံး ယောက်တည်း။

ခန္ဓာငါးပါးကို ပိုင်းခြားမ၍ သိဆဲ သိပြီး သိလတ္တံ့ မဟုတ်သော ပုဂ္ဂိုလ်ကား မကျွတ်ထိုက်သော ပုထုဇဉ် တည်း။

---

(၆) 'ယသ ရူပါယတနံ ဥပ္ပဇ္ဇတိ၊တသ မနာယတနံ ဥပ္ပဇ္ဇ တိတိ'ဟူသော ပုစ္ဆာပါဠိကို ဝိသဇ္ဇနာဝိဘင်း ထုတ်၍ အရ ကောက်ခဲ့ပါ။

(၆) ယမိုက်ကျမ်းလာ အရကေဒုက်အတိုင်းဖြေ။

---

(၇) အမေးလေးထွေ,အဖြေငါးပါးသရုပ်ကို ဖေါ်ထုတ်ပြီးလျှင် မည်သည့်ပုစ္ဆာ၌ မည်သည့်ဝိသဇ္ဇနာများ ရထိုက်သည်ကိုလည်း ယှဉ်တွဲပြခဲ့ပါ။

အမေးလေးထွေ

(၇) ပစ္ဆာပဥ္ဍာ, ပရိပုဏ္ဏာပဥ္ဍာ, မောဃပဥ္ဍာ, ပုရေပဥ္ဍာအားဖြင့် လေးပါးတည်း။

အဖြေငါးပါး

ပဋိဝစနဝိသဇ္ဇနာ, သရူပဒဿနဝိသဇ္ဇနာ, ပဋိကွေ့ပဝိသဇ္ဇနာ, ပဋိသေဓဝိသဇ္ဇနာ, ပါဋိဂဏ်ိတဝိသဇ္ဇနာအားဖြင့် ငါးပါးတည်း။

ပုစ္ဆာနှင့်ဝိသဇ္ဇနာ

(က) ပစ္ဆာပဥ္ဍာ၌ ပဋိဝစန၊
(ခ) ပရိပုဏ္ဏာပဥ္ဍာ၌ သရူပဒဿန
(ဂ) မောဃပဥ္ဍာ၌ ပဋိကွေ့ပနှင့် ပဋိသေဓဝိသဇ္ဇနာ၊
(ဃ) ပုရေပဥ္ဍာ၌ ပါဋိဂဏ်ိတကို ရပါသည်။

(ဂ) (က) ဒုက္ခသစ္စာသာ ဖြစ်ဆဲဖြစ်၍ သမุဒယ ဖြစ်ဆဲ မဟုတ်သောပုဂ္ဂိုလ်,

(ခ) သမုဒယသစ္စာသာ ဖြစ်ဆဲဖြစ်၍ ဒုက္ခသစ္စာဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်,
(ဂ) နှစ်ပါးလုံးဖြစ်ဆဲဖြစ်သောပုဂ္ဂိုလ်,
(ဃ) နှစ်ပါးလုံး ဖြစ်ဆဲ မဟုတ်သော ပုဂ္ဂိုလ်မျှားကို ထုတ်ပြခဲ့ပါ။

(ဂ) (က) ပုဂ္ဂလဝါရ ဒုက္ခမူ သမုဒယမူလီ အနုလုံတဘက်ရ အကောက်အတိုင်းမှတ်။
(ခ) မရှိ။
(ဂ) ဒုက္ခမူ သမုဒယမူလီအနုလုံ နှစ်ဘက်ရအကောက် အတိုင်းမှတ်။
(ဃ) ဒုက္ခမူ သမုဒယမူလီ ပစ္စနိုက် နှစ်ဘက်ရ အကောက် အတိုင်းမှတ်။

---

(၁) (က) မူလယမိုက်၌ မူလသာ မည်၍ မူလ မရှိသော တရား၊
(ခ) မူလသာရှိ၍ မူလမမည်သောတရား၊
(ဂ) မူလလည်းမည်, မူလလည်းရှိသောတရား၊
(ဃ) မူလလည်းမမည်, မူလလည်းမရှိသော တရားတို့ကို ခွဲခြားပြခဲ့ပါ။

(၁) (က) မောဟမူဒွေ၌ မောဟ၊
(ခ) မရှိ၊

(ဂ) မောဟမူဒ္ဓေ၌ မောဟကြဉ်သော ဟိတ်ရြောက်ပါး၊

(ဃ) မရှိ၊

---

(၂) အောက်ပါဝိဘင်းများကို မည်သို့သော အနက်သဘော ရှိသည့်ပုစ္ဆာများ၌ သုံးစွဲရကြောင်းကို ဥဒါဟရဏ် တခုစီနှင့် ထုတ်ပြခဲ့ပါ။

(က) နတ္ထိ၊(ခ) နော၊ (ဂ) ဥပ္ပဇ္ဇတ္ထ၊ (ဃ) အာမန္တာ၊

(၂) (က) သံသယပုဒ်သာအရရှိ၍ သန္နိဋ္ဌာန်ပုဒ်အရမရှိဘဲ မေးသောပုစ္ဆာ၌ဌင်း, သန္နိဋ္ဌာန် သံဝါယနှစ်ပုဒ်လုံး အရမရှိမူ၍ မေးသော ပုစ္ဆာ၌ဌင်း နတ္ထိ ဝိဘင်းကို သုံးရပါသည်။

ဥဒါဟရဏ်....ယတ္ထဝါ ပန ဓမ္မာယတနံ နုပ္ပဇ္ဇတိ၊ တတ္ထ မနာယတနံ နုပ္ပဇ္ဇတိတိ၊ နတ္ထိ။

ယဿ ရူပကွန္ဓော နုပ္ပဇ္ဇတ္ထ၊ တဿ ဝေဒနာကွန္ဓော နုပ္ပဇ္ဇတ္ထာတိ၊နတ္ထိ–တည်း။

သန္နိဋ္ဌာန်ပုဒ်အရနှင့် သံသယပုဒ်၏အရ မတူမူ၍မေးသောပုစ္ဆာ၌ဌင်း, သန္နိဋ္ဌာန်ပုဒ်သာ အရရှိ၍ သံသယပုဒ်အရမရှိသောနေရာ၌ မေးသော ပုစ္ဆာ၌ဌင်း နောဝိဘင်းကို သုံးရပါသည်။

ဥဒါဟရဏ်ကား....ယဿ ရူပကွန္ဓော ဥပ္ပဇ္ဇတိ၊တဿ ဝေဒနာကွန္ဓော နိရုဇ္ဈတိတိ၊နော။

ယေကေစိ သနိဒဿန သပ္ပဋိဃာဝမ္မာ သဗ္ဗေ တေ သနိဒဿန သပ္ပဋိဃမူလာတိ၊နော–တည်း။

(၈) သန္နိဋ္ဌာန်အရသာရှိ၍ သံသယပုဒ်လုံးလုံး အရ မရှိသောအရာ၌ ဥပဓိတ္ထကို သုံးရပါသည်။

ဥဒါဟရဏ်ကား....ယဿ ရူပကွန္ဓော နုပ္ပဇ္ဇတိ၊တဿ ဝေဒနာကွန္ဓော နုပ္ပဇ္ဇိတ္ထာတိ ဥပ္ပဇ္ဇိတ္ထ။

(၈) သန္နိဋ္ဌာန် အရကျဉ်း၍ သံသယ အရကျယ်သော အရာ၌ရင်း, သံန္နိဋ္ဌာန် သံသယ အရတူရာ၌ရင်း အာမန္တာ ဝိဘင်းကို သုံးရပါသည်။

ဥဒါဟရဏ်ကား....ယေဝါ ပန ကုသလမူလာ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ အာမန္တာ။

ဝေဒနာ ဝေဒနာကွန္ဓောတိ အာမန္တာတည်း။

---

(၃) အောက်ပါ ပုစ္ဆာပါဋိတို့ကို ဝိသဇ္ဇနာ ဝိဘင်းသက်သက် ထုတ်၍ အရကောက် ပြခဲ့ပါ။

(က) ယဿ ရူပကွန္ဓော ဥပ္ပဇ္ဇတိ၊ဟဿ ဝေဒနာကွန္ဓော ဥပ္ပဇ္ဇိဿတိတိ။

(ခ) ယဿ ရူပကွန္ဓော ဥပ္ပဇ္ဇိတ္ထ၊တဿ ဝေဒနာကွန္ဓော ဥပ္ပဇ္ဇိဿတိတိ။

(၃) အရကောက်လာသည့်အတိုင်း ဖြေလော။

(၄) ကာမဘုံ, ရူပဘုံ, အရူပဘုံ တို့၌ ရထိုက်သော အာယတန မျှားကို ပြဆို၍ မရထိုက်သော အာယတန မျှားကိုလည်း အဘာယ်ကြောင့် မရကြောင်းကို ရှင်းခဲ့ပါ။

(၄) ကာမဘုံ၌ သဒ္ဒါယတနကြဉ်သော အာယတန တဆဲ့ တပါးရ၏။

ရူပဘုံ၌ စက္ခာယတန, သောတာယတန, ရူပါယတန, မနာယတန,ဓမ္မာယတနတို့ကို ရ၏။

အရူပဘုံ၌ မနာယတန, ဓမ္မာယတနနှစ်ပါးကို ရ၏။

အကြောင်းပြချက်

ကာမဘုံ၌ သဒ္ဒါယတနကို ပဋိသန္ဓေအခါ၌ မရ ကောင်းသောကြောင့် မရပါ၊ ရူပဘုံ၌ ဃာန ဇိဝှါ ကာယတို့ကို ကာမ ဝိရာဂ ဘာဝနာကုသိုလ်ကံကြောင့် မရပါ၊အရူပဘုံ၌ ရူပဝိရာဂ ဘာဝနာကုသိုလ်ကံကြောင့် ရုပ်ဟူသမျှ မရပါ။

ဇဏ်ခေါင်း ။မန,ဓမ္မာ၊ဤနှစ်ဖြာ၊ဘုံမှာ အရူပ။
စက်,သော,ရူပ၊မနဓမ္မာ၊ဤငါးဖြာ၊ရူပါဘုံအရ။
သဒ္ဒကြဉ်လတ်၊ကောဒသ်၊ရှလတ်ဘုံကာမ။

---

(၅) အောက်ပါပုစ္ဆာပါဠိကို ဝိသဇ္ဇနာဝိဘင်းထုတ်၍ အရ ကောက်ပြပါ။

ယသ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇတ္ထ၊တသ တတ္ထ သောတာယတနံ ဥပ္ပဇ္ဇိသတိတိ။

(၅) အရကောက်အတိုင်းဖြေလေ။

(၆) အောက်ပါပုဒ်တို့၏ သရုပ်အဓိပ္ပါယ်သဘောတို့ကို ရှင်းခဲ့ပါ။

ဂန္ဓလေးပါး,ရသလေးပါး,နိရောဓခြောက်ပါး,မဂ္ဂခြောက်ပါး။

ဂန္ဓလေးပါး

(၆) (၁) သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟု ဆိုအပ်သော သီလဂန္ဓ။

(၂) သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သမာဓိဂန္ဓ။

(၃) သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပဟုဆိုအပ်သောပညာဂန္ဓ။

(၄) ဂန္ဓာယတန-တည်း။

ရသလေးပါး

(၁) ဖိုလ်လေးခုစိတ္တုပ္ပါဒ်ဟုဆိုအပ်သော အတ္ထရသ၊ တနည်း....ကုသိုလ်, အကုသိုလ်အစရှိသော ပရမတ္ထဟု ဆိုအပ်သော အတ္ထရသ။

(၂) မဂ်လေးခုစိတ္တုပ္ပါဒ်ဟုဆိုအပ်သော ဓမ္မရသ။ တနည်း....ကုသလာဓမ္မာ,အကုသလာဓမ္မာအစရှိသော ဝစီဘေဒသဒ္ဒဟုဆိုအပ်သော ဓမ္မရသ။

(၃) နိဗ္ဗာန်ဟုဆိုအပ်သော ဝိမုတ္တိရသ။

(၄) ရသာယတန။

နိရောဓ ခြောက်ပါး

(၁) ကာမကုသိုလ်သည် ပယ်အပ်သောကိလေသာ၏ အဘာဝဟုဆိုအပ်သောတဒင်္ဂနိရောဓ။

(၂) မဟဂ္ဂုတ်ကုသိုလ်သည် ပယ်အပ်သောနိဝရဏ၏ အဘာဝဟုဆိုအပ်သော ဝိက္ခမ္ဘနနိရောဓ။

(၃) မဂ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝ ဟုဆိုအပ်သော သမုစ္ဆေဒနိရောဓ။

(၄) ဖိုလ်သည် ပယ်အပ်သောကိလေသာ၏ အဘာဝ ဟုဆိုအပ်သော ပဋိပဿဒ္ဓိနိရောဓ။

(၅) စိတ် စေတသိက်တို့၏ ဘင်ဟု ဆိုအပ်သော ခဏ နိရောဓ။

(၆) နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာ။

မဂ်ခြောက်ပါး

(၁) သဟိတ်ကာမာဝစရဝိပါက်ကြိယာ, မဟဂ္ဂုတ် စိတ်ဌာရှိသော ပဉ္စဂ်ိုကမဂ်။

(၂) မဟာကုသိုလ်စိတ် ရှစ်ခုဌာရှိသော အဋ္ဌင်္ဂိကမဂ်။ ဖိုလ်လေးခုဌာရှိသော အဋ္ဌင်္ဂိကမဂ်။

(၃) မိစ္ဆာမဂ်။

(၄) ဇယ်မဂ်။

(၅) သကဒူမဂ်။

(၆) မဂ်စိတ်လေးခုဌာ်ရှိသော မဂ္ဂင်ရှစ်ပါးဟု ဆိုအပ်သော မဂ္ဂသစ္စာ။

---

(၂) အောက်ပါ ဆိုရိုး ဝဝတ္ထာန်ကို ပေယျာလဖေါ်၍ ရေးခဲ့ပါ။

ဓာတုယမိုက်ကို ဟောတော်မူသည်၏အခြားမဲ့ဌာ်။လ။မဂ္ဂသစ္စံ ဟူသည်တည်း။

(၂) ယမိုက်ကျမ်းလာအတိုင်းဖြေ။

(ဂ) သစ္စယမိုက်ဌာ် ပဝတ္တိဝါရအရ သစ္စလေးပါး တရားတို့ကို ဘုံ, ပုဂ္ဂိုလ်အားဖြင့် ရသင့်သလို ဝေဘန်ပြပါ။

သစ္စာလေးပါးနှင့်ဘုံ

(ဂ) အသညသတ်ဘုံဌာ်–ဒုက္ခသစ္စာ
အပါယ်ဘုံဌာ်–ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ
အပါယ်ကြဉ်သော ပဉ္စဝေါကာရ စတုဝေါကာရဘုံတို့ဌာ်
ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ

သစ္စာလေးပါးနှင့် ပုဂ္ဂိုလ်

ရဟန္တာဌာ်–ဒုက္ခသစ္စာ
မဂ္ဂဋ္ဌာန် လေးယောက်ဌာ်–ဒုက္ခသစ္စာနှင့် မဂ္ဂသစ္စာ
ပုထုဇဉ်လေးယောက်နှင့် အောက်ဖလဋ္ဌာန် သုံးယောက်တို့ဌာ်–ဒုက္ခသစ္စာ သမုဒယသစ္စာ။

(၁) "ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထောတိ" ဟူသောပါဠိကို ဝိဘင်းထုတ်၍ အရကောက်ခဲ့ပါ။

(၁) ယမိုက်ကျမ်းလာအတိုင်းကောက်။

---

(၂) ယမိုက်ကျမ်း၌ အတ္ထယမက, ဓမ္မယမက, ပုဗ္ဗောယမက တို့၏ သရုပ်ကို ထုတ်ပြခဲ့ပါ။

ယမကများ

	အတ္ထယမကသရုပ်	၁၈၆၂၄၀၊
	ဓမ္မယမကသရုပ်	၉၃၁၂၀၊
	ပုဗ္ဗောယမကသရုပ်	၉၃၁၂၀၊
ခန္ဓယမိုက်၌	....အတ္ထယမကသရုပ်	၄၀၀၊
	ဓမ္မယမကသရုပ်	၂၀၀၊
	ပုဗ္ဗောယမကသရုပ်	၂၀၀၊
အာယတနယမိုက်၌	....အတ္ထယမကသရုပ်	၂၃၀၄၊
	ဓမ္မယမကသရုပ်	၁၁၅၂၊
	ပုဗ္ဗောယမကသရုပ်	၁၁၅၂၊
ဓာတုယမိုက်၌	....အတ္ထယမကသရုပ်	၅၁၈၀၊
	ဓမ္မယမကသရုပ်	၂၅၉၀၊
	ပုဗ္ဗောယမကသရုပ်	၂၅၉၀၊

သစ္စယမိုက်၌	....အတ္ထယမကသရုပ်	၂၅၆၊
	ဓမ္မယမကသရုပ်	၁၂၈၊
	ပုဗ္ဗာဝယမကသရုပ်	၁၂၈၊

---

(၃) (က) နာမ်သာမည်၍ နာမမူနှင့်တူသောမူလမရှိသော တရား။

(ခ) နာမမူနှင့်တူသောမူလသာရှိ၍ နာမ်မမည်သော တရား။

(ဂ) နာမ်လည်းမည်, နာမမူနှင့် တူသော မူလလည်း ရှိသောတရား။

(ဃ) နာမ်လည်းမမည်, နာမမူနှင့်တူသော မူလလည်း မရှိသောတရားတို့ကို ခွဲခြားပြပါ။

(၄) (က) အဟိတ်စိတ်အဌာရသ၊ ဆန္ဒကြည်သော အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒွေ၌ မောဟ၊ နိဗ္ဗာန်။

(ခ) ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ရဟန္တာတို့၏ စုတိကြည်သော ကုသိုလ်, အကုသိုလ်, သဟိတ် ဝိပါက်, သဟိတ် ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ်တို့ဇရုပ်, သဟိတ် ပဋ္ဌဝေါကာရ ပဋ္ဌိ သန္ဓေ တေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ကမ္မဇရုပ်။

(ဂ) သဟိတ်စိတ် ကေသတ္တတိ၊မောဟမူဒ္ဒေ၌ မောဟ ကြည့်သောစေတသိက် ဒွေပညာသ။

(ဃ) မရှိ။

---

(၄) ခန္ဓယမိုက်၌ အောက်ပါပုစ္ဆာတို့ကို ဝိသဇ္ဇနာ ဝိဘင်း ထုတ်၍အရကောက်ပြပါ။

(က) ယသ ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇိသတိ၊တသ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိသတိတိ။

(၄) ယမိုက်ကျမ်းလာအရကောက်အတိုင်းဖြေ။

---

(၅) ခန္ဓာငါးပါးကို ပိုင်းခြားရ သိဆဲ,သိပြီး, သိလတ္တံ့ဖြစ်သောပုဂ္ဂိုလ်နှင့် သိဆဲ,သိပြီး,သိလတ္တံ့,မဟုတ်သောပုဂ္ဂိုလ်တို့ကို အသီးသီးထုတ်ပြပါ။

(၅) သိဆဲကား–အရဟတ္တ မဂ္ဂဌာန်၊ သိပြီးကား–အရဟတ္တ ဖလဌာန်၊ သိလတ္တံ့ကား–ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဌာန် ဃုံးယောက်၊ အောက်ဖလဌာန် သုံးယောက်တည်း။

သိဆဲ,သိပြီး, သိလတ္တံ့ မဟုတ်သော ပုဂ္ဂိုလ်ကား–မကျွတ်ထိုက်သော ပုထုဇဉ်တည်း။

---

(၆) အာယတန ယမိုက်၌ အောက်၌ဖေါ်ပြပါ ပုစ္ဆာပါဌိကို ဝိသဇ္ဇနာ ဝိဘင်းထုတ်၍ အရကောက်ပြပါ။

ယသ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တသ ကာယာယတနံ ဥပ္ပဇ္ဇတီတိ။

(၆) အရကောက်လာ အတိုင်းဖြေလေ။

---

(၇) ဓာတုယမိုက် ပဝတ္တိဝါရ၌ ရသင့်သောဓာတ်, မရသင့်သော ဓာတ်တို့ကို ခွဲခြားပြီးလျှင် မရသင့်သောဓာတ်တို့ကို အဘယ်ကြောင့် မရသည်ဟု ရှင်းလင်းခဲ့ပါ။

ရသင့်သောဓာတ်

(၇) သဒ္ဒဓာတ်နှင့် ပဠဝိညာဏ ဓာတ်ကြည်သော ကြွင်းသော ဓာတ်တဆဲ့နှစ်ပါးတည်း။

မရသင့်သောဓာတ်

သဒ္ဒဓာတ်နှင့် ပဠဝိညာဏ ဓာတ်တို့ ဖြစ်ပါသည်။

မရခြင်းအကြောင်း

ယင်းသဒ္ဒဓာတ်နှင့် ပဠဝိညာဏဓာတ်တို့ကို ပဋ္ဌိသန္ဓေ အခါ၌ မရကောင်းသောကြောင့် မရပါ။

---

(၈) အောက်ပါပုစ္ဆာပါဋိကို ဝိသဇ္ဇနာ ဝိဘင်းထုတ်၍ အရ ကောက်ပြပါ။

(က) ယဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိတိ။

(ခ) ယဿ ဝါပုနဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ သမုဒယ သစ္စံ ဥပ္ပဇ္ဇတိတိ။

(ဂ) အရဂေါက်အတိုင်းဖြေ။

အစမ်းမေးခွန်း နှင့် အဖြေ ပြီး၏။

အထက် ယမိုက် ငါးကျမ်း

--o--

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သခ်ၢရယမိုက်

ပဏ္ဍိတ်ဝါရ-ဥဒ္ဒေသ

★ သစ္စယမိုက်၏ အခြားမဲ့၌ သခ်ၢရယမိုက်ကို ဟောရခြင်း အကြောင်းကိုရေး၍ သရူပကျွာဝါရ၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ၊

☆ မူလ ယမိုက်၌ ဟောအပ်သော ကုသိုလ် စသော တရားတို့ပင်လျှင် ရှင်ဘုရားသည်အားလျှောစွာ တစတ တဒေသ ပေါင်း၍ သခ်ၢရ၏ အစွမ်းဖြင့် ဟောကြား ဖွင့်ပြလိုသော ကြောင့် သခ်ၢရယမိုက်ကို ဟောရပါသည်။

သခ်ၢရသုံးပါးတို့၏သရုပ်ကို ထုတ်ဆို ဟောကြားကြောင်း ဖြစ်သောကြောင့် သရူပကျွာဝါရဟု ခေါ်၏။

ဣဒါနိ တေသညေဝ မူလယမကေ ဒေသိတာနံ ကုသလာဒိ ဓမ္မာနံ လဗ္ဘမာန ဝသေန ဧကဒေသံ သင်္ဂဏှိတ္မာ သစ္စယမကာနန္တရံ ဒေသိတဿ သခ်ၢရယမ ကဿ ဝဏ္ဏနာ ဟောတိ။ ။(ယမိုက်အဋ္ဌကထာ)

ဣဒါနိ၊ ၌။ မူလယမကေ၊ ၌။ ဒေသိတာနံ၊ ကုန်သော။ တေ သညေဝ ကုသလာဒိဓမ္မာနံ၊ တို့ကိုသာလျှင်။ လဗ္ဘမာနဝသေန၊ ဖြင့်။

ကေဒေသံ၊ တစိတ် တဒေသကို။ သင်္ခါဘွာ၊ ၍။ သစ္စယမကာ နန္တရံ၊ ၌။ ဒေသိတသ၊ သော။ သခ်ၤါရယမကသ္ယ၊ ၏။ ဝတ္ထုနာ၊ သည်။ ဟောတိ၊ ၏။

★ ဤသင်္ခါရယမိုက်၌ အဘယ်ကြောင့် သရူပကျွာ ဝါရကို ဟောရပါသနည်းဖြေဆို၍ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

☆ ခန္ဓယမိုက်ကို မဟာမီ ဝိဘင်းကျမ်းစသည်၌ ခန္ဓာ စသည်ကို ဟောပြီး ဖြစ်၍ ခန္ဓယမိုက်စသည်တို့၌ ယင်းဝါရကို ဟောဘွယ်မလို၊ ကာယသင်္ခါရ စသည်တို့ကိုကား ရှေ့အဘို့၌ မဝေဘန်ရသေးသောကြောင့် မသိနိုင်ရကား သင်္ခါရယမိုက်၌ သာ သရူပကျွာဝါရကို ဟောရပါသည်။

သင်္ခါရတို့၏အဓိပ္ပါယ်

ကရဇကာယသည် ပြုပြင်အပ်သောကြောင့် ကာယသင်္ခါရ မည်၏၊ ဝစီဘေဒသဒ္ဒကို ပြုပြင်တတ်သောကြောင့် ဝစီသင်္ခါရ မည်၏၊ စိတ်သည် ပြုပြင်အပ်သောကြောင့် စိတ္တသင်္ခါရမည်၏။

ခန္ဓာဒယောဝိယ ပုဗ္ဗေ အဝိဇ္ဇာတ္တာ ကာယသင်္ခါရာ ဒယောတိ တေသံ အဝိဇ္ဇာတတ္တာ အဿာသပဿာသ ကာယသင်္ခါရောတိ အာဒိနာ တယော သင်္ခါရေ ဝိဘ ဇန္တိ။ ။(မူဋီ)

ခန္ဓာဒယော၊ တို့ကို။ ပုဗ္ဗေ၊ ရှေးခန္ဓဝိဘင်း စသည်၌။ ဝိဘတ္တာ ဝိယ၊ ဟောကြားဝေဘန် အပ်ကုန်သကဲ့သို့။ ကာယသင်္ခါရာဒယော၊ တို့ကို။ အဝိဇ္ဇာ၊ ကုန်သေး။ ဇာတိတသ္မာ၊ ကြောင့်။ တေသံ၊ တို့ကို။

အဝိညာဏဇာ၊ မသိအပ်ကုန်သည်၏ အဖြစ်ကြောင့်။ အသာသ ပသာသ ကာယသခ်ၸါရောကို အာဒီနာ၊ ဖြင့်။ တယောသခ်ၸါရေ၊ ဘိုကို။ ပိဘဇန္တိ၊ ကုန်၏။

★ ကရဇကာယမည်ခြင်းအကြောင်းကို ပြဆို၍ အာဘယ်ကို အသာသပသာသ ခေါ်သည်ကိုလည်း ဝါဒအလိုက် ဖေါ်ပြပါ။

☆ အမိအဖတို့၏ သုက်သွေးကြောင့် ဖြစ်သော ရုပ်ကို ကရဇကာယဟု ခေါ်ပါသည်၊ (ဤနေရာ၌ ဝါဒ အမျိုးမျိုးရှိ၏)

အသာသ ပသာသ

ဝိနည်းအဋ္ဌကထာ အလိုအားဖြင့် ထွက်သက်ကို အသာသ ဟု ခေါ်၍ ဝင်သက်ကို ပသာသဟု ခေါ်ပါသည်။

သုတ္တန် အဘိဓမ္မာ အလိုအားဖြင့် ဝင်သက်ကို အသာသ, ထွက်သက်ကို ပသာသဟု ခေါ်ပါသည်။

အသာသောတိ ဗဟိနိက္ခမနဝါတော၊ ပသာသောတိ အန္တောပဝိသန ဝါတော။ ။(ပါရာဇိကဏ် အဋ္ဌကထာ)

အသာသောတိ အန္တောပဝိသန နာသိကဝါတော၊ ပသာသောတိ ဗဟိနိက္ခမန နာသိကဝါတော။ ။(သုတ်မဟာဝါ, ဝိသုဒ္ဓိ၊)

အဿာသောတိ၊ ဟူသည်။ ဗဟိနိဂ္ဂမနဝါတော၊ အပြင်သို့ ထွက်သော လေတည်း။ ပဿာသောတိ၊ ဟူသည်ကား။ အန္တောပဝိသနဝါတော၊ အတွင်းသို့ ဝင်သောလေတည်း။ အဿာသောတိ၊ ဟူသည်။ အန္တောပဝိသန နာသိကဝါတော၊ အတွင်းသို့ ဝင်သော နှာခေါင်းလေတည်း။ ပဿာသောတိ၊ ဟူသည်။ ဗဟိနိဂ္ဂမန နာသိက ဝါတော၊ အပြင်သို့ထွက်သော နှာခေါင်းလေတည်း။

★ ကာယသင်္ခါရော၌ ကာယအရ, သင်္ခါရအရ,ကာယသင်္ခါရအရတို့ကို ကောက်ပြ၍ အဿာသ ပဿာသ မဖြစ်သော ပုဂ္ဂိုလ်တို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

☆ ကာယသင်္ခါအရ ကရဇကာယကိုကောက်၊ သင်္ခါရသင်္ခါအရ အဿာသပဿာသဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်ကိုကောက်၊ ကာယသင်္ခါရအရ ကရဇကာယ၏ အကျိုးဆက် ဖြစ်သော အဿာသပဿာသဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်ကို ကောက်ယူရပါမည်။

အဿာသပဿာသ မဖြစ်သူများ

အမိဝမ်းဌ ကိန်းသူ, ရေနစ်မြုပ်သောသူတို့အား အဿာသပဿာသတို့၏ ချုပ်ရာအရပ်ဖြစ်သောကြောင့် မဖြစ်ပါ၊ အသညသတ်, သေသောသူ, နိုရောဓသမာပတ် ဝင်စားသူတို့အား အဿာသပဿာသကို ဖြစ်စေတတ်သောစိတ် မရှိသောကြောင့် မဖြစ်ကြပါ၊ စတုတ္ထဈာန်ဝင်စားသူ, ရူပ, အရူပတို့အား ဓမ္မတာ

အားဖြင့် မဖြစ်နိုင်ခြင်းကြောင့် မဖြစ်ကြပါ၊ တော့ဝေမိန်းမော သူတို့အား စိတ်အားနည်းသောကြောင့် မဖြစ်ကြပါ။

★ မေ့ဖွားစ သူငယ်အား ထုတ်သက်ဝင်သက် နှစ်မျိုးတွင် အဘယ်က ရှေးဦးစွာဖြစ်သည်ကိုဖြေဆိုရ၍ ယင်းထုတ်သက်ဝင်သက်တို့၏ အစ, အလယ်, အဆုံးတို့ကိုလည်း ညွှန်းခဲ့ပါ။

☆ မေ့ဖွားစသူငယ်အား ထုတ်သက်က ရှေးဦးစွာဖြစ်ပါသည်၊ ထုတ်သက်၏ အစကား ချက်, အလယ်ကား နှလုံး, အဆုံးကား နှာခေါင်းဖျားတည်း၊ ဝင်သက်၏ အစကား နှာခေါင်း ဖျားတည်း၊ အလယ်ကား နှလုံးတည်း၊ အဆုံးကား ချက်တည်း။

★ အဿာသ ပဿာသသည် စိတ်ကြောင့် ဖြစ်သောကြောင့် စိတ္တသခ်ၸိရဟု ဟောသင့်လျက် အဘယ်ကြောင့် ကာယသခ်ၸိရဟု ဟောပါသနည်း ဖြေဆိုရ၍ တနာရီ၌ ထုတ်သက် ဝင်သက်ပေါင်းမည်မျှဖြစ်နိုင်သည်ကိုလည်း ရေးခဲ့ပါ။

☆ ပဋိသန္ဓေအခါ ကမ္မဇရုပ်သည် စိတ်နှင့် စပ်သကဲ့သို့ အဿာသပဿာသတို့သည် ကိုယ်နှင့်စပ်ကြသောကြောင့် စိတ်ကြောင့် ဖြစ်သော်လည်း ကာယသခ်ၸိရဟု ဟောပါသည်။

တနာရီ၌ ထုတ်သက်ပေါင်း (၃၆၀) ဝင်သက်ပေါင်း(၃၆၀) ဖြစ်ပါသည်။

★ အောက်ပါပုဒ်တို့၏အခိုပ္ပါယ်ကို ရေးပါ။

(က) ကာယ (ခ) သင်္ခါရ (ဂ) ကာယသင်္ခါရ

☆ (က) အပေါင်းအစုဖြစ်သောကြောင့် ကာယ၊(ခ) ပြုပြင်အပ်သောကြောင့် သင်္ခါရ၊ (ဂ) ကရဇကာယ၏အကျိုး သင်္ခါရဖြစ်သောကြောင့် ကာယသင်္ခါရမည်ကြကုန်၏။

တတ္ထ ကာယဿ သင်္ခါရော ကာယသင်္ခါရော၊အဿာ သ ပဿာသာ ကာယိကာ ဧတေဓမ္မာ ကာယပဋိဗဒ္ဓါတိ ဟိ ဝစနတော ကာရဏဘူတဿ ကရဇကာယဿ ဖလ ဘူတောဧဝ သင်္ခါရောတိ ကာယသင်္ခါရော။

တတ္ထ၊ ထိုသုံးပါးသော သင်္ခါရတို့တွင်။ ကာယဿ၊ကရဇကာယ ၏။ သင်္ခါရော၊ အကျိုးဖြစ်သော သင်္ခါရတည်း။ ကာယသင်္ခါရော၊ ကရဇကာယ၏ အကျိုးဖြစ်သောသင်္ခါရ။ ဟိ၊ ချဲ့ဦးအံ့။ အဿာသ ပဿာသာ၊ ကုန်သော။ ဧတေဓမ္မာ၊တို့သည်။ ကာယိကာ၊ ကရဇ ကာယကြောင့်ဖြစ်ကုန်၏။ ကာယပဋိဗဒ္ဓါ၊ ကရဇကာယနှင့် စပ်ကုန် ၏။ ဣတိ၊ သို့။ဝစနတော၊ ကြောင့်။ကာရဏဘူတဿ၊ အကြောင်း ဖြစ်၍ ဖြစ်သော။ ကရဇကာယဿ၊ ၏။ ဖလဘူတောဧဝ၊ အကျိုး ဖြစ်၍ ဖြစ်သည်သာလျှင်ဖြင့်သော။ သင်္ခါရော၊ တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ကာယသင်္ခါရော၊ မည်၏။

★ အဿာသပဿာသသည် စိတ်ကြောင့်ဖြစ်သော ဝါ ယောဓာတ်ဖြစ်ပါလျက် အဘယ့်ကြောင့် ကာယသင်္ခါရဟု ဆိုပါသနည်း။

☆ အဃာသပဃာသသည် ကာယနှင့် ကင်းၗ ဘယ်သောအခါမျှ မဖြစ်ဘဲ ကရဇကာယနှင့်သာ စပ်ၗ ဖြစ်သောကြောင့် ကာယသခ်ၸိရဟု ဆိုနိုင်ပါသည်။

> သော ဟိ စိတ္တသမုဋ္ဌာနောပိ သမာနော ကရဇကာယပဋိဗဒ္ဓဝုတ္တိတာယ တေန သခ်ၸိယတိတိ ကာယသခ်ၸိရောတိ ဝုစ္စတိ။

ဟိ၊ မှန်၏။သော၊ ထိုကာယသခ်ၸိရသည်။ စိတ္တသမုဋ္ဌာနော၊ စိတ်ကြောင့် ဖြစ်သည်။ သမာနောပိ၊ ဒြစ်ပြားသော်လည်း။ကရဇကာယပဋိဗဒ္ဓဝုတ္တိတာယ၊ ကရဇကာယနှင့် စပ်ၗ ဖြစ်ခြင်း ရှိသည်၏ အကြစ်ကြောင့်။ တေန၊ ထိုကရဇ ကာယသည်။သခ်ၸိယတိ၊ ပြုပြင်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ကာယသခ်ၸိရောတိ၊ ဟူၗ။ ဝုစ္စတိ၊ ၏။

★ 'သခ်ၸိသုံးတန်၊ တည်ထားခံ၊ ဘုံ စျာန် စိတ် ပုဂ်ခဲ့' ဟူသောလက်ဘအရ သခ်ၸိရသုံးပါးကို ဘုံ, စျာန်, စိတ္တုပ္ပါဒ်, ပုဂ္ဂိုလ်တို့ဖြင့် ခဲ့ခြားဝေဘန်ၗ ပြခဲ့ပါ။

ကာယသခ်ၸိရ

☆ ကာယသခ်ၸိရသည် ကာမတဆဲ့ တဘုံ၊ ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်တို့ဌ်ဖြစ်၏၊ စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ်တဆယ်, ပဋိသန္ဓေစိတ် စုတိစိတ်သည် ကြဉ်အပ်သော ကာမစိတ် လေးဆဲ့ လေးခုတို့ဌ် ဖြစ်၏၊ ပုဂ္ဂိုလ်အားဖြင့် ဗလဝါရမ္ဘကဖြစ်သော ကာမပုဂ္ဂိုလ်ဌ်ဖြစ်၏။

ဝစီသင်္ခါရ

ဝစီသင်္ခါရသည် အသည်သတ်မှုတပါး အားလုံးသောဘုံ တို့၌ဖြစ်၏၊စျာန်အားဖြင့် ပဌမစျာန်, စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ်ကြီ့ ကာမစိတ် လေးဆဲ့လေးပါး၊ ပုဂ္ဂိုလ်အားဖြင့် အသည်သတ်ပုဂ္ဂိုလ်, နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်, သေသောပုဂ္ဂိုလ်မှ တပါး အလုံးစုံသော ကာမ ရူပ အရူပ ပုဂ္ဂိုလ်တို့၌ ဖြစ်၏။

စိတ္တသင်္ခါရ

စိတ္တသင်္ခါရသည် အသည်သတ်ကြီ့သော ဘုံအားလုံး၌ ဖြစ်၏၊စျာန်အားဖြင့် အားလုံးသောစျာန်၊ စိတ္တုပ္ပါဒ်အားဖြင့် ကာမစိတ်(၅၄)ပါး၊ပုဂ္ဂိုလ်အားဖြင့် အသည်သတ်ပုဂ္ဂိုလ်, သေသောပုဂ္ဂိုလ်,နိရောဓသမာပတ်ဝင်စားခိုက်သောပုဂ္ဂိုလ်မှတပါး အားလုံးသောပုဂ္ဂိုလ်၌ဖြစ်၏။

★ ကာယသင်္ခါရ မဖြစ်နိုင်သောဘုံ စျာန် စိတ္တုပ္ပါဒ် ပုဂ္ဂိုလ်တို့ကို အသီးသီးဖော်ပြခဲ့ပါ။

☆ ကာယသင်္ခါရသည် ရူပဘုံအရူပဘုံ၊ စျာန်အားဖြင့် စတုတ္ထစျာန်၊ စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ်တဆယ်, ပဋ္ဌိသန္ဓေစိတ်, စုတိစိတ်၊ အမိုဝမ်းဌ၌ ကိန်းသောပုဂ္ဂိုလ် စသည်တို့၌ မဖြစ်ပါ။

★ ကာယသင်္ခါရသည် ရူပ အရူပ စတုတ္ထစျာန်,ဒွေပဉ္စဝိညာဉ်တဆယ် စသည်နှင့် အမိုဝမ်းကိန်းသော ပုဂ္ဂိုလ် စသည်တို့၌ အဘယ်ကြောင့် မဖြစ်ပါသနည်း။

☆ ရူပ အရူပ စတုတ္ထစျာန်တို့၌ ဓမ္မတာ၏အစွမ်းကြောင့် ကာယသခ်ၢိရ မဖြစ်ပါ၊ ဒေ့ဝဠ္ဆဝိညာဉ်တဆယ်,ပဋ္ဌိသန္ဓေစိတ်, စုတိစိတ်တို့၌ ဒုဗ္ဗလဖြစ်သောကြောင့် စိတ္တဇရုပ်ကိုမဖြစ်စေနိုင်၍ မဖြစ်ပါ။

အမိဝမ်း၌ ကိန်းသောပုဂ္ဂိုလ်, ရေ၌ကိန်းသော ပုဂ္ဂိုလ်တို့၌ အဃာသပဃာသ၏ ချုပ်ရာဖြစ်သောကြောင့် ကာယသခ်ၢိရ မဖြစ်ပါ၊သေသော ပုဂ္ဂိုလ်, မုဏ္ဍာကာလ၌ ဖြစ်သော ပုဂ္ဂိုလ်, နိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်တို့၌ သမုဋ္ဌာပကစိတ် မရှိသောကြောင့် ကာယသခ်ၢိရ မဖြစ်ပါ။

စတုတ္ထစျာန်ဝင်စားသော ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်, အရူပ ပုဂ္ဂိုလ်တို့၌ ဓမ္မတာ၏အစွမ်းအားဖြင့် မဖြစ်ကြပါ။

★ ဝစီသခ်ၢိရော ဟူသောပါဠိ၌ ဝစီအရ,သခ်ၢိရအရ, ဝစီသခ်ၢိရအရတို့ကို အသီးအသီးကောက်ပြခဲ့ပါ။

☆ ဝစီအရ ဝစီဘေဒသဒ္ဒကို, သခ်ၢိရအရ ဝစီဘေဒသဒ္ဒ ကို ဖြစ်စေတတ်သော ဝိတက် ဝိစာရတို့ကို, ဝစီသခ်ၢိရအရ ဝစီဘေဒသဒ္ဒကို ဖြစ်စေတတ်သော ဝိတက်ဝိစာရတို့ကို ကောက် ရပါမည်။

★ ဝိတက်, ဝိစာရတို့ကိုသာ အဘယ်ကြောင့် ဝစီ သခ်ၢိရဟု ခေါ်ရသည်ကို ဖြေဆိုရ ယင်းဝိတက် ဝိစာရတို့ကို အဘယ်ကြောင့် စိတ္တသခ်ၢိရဟု မဆိုသည်ကိုလည်း ရေးခဲ့ပါ။

☆ စကားမပြောမီ ရှေ့အဘို့၌ ဝိတက်ဖြင့် ကြံဆ၍ ဝိစာရဖြင့် ဆင်ခြင်၍ နောက်မှ စကားကို ပြောဆိုရသော ကြောင့် ဝိတက်ဝိစာရတို့ကိုသာ ဝစီသင်္ခါရဟု ဆိုပါသည်၊ ယင်း ဝိတက် ဝိစာရတို့ကို ·ဝစီသင်္ခါရအဖြစ်ဖြင့် အသီးအခြား ယူပြီး ဖြစ်သောကြောင့် စိတ္တသင်္ခါရဟု မဆိုပါ။

ဝိတက္ကဝိစာရာနံ ပန ဝစီသင်္ခါရ ဘာဝေန ဝိဿုံ ဂဟိတတ္တာ ထပေတ္ဝာ ဝိတက္ကဝိစာရေတိ ဝုတ္တံ။ ။(အဋ္ဌ ကထာ)

ပန၊ အထူးကို ဆိုဦးအုံ့။ ဝိတက္ကဝိစာရာနံ၊ တို့ကို။ ဝစီသင်္ခါရ ဘာဝေန၊ ဖြင့်။ ဝိဿုံ၊ အသီးအခြား။ ဂဟိတတ္တာ၊ ကြောင့်။ ထပေ တ္ဝာ ဝိတက္ကဝိစာရေတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

★ ဝစီသင်္ခါရ၏ မဖြစ်နိုင်သော ဘုံ, ဗြာန် စသည်တို့ကို အသီးအသီးဖေါ်ပြခဲ့ပါ။

☆ ဝစီသင်္ခါရသည် ဘုံအားဖြင့် အသညသတ် ဘုံ၊ စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ် တဆယ်၊ ပုဂ္ဂိုလ်အားဖြင့် အသညသတ်ပုဂ္ဂိုလ်, နိရောဓသမာပတ်ဝင်စားခိုက်သောပုဂ္ဂိုလ် သေသောပုဂ္ဂိုလ်တို့၌ မဖြစ်နိုင်ပါ။

★ စိတ္တသင်္ခါရောဟူသောပါဠိ၌ စိတ္တအရ, သင်္ခါရအရ စိတ္တသင်္ခါရအရတို့ကို အသီးအသီးကောက်ပြခဲ့ပါ။

☆ စိတ္တဇအရ-စိတ်တခုယုတ် ကိုးဆယ်၊ အကျယ်တရာ့ နှစ်ဆယ် တပါးကို, သခ်ၸါရအရ-ဝိတက် ဝိစာရကြည်သော စေတသိက်(၅၀)ကို, စိဇ္ဇသခ်ၸါရအရ-ဝိတက် ဝိစာရ ကြည်သော စေတသိက်(၅၀)ကို အရကောက်ရပါမည်။

★ ထပေတ္ဝာ။လ။စိတ္တသခ်ၸါရောပါ၌ဖြင့် ဝိတက်ဝိစာရ ကြည်သော စေတသိက်(၅၀)တို့သည် စိတ္တသခ်ၸါရ မည်ကြောင်း ထင်ရှားပြီးလျက် အဘယ်ကြောင့် 'သညာစ ဝေဒနာစ စိတ္တ သခ်ၸါရော'ဟု ဟောရပါသနည်း။

☆ သညာနှင့် ဝေဒနာတို့သည် ခန္ဓာအထူး ဖြစ်သော ကြောင့် အသီးအခြားပြု၍'သညာစ ဝေဒနာစ စိတ္တသခ်ၸါရော' ဟု ဟောရပါသည်။

(ဝေဒနာနှင့်သညာကိုသာ အသီးအခြားထုတ်ပြီး ဟော ရကြောင်းကို အဘိဓမ္မာဥာဏ်ရောင်ကွမ်းတွင် သိသာအောင် ဋီကာဆရာ၏ အာဘော၀ဖြင့် ရေးခဲ့ပြီ)

★ စိတ္တသခ်ၸါရ ဟူသော အမည်သည် အလုံးစုံသော စေတသိကဓမ္မတို့ဖြင့်ဆက်ဆံသည်ဖြစ်ပါလျက် အဘယ်ကြောင့် 'ထပေတ္ဝာ ဝိတက္ကဝိစာရော'ဟု ဟောပါသနည်းဖြေဆိုရ စိတ္တ သခ်ၸါရအရ စိတ္တဇရူပ်ကိုကောက်ယူသင့်သည် မဟုတ်ပါလော။

☆ ဝိတက်ဝိစာရတို့ကို ဝစီသင်္ခါရ အဖြစ်ဖြင့် အသီးအခြားယူပြီးဖြစ်လေသောကြောင့် ထပေတ္ဝ ဝိတက္ကဝိစာရေ ဟုဟောပါသည်။

စိတ္တသင်္ခါရအရ ကောက်ယူသင့်သော်လည်း ဝိတက်ဝိစာရ ကြည့်သော စေတသိက်(၅၀)၌သာ အထင်ရှင်အားဖြင့် တင်စား၍ စိတ္တသင်္ခါရဟု ခေါ်ဆိုသောကြောင့် စေတသိက်(၅၀) ကိုသာ ကောက်ယူပါသည်။

★ ကာယသင်္ခါရသည် ကာမဘုံ၌သာ ဖြစ်၍ ရူပဘုံ အရူပဘုံတို့၌ အဘယ့်ကြောင့် မဖြစ်သည်ကို ဖြေဆို၍ ပဌမစျာန် – ဒုတိယစျာန် – တတိယစျာန်တို့၌ ကာယသင်္ခါရ ဖြစ်၍ စတုတ္ထစျာန်၌ အဘယ့်ကြောင့် ကာယသင်္ခါရ မဖြစ်ကြောင်းကိုလည်း ဖြေခဲ့ပါ။

☆ ကာမဘုံသည် ထွက်သက် ဝင်သက်တို့၏ ဖြစ်ရာဌာနဖြစ်သောကြောင့် ကာယသင်္ခါရဖြစ်၏၊ ရူပ–အရူပဗြဟ္မာတို့၌ကား ထွက်သက် ဝင်သက် မဖြစ်ခြင်းသည် ဓမ္မတာပင် ဖြစ်သောကြောင့် မဖြစ်ပါ။

ပဌမစျာန်,ဒုတိယစျာန်,တတိယစျာန်ကို ဝင်စားသောပုဂ္ဂိုလ်တို့သည် ထွက်သက်ဝင်သက်နှင့် မကင်းသောကြောင့် ထိုစျာန်များ၌ ကာယသင်္ခါရဖြစ်၏၊ စတုတ္ထစျာန်ဝင်စားသော ကာမပုဂ္ဂိုလ်ကား ကာယသင်္ခါရနှင့်ကင်း၍ ဝင်စားနိုင်ခြင်း ဓမ္မတာပင်ဖြစ်သောကြောင့် ကာယသင်္ခါရ မဖြစ်ပါ။

စတုတ္ထစျာနသမာပန္နာနံ ပန ဓမ္မတာဝေသေနဝ
နေသံ နုပ္ပဇ္ဇနံ တထာ ရူပါရူပဘဝသမင်္ဂိနံ။

စတုတ္ထစျာနသမာပန္နာနံပန၊ အားကား။ ဓမ္မတာဝေသေနဝ၊ ဖြင့်သာလျှင်။ နုပ္ပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ရူပါရူပဘဝသမင်္ဂိနံ၊ ရူပဘဝ အရူပဘဝနှင့် ပြည့်စုံကုန်သော။ နေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ တထာ၊တူ။နုပ္ပဇ္ဇနံ၊ သည်။ ဟောတိ၊၏။

★ ဒွေပဋ္ဌဝိညာဏ်တဆယ်၌ အဘယ်ကြောင့် ကာယသင်္ခါရမဖြစ်သည်ကို ဖြေဆိုရ၍ အသညသတ်ဘုံ၌ ဝစီသင်္ခါရ မဖြစ်ကြောင်းကိုလည်း ဖြေခဲ့ပါ။

☆ ဒွေပဋ္ဌဝိညာဏ် တဆယ်သည် ရုပ်ကိုမဖြစ်စေတတ်သောကြောင့် ကာယသင်္ခါရ မဖြစ်ပါ၊ အသညသတ်ဘုံ၌ ဝစီသင်္ခါရကို ဖြစ်စေတတ်သောစိတ် မရှိသောကြောင့် ဝစီသင်္ခါရ မဖြစ်ပါ။

★ ဒွေပဋ္ဌဝိညာဏ် တဆယ် ဒုတိယစျာန် စသည်တို့၌ ဝစီသင်္ခါရအဘယ်ကြောင့် မဖြစ်သည်ကိုရေး၍ အသညသတ် စသောပုဂ္ဂိုလ်တို့၌ ဝစီသင်္ခါရ မဖြစ်ကြောင်းကိုလည်းရေးခဲ့ပါ။

☆ စျာနင်ကိစ္စ မတပ်သောကြောင့် ဒွေပဋ္ဌဝိညာဏ် တဆယ်၌ ဝစီသင်္ခါရမဖြစ်ပါ၊ ဘာဝနာ၏အစွမ်းဖြင့် ပယ်သောကြောင့် ဒုတိယစျာန်စသည်တို့၌ ဝစီသင်္ခါရ မဖြစ်ပါ။

ဝစီသင်္ခါရကို ဖြစ်စေတတ်သောစိတ် မရှိသောကြောင့် အသည်သတ် စသောပုဂ္ဂိုလ်တို့၌ မဖြစ်ပါ။

★ အဘယ်ကြောင့် ဝစီသင်္ခါရ, စိတ္တသင်္ခါရ မည်ပါသနည်း။

☆ ဝစီဘေဒသဒ္ဒကို ပြုပြင်တတ်သောကြောင့် ဝစီသင်္ခါရ၊စိတ်သည် ပြုပြင်အပ်သောကြောင့် စိတ္တသင်္ခါရမည်ပါသည်။

သင်္ခရောတီတိ သင်္ခါရော၊ကိံ သင်္ခရောတိ၊ ဝစီ၊ ဝစိ ယာ သင်္ခါရောတိ ဝစီသင်္ခါရော၊ ဝစီဘေဒသမုဋ္ဌာပ ကသ ဝတ္ကွ ဝစာရဒ္ဒယသော နာမ။ ။သခရယတ္ထ သင်္ခါရော၊ကေန သင်္ခရိယတိ၊စိတ္တေန၊ကရဏတ္ထေ သာမိ ဝစနံ ကတ္တာ စိတ္တသ သင်္ခါရောတိ စိတ္တသင်္ခါရော၊သဗ္ဗေ သမ္ပဋိ စိတ္တသမုဋ္ဌာနာနံ စေတသိကဓမ္မာနမေတံ အဓိ ဝစနံ။

သင်္ခရောတိ၊ ၏။ ဇုတိ-တသ္မာ၊ ကြောင့်။ သင်္ခါရော၊ မည်၏။ကိံ၊ အဘယ်ကို။ သင်္ခရောတိ၊ နည်း။ ဝစီ၊ ဝစီဘေဒသဒ္ဒကို။ သင်္ခရောတိ၊ ၏။ဇုတိ၊ ဤကားအဖြေတည်း။ ဝစိယာ၊ ဝစီဘေဒသဒ္ဒကို။ သင်္ခါရော၊ပြုပြင်တတ်သည်တည်း။ ဇုတိ-တသ္မာ၊ ကြောင့်၊ ဝစီသင်္ခါရော၊ မည်၏။တေ၊ ဤဝစီသင်္ခါရ ဟူသော အမည်သည်။ ဝစီဘေဒသမုဋ္ဌာ ပကသ၊ဝစီဘေဒသဒ္ဒကို ဖြစ်စေတတ်သော။ ဝ၊တက္ကွ ဝ၊စာရဒ္ဒယသ၊ ၏။နာမံ၊ တည်း။ ။သင်္ခရိယတိ၊ပြုပြင်အပ်၏။ဇုတိတသ္မာ၊ ကြောင့်။

သခ်ၢိရော၊မည်၏။ ကေန၊ သည်။ သခ်ရိယတိ၊ နည်း။ စိတ္တေန၊သည်။ သခ်ရိယတိ၊၏။ ကရဏတ္ထေ၊ ကရိဏီးဝိဘတ်၏ အနက်ဖြစ်သော ကတ္တားအနက်၌။သာမိဝစနံ၊ ဆဋ္ဌိဝိဘတ်ကို။ ကတ္တာ၊ ၍။ စိတ္တသ၊ သည်။ သခ်ၢိရော၊တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ စိတ္တသခ်ၢိရော၊ မည်၏။ ဧတေ၊ သည်။သမ္ဘေသမ္ဘိ၊ လည်းဖြစ်သော။ စိတ္တသမုဋ္ဌာနာနံ၊ ကုန်သော။ စေတသိကဓမ္မာနံ၊ တို့၏။ အဓိဝစနံ၊ တည်း။

အမှာ။ ။ကရဏတ္ထေ ပုဒ်ကို ကတ္တားအနက်ပေးရာ၌ ဋီကာ ထောက်၍ ပေးခြင်းမျှသာတည်း။

(အထက်ပါစကားများအရ သခ်ရိယတေတိ သခ်ၢိ ရော၊ကာယသ္မ သခ်ၢိရော ကာယသခ်ၢိရော၊သခ်ရော တိတိ သခ်ၢိရော၊ ဝစီယာ သခ်ၢိရော ဝစီသခ်ၢိရော။ သခ်ရိယတိတိ သခ်ၢိရော၊ စိတ္တသ သခ်ၢိရော စိတ္တ သခ်ၢိရော ဟု အသီးသီး ဝစနတ္ထပြုပုံကိုလည်း သတိ ပြုကြလေ)

★ ဤသုဒ္ဓသခ်ၢိရဝါရ၌ 'ရူပံ ခန္ဓော, ခန္ဓာ ရူပံ' စသည် ဖြင့် ဟောသကဲ့သို့ မဟောဘဲ အဘယ်ကြောင့် 'ကာယသခ်ၢိ ရော ဝစီသခ်ၢိရော၊ဝစီသခ်ၢိရော ကာယသခ်ၢိရော' စသည်ဖြင့် ဟောရပါသနည်း။

☆ သက်သက် တခုတခုသော ကာယဟူသော ပုဒ်, သခ်ၢိရဟူသောပုဒ်တို့၏ အစွမ်းဖြင့် အလိုရှိအပ်သော အနက် မဖြစ်သင့်သောကြောင့် 'ကာယသခ်ၢိရော ဝစီသခ်ၢိရော'စသည် ဖြင့် ဟောရပါသည်။

သုဒ္ဓိက ဧကေကပဒဝသေန အတ္ထာဘာဝတော။

သုဒ္ဓိကဧကေကပဒဝသေန၊ သက်သက်တခုတခုသော ကာယဟူသောပုဒ်, သင်္ခါရဟူသောပုဒ်တို့၏အစွမ်းဖြင့်။ အတ္ထာဘာဝတော၊ အလိုရှိအပ်သောအနက်၏ မဖြစ်ခြင်းကြောင့်။ ဝုတ္တာနိ၊ ကုန်၏။

ဆိုလိုရင်းကား.....ဤသင်္ခါရယမိုက်၌ သက်သက်သော ကာယစသောပုဒ်, သင်္ခါရစသောပုဒ်တို့၏အစွမ်းဖြင့် လိုရင်းဖြစ်သော ထုက်သက်ဝင်သက်ဟူသောအနက် မဖြစ်နိုင်၊ ပြားသောတည်ရာရှိသည်ဖြစ်၍ ကာယ သင်္ခါရဟူသောပုဒ်နှစ်ခု အပေါင်းသည်သာ လိုအပ်သော ထုက်သက် ဝင်သက်ဟူသော အနက်ကို ရကောင်းသောကြောင့် 'ကာယော သင်္ခါရော' ဟု မဟောဘဲ 'ကာယသင်္ခါရော ဝစီသင်္ခါရော' စသည်ဖြင့် ဟောကြားပါသည်ဟူလို။

★ ပဒသောဓနဝါရ၌ ကာယော ကာယသင်္ခါရော စသည်ဖြင့် သက်သက်သောပုဒ်ဖြင့်အလိုရှိအပ်သော အနက် မရကောင်းဘဲလျက် အဘယ်ကြောင့် ဟောရပါသနည်း။

☆ ပဒသောဓနဝါရ၌ကား အလိုရှိအပ်သော အနက်နှင့်ကင်းရှိလည်း ဖြစ်သင့်သောကြောင့် သက်သက်သောကာယစသောပုဒ်ဖြင့် ကာယော ကာယသင်္ခါရော စသည်ဖြင့် ဟောရပါသည်။

ပဒသောဓနေ ပန ဝိနာပိ အတ္ထေန ဝစနံ ယုဇ္ဇတိတိ တတ္ထ သော နယော ဂဟိတောဝ။

ပဒသောဝနေပန၊ ကား။အတ္ထေန၊ အလိုရှိအပ်သောအနက်နှင့်။ ပဲနာပါ၊လည်း။ ဝစနံ၊ ဟောခြင်းသည်။ ယုဇ္ဇကိ၊ ၏။ ဤကိတသ္မာ၊ ကြောင့်။တတ္ထ၊ထိုပဒသောဝနဝါရ၌။သောနယော၊ ကို။ဂဟိတောဝ၊ တည်း။

★ သုဒ္ဓသခ်ၸါရမူလစက္ကဝါရကိုမဟောခြင်းအကြောင်း ကို ပြဆိုရ၍ ကာယသခ်ၸါရော ဝစီသခ်ၸါရော–စသည်ဖြင့် ဟော သောဝါရကို အဘယ့်ကြောင့် သုဒ္ဓသခ်ၸါရဝါရဟု ခေါ်ပါ သနည်း။

☆ ကာယစသောပုဒ်တို့၏ရင်း, သခ်ၸါရဟူသော ပုဒ်၏ ရင်း တူသော တည်ရာမရှိခြင်းကြောင့် မဟောပါ၊ သုဒ္ဓသခ်ၸါရ ဝါရ၏အရာ၌ ဟောသောကြောင့် သုဒ္ဓသခ်ၸါရဝါရဟု ခေါ်ပါ သည်။

အဌကထာ ယံ ပန သုဒ္ဓသခ်ၸါရဝါရဌာနေ ဝုတ္တတ္တာ
အယံနယော သုဒ္ဓသခ်ၸါရဝါရောတိ ဝုစ္စတေ။ (မူဋီ)

အဌကထာယံပန၊ ၌ကား။ သုဒ္ဓသခ်ၸါရဝါရဌာနေ၊ ၌။ ဝုတ္တတ္တာ' ကြောင့်။ အယံနယော၊ ကို။ သုဒ္ဓသခ်ၸါရဝါရောတိ၊ ဟူ၍။ ဝုစ္စတေ၊ ၏။

ဥဒ္ဒေသပြီး၏။

ပဏ္ဏတ္တိဝါရပြီး၏။

ပဝတ္တိ၀ါရ

★ ဤသခ်ၢါရယမိုက်၌ ပစ္စုပ္ပန်စသော ကာလဘေဒကို အဘယ်၏အစွမ်းဖြင့် ပိုင်းခြားပါသနည်း။

☆ ဤသခ်ၢါရယမိုက်၌ 'အဿာသ ပဿာသာနံ ဥပ္ပါဒကွဏေ၊ ဝိတက္ကဝိစာရာနံ ဥပ္ပါဒကွဏေ' ဟု ဟောသည်ကို ထောက်၍ ပစ္စုပ္ပန်စသော ကာလဘေဒကို ပဝတ္တိ၏ အစွမ်းဖြင့် ပိုင်းခြားပါသည်။

ဣမသ္မိဉ္စိ သခ်ၢါရယမကေ အဿာသပဿာသာနံ ဥပ္ပါဒကွဏေ ဝိတက္ကဝိစာရာနံ ဥပ္ပါဒကွဏေတိ အာဒိ ဝစနတော ပစ္စုပ္ပန္နာဒိကာလဘေဒေါ ပဝတ္တိ၀သေနာပိ ဂဟေတဗ္ဗော။

ဣမသ္မိ၌ သခ်ၢါရယမကေ၊ ၌။ အဿာသပဿာသာနံ ဥပ္ပါဒကွဏေ၀ိတက္ကဝိစာရာနံ ဥပ္ပါဒကွဏေကဲ့အာဒိ၀စနတော၊ဟောတော် မူသောကြောင့်။ ပစ္စုပ္ပန္နာဒိ ကာလဘေဒေါ၊အပြားကို။ပ၀တ္တိ၀သေ နာပိ၊ဖြင့်လည်း။ ဂဟေတဗ္ဗော၊ ၏။

★ အောက်ခန္ဓယမိုက်လာ သြကာသနှင့် ဤသခ်ၢါရယမိုက်လာ သြကာသတို့၏အထူးကို ဖေါ်ပြ၍ အဘယ်ကြောင့် စျာန်ကို သြကာသဟု ဆိုရပါသနည်း။

☆ အောက်ခန္ဓယမိုက်လာ သြကာသကား ဘုံကိုသာ သြကာသအဖြစ်ဖြင့် ယူရပါသည်၊ ဤ၌ စျာန်နှင့်ဘုံ နှစ်ပါးကို သြကာသအဖြစ် ယူရပါသည်။

စျာန်ကိုသြကာသဆိုခြင်း

သခ်ၸါရတို့၏ တည်ရာဖြစ်သောကြောင့် စျာန်ကို သြကာသ ဟုခေါ်ဆိုပါသည်။

★ စျာန်နှင့်ဘုံကို သြကာသဟုဆိုရာ ၎င်းတို့၏သြကာသ ခေါ်ဆိုပုံကို ရေးခဲ့ပါ။ (အထူးကို မေးနိုင်သေးသည်)

☆ သခ်ၸါရတို့၏ တည်ရာ ဖြစ်သောကြောင့် စျာန်ကို သြကာသဟု ခေါ်၏၊ ပုဂ္ဂိုလ်တို့၏ တည်ရာ ဖြစ်သောကြောင့် ဘုံကို သြကာသဟု ခေါ်၏။

သခ်ၸါရာနံ ပုဂ္ဂလာနဉ္စ သြကာသတ္တာ စျာနံ ဘူမိစ ဝိသုံ သြကာသဘာဝေန ဂဟိတာ။

သခ်ၸါရာနံ၊ တို့၏၎င်း။ ပုဂ္ဂလာနဉ္စ၊ တို့၏၎င်း။ သြကာသတ္တာ၊ တည်ရာ၏အဖြစ်ကြောင့်။စျာနံ၊ ကို၎င်း။ ဘူမိစ၊ ကို၎င်း၊ သြကာသ ဘာဝေန အဖြစ်ဖြင့်။ဂဟိတာ၊ ယူအပ်ကုန်၏။

★ အတီတပစ္စုနိုက်ဝစီမူလိ၌ ပဋ္ဌိသန္ဓေကပင် ဝစီမဖြစ်ဘူး သောကြောင့် 'သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ' ဟု ဟောသင့်လျက် အဘယ်ကြောင့် 'သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ' ဟုဟောပါ သနည်း။

☆ ပဋ္ဌိသန္ဓေကပင် ဝစီမဖြစ်ဘူးသော်လည်း အကြင်မျှလောက် မရောပြွမ်းသောဝိပါက်စိတ် ဖြစ်၏၊ ထိုမျှလောက် ဝစီမဖြစ်ဘူးသည်သာတည်းဟူသောအနက်အဓိပ္ပါယ်ကိုပြလိုသောကြောင့် 'သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ'ဟုဟောပါသည်။

ယာဝ ပန အဇ္ဈောကိဏ္ဏံ ဝိပါကစိတ္တံ ဝတ္တတိ၊ တာဝ နုပ္ပဇ္ဇိတ္ထေ၀ နာမသတိ ဒဿနတ္ထမေတံ ဝုတ္တံ။

ယာဝ၊ လောက်။ အဇ္ဈောကိဏ္ဏံ၊ မရောပြွမ်းသော။ ဝိပါကစိတ္တံ၊ သည်။ဝတ္တတိ၊၏။ တာဝ၊လောက်။နုပ္ပဇ္ဇိတ္ထေ၀နာမ၊ ဖြစ်ဘူးပြီမဟုတ်သည်မည်သည်သာလျှင်။ ဟောတိ၊ ၏။ ဧကတိဂမဿအတ္ထသ၊ ကို။ ဒဿနတ္ထံ၊ငှါ။ တေ၊ကို။ဝုတ္တံ၊၏။

★ ကာယသင်္ခါရသည် အာဘယ်စိတ်မှစ၍ မဖြစ်သည်ကိုဖေါ်ပြ၍ အောက်ပါသုဒ္ဓါ၀ါသပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်ဘုံ၌ မည်သည့်သင်္ခါရအရ ဖြစ်ဘူးပြီးပြီကိုလည်း ဖေါ်ထုတ်ပြခဲ့ပါ။

(က) ပဋ္ဌိသန္ဓေ နောင် ပဌမဘုံမှစ၍ မနောဒ္ဓါရုဝင်္ဂန်းတိုင်အောင်၊

(ခ) ဘ၀နိကန္တိကပဌမဇော်မှစ၍ စုတိတိုင်အောင်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ၊

☆ ကာယသင်္ခါရသည် ပစ္ဆိမဘ၀ိကဖြစ်အံ့၊ ဒုတ္တိံသမစိတ်မှစ၍မဖြစ်၊ ကြွင်းသောပုဂ္ဂိုလ်မျှားဖြစ်အံ့၊ ဒုတ္တိံသမစိတ်ထက်အလွန် အမှတ်မရှိ တခုခုသောစိတ်မှစ၍ မဖြစ်ပါ။

(က) စိတ္တသခ်ၸါရသာ ဖြစ်ဘူးပြီးပြီ။
(ခ) ဝစီသခ်ၸါရ,စိတ္တသခ်ၸါရနှစ်ပါးစုံဖြစ်ဘူးပြီးပြီ။

★ အဃာသ ပဃာသ ကင်းသော ပဌမစျာန်သည် အဘာယ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သည်ကိုရေး၍ မိမိဖြစ်ခိုက် သောဘုံ၌ စိတ္တသခ်ၸါရမဖြစ်ဘူးသေးသော ပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာသြကာသနှင့်တကွ ညွှန်ပြခဲ့ပါ။

☆ အဃာသပဃာသကင်းသော ပဌမစျာန်သည် ရူပ အရူပပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်ပါသည်။

ရူပါဝစရ ပဉ္စမစျာန် ပဋိသန္ဓေတခု စေတသိက် တိ ံသတို့၏ ခဏတ္တယသမဋ္ဌိဟု ဆိုအပ်သော အနာဂါမိ ဖလဌာန်ပုဂ္ဂိုလ်တို့ အား သုဒ္ဓါဝါသငါးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊အသညသတ် ဥပပဇ္ဇန် စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသတို့ ဖြစ်၏။

ဝိနာ အဃာသ ပဃာသေဟိတိ ရူပါရူပဘဝေသု နိဗ္ဗတ္တသတ္တာနံ ဝိတက္ကဝိစာရပ္ပတ္တိ ံ သန္ဓာယ ဝုတ္တံ။

ဝိနာ အဃာသပဃာသေတိတိ၊ ဟိ ဟူသောစကားရပ်ကို။ ရူပ၊ရူပဘဝေသု၊ ရူပဘုံ အရူပဘုံဘို့၌။ နိဗ္ဗတ္တသတ္တာနံ၊ တို့အား။ ဝိတက္ကဝိစာရပ္ပတ္တိ ံ၊ ဝိတက် ဝိစာရတို့၏ ဖြစ်ခြင်းကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။

★ အောက်ပါ ပုဂ္ဂိုလ်တို့အား ဖြစ်ဆဲ သခ်ၸါရများကို အသီးအသီးဖေါ်ပြခဲ့ပါ။

(က) အဿာသ ပဿာသ ရဟိတ သဝိတက္က သဝိစာရ စိတ္တသမ္ဓိ။

(ခ) အဿာသ ပဿာသ သဟိတ အဝိတက္က အဝိစာရ စိတ္တသမ္ဓိ။

(ဂ) အဿာသ ပဿာသ ရဟိတ အဝိတက္က အဝိစာရ စိတ္တသမ္ဓိ။

(ဃ) အဿာသ ပဿာသ သဟိတ သဝိတက္က သဝိစာရ စိတ္တသမ္ဓိ။

☆ (က) ဝစီသင်္ခါရ စိတ္တသင်္ခါရ

(ခ) ကာယသင်္ခါရ စိတ္တသင်္ခါရ

(ဂ) စိတ္တသင်္ခါရ

(ဃ) ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ

★ မရ ဏာ သန္ဓ ဇော ကျ သော အခါ သတ္တဝါတို့ အသက်ရှ-မရှ သင်္ခါရယမိုက်ပါဦးတော်ကို ထောက်၍ ဆုံးဖြတ်ပြီးလျှင် (က) ကာယသင်္ခါရဖြစ်လတ္တံ့ ပုဂ္ဂိုလ် (ခ) မဖြစ်လတ္တံ့ သောပုဂ္ဂိုလ်တို့ကို အရကောက်အတိုင်းဖေါ်ပြခဲ့ပါ။

☆ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပဋ္ဌမ စိတ္တံ ဥပ္ပဇ္ဇိဿတိ–ဟူသော သင်္ခါရယမိုက်ပါဦးတော်ကို ထောက်ဆ၍ ပဋ္ဌမစိတ်မှပြန်၍ရေတွက်သော်အဆုံးစွန်သော အဿာသ

ပဿာသနှင့် တကွ ဖြစ်သော တေတွေ့သမစိတ်မှသည် ပစ္ဆိမ စိတ်တိုင်အောင် အဿာသ ပဿာသ ကင်းသော ကြောင့် မရဏာသန္နဇောကျသောအခါ သတ္တဝါတို့ အသက်မရှုပါ။

(က) ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွဖြစ်သော တေတွေ့သမ စိတ်၏ အနန္တရ တိုင်အောင် ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်၊ ကာမသုဂတိခုနစ်ဘုံမှ ရူပါဝစရ အရူပါဝစရ ဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အဿာသ ပဿာသနှင့် တကွ ဖြစ်သောစိတ်၏ အနန္တရတိုင်အောင် ကာမာဝစရပုဂ္ဂိုလ်၊ ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသူ ဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ကာမာဝစရပုဂ္ဂိုလ်၊သုဒ္ဓါဝါသမှတပါး ရူပါဝစရ–အရူပါဝစရ ပုဂ္ဂိုလ်တို့ ဖြစ်၏။

(ခ) တိဟိတ်စုတိတေရသ။လ။ ပစ္ဆိမ စိတ်၏ ခဏတ္တယသမဂ္ဂီဟုဆိုအပ်သော ကာမာဝစရ ရူပါဝစရ အရူပါဝစရပစ္ဆိမ ဘဝိကပုဂ္ဂိုလ်၊ တတိယစျာန်ဝိပါက်, စတုတ္ထစျာန်ဝိပါက်,ပဉ္စမ စျာန်ဝိပါက်, အရူပဝိပါက် လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇော နောင်စုတိဖြစ်အံ့ ပဉ္စမဇော၏ ခဏတ္တယသမဂ္ဂီ၊ ဘဝင် နောင် စုတိဖြစ်အံ့ ပဉ္စမဇော ဘဝင်တို့၏ ခဏတ္တယသမဂ္ဂီ ဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ, အရဟတ္တဖလဌာန် ပုဂ္ဂိုလ်တို့ ဖြစ်၏။

★ ဤ သခ်ၤါရယမိုက် အတီတပုဂ္ဂလဝါရ၌ အောက်ယမိုက်မျှားကဲ့သို့ ပုထုဇန်လေးယောက်, ဖလဌာန်ပုဂ္ဂိုလ် လေးယောက်ကိုသာ အရကောက်သကဲ့သို့မဟုတ်ဘဲ အဘယ်ကြောင့် မဂ်ပုဂ္ဂိုလ်လေးယောက်ကိုပါ အရကောက်ရပါသနည်း။

☆ ဤသခ်ၤါရယမိုက် အတီတပုဂ္ဂလဝါရဝယ် အတိတ်ကာလကို စုတိပဋိသန္ဓေတို့၏အစွမ်းဖြင့်ရင်း, စုတိပဋိသန္ဓေတို့၏ အကြားခ်ဳပ် ပဝတ္တိ၏ အစွမ်းဖြင့်ရင်း ပိုင်းခြားအပ်လေသောကြောင့် မဂ်ပုဂ္ဂိုလ်လေးယောက်ကိုပါ ထည့်သွင်းကောက်ရပါသည်။

အမှာ။ ။အောက်ခန္ဓယမိုက်စသည်ဘို့၏ အတီတပုဂ္ဂလဝါရတို့၌ အတိတ်ကာလကို စုတိပဋိသန္ဓေတို့၏ အစွမ်းဖြင့်သာ ပိုင်းခြားရကား စုတိပဋိသန္ဓေအားဖြင့် မဖြစ်သော မဂ်ပုဂ္ဂိုလ် လေးယောက်ကို အရမကောက် ဟုမှတ်။

★ "သုဒ္ဓါဝါသ၊ ပုဂ္ဂလ၊ မရဘူးနှစ်ဖြာ" ဟူသော စကားသည် အဘယ်တို့၏ အစွမ်းအားဖြင့် ပိုင်းခြားအပ်သော ကာလကိုရည်၍ ဆိုသည်ကို သေချာစွာဖေါ်ပြခဲ့ပါ။

☆ ဤစကားသည် စုတိပဋိသန္ဓေတို့၏အစွမ်းဖြင့် ပိုင်းခြားအပ်သောအတိတ်ကာလကိုသာရည်၍ဆိုခြင်းဖြစ်ပါသည်၊ ပဝတ္တိ၏အစွမ်းဖြင့် ပိုင်းခြားအပ်သော အတိတ်ကာလ၌ကား ယင်း သုဒ္ဓါဝါသပုဂ္ဂိုလ်တို့သည် ဖြစ်ဘူး,ချုပ်ဘူးနှစ်မျိုးလုံးပင် ရပါသည်။

★ ရူပ,အရူပဘုံတို့၌ ကာယသခ်ၢိရ မရဟု ဆိုလျက် စျာန်ဝင်စားသော အချို့ ရူပါဝစရ,အရူပါဝစရပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် ကာယသခ်ၢိရ ဖြစ်ဘူး ချုပ်ဘူးရသည်ဟု ဆိုပြန်သနည်း။

☆ ဤအရာကား ဘုမ္မောကာသဖြင့် မှတ်သော အရာမဟုတ်၊ စျာနောကာသဖြင့်သာ မှတ်သောအရာ ဖြစ်သောကြောင့် ရှေးကာမာဝစရဘုံ၌ ပဌမစျာန်, ဒုတိယစျာန်,တတိယစျာန်ကို ဝင်စားစဉ် ကာယသခ်ၢိရ ဖြစ်ဘူး ချုပ်ဘူးခဲ့သောကြောင့် ယင်းပုဂ္ဂိုလ်တို့၌ ရကြခြင်းဖြစ်ပါသည်။

★ တေတ္တိံသမစိတ်,ပစ္ဆိမစိတ်တို့ကို ဖေါ်ပြခဲ့ပါ။

☆ စုတိစိတ်မှ ပဋိသန္ဓေလောမအားဖြင့် ပြန်၍ရေတွက်သည် ရှိသော် သုံးဆဲသုံးခုမြောက်ဖြစ်သော စိတ်ကို တေတ္တိံသမစိတ်ဟု ခေါ်ပါသည်။

အရဟာတ္တဖလဌာန်ပုဂ္ဂိုလ်၏စုတိစိတ်ကို ပစ္ဆိမစိတ်ဟု ခေါ်ပါသည်။

အမှာ။ ။အခြားစိတ်ကိုမမှတ်ဘဲ ဤတေတ္တိံသမစိတ်ကို မှတ်ရခြင်းကား စိတ္တဇရူပ်တို့သည် စုတိစိတ်မှ ပဋိသန္ဓေလောမအားဖြင့် ပြန်၍ ရေတွက်သည် ရှိသော် သုံးဆဲ နှစ်ခုမြောက် ဒုတိံသမစိတ်မှ စ၍ မဖြစ်နိုင်သောကြောင့် ကာယသခ်ၢိရသည် ဒုတိံသမစိတ်မှ မဖြစ်နိုင်၊ တေတ္တိံသမစိတ်၌ စိတ္တဇရူပ် ဖြစ်နိုင်၍ ကာယသခ်ၢိရလည်း

ဖြစ်ဆဲလည်း ရသောကြောင့် ပဋိသန္ဓေစိတ်မှ သည်တော့်သမစိတ်၏ အနန္တရဖြစ်သော စုတေတ္တိ သမစိတ် တိုင်အောင် ကာယသင်္ခါရ ဖြစ်လတ္တံ့ရသောကြောင့် တော့်သမစိတ်ကိုသာ မှတ်ရပါသည်။

★ အဘယ့်ကြောင့် ပစ္ဆိမစိတ်ဟု ခေါ်ပါသနည်း၊ အဘယ်စိတ်ကို အနန္တရဟု ခေါ်သည်ကိုလည်း ရေးခဲ့ပါ။

☆ အနမတဂ္ဂသံသရာမှစ၍ ဖြစ်ပေါ်လာသော စိတ်ဟူသမျှတို့တွင် နောက်ဆုံးစိတ်ဖြစ်သောကြောင့် ပစ္ဆိမစိတ်ဟု ခေါ်ပါသည်။

စိတ္တနိယာမ၏ အစွမ်းအားဖြင့် အစဉ်အတိုင်း ဖြစ်သော ရှေစိတ် နောက်စိတ်တို့တွင် မိမိ၏အခြားမဲ့ခ်ဖြစ်သော စိတ်ကို အနန္တရဟု ခေါ်ပါသည်။

★ ရူပါဝစရ ဖြစ်ပြန်ကောင်းသောပုဂ္ဂိုလ်တို့အား ရူပတဆဲ့ခြောက်ဘုံရှိလျက် ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံကိုသာ အဘယ့်ကြောင့် သတ်မှတ်ရပါသနည်း။

☆ စိဇ္ဇသင်္ခါရဖြစ်နိုင်သော ရူပါဝစရ တဆဲ့ငါးဘုံတို့တွင် သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်ကို မရသောကြောင့် ရူပါဝစရဆယ်ဘုံကိုသာ သတ်မှတ်ရပါသည်။

မှတ်ချက်။ ။'ဖြစ်လတ္တံ့ကို၊ မရဆို၊ ပုဂ္ဂိုလ်သုဒ္ဓါဝါ' ဟူသော နိယံ၏ အဓိပ္ပါယ်ကို ရှင်းခဲ့ပါ၊ဆိုကလည်း အတူတူပင်။

★ အောက်ပါအတိတာနာဂတ ဝိဘင်းပါဌိတော်တို့၏ ဆိုလိုသောအဓိပ္ပါယ်ကို ဖေါ်ပြခဲ့ပါ။

(က) သဝိတက္က သဝိစာရဘူမိ
(ခ) အဝိတက္က အဝိစာရဘူမိ
(ဂ) သဝိတက္က သဝိစာရဘူမိ ပစ္ဆိမစိတ္တသမင်္ဂီ
(ဃ) အဝိတက္က အဝိစာရဘူမိ စိတ္တသမင်္ဂီ

☆ (က) ဝိတက်ဝိစာရတို့၏ဖြစ်ရာ ပဌမစျာန်ဟု ဆိုအပ်သောစျာနောကာသ၊ ကာမတဆဲ့တဘုံ အသညသတ်ကြဉ် သောရူပတဆဲ့ငါးဘုံ,အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသကို ဆိုပါသည်။

(ခ) ဒုတိယစျာန်,တတိယစျာန်, စတုတ္ထစျာန်ဟု ဆိုအပ်သောစျာနောကာသကို ဆိုသည်။

(ဂ) ကာမ ရူပ အရူပဘုံတို့၌ ဖြစ်နိုင်သော တိဟိတ်စုတိ တေရဃ စေတသိက် ပဉ္စတိ သတို့၏ ခဏတ္တယသမင်္ဂီ၊ ကာမ ရူပ အရူပ အရဟတ္တဖလဌာန်ပုဂ္ဂိုလ်၊ ပဌမစျာန်ကို မဝင်စားလတ္တံ့ သောသူဖြစ်အံ့၊ အဆုံးစျာန်၏ ခဏတ္တယသမင်္ဂီ၊ စျာန်ဝင်စားသော ကာမ,ရူပ အရူပပုဂ္ဂိုလ်တို့ကို ဆိုပါသည်။

(ဃ) ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန် တို့ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစျာန်၏ ခဏတ္တယသမင်္ဂီ စျာန်ဝင်စားသော ကာမ ရူပ အရူပပုဂ္ဂိုလ်တို့ကို ဆိုသည်။

★ "ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမ စိတ္တံ ဥပ္ပဇ္ဇိဿတိ"၌ 'ပစ္ဆိမစိတ္တံ'ဟုဆိုသောကြောင့် ရဟန္တာ၏ စုတိစိတ်ကိုသာ ယူသင့် မယူသင့် အကြောင်းပြဖြေဆိုပါ။

ရူပ အရူပဘုံသို့ကပ်၍ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ကာမာဝစရ စုတိစိတ်၏လည်း ကာယသင်္ခါရကို မဖြစ်စေ နိုင်သောကြောင့် ရဟန္တာ၏ စုတိကိုသာ မယူသင့်ပါ၊ ရူပါရူပဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမပုဂ္ဂိုလ်တို့၏ စုတိကိုလည်း ယူသင့်ပါသည်။

★ ပစ္ဆိမစိတ္တံအရ ရူပါရူပဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမပုဂ္ဂိုလ်တို့၏ စုတိကိုပါ ယူနိုင်လျက် "ယေစ ရူပါဝစရံ အရူပါဝစရံ"ကို အဘယ်ကြောင့် ဟောပါသနည်း။

☆ သဘာဝဓမ္မအရ မထူးသော်လည်း သဒ္ဒါပုဒ် ထူးသောကြောင့် ပစ္ဆိမစိတ္တံအရ ရူပါရူပဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမပုဂ္ဂိုလ်တို့၏ စုတိကိုပါ ယူနိုင်သော်လည်း 'ယေစ ရူပါဝစရံ' စသည်ကို ဟောပါသည်။

★ "ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမ စိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ"၏အရ ဇောနောင်စုတိ, တဒါရုံနောင်စုတိ, ဘဝင်နောင်စုတိကျသော ပုဂ္ဂိုလ်တို့တွင် အဘယ်ကို ယူရမည်ဟု အကြောင်းပြဖြေဆိုခဲ့ပါ။

☆ အဝိတက္က အဝိစာရ ပစ္ဆိမစိတ်ဟူသည် ရူပပဋိမစျာန် ဝိပါက်, အရူပဝိပါက်တို့ ဖြစ်ပါသည်၊ ၎င်းတို့မှာလည်း ရူပ

အရူပ ဘုံတို့ဌာသာ ဖြစ်ကြပါသည်၊ ရူပ အရူပ ဘုံတို့ဌာလည်း တဒါရုံ မဖြစ်သင့်ပါ၊ ထို့ကြောင့် ဇောဘဝင်နောင် ကျသော ပုဂ္ဂိုလ်ကိုသာ ယူရပါမည်။ တဒါရုံနောင်စုတိကျသောပုဂ္ဂိုလ်ကို မယူရပါ။

★ အနာဂတ ပုဂ္ဂလောကာသ "ပဌမစျာနံ သမာပန္နာနံ"အရ မဂ်ပဌမစျာန်တို့မှာ တကြိမ်သာဖြစ်၍ နောက်ထပ် မဖြစ်သောကြောင့် မကောက်သင့်ဘဲလျက် အဘယ့်ကြောင့် ပဌမစျာန်ဇောနှစ်ဆယ်ဟု ကောက်ပါသနည်း။

☆ တကြိမ်သာဖြစ်သော်လည်း အကျိုးဖြစ်သော ဖိုလ် ပဌမစျာန်နှင့် သဟစရဏအားဖြင့် အခြားမဲ့ဖြစ်၍ ဖိုလ်ပဌမ စျာန်ဌာ ဖြစ်လတ္တံ့သောကြောင့် ပဌမစျာန်ဇော နှစ်ဆယ်ဟု ကောက်ပါသည်။

သခ်ၤရယမိုက်ပြီး၏။

အနုသယ ယမိုက်

★ သခ်ၢိရယမိုက်၏ အခြားမဲ့၌ အဘယ်ကြောင့် အနုသယယမိုက်ကို ဟောပါသနည်း။

☆ မူလယမိုက်၌ ဟောကြားအပ်ကုန်ပြီးသော ကုသိုလ်စသောတရားတို့ကိုသာလျှင် ရှင်သည်အားလျော်စွာ တစိတ်တဒေသမျှကို သိမ်းကျုံး၍ သခ်ၢိရယမိုက်၏ အခြားမဲ့၌ အနုသယ၏အစွမ်းဖြင့် ဟောကြားတော်မူလိုသောကြောင့် အခြားယမိုက်ကိုမဟောဘဲ အနုသယယမိုက်ကို ဟောရပါသည်။

ဣဒါနိ တေသညေဝ မူလယမကေ ဒေသိတာနံ ကုသလာဒိဓမ္မာနံ လဗ္ဘမာနဝသေန ကေဒေသံ သင်္ဂဏှိတ္မာ သခ်ၢိရယမကာနန္တရံ ဒေသိတသ အနုသယယမကသ အတ္ထဝဏ္ဏနာ ဟောတိ။ (အဋ္ဌကထာ)

ဣဒါနိ၊ ၌။ မူလယမကေ၊ ၌။ ဒေသိတာနံ၊ ကုန်သော။ တေသညေဝ ကုသလာဒိဓမ္မာနံ၊ တို့ကိုသာလျှင်။ လဗ္ဘမာနဝသေန၊ ရှင်သည်၏ အစွမ်းအားဖြင့်။ ကေဒေသံ၊ ကို။ သင်္ဂဏှိတ္မာ၊ ပေါင်း၍။ သခ်ၢိရယမကာနန္တရံ၊ ၌။ ဒေသိတသ၊ သော။ အနုသယ ယမကသ၊ ၏။ အတ္ထဝဏ္ဏနာ၊ သည်။ ဟောတိ၊ ၏။

★ ကတ္ထကာမရာဂါနုသယော အနုသေတိ၏ အဓိပ္ပါယ်နှင့် အနုသေတိ အနုရူပံကရဏံ လဘိတ္မာ ဥပ္ပဇ္ဇတိ တို့၏အဓိပ္ပါယ်ကို စုံလင်စွာ ဖော်ပြခဲ့ပါ။

☆ အဓိပ္ပါယ်ကား.....ကာမဘုံကို တပ်တတ်သော လောဘစေတသိက်ဟုဆိုအပ်သော ကာမရာဂါနုသယသည်-

(၁) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်,သောတာပန်,သကဒါဂါမ်၌ ဖြစ်၏၊ အနာဂါမ် ရဟန္တာ၌ မဖြစ်။

(၂) ပယ်, မပယ်အားဖြင့်ကား သောတာပတ္တိမဂ္ဂဋ္ဌာန်, သကဒါဂါမိမဂ္ဂဋ္ဌာန်၌ ဖြစ်၏၊ အနာဂါမိမဂ္ဂဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်၌ မဖြစ်။

(၃) ဌာနဟူသောဘုံအားဖြင့်ကား ကာမတဆဲ့တဘုံဟုဆိုအပ်သော ကာမဓာတ်၌သာ အာရုံပြုသောအားဖြင့် ဖြစ်၏။

(၄) ဝေဒနာအားဖြင့်ကား ကာမသုခဝေဒနာ တဆဲ့ကိုးခု, ကာမဥပေက္ခာဝေဒနာယုံးဆဲ့နှစ်ခု၌ဖြစ်၏။

အစိတ်အစိတ်ဝေဘန်ပုံ

လောဘမူသောမနသိကလေးခု ဥပေက္ခာ လေးခုတို့၌ အာရုံပြုသောအားဖြင့်ရင်း သဟဇာတ်အားဖြင့်ရင်း ဖြစ်၏၊ ကြင်းသော ဝေဒနာ လေးဆဲ့သုံးခု၌ကား အာရုံပြုသောအားဖြင့်သာ ဖြစ်၏၊ ထိုသို့ဖြစ်သော်လည်း ဝေဒနာချည်းမဖြစ်ကောင်း၊သဟဇာတ်တရားနှင့် တကွ ဖြစ်ကောင်း သောကြောင့် ကာမသုခ သဟဂုတ်စိတ္တုပ္ပါဒ်, ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ် သဘာဝ

ဝိပရိတ ဂ္ဂဒ္ဒမဇ္ဈတ္တဖြစ်သောရူပ်တို့၌ အာရုံပြုသော အားဖြင့်ရင်း သဟဇာတ်အားဖြင့်ရင်း, ဖြစ်၏။

အနုသေတိ (လ) ဥပဓိတို၏ အဓိပ္ပါယ်

အနုသယသည် ပစ္စုပ္ပန် ဥပါဒ်, ဌီ, ဘင်အားဖြင့်ဖြစ်သည်ရှိစေ၊ မဖြစ်သည်ရှိစေ၊ အကြင်မျှလောက်သောကာလပတ်လုံး မဂ်ဖြင့် မပယ်ရသေး၊ ထိုမျှလောက်သော ကာလပတ်လုံး မပယ်ရသေးသဖြင့် ဖြစ်လေပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ဟူသော ကာလသုံးပါးဖြင့် ဆိုအပ်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်ကို သုံးသပ်တော်မူဦးဘဲ ဌာနဟူသော ဘုံကိုသာ သုံးသပ်တော်မူသော အားဖြင့် 'ကတ္ထ ကာမရာဂါ နုသယော အနုသေတိ' ဟု မေးတော်မူဦး၍ ကာမဘုံ ကောဒသဟု ဆိုအပ်သော ကာမဓာတ်, ကာမသုခ ဝေဒနာ, ကာမ ဥပေက္ခာဝေဒနာ တို့ကိုသာ ပဋ္ဌာနပြုသော အားဖြင့် 'ကာမ ဓာတုယာ ဒ္ဒိသု ဝေဒနာသု ဇတ္ထ ကာမရာဂါ နုသယော အနုသေတိ' ဟု ဖြေတော်မူ၏။

အမှာ။ ။အခြားအနုသေတိလည်း ဤနည်းနှင်နှင်ပင်တည်း။

★ "ကတ္ထ ပဋ္ဌိယာနုသယော အနုသေတိ" ၏အဓိပ္ပါယ်နှင့် အနုသေတိ။လ။ဥပဓိတို၏အဓိပ္ပါယ်ကို စုံလင်စွာရေးခဲ့ပါ။

☆ အဓိပ္ပါယ်ကား....ပဋ္ဌိယဒ္ဒေါ၌ရှိသော ဒေါသစေတသိက်ဟုဆိုအပ်သော ပဋ္ဌိယာနုသယသည်-

(၁) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်၌ ဖြစ်၏၊ အနာဂါမ် ရဟန္တာ၌ မဖြစ်။

(၂) ဝေဒနာအားဖြင့်ကား ဒေါမနဿဝေဒနာ နှစ်ပါး, ဒုက္ခဝေဒနာတပါးဟူသောဝေဒနာသုံးပါးဖြစ်၏။

အစိတ်အစိတ်ဖြစ်ပုံ

ထိုသို့ဖြစ်သည်ရှိသော် ဒေါမနဿဝေဒနာနှစ်ပါးဌာ အာရုံပြုသောအားဖြင့်ရင်း, သဟဇာတ်အားဖြင့်ရင်း ဖြစ်၏။ ဒုက္ခဝေဒနာဌာကား အာရုံပြုသောအားဖြင့်သာ ဖြစ်၏။ ထိုသို့ ဖြစ်သော်လည်း ဝေဒနာချည်းသာမဖြစ်ကောင်း၊သဟဇာတ်တရားတို့နှင့်လည်း တကွ ဖြစ်ကောင်းသောကြောင့် ဒေါသမူဒ္ဓေ စိတ္တုပ္ပါဒ်, ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ္တုပ္ပါဒ်, သဘာဝ ဝိပရိတ အနိဋ္ဌဖြစ်သောရုပ်တို့ဌာလည်း အာရုံပြုသောအားဖြင့်ရင်း,သဟဇာတ်အားဖြင့်ရင်း ဖြစ်၏။

'အနုသေတိ အနုရူပံ ကရဏံ ဥပဇ္ဇတိ'၏အဓိပ္ပါယ်ကား.... အထက်ပါနှင့် တူပြီ၊ ထို့ကြောင့် ပုဂ္ဂိုလ်ကို သုံးသပ်တော်မမူဦး ဘဲ ဌာနဟူသောဘုံကိုသာ သုံးသပ်တော်မူသောအားဖြင့် 'ကတ္ထ ပဋိဃာနုသယော အနုသေတိ'ဟု မေးတော်မူဦး၍ ဒုက္ခဝေဒနာ သုံးပါးကိုသာ ပဌာနပြုတော်မူသောအားဖြင့် 'ဒုက္ခာယ ဝေဒ နာယ ဇတ္ထ ပဋိဃာနုသယော အနုသေတိ'ဟု ဖြေတော်မူ၏။

★ 'ကတ္ထ မာနာနုသယော အနုသေတိ'ဟူသောပါဠိ၏ အဓိပ္ပါယ်နှင့် အနုသေတိ။လ။ဥပဇ္ဇတိအဓိပ္ပါယ်တို့ကို စုံလင်စွာ ဖေါ်ပြခဲ့ပါ။

☆ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခုဟ်သာယှဉ်သော မာနစေတသိက်ဟု ဆိုအပ်သော မာနာနုသယသည်-

(၁) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်,သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ဟ်ဖြစ်၏၊ရဟန္တာဟ်မ ဖြစ်။

(၂) ပယ် မပယ်အားဖြင့်ကား သောတာပတ္တိ မဂ္ဂဟ်ဘန်, သကဒါဂါမိမဂ္ဂဟ်ဘန်,အနာဂါမိမဂ္ဂဟ်ဘန်ဟ်သာဖြစ်၏၊ အရဟတ္တမဂ္ဂဟ်ဘန်ဟ် မဖြစ်။

(၃) ဘုံအားဖြင့်ကား ကာမဘုံ ကောဒသဟုဆိုအပ်သော ကာမဓာတ်,ရူပဘုံသောဌသဟုဆိုအပ်သောရူပဓာတ်, အရူပလေးဘုံ ဟုဆိုအပ်သော အရူပဓာတ် ဤဓာတ်သုံးပါးဟ် အာရုံပြုသောအားဖြင့် ဖြစ်၏။

(၄) ဝေဒနာအားဖြင့်သော်ကား ကာမသုခဝေဒနာတဆဲ့ကိုးခု,ကာမဥပေက္ခာဝေဒနာသုံးဆဲ့နှစ်ခုတို့ဟ် ဖြစ်၏။

အစိတ်အစိတ်ဖြစ်ပုံ

ထိုသို့ဖြစ်သည်ရှိသော်လည်း လောဘမူသောမနသ နှစ်ခု, ဥပေက္ခာနှစ်ခုတို့ဟ် အာရုံပြုသောအားဖြင့်ရင်း,သဟဇာတ်အားဖြင့်ရင်း ဖြစ်၏၊ ကြင်းသော ဝေဒနာလေးဆဲ့ခုနစ်ခုတို့ဟ်ကား အာရုံပြုသောအားဖြင့်သာ ဖြစ်၏၊ထိုသို့ဖြစ်သည်ရှိသော်လည်း ဝေဒနာချည်းသာ မဖြစ်ကောင်း၊သဟဇာတ်တရားတို့နှင့်လည်း တကွဖြစ်ကောင်းသောကြောင့် ကာမသုခသဟဂုတ်စိတ္တုပ္ပါဒ်,

ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်•သဘာဝ ဝိပရိတ ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တ ဖြစ်သောရုပ်တို့၌လည်း အာရုံပြုသောအားဖြင့်ရင်း, သဟဇာတ် အားဖြင့်ရင်း ဖြစ်၏။

အနုသေတိ။လ။ဥပ္ပဇ္ဇတိ၏အဓိပ္ပါယ်ကား အထက်အနုသေ တိနှင့် တူပြီ၊ ထို့ကြောင့် ပုဂ္ဂိုလ်ကိုသုံးသပ်တော်မမူဦးဘဲ ဌာန ဟူသောဘုံ ကိုသာ သုံးသပ်တော်မူသောအားဖြင့် 'ကတ္ထ မာနာ နုသယော အနုသေတိ'ဟု မေးတော်မူဦး၍ ဓာတ်သုံးပါး ဝေဒနာနှစ်ပါးကိုသာ ပဋ္ဌာနပြုတော်မူသောအားဖြင့် 'ကာမ ဓာတုယာ။လ။အနုသေတိ,ဟု ဖြေတော်မူ၏။

★ 'ကတ္ထ ဒိဋ္ဌာနုသယော အနုသေတိ'၏ အဓိပ္ပါယ်နှင့် အနုသေတိ ။လ။ ဥပ္ပဇ္ဇတိ အဓိပ္ပါယ်ကို စုံလင်စွာဖော်ပြခဲ့ပါ။

☆ ဒိဋ္ဌိဂတ သမ္မယုတ်စိတ်လေးခု၌သာ ယှဉ်သော ဒိဋ္ဌိ စေတသိက်ဟု ဆိုအပ်သော ဒိဋ္ဌာနုသယသည်-

(၁) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်၌ဖြစ်၏၊သောတာပန်, သက ဒါဂါမ်, အနာဂါမ်,ရဟန္တာတို့၌ မဖြစ်။

(၂) ဌာနဟူသော ဘုံအားဖြင့်ကား ဓာတ်သုံးပါး၌သာ အာရုံပြုသောအားဖြင့် ဖြစ်၏။

(၃) ဝေဒနာအားဖြင့်ကား သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ ဟူသော ဝေဒနာ သုံးပါး၌သာ ဖြစ်၏။

အစိတ်အစိတ်ဖြစ်မှုံ

ထိုသို့ ဖြစ်သည် ရှိသော်လည်း လောဘမူ သောမနဿနှစ်ခု ဥပေက္ခာ နှစ်ခုဟူသော အာရုံပြုသောအားဖြင့်ရင်း, သဟ ဇာတ် အားဖြင့်ရင်း ဖြစ်၏။ ကြင်းသောဝေဒနာ ငါးဆယ်ဟူကား အာရုံပြုသောအားဖြင့်သာ ဖြစ်၏၊ ထိုသို့ ဖြစ်သော်လည်း ဝေဒနာ ချည်းသာ မဖြစ်ကောင်း၊ သဟဇာတ် တရားတို့နှင့်လည်း တကွ ဖြစ်ကောင်းသောကြောင့် သုခသဟဂုတ်စိတ္တုပ္ပါဒ်, ဒုက္ခ သဟ ဂုတ်စိတ္တုပ္ပါဒ်, ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ် သဘာဝ ဝိပရီတ ဣဋ္ဌမဇ္ဈတ္တဖြစ်သော ရုပ်တို့ဟူလည်း အာရုံပြုသောအားဖြင့်ရင်း, သဟဇာတ်အားဖြင့်ရင်း ဖြစ်၏။

အနုသေတိ။လ။ဥပဇ္ဈတိအဓိပ္ပါယ်မှာ အထက်တွင် ဆိုခဲ့ပြီ၊ ထို့ကြောင့်ပုဂ္ဂိုလ်ကို သုံးသပ်တော်မမူဦးဘဲ ဌာနဟူသောဘုံကို သာ သုံးသပ်တော်မူသောအားဖြင့် 'ကတ္တ ဒိဋ္ဌာနုသယော အနုသေတိ'ဟု မေးတော်မူဦး၍ ဓာတ်သုံးပါး ဝေဒနာသုံးပါးကို အကျဉ်းပြုတော်မူသောအားဖြင့် 'သဗ္ဗ။လ။အနုသေတိ'ဟု ဖြေတော်မူ၏။

အမှာ။ ။ပိစိကိ ဌာနုသယနှင့် ဒိဋ္ဌာနုသယမှာ အထူးမရှိပြီ၊ ဝိစိ ကိ ဌာ သဟဂုတ် ဥပေက္ခာဝေဒနာဟူ အာရုံပြုသော အားဖြင့်ရင်း, သဟဇာတ်အားဖြင့်ရင်း ဖြစ်၏ဟု ဆိုရန်သာ ထူးတော့သည်။

★ ‘ကတ္ထ ဘဝရာဂါနုသယေဝအနုသေတိ’၏အဓိပ္ပါယ်ကို စေ့စုံစွာရေးခဲ့ပါ။

☆ အဓိပ္ပါယ်ကား....ရူပ အရူပဘုံ၌ တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု၌သာယှဉ်သော လောဘစေတသိက်ဟုဆိုအပ်သော ဘဝရာဂါနုသယသည်-

(၁) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်,သောတာပန်,သကဒါဂါမ်, အနာဂါမ်တို့၌ဖြစ်၏၊ ရဟန္တာ၌ မဖြစ်။

(၂) ပယ် မပယ်အားဖြင့်ကား သောတာပတ္တိမဂ္ဂဌာန်, သကဒါဂါမိမဂ္ဂဌာန်, အနာဂါမိမဂ္ဂဌာန်၌ ဖြစ်၏၊ အရဟတ္တမဂ္ဂဌာန်၌ မဖြစ်။

(၃) ဌာနဟူသော ဘုံအားဖြင့်ကား ရူပ အရူပဓာတ်၌ အာရုံပြုသောအားဖြင့်သာဖြစ်၏။လ။ဓာတ်နှစ်ပါးကို သရုပ်အကျဉ်း ပြတော်မူသောအားဖြင့် “ရူပဓာတုယာ။လ။အနုသေတိ”ဟု ဖြေတော်မူ၏။

★ ကတ္ထ အဝိဇ္ဇာနုသယော အနုသေတိ၏ အဓိပ္ပါယ်ကို စုံလင်စွာ ရေးခဲ့ပါ။

☆ အကုသိုလ်ဒွါဒသ၌ ယှဉ်သော မောဟဟု ဆိုအပ်သော အဝိဇ္ဇာနုသယသည်-

(၁) ပုဂ္ဂိုလ်အားဖြင့်သော်ကား မာနာနုသယအတိုင်းဖြေ၊ ဘုံစသည်ကို ဒိဋ္ဌာနုသယအတိုင်းမှတ်၊ အကုသိုလ်

ဒုါဒသ ဝေဒနာသုံးပါးခ္ခ်အာရုံပြုသောအားဖြင့်ရင်း, သဟဇာတ်အားဖြင့်ရင်း ဖြစ်၏ဟု ဆိုရန်သာထူး၏။

အထူးမှတ်ရန်။ ။ကာမ ရာဂါနုသယသည် ကာမဓာတ် ဝေဒနာနှစ်ပါးခ္ခ်ကိန်း၏ဟု ဟောတော်မူခြင်းကား သြဠာရိုကအား၎င်ခ် သိလွယ်စမ့်သောဌါ ပဌာနနည်းအားဖြင့်ဟောတော်မူသည်။စင်စစ်ကား ဝေဒနာနှင့် သမ္မယုတ်ဖြစ်သောတရား ဇုဋ္ဌာရုံ တို့ခ္ခ်လည်း ကိန်းသေး၏ ဟူလို။

★ ဝါရလေးပါးတို့၏အဓိပ္ပါယ်ကို အသီးအသီး ဖေါ်ပြခဲ့ပါ။

☆ အနုသယသည် ခုနစ်ပါးထက် အယုတ်အလွန်မရှိဟု အရေအတွက်ကို ပိုင်းခြားပြဆိုသော ဝါရသည် ပရိစ္ဆေဒဝါရမည်၏။

ပိုင်းခြားအပ်သော အနုသယတို့၏ အမည်သညာမျှကို အကျဉ်းပြဆိုသောဝါရသည် ပရိစ္ဆိန္နုဒ္ဒေသဝါရမည်၏။

အနုသယတို့၏ဖြစ်ရာဌာနကို ပြဆိုသောဝါရသည် ဥပ္ပတ္တိဌာနဝါရမည်၏။

ခုနစ်ပါးသောဝါရတို့ဖြင့် အနုသယတို့ကိုယှဉ်၍ အကျယ်ဝေဘန်ပြဆိုသောဝါရသည် မဟာဝါရမည်၏။

တနည်းကား.....အနုသယတို့၏ အရေအတွက် သင်္ချာကို အကျဉ်းထုတ်ပြအပ်သော ဝါရသည် အနုသယုဒ္ဒေသမည်၏။

အနုသယတို့၏ အမည်သညာမျှကို ပိုင်းခြားပြဆိုသောဝါရ သည် နာမဝေါဝတ္ထာန်မည်၏။

အမှာ။ ။အနုသယုဒ္ဒေသနှင့် ပရိစ္ဆေဒဝါရအတူတူ၊ နာမ ဝေါဝတ္ထာန်နှင့် ပရိစ္ဆိန္နုဒ္ဒေသ အတူတူမှတ်။

★ အနုံသေတိ ဟူသောစကားအရ ကိန်းသည်ဟုဆိုရာ၌ မည်သည့်ကာလ,မည်သည့်ပုဂ္ဂိုလ်တို့၌ တည်နေခြင်းကို ဆိုပါသနည်း၊ အနုသယဝါရ သာနုသယဝါရ ဥပဇ္ဇနဝါရ တို့၌ အဘယ့်ကြောင့် မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့ကို မဟောကြောင်းကိုလည်း ရေးခဲ့ပါ။

☆ အကြင်မျှလောက်သောကာလပတ်လုံးမဂ်ဖြင့်မပယ်ရသေး၊ထိုမျှလောက်သော ကာလပတ်လုံး ပုထုဇဉ် သောတာပန်သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၌ တည်နေပါသည်။

အနုသယကို ပယ်ဆဲဖြစ်သော စိတ္တက္ခဏ တချက်စီသာ ရှိသောကြောင့် ထိုဝါရတို့၌ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို မဟောပါ။

★ သြကာသဝါရ၌ "ရူပဓာတုယာ အရူပဓာတုယာ ဇွတ္ထ မာနာနုသယေန သာနုသယော"ဟု မဟောဘဲ "တတော မာနာနုသယေန သာနုသယော"ဟူ၍ အဘယ့်ကြောင့် ဟောပါသနည်း။

☆ အနုသယ၏ဖြစ်ရာအရပ်ကိုပြခြင်းငှါ ဤသြကာသဝါရကို အားထုတ်အပ်သောကြောင့် 'တတော မာနာနုသယေန သာနုသယော'ဟု ဟောရပါသည်။

★ သန္ဓိဌာန်ပုဒ်၌ ပဇဟတိအရ အာဘယ်ပုဂ္ဂိုလ်ကို ယူရမည်ဟု ဖေါ်ပြပြီးလျှင် မဟာဝဂါရအနုသယပုဂ္ဂလ၌ အောက်ပါပုဂ္ဂိုလ်များကိုလည်း ညွှန်ပြခဲ့ပါ။

(က) အနုလုံ၌သာ ဟောသောပုဂ္ဂိုလ်
(ခ) ပစ္စနိုက်၌သာ ဟောသောပုဂ္ဂိုလ်
(ဂ) နှစ်ပါးစုံဟောသောပုဂ္ဂိုလ်
(ဃ) နှစ်ပါးစုံမဟောသောပုဂ္ဂိုလ်။

☆ ပဇဟတိအရ မဂ်ဖြင့်အကြွင်းမဲ့ပယ်ခြင်းငှါ စွမ်းနိုင်သော ပုဂ္ဂိုလ်မျိုးကို ယူရပါမည်။

(က) ပုထုဇဉ်ပုဂ္ဂိုလ်
(ခ) ရဟန္တာပုဂ္ဂိုလ်
(ဂ) အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်
(ဃ) မဂ်ပုဂ္ဂိုလ်လေးယောက်။

★ အနုသယ ခုနစ်ပါး၏ ကိန်း နိုင် သော ပုဂ္ဂိုလ်နှင့် ဓာတ်, ဝေဒနာတို့ကိုပါ ဝေဘန်၍ပြခဲ့ပါ။

☆ ကာမ ရာဂါ နုသယသည် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်များနှင့် ကာမဓာတ် ဝေဒနာနှစ်ပါးတို့၌ ကိန်းကုန်၏။

ပဋ္ဌာယာနုသယသည် ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်နှင့် ဒုက္ခဝေဒနာသုံးပါးတို့၌ ကိန်းကုန်၏။

မာနာနုသယသည် ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်နှင့် ခဝတ်သုံးပါး ဝေဒနာနှစ်ပါးတို့၌ ကိန်းကုန်၏။

ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ တို့သည် ပုထုဇဉ်ပုဂ္ဂိုလ်နှင့် ခဝတ်သုံးပါး ဝေဒနာသုံးပါးတို့၌ ကိန်းကုန်၏။

ဘဝရာဂါနုသယသည် ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ်နှင့် ရူပခဝတ် အရူပခဝတ်တို့၌ ကိန်းကုန်၏။

အဝိဇ္ဇာနုသယသည် ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်နှင့် ခဝတ်သုံးပါး ဝေဒနာသုံးပါးတို့၌ ကိန်းကုန်၏။

★ အောက်ပါ ပုဂ္ဂိုလ်များကို အသီးအသီးကောက်ပြပါ။

(က) အဝိဇ္ဇာနုသယသာကိန်း၍ ကာမရာဂါနုသယမကိန်းသော ပုဂ္ဂိုလ်၊

(ခ) ကာမရာဂါနုသယသာကိန်း၍ အဝိဇ္ဇာနုသယမကိန်းသော ပုဂ္ဂိုလ်၊

(ဂ) နှစ်ပါးစုံကိန်းသောပုဂ္ဂိုလ်၊

(ဃ) နှစ်ပါးစုံမကိန်းသောပုဂ္ဂိုလ်။

☆ (က) အနာဂါမ်ပုဂ္ဂိုလ်။
(ခ) မရှိ။
(ဂ) ပုထုဇဉ် သောတာပန် သကဒါဂါမ်။
(ဃ) ရဟန္တာပုဂ္ဂိုလ်။

★ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အောက်ပါ ဥပဓိတို့ဌာနများ ၌ ကိန်းနိုင်သောအနုသယများကို ထုတ်ပြပါ။

(က) ကာမဓာတ် ဝေဒနာနှစ်ပါး
(ခ) ဒုက္ခဝေဒနာသုံးပါး
(ဂ) ရူပဓာတ် အရူပဓာတ်

☆ (က) ကာမ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ အဝိဇ္ဇာ။
(ခ) ပဋ္ဌိယ ဒိဋ္ဌိ ဝိစိကိစ္ဆာ အဝိဇ္ဇာ။
(ဂ) . မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဘ၀ အဝိဇ္ဇာ။

★ အနုသယတို့ကို မဂ်လေးပါးဖြင့် ပယ်ပုံကို ပြဆိုရ်ု ပုထုဇဉ် သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် လောဘစိတ် မဥပါဒ်သော အခါတို့၌ ကာမရာဂါနုသယ ရှိနိုင်, မရှိနိုင်ကို လည်း အကြောင်းနှင့်တကွ ပြခဲ့ပါ။

☆ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယနှစ်ပါးကို သောတာ ပတ္တိ မဂ်ဖြင့်ပယ်၏။

ကာမရာဂါနုသယ, ပဋိဃဲဝနုသယတို့ကို အနာဂါမိမဂ်ဖြင့် ပယ်၏။ ကြွင်းသော အနုသယသုံးပါးကို အရဟတ္တမဂ်ဖြင့် ပယ်ကုန်၏။

အမှာ။ ။သကဒါမိမဂ်အဘွဂ်ဆိုင်ရာကျမ်းဆရာတို့က မပြကြပေ။

လောဘမူစိတ် မဥပါဒ်သောအခါတို့၌လည်း ကာမရာဂါနုသယရှိပါသည်၊ အကြောင်းသော်ကား....ကာမရာဂါနုသယကို မဂ်ဖြင့်မပယ်ရသေးသည်ဖြစ်၍ လျှောက်ပတ်သော အကြောင်းကို ရသည်ရှိသော် မချုတ်ဖြစ်လတ္တံ့ ဖြစ်သောကြောင့်တည်း။

★ အနုသယ ယမက မဟာဝါရတို့တွင် ဝိဘင်းအရကောက်တူသော ဝါရကို ဖော်ပြ၍ အဂ္ဂမဂ္ဂသမင်္ဂီ ပုဂ္ဂိုလ်၏ အောက်ပါသြကာသမျှားကိုလည်း ဖော်ပြခဲ့ပါ။

(က) အကြင်သြကာသ၌ မာနာနုသယကို ပယ်စွန့်၏၊ ဘဝရာဂါနုသယကို မပယ်စွန့်။

(ခ) အကြင် သြကာသ၌ ယင်းအနုသယနှစ်ပါးကို ပယ်စွန့်၏။

တူသောဝါရများ

☆ အနုသယဝါရ,သာနုသယဝါရ,ဥပဇ္ဇနဝါရတို့သည် ဝိဘင်းအရကောက်တူကြ၏။

(က) ကာမဓာတ် ဝေဒနာနှစ်ပါး၊
(ခ) ရူပဓာတ် အရူပဓာတ်။

★ အဘယ်ကြောင့် အနုသယဟု ခေါ်သည်ကို ဖြေဆိုရ၍ အဘယ်ကာလ၌ ဖြစ်သောကိလေသာကို အနုသယဟု ခေါ်သည်ကိုလည်း မုချ,ဥပစာဖြစ်သမျှခွဲခြား ပြဆိုခဲ့ပါ။

☆ မဂ်ဖြင့် မပယ်အပ်သေးသည် ဖြစ်၍ သတ္တဝါတို့၏ သန္တာန်၌ အဖန်တလဲလဲ ကိန်းအောင်းတတ်သောကြောင့် အနုသယ မည်ပါသည်။

မုချ, ဥပစာအခွဲ

အနာဂတ်ကာလ၌ဖြစ်သော ကိလေသာတို့ကို မုချအားဖြင့် အနုသယဟု ခေါ်၏။ ပစ္စုပ္ပန် အတိတ်ကာလတို့၌ ဖြစ်သော ကိလေသာ တို့ကိုလည်း သဒိသူပစာ အားဖြင့် အနုသယဟု ခေါ်၏။

အမှာ။ ။ကာလအားဖြင့် ခွဲခြားပြဆိုခဲ့ပါဟုမေးက အထက်ပါ အဖြေကိုကြည့်သောအားဖြင့် သိနိုင်၏။

အပ္ပဟီနဋ္ဌေန အနုအနု သန္တာနေ သေန္တိတိ အနုသယာ၊အနုရူပံ ကာရဏံ လဘိတ္ဝာ ဥပ္ပဇ္ဇန္တိတိ အတ္ထော၊ တေ ပန နိပ္ပရိယာယတော အနာဂတာ ကိလေသာ အတီတပစ္စုပ္ပန္နာပိ တံ သဘာဝတ္တာ တထာ ဝုစ္စန္တိ။

ယေဝမ္မာ၊ တို့သည်။ အပ္ပဟီနဋ္ဌေန၊ မဂ်ဖြင့်အကြင်းမဲ့ မပယ်အပ်သေးသည်၏ အဖြစ်ကြောင့်။ အနုအနု၊ အဖန်တလဲလဲ။ သန္တာနေ၊ သတ္တဝါတို့၏ သန္တာန်၌၊ သေန္တိ၊ ကိန်းတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေဝမ္မာ၊ တို့သည်။ အနုသယာ၊ မည်ကုန်၏။ အနုရူပံ၊ လျောက်ပတ်သော၊ ကာရဏာ၊ အကြောင်းကို။ လဘိတ္ဝာ၊ သော်။

ဥပုဇ္ဈာန်၊ ကုန်၏။ ဇုတိအယံ၊ ကား။ အဋ္ဌော၊ တည်း။ တေပန၊ ထို အနုသယ ကိလေသာတို့သည်ကား။ နိပ္ပရိယာယတော၊ မုချအားဖြင့်။ အနာဂတ္တာ၊ ကုန်သော။ ကိလေသာ၊ တို့တည်း။ အတီတပစ္စုပ္ပန္နာပိ၊ ကုန်သော ကိလေသာတို့ကိုလည်း။ တံ သဘာဝတ္တာ၊ ထိုအနာဂတ် ကိလေသာကဲ့သို့ ပူပန်စေတတ် နှိပ်စက်တတ်သော သဘောရှိသော ကြောင့်။ တထာ၊ တူ။ ဝုစ္စန္တိ၊ ကုန်၏။

★ မဂ်ဖြင့် မပယ်အပ်သေးသောကြောင့် အနုသယဟု ဆိုသော် အခြားသော ထိန်မိုဒ္ဓစသည်တို့ကိုလည်း အနုသယဟု ခေါ်သင့် မခေါ်သင့် ထောက်ချင့်ဖြေဆိုပါ။

☆ မဂ်ဖြင့် မပယ်အပ်တိုင်း မဟုတ်ပါ၊ အား အစွမ်းနှင့် ပြည့်စုံသော ထာမဂတကိလေသာကိုဖြစ်ပါမှ အနုသယဟုခေါ် နိုင်သောကြောင့် ထိန်မိုဒ္ဓ စသည်တို့ကို အနုသယဟု မခေါ်နိုင်ပါ။

★ ကာမရာဂါနုသယသည် ကာမဓာတ် ကာမသုခ ဥပေက္ခာဝေဒနာနှစ်ပါးတို့၌ ဖြစ်သည်ဟု ဆိုသောကြောင့် အ ခြားတရားတို့၌ ကာမရာဂါနုသယဖြစ်နိုင် မဖြစ်နိုင်ဖြေဆိုခဲ့ပါ။

☆ 'ကာမဓာတုယာ ဒ္ဒိသု ဝေဒနာသု' ဟူသော စကား သည် သတ္တဝါတို့ သိလှယ်စိမ့်သောဌါ ဆိုသောစကားဖြစ်သော ကြောင့် ယင်းတို့ကိုသာ ပဋ္ဌာနပြု၍ ဟောကြားခြင်းဖြစ်၍ အခြားသောတရားတို့၌လည်း ဖြစ်နိုင်ပါသည်။

သြဠာရိကဝေသန ဗေဒနေယျာနံ သုခံ ဗေဒေတုံ၊

သြဠာရိကဝေသန၊ အစွမ်းဖြင့်။ဗေဒနေယျာနံ 'သတ္တဝါတို့အား။ သုခံ၊ လွယ်ကူစွာ။ ဗေဒေတုံ၊ သိစေခြင်းငှါ၊ ဝုတ္တံ၊ ၏။

★ ပဋ္ဌိယာနုသယသည် ဒုက္ခဝေဒနာမှတပါး အခြားသောတရားတို့၌ ကိန်းနိုင်, မကိန်းနိုင်ဖြေဆိုခဲ့ပါ။

☆ ကိန်းနိုင်ပါသည်၊ သို့သော် ဒုက္ခဝေဒနာ၏ သြဠာရိကဖြစ်သောကြောင့် 'ဒုက္ခာယ ဝေဒနာယ ဇွေ ပဋ္ဌိယာနုသယော အနုသေတိ' ဟု ဆိုခြင်းဖြစ်ပါသည်။

★ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယတို့သည် အဘယ်တရားတို့၌ ကိန်းနိုင်, မကိန်းနိုင် ပြဆိုခဲ့ပါ။

☆ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယတို့သည် လောကုတ္တရာတရား၌သာ မကိန်းနိုင်ပါ၊ အခြားအလုံးစုံသော တေဘူမကတရားတို့၌ကား ကိန်းနိုင်ကုန်၏။

ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယာပန ကေဝလံ လောကုတ္တရ ဓမ္မေသ္ဝေ နာနုသေန္တိ၊ တေဘူမကေသုပန သဗ္ဗေသုပိ အနုသေန္တိယေဝ။

ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယာပန၊တို့သည်ကား။ ကေဝလံ၊ သက်၊ လောကုတ္တရဓမ္မေသ္ဝေ၊ သာလျှင်။ နာနုသေန္တိ၊ ကုန်။ သဗ္ဗေသုပိ ဝေဘူမကေသု၊ တို့၌။ အနုသေန္တိယေဝ၊ ကုန်သည်သာလျှင်တည်း။

★ ဘဝရာဂါ နုသယသည် သဟဇာတာနုသယန နည်းအားဖြင့် ကာမဓာတ် ဝေဒနာနှစ်ပါးတို့၌ဖြစ်ပါလျက် အဘယ်ကြောင့် "ရူပဓာတုယာ အရူပဓာတုယာ ဇွေ ဘဝရာဂါနုသယော အနုသေတိ"ဟု ဟောပါသနည်း။

☆ ကာမဓာတ်၌ အကျုံးဝင်သော တရား တခု ကိုမျှ အာရုံမပြုဘဲ ရူပါဝစရ အရူပါဝစရ တရားတို့ကိုသာ အာရုံ ပြုသောကြောင့် အာရမ္မဏာနုသယန နည်းအားဖြင့်မှတ်၍ဟောရပါသည်။

ကာမဓာတုယာ ပရိယာပန္နံ ကေဓမ္မမ္ပိ အာရမ္မဏံ နကရောတိ၊ တသ္မာ အာရမ္မဏာနုသယနဝသေန နိယမံ ကတ္ဝာ ရူပဓာတုယာ အရူပဓာတုယာ ဇွေ ဘဝရာဂါ နုသယော အနုသေတီတိ ဝုတ္တံ။

ကာမဓာတုယာ၊ ၌။ ပရိယာပန္နံ၊ ဝင်သော။ ကေဓမ္မမ္ပိ၊ တခုသော တရားကိုမျှလည်း။အာရမ္မဏံ၊ ကို။ နကရောတိ၊ မပြု။ တသ္မာ၊ ကြောင့်။ အာရမ္မဏာနုသယနဝသေန၊ အားဖြင့်။ နိယမံ၊ မှတ်ခြင်းကို၊ ကတ္ဝာ၊ ၍။ ရူပဓာတုယာ။လ။ တိတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

★ အဝိဇ္ဇာ နုသယ၏ ကိန်းနိုင်သော တရားများကို ထုတ်ပြ၍ အဘယ်တရားကို သက္ကာယပရိယာပန္နတရားဟု ခေါ်သည်ကိုလည်း ရေးခဲ့ပါ။

☆ အလုံးစုံသော တေဘူမကတရားတို့၌ ကိန်းအောင်းနိုင်ပါသည်။ ယင်း တေဘူမက တရားတို့ကိုပင်လျှင် သက္ကာယပရိယာပန္နတရားဟု ခေါ်ပါသည်။

★ ကာမရာဂါနုသယ၏ ပယ်,မပယ် နှစ်မျိုး၏အဓိပ္ပါယ်ကို သိသာအောင် ရှင်းပြခဲ့ပါ။

☆ အပါယ ဂမနီယ ဖြစ်လောက်သော ကာမရာဂါနုသယကို သောတာပတ္တိမဂ္ဂဉာန်သည် လုံးလုံးပယ်၏၊ မဖြစ်လောက်သော ကာမရာဂါနုသယကို သောတာပတ္တိမဂ္ဂဉာန် ပုဂ္ဂိုလ်သည် မပယ်၊ ယင်းအပါယဂမနီယမဖြစ်သောကာမရာဂါနုသယသည် ရုံ့ရင်း,မရုံ့ရင်းဟူ၍ နှစ်မျိုးရှိပြန်ရာ ရုံ့ရင်းသော အနုသယကို သကဒါဂါမိမဂ္ဂဉာန်သည် လုံးလုံးပယ်၏၊မရုံ့ရင်းသော အနုသယကို သကဒါဂါမိ မဂ္ဂဉာန်သည် မပယ်ဟူ၍ ဆိုပါသည်။

★ အနုသယစသော ဝါရခုနစ်ပါးတို့၏ အဓိပ္ပါယ်ကို စုံလင်စွာဖေါ်ပြခဲ့ပါ။

☆ အနုသယခုနစ်ပါးတို့ကို မည်သည့်ပုဂ္ဂိုလ်,မည်သည့် ဝါရ၌ ဖြစ်သည်,မဖြစ်သည်ကို စီစစ်၍ ဟောကြားသော ဝါရသည် အနုသယဝါရမည်၏။

(သာနုသယနှင့် ဥပဓိဇနတို့၏ဝါဂမှာ အနုသယ၏ဝါဂနှင့် အဓိပ္ပါယ်တူ၏။)

မည်သည့်ပုဂ္ဂိုလ်သည် မည်သည့်ဘုံမှ အနုသယခုနစ်ပါးတို့ကို စွန့်ဆဲ ဟုတ် မဟုတ် စီစစ်၍ ဟောကြားသော ဝါရသည် ပဇဟနဝါရမည်၏။

မည်သည့်ပုဂ္ဂိုလ်သည် မည်သည့်ဘုံတို့၌ အနုသယခုနစ်ပါးတို့ကို ပိုင်းခြားရ၍ သိဆဲ ဟုတ်,မဟုတ်ကို စီစစ်၍ ဟောကြားသော ဝါရသည် ပရိညာဝါရမည်။

မည်သည့်ပုဂ္ဂိုလ်သည် မည်သည့်ဘုံ၌ အနုသယခုနစ်ပါးတို့ကို ပယ်ပြီး ဟုတ်,မဟုတ်ကို စီစစ်၍ဟောကြားသော ဝါရသည် ပဟီနဝါရမည်။

ဓာတ်သုံးပါးကိုမူတည်၍ ဓာတ်တပါးမှစုတို၍ ဓာတ်တပါး၌ဖြစ်ဆဲပုဂ္ဂိုလ် မည်သည့်အနုသယ ကိန်းသည် မကိန်းသည်ကို စီစစ်၍ဟောကြားသောဝါရသည် ဓာတုဝါရမည်။

★ အဘယ်ပုဂ္ဂိုလ်၏သန္တာန်၌ အဘယ်အနုသယမျိုး ကိန်းသည်ကို ဖေါ်ပြပြီးလျှင် အဘယ်အနုသယသည် အဘယ်ပုဂ္ဂိုလ်တို့၌ ကိန်းသည်ကိုလည်း အနုသယမှနေ၍ ပုဂ္ဂိုလ်ကို မှတ်ပြပါ။

☆ ပုထုဇဉ် ပုဂ္ဂိုလ်သန္တာန်၌ အနုသယ ခုနစ်ပါးလုံး ကိန်း၏၊ သောတာပန်, သကဒါဂါမ်တို့၏သန္တာန်၌ ကာမပဋိဃ မာန ဘဝ အဝိဇ္ဇာနုသယတို့ကိန်း၏၊အနာဂါမ်ပုဂ္ဂိုလ်၏ သန္တာန်၌ မာန ဘဝ အဝိဇ္ဇာဟူသောအနုသယတို့ ကိန်း၏၊ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ အနုသယခုနစ်ပါးလုံး မကိန်းကြ။

အနုသယမှ နေ၍ ပုဂ္ဂိုလ်ကိုမှတ်မုံ

ကာမရာဂနှင့် ပဋိဃာနုသယ နှစ်ပါးတို့သည် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့၏ သန္တာန်၌ ကိန်း၏။ မာန,

ဘဝ, အဝိဇ္ဇာနုသယတို့သည် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့၏ သန္တာန်၌ ကိန်း၏၊ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာ နုသယတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ကိန်း၏၊ အနုသယ ခုနစ်ပါးကား ရဟန္တာ၏ သန္တာန်၌ မကိန်း။

★ အနုံသယဝါရဝယ် သြကာသအနေဖြင့် ဟောကြားအပ်သော တရားစုကို ထုတ်ပြခဲ့ပါ။

☆ ကာမ,ရူပ, အရူပဟူသော ဓာတ်သုံးပါး၊ သုခ, ဒုက္ခ ဥပေက္ခာဟု ဆိုအပ်သော ဝေဒနာသုံးပါး လောကုတ္တရာကိုးပါးတို့ ဖြစ်ပါသည်။

★ သာနုသယ၏ အဓိပ္ပါယ်ကို ဥပမာဖြင့် ထင်ရှားအောင်ပြခဲ့ပါ။

☆ ဝဋ္ဋ ကျင်လည် သွားလာနေရသော သတ္တဝါအား အကြင်မျှလောက် အရိယာမဂ်ဖြင့် အနုသယတို့သည် မပယ်ခွါအပ်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနုသယတို့၏ မဖြစ်ပေါ်သေးသော ခဏ၌ အနုသယနှင့်တကွ ဖြစ်၏၊ (၀၊) သာနုသယ ဖြစ်တော့၏။

ဥပမာ

ရက်ခြား ဖျားသော သူအား ဤနေ့ဤရက်တွင် ဖျားနာခြင်းမှ မကင်းလွတ်သေး၊ ထိုနေ့ ထိုရက်အတွင်း အဖျားပင် မတက်သော်လည်း ရောဂါရှိသူဟုပင် ခေါ်ရသကဲ့သို့မှတ်။

ယထာ ကေန္ဓရိကဇရာဒိရောဂေန အာဗာဓိကော ယာဝ တမ္မာရောဂါ နမုစ္စတိ၊ တာဝ တဿ ရောဂဿ အနုပ္ပတ္တိကွဏော သရောဂေါယေဝ နာမ ဟောတိ၊ ဧဝံ သံကိလေသဿ ဝန္ဓဂါမိသတ္တဿ ယာဝ အရိယမဂ္ဂေန အနုသယာ သမုဿ္ဃါတံ နဂစ္ဆန္တိ၊ တာဝ တေသံ အနုသယာနံ အနုပ္ပတ္တိကွဏောပိ သာနုသယောယေဝ နာမ ဟောတိ (အဋ္ဌကထာ)

ကေန္ဓရိကဇရာဒိရောဂေန၊ ရက်ခြားဖျားခြင်းစသောရောဂါဖြင့်။ အာဗာဓိကော၊ ဒုပ်စက်အပ်သောသူသည်။ ယာဝ၊ လောက်။ တမ္မာရောဂါ၊ မှ။ နမုစ္စတိ၊ သေး။ တာဝ၊ လောက်။ တဿ ရောဂဿ၊ ၏။ အနုပ္ပတ္တိကွဏောပိ၊ လည်း။ သရောဂေါယေဝနာမ၊ လျှင်။ ဟောတိ ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ သံကိလေသဿ၊ သော။ ဝန္ဓဂါမိ သတ္တဿ၊ ဝဋ္ဋဒုက္ခင်လည်နေရသောသတ္တဝါအား။ ယာဝ၊လောက်။ အရိယမဂ္ဂေန။ ဖြင့်။ အနုသယာ၊ တို့သည်။ သမုဿ္ဃါတံ၊ အကြွင်းမဲ့ ပယ်ခွါအပ်သည်၏ အဖြစ်သို့။ နဂစ္ဆန္တိ၊ မရောက်ကုန်သေး။ တာဝ၊ လောက်။ တေသံ အနုသယာနံ၊ တို့၏။ အနုပ္ပတ္တိကွဏောပိ၊ လည်း။ သာနုသယော ယေဝ နာမ၊ သာလျှင်။ ဟောတိ၊ ၏။

★ 'တဒေကင်္ခပဇဟတိ' ၌ 'တဒေကင်္ခ' ကိုဝစနတ္ထပြု၍ အနက်ပေးပြီးလျှင် အဓိပ္ပါယ်ကိုလည်း ရှင်းခဲ့ပါ။

☆ တေန ကေဋ္ဌံ ယဿာတိ တဒေကဋ္ဌောပြု။ ယဿ၊ အကြင် မာနာနုသယအား။ တေန၊ ထိုကာမရာဂါနုသယနှင့်။ ပဟာနဝသေနစ၊ ဖြင့်ရင်း။ သဟဇာတဝသေနစ၊ ဖြင့်ရင်း။ ကေဋ္ဌံ၊

တူသောဌာနသည်။အတ္ထိ၊၏။ဣတိ၊ကြောင့်။သော၊သည်။ တဒေ ကဌေား၊မည်၏။

အဓိပ္ပါယ်

အနာဂါမိမဂ္ဂဉာန်ပုဂ္ဂိုလ်သည် ကာမဘုံ၌ တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၌ ယှဉ်သော လောဘစေတသိက် ဟုဆိုအပ်သော ကာမရာဂါနုသယကိုစွန့်သောအခါ'ယင်းကာမရာဂါနုသယနှင့် ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခု၌ အတူတကွ ဖြစ်သော မာနာနုသယတစိတ်ကိုလည်း ပယ်စွန့်၏၊ၢင်းမာနာနုသယသည် ကာမရာဂါနုသယနှင့် ပယ်စွန့်သောအဖြစ်ဖြင့် ဌာနချင်းတူကြသည်ကို 'တဒေကဋ္ဌ'ဟု ဆိုပါသည်။

★ အဘဗ္ဗယ်ပုဂ္ဂိုလ်ကို အဌမကဟု ခေါ်သည်ကိုဖြေဆိုရ်ယင်း အဌမကဖြစ်ပုံကိုလည်း ရေးခဲ့ပါ။

☆ သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်ကို အဌမကဟု ခေါ်ပါသည်။

အဌမကဖြစ်ပုံ

အရဟတ္တဖလဌာန်မှစ၍ ပြန်၍ရေတွက်သော် ယင်းသောတာပတ္တိမဂ္ဂဉာန်သည် ရှစ်ယောက်မြောက်အဌမကဖြစ်၏။

မှတ်ချက်။ ။အလ္လ၏အရေအတွက်အားဖြင့်ဆိုသော် ရဟန္တာသည် မြတ်သောအလ္လခံ၏အဖြစ်ကြောင့် ပဌမ မည်၏၊ အရဟတ္တမဂ်ဌာန်သည် ဒုတိယမည်၏။လ။ သောတာပတ္တိမဂ္ဂဉာန်သည် အဌမ မည်၏။

★ မဟာဝဂ်ရ ပဟိနပုဂ္ဂလဋ္ဌ အောက်ပါပုဂ္ဂိုလ်များကို ကောက်ပြခဲ့ပါ။

(က) အနုလုံဋ္ဌသာ ဟောသောပုဂ္ဂိုလ်
(ခ) ပစ္စနိုက်ဋ္ဌသာ ဟောသောပုဂ္ဂိုလ်
(ဂ) နှစ်ပါးစုံဟောသောပုဂ္ဂိုလ်
(ဃ) နှစ်ပါးစုံမဟောသောပုဂ္ဂိုလ်

☆ (က) ရဟန္တာပုဂ္ဂိုလ်
(ခ) ပုထုဇဉ်ပုဂ္ဂိုလ်
(ဂ) အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်
(ဃ) မဂ်ပုဂ္ဂိုလ်လေးယောက်

★ ပုထုဇဉ်၏ သြကာသဋ္ဌ အာဘယ်ကြောင့် လောကုတ္တရာတရားကို ယူရသည်ဟု ဖြေဆိုပြီးလျှင် အောက်ပါသင်္ချာတို့၏ သင်္ချေယျတို့ကိုလည်း ထုတ်ပြခဲ့ပါ။

ကာမဓာတုယာ စုတသ ရူပဓာတုံ ဥပပဇ္ဇန္တသ ကာယစိ သတ္တာအနုသယာ အနုသေန္တိ၊ကာယစိ ပဋ္ဌ အနုသယာအနုသေန္တိ ကာယစိ တ**ယော** အနုသယာ အနုသေန္တိ။

☆ သောတာပတ္တိမဂ်၏ရှေး ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သောကြောင့် ထိုအခိုက် ပုထုဇဉ်၏ အာရမ္မဏအားဖြင့် သြကာသဖြစ်သောကြောင့် ပုထုဇဉ် သြကာသဋ္ဌ လောကုတ္တရာတရားကို ယူရပါမည်။

သတ္တာရ သုဂတိ အဟိတ် တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အနုသယခုနစ်ပါးရ၏။

ပဌမအရ သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ဒိဋ္ဌိ ဝိစိကိစ္ဆာကြောင့်သော ကျန်အနုသယငါးပါးရ၏။

တယောအရ အနာဂါမ်ပုဂ္ဂိုလ်အား မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယ သုံးပါးရ၏။

★ အနာဂါမ် ပုဂ္ဂိုလ်မျှားသည် သုဒ္ဓါဝါသ ဘုံမှတပါး ရူပဘုံ အရူပဘုံတို့၌ ပဋိသန္ဓေအားဖြင့်ဖြစ်နိုင်, မဖြစ်နိုင် ဆိုင်ရာ ဓာတုဝါရ အထောက်ပြ၍ ဆုံးဖြတ်ပြီးလျှင် အရူပဘုံမှ စုတေသော ပုဂ္ဂိုလ်သည် ရူပဘုံ၌ အဘယ်ကြောင့် ပဋိသန္ဓေ နေခြင်း မရှိသည်ကိုလည်း ရေးခဲ့ပါ။

☆ အနာဂါမ်ပုဂ္ဂိုလ်မျှားသည် ရူပဘုံ အရူပဘုံတို့၌ ပဋိသန္ဓေအားဖြင့် ဖြစ်နိုင်ပါသည်။

ဆိုင်ရာအထောက်ကား

ကာမဓာတုယာ စုတဿ နကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တာအနုသယာ အနုသေန္တိ။ ကဿစိ ပဌ အနုသယာ အနုသေန္တိ။ ကဿစိ တယော အနုသယာ အနုသေန္တိ၊ အနုသယာ ဘဂ်ါ နတ္ထိတည်း။

ရူပါဝစရပဋိသန္ဓေ၏ အကြောင်းဖြစ်သော ရူပါဝစရကုသိုလ်စျာန်သည် အရူပဘုံ၌ မရှိသောကြောင့် အရူပဘုံမှ စုတေသော ပုဂ္ဂိုလ်တို့သည် ရူပဘုံ၌ ပဋိသန္ဓေနေခြင်း မရှိပါ။

★ 'အရူပဓာတုယာ စုတဿ' စသော ပါဠိတော်ကို ထောက်၍ ဘဝဂ်မှ စုတေသောပုဂ္ဂိုလ်တို့သည် မည်သည့်ဘုံ,

မည်သည့်အနုသယတို့ ကိန်း,မကိန်းကို ဘုံ,ပုဂ္ဂိုလ်တို့ဖြင့် ခွဲခြားပြ၍ အသည်းသတ်ဘုံမှစုတေ၍ ၎င်းဘုံ၌ပင် ပြန်၍ ပဋိသန္ဓေနေနိုင်,မနေနိုင်ကိုလည်း ရေးခဲ့ပါ။

☆ အရူပလေးဘုံမှစုတေ၍ အရူပလေးဘုံ၌ ပဋိသန္ဓေနေသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အနုသယခုနစ်ပါးလုံး ကိန်း၏၊မကိန်းသည် မရှိ။

သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့အား ကာမ, ပဋိဃ, မာန, ဘဝ, အဝိဇ္ဇာနုသယတို့ ကိန်း၏၊ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ မကိန်း။

အနာဂါမ်ပုဂ္ဂိုလ်တို့အား မာန ဘဝ အဝိဇ္ဇာနုသယတို့ ကိန်း၏၊ ကာမ ပဋိဃ ဒိဋ္ဌိ ဝိစိကိစ္ဆာလေးပါး မကိန်း။

အသည်းသတ်ဘုံမှစုတေ၍ ထိုအသည်းသတ်ဘုံ၌ တဖန်ပြန်၍ ပဋိသန္ဓေ မနေပါ။

ဆိုင်ရာအထောက်ကား

ရူပဓာတုယာ စုတသ ရူပဓာတုံ ဥပပဇ္ဇန္တသ-တည်း။

★ ပဟီနသြကာသဝါရ၌ အောက်အောက် အနုသယသြကာသဝါရ စသည်တို့၌ကဲ့သို့ ကာမမူ ပဋိဃမူလိအနုလုံ၌ အဘယ် ကြောင့် 'နဝတ္တမ္ပေါ ပဟီနောတိဝါ အပ္ပဟီနောတိဝါ' ဟု ဝိဘင်းထွက်ရပါသနည်း။

☆ မူလမူလိဖြစ်သောအနုသယနှစ်ပါးတို့၏ဖြစ်ရာဌာနဘုံအားဖြင့် အချင်းချင်း မဆက်ဆံသောကြောင့် 'နဝတ္တမ္ပေါ ပဟီနောတိဝါ အပ္ပဟီနောတိဝါ' ဟု ဝိဘင်းထွက်ရပါသည်။

အဓိပ္ပါယ်အကျဉ်းကား....ဖြစ်သည်လော,ကိန်းသည်လော, ရှိသလောဟု မေးတော်မူ၊ မပယ်အပ်ပြီလောဟု မေးတော်မူ သောကြောင့် ထိုဌာနဌ်ပင်လျှင် ရှိရင်းမရှိသောကြောင့် မပယ်အပ်သေးဟု ဖြေတော်မူ၏ 'နဝတ္တဗ္ဗော'စသည်ဖြင့် အဖြေပြုရ၏ ဟူလို။

ဥပမာအားဖြင့် ကျောင်းနှစ်ကျောင်းတွင် တောင်ကျောင်းဌ် သရက်ပင်သာ ရှိ၏၊ ပိန္နဲပင် မရှိ၊ မြောက်ကျောင်းဌ် ပိန္နဲပင်သာ ရှိ၏၊သရက်ပင် မရှိ၊ ထိုကျောင်းနှစ်ကျောင်းတွင် အသီးအသီး သရက်ပင်နှင့် ပိန္နဲပင်ကိုခုတ်ကြ၍ တယောက်သောသူက တောင်ကျောင်းဌ် သရက်ပင်ကို ခုတ်ပြီးပြီ၊ထိုကျောင်းဌ် ပိန္နဲပင်ကို ခုတ်ပြီးပြီလောဟု မေးခဲ့သော် ထိုတောင်ကျောင်းဌ် ပိန္နဲပင်သည် မူလကတဲ့က ရှိရင်းမဟုတ်သောကြောင့် ခုတ်ပြီးပြီ ဟူ၍ ၎င်း, မခုတ်ရသေးဟူ၍၎င်း မဆိုရသကဲ့သို့တည်း။

ဥပ္ပတ္တိဌာနသ အသာဓာရဏတ္တာ။ (အဋ္ဌကထာ)

ဥပ တ္တိဌာနသ ၊ ဖြစ်ရာဌာနဘုံ၏။ အသာဓာရဏတ္တာ၊ အချင်းချင်း မဆက်ဆံသည်၏ အဖြစ်ကြောင့်။ နဝတ္တဗ္ဗော ပဟီနော ဘိဝါ အပ္ပဟီနောတိ ဝါတိ ၊ ၍။ ဝတ္တံ ၊ ၏။

★ 'အနုသယာ ဘဂ်ါနတ္ထိ' ဟူသောစကားကို သိသာအောင် အဓိပ္ပါယ် ဖေါ်ပြခဲ့ပါ။

☆ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အနုသယခုနစ်ပါး ကိန်း၏၊ ထိုတွင် ဤမည်သောအနုသယသည် ကိန်း၏၊ဤမည်သော အနု

သယကား မကိန်းဟူ၍ရင်း, ဤမည်သောအနုသယသည် ရုံခါ မကိန်း၊ ဤမည်သော အနုသယသည် ရုံခါကိန်း၏ ဟူ၍ရင်း မဝေဘာန်အပ်၊ သောတာပန်,သကဒါဂါမ်အာဝေးလည်း ထိုနည်း အတူ မဝေဘာနအပ်ဟူလို။

အနုသယာ ဘဂ်ါ နတ္ထိတိ ယသ ဟိ ယော အနုသ ယော အနုသေတိ၊ သော အနုသေတိယေဝ၊ ယော နာနုသေတိ၊သောနာနုသေတိယေဝ၊အယံ အနုသေတိစ နာနုသေတိစ၊ အယံ သိယာ အနုသေတိ၊ သိယာ နာနု သေတိတိ ဧဝံ ဝိဘဇိတဗ္ဗော အနုသယော နာမ နတ္ထိ။

အနုသယာဘဂ်ါနတ္ထိတိ၊ ဟူသည်ကား။ ယသ၊ အကြင်ပုဂ္ဂိုလ် အား။ ယော၊ အကြင်အနုသယသည်။ အနုသေတိ၊ ၏။ သော၊ သည်။ အနုသေတိယေဝ၊ တည်း။ ယော၊ အကြင်အနုသယသည်။ နာနုသေတိ၊ မကိန်း။ သော၊ သည်။ နာနုသေတိယေဝ၊ တည်း။ အယံ၊ ဤအနုသယသည်။သိယာ၊ ရုံခါ။ အနုသေတိ၊ ၏။ သိယာ၊ခါ။ နာနုသေတိ၊ မကိန်း။ ဧဝံ၊ သို့။ ဝိဘဇိတဗ္ဗော၊ သော။ အနုသယော နာမ၊ သည်။ နတ္ထိ၊ မရှိ။

★ အသည်သတ်ဘုံ၌ အနုသယခုနစ်ပါးမဖြစ်၊ အသည် သတ်ကြည်သော ရူပတဆဲ့ငါးဘုံ, အရူပလေးဘုံတို့၌ အနုသယ ငါးပါးဖြစ်၍ အဘယ်,ကြောင့်'သတ္တ ပဋ္ဌ တယော'ဟုဟောပါ သနည်း။

☆ ဘုံ၌ ထင်ရှားဖြစ်,မဖြစ်ကား ပဓာနမဟုတ်၊ပုဂ္ဂိုလ် သန္တာန်၌ အကြင်မျှလောက်ကာလပတ်လုံး မဂ်ဖြင့် အကြင်းမဲ့

မပယ်သေး၊ ထိုမျှလောက်ကာလပတ်လုံး ကိန်းသည် ဟူ၍ပင် ဆိုရသောကြောင့် သတ္တ ပဋ္ဌ တယော–ဟု ဟောရပါသည်။

အမှာ။ ။နကာမဓာတုယာ စုတသ ကာမဓာတုံ ဥပပဇ္ဇန္တိသဲ့ သတ္တောဝ အနုသယာ အနုသေန္တိ ၌-သတ္တောဝ ဟူသော စကားသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အနုသယ (၇) ပါး ကိန်းနိုင်သည်ကို ရည်သည်။

★ အရူပဓာတုယာ စုတသ ရူပဓာတုယာ ဥပပဇ္ဇိ နာမနတ္ထိ ဟူသောစကားအရ အရူပဘုံမှ ရူပဘုံသို့ အဘယ်ကြောင့် ပြောင်း၍ မဖြစ်နိုင်ပါသနည်း။

☆ အရူပ ဗြဟ္မာ တို့အား ရူပဘုံ၌ ဖြစ်စေတတ်သော ရူပါဝစရစျာန် မရှိကြလေသောကြောင့် ပြောင်းရွှေ့၍ မဖြစ်နိုင်ပါ။

ဥပပတ္တိ နိပ္ဖါဒကသ ရူပါဝစရဈာနသ အဘာဝေါ။ (အဋ္ဌကထာ)

ဥပပတ္တိ နိပ္ဖါဒကသ၊ ရူပဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ရူပါဝစရဈာနသ၊ ၏။ အဘာဝေါ၊ မရှိသောကြောင့်တည်း။

အနုသယ ယမိုက်ပြီး၏။

စိတ္တယမိုက်

★ အနုသယယမိုက်၏အခြားမဲ့၌ အခြားသောယမိုက်ကို မဟောဘဲ အဘယ်ကြောင့် စိတ္တယမိုက်ကို ဟောပါသနည်း။

☆ မူလယမိုက်၌ ဟောကြားအပ်ကုန်ပြီးသောကုသိုလ်စသော တရားတို့ကိုပင်လျှင် ရသင့်သည်၏အစွမ်းဖြင့် တစိတ်တဒေသပေါင်းရုံးရ၍ ဟောကြားလို သောကြောင့် အနုသယယမိုက်၏အခြားမဲ့၌ စိတ္တယမိုက်ကို ဟောကြားရပါသည်။

ဣဒါနိ တေသညေဝ မူလယမကေ ဒေသိတာနံ ကုသလာဒိဓမ္မာနံ လဗ္ဘမာနဝသေန ကေဒေသမေဝ သင်္ဂဟိတ္ဝာ အနုသယယမကာနန္တရံ ဒေသိတသ စိတ္တယမသ အတ္ထဝဏ္ဏနာ ဟောတိ။ (အဋ္ဌကထာ)

ဣဒါနိ၊ ၌။ မူလယမကေ၊ ၌။ ဒေသိတာနံ၊ ကုန်သော။ တေသညေဝ ကုသလာဒိ ဓမ္မာနံ၊ တို့ကိုပင်လျှင်။ လဗ္ဘမာနဝသေန၊ ဖြင့်။ ကေဒေသမေဝ၊ လျှင်။ သင်္ဂဟိတ္ဝာ၊ ၍။ အနုသယယမကာနန္တရံ၊ ၌။ ဒေသိတသ၊ သော။ စိတ္တယမကသ၊ ၏။ အတ္ထဝဏ္ဏနာ၊ သည်။ ဟောတိ၊ ၏။

★ ပုဂ္ဂလဝါရ,ဓမ္မဝါရ,ပုဂ္ဂလဓမ္မဝါရတို့၏ အဓိပ္ပါယ်ကို ဥဒါဟရဏ်တခုစီနှင့် ရှင်းပြပါ။

☆ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ၊ နနိရုဇ္ဈတိ–အစရှိသည်ဖြင့် ပုဂ္ဂိုလ်၏အစွမ်းဖြင့် စိတ်၏ဖြစ်ပုံ ချုပ်ပုံကိုညွှန်ပြသောဝါရသည် ပုဂ္ဂလဝါရမည်၏။

ယံ စိတ္တံ ဥပ္ပဇ္ဇတိ၊ နနိရုဇ္ဈတိ–စသည်ဖြင့် ဓမ္မ၏ အစွမ်းဖြင့် စိတ်၏ဖြစ်ပုံ ချုပ်ပုံကို ညွှန်ပြသောဝါရသည် ဓမ္မဝါရမည်၏။

ယဿ ယံစိတ္တံ ဥပ္ပဇ္ဇတိ၊ နနိရုဇ္ဈတိ–စသည်ဖြင့် ပုဂ္ဂလဓမ္မနှစ်ပါး တို့၏အစွမ်းဖြင့်,စိတ်၏ဖြစ်ပုံ ချုပ်ပုံစသည်ကို ညွှန်ပြသောဝါရ သည် ပုဂ္ဂလဓမ္မဝါရမည်၏။

★ သုဒ္ဓိကဝါရ, သရာဂါဒိ အဝိမုတ္တန္တပဒ မိဿကဝါရ, ကုသလာဒိ အရဏန္တပဒ မိဿကဝါရတို့၏ အဓိပ္ပါယ်ကို အသီး အသီး ရေးခဲ့ပါ။

☆ သရာဂ,ကုသလစသောပုဒ်တို့နှင့် မရောယှက် သက် သက် စိတ်၏ဖြစ်ခြင်း, ချုပ်ခြင်းစသောအပြားကို ဟောကြား သော ဝါရသည် သုဒ္ဓိကဝါရမည်၏။

သရာဂမှစ၍ အဝိမုတ္တတိုင်အောင်သောပုဒ်တို့နှင့်ရောယှက်၍ စိတ်၏ ဖြစ်ခြင်း, ချုပ်ခြင်း စသည်ကို ဟောရာဖြစ်သောဝါရ သည် သရာဂါဒိအဝိမုတ္တန္တပဒမိဿကဝါရမည်၏။

ကုသလပုဒ်မှစ၍ အရဏအဆုံးရှိသောပုဒ်တို့နှင့် ရောယှက်၍ စိတ်၏ဖြစ်ခြင်း ချုပ်ခြင်းစသည်ကို ဟောကြားသောဝါရသည် ကုသလာဒိအရဏန္တပဒမိဿကဝါရမည်၏။

အမှာ။ ။ဥပါဒါနှင့် ဘင်ကိုရင်း, ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ ကိုရင်း ရောရ၍ ဟောအပ်သော ဝါရကို ဥပ္ပါဒနိုရောဓ ကာလ သမ္ပေဒဝါရခေါ်သည်မှတ်။

သရာဂါဒိကုသလာဒိဟိတိ သရာဂါဒိဟိ အဝိမုတ္တန္တေ ဟိ ကုသလာဒိဟိ အရဏန္တေဟိ ပဒေဟိ မိဿကာ ဝါ ရာ၊ သုဒ္ဓိကာတိ ကေဝလာ ယထာ ဝုတ္တာ သရာဂါဒိဟိ ကုသလာဒိဟိစ အမိဿကာ။ (အနဋ္ဌ)

သရာဂါဒိကုသလာဒိဟိတိ ဟူသည်ကား၊ သရာဂါဒိဟိ၊ ကုန်သော။ အဝိမုတ္တန္တေဟိ၊ ကုန်သော။ ပဒေဟိ၊တို့နှင့်ရင်း။ကုသလာ ဒိဟိ၊ကုန်သော။ အရဏန္တေဟိ၊ ကုန်သော။ ပဒေဟိ၊ တို့နှင့်ရင်း။ မိဿကာ၊ရောနှောကုန်သော။ဝါရာ၊တို့တည်း။ သုဒ္ဓိကာတိ၊ဟူသည် ကား။ကေဝလာ၊ကုန်သော။ ယထာဝုတ္တာသရာဂါဒိဟိစ၊ တို့နှင့်ရင်း။ ကုသလာဒိဟိစ၊ တို့နှင့်ရင်း။ အမိဿကာ၊ မရောနှောကုန်သော။ ဝါရာ၊တို့တည်း။

★ သုဒ္ဓစိတ္တသာမညဝါရ, သုတ္တန္တစိတ္တမိဿကဝိသေသ ဝါရ, အဘိဓမ္မစိတ္တ မိဿက ဝိသေသ ဝါရတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

☆ သရာဂစသောပုဒ်, ကုသလစသောပုဒ်တို့နှင့် မရော ယှက်ဘဲ သာမညအားဖြင့် စိတ်၏ဖြစ်ခြင်း ချုပ်ခြင်းစသည်ကို ဟောကြားသောဝါရသည် သုဒ္ဓစိတ္တသာမညဝါရမည်၏။

သရာဂစသောပုဒ်တို့နှင့် ရောယှက်၍ စိတ်၏ဖြစ်ခြင်း ချုပ်ခြင်းစသည်ကို ဟောကြားသောဝါရသည် သုတ္တန္တစိတ္တမိဿကဝါရမည်၏။

ကုသလစသောပုဒ်တို့နှင့် ရောနှောအထူးပြု၍ စိတ်၏ ဖြစ်ခြင်း ချုပ်ခြင်း စသည်ကို ဟောကြားသောဝါရသည် အဘိဓမ္မစိတ္တမိဿကဝိသေသဝါရမည်၏။

☆ ဥပ္ပါဒ နိရောဓ ကာလသမ္ဘေဒဝါရ စသည်တို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

☆ ဥပ္ပါဒ နိရောဓတို့ကိုရင်း, ပစ္စုပ္ပန် အနာဂတ်ကာလတို့ကိုရင်း ရော၍ ဟောကြားသောဝါရသည် ဥပ္ပါဒ နိရောဓ ကာလ သမ္ဘေဒဝါရမည်၏။

စိတ်တို့၏ဥပါဒ်ဆဲ, ခဏတ္တယသို့ ရောက်ဆဲကို ဟောကြားသောဝါရသည် ဥပ္ပါဒုပ္ပန္နဝါရမည်၏၊ ကြင်းသော ဝါရတို့၏ အဓိပ္ပါယ်ကို ပါဠိစဉ်ကိုကြည့်သောအားဖြင့် သိကြလေ။

ဥပ္ပါဒနိရောဓာနံ ပစ္စုပ္ပန္နနာဂတကာလာနဉ္စ သံသဂ္ဂဝသေန ဧကေကာယ ပုဗ္ဗာယ ပဝတ္တာ ဥပ္ပါဒနိရောဓ ကာလ သမ္ဘေဒဝါရောတိ ဝုစ္စတေ။

ဥပ္ပါဒနိရောဓာနဉ္စ၊ တို့ကိုရင်း။ ပစ္စုပ္ပန္န နာဂတကာလာနဉ္စ၊ တို့ကိုရင်း။သံသဂ္ဂဝသေန၊ဖြင့်။ဧကေကာယ၊တပါးပါးသော။ ပုဗ္ဗာယ၊ဦး။ပဝတ္တာ၊ ကြောင့်။ ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရောတိ၊ ဟူ၍။ပုစ္ဆော၊၏။

★ အောက်ပါစိတ်များကို အသီးအသီးဖေါ်ပြခဲ့ပါ။

(က) သရာဂစိတ်
(ခ) ဝိတရာဂစိတ်
(ဂ) သဒေါသစိတ်
(ဃ) ဝိတဒေါသစိတ်
(င) သမောဟစိတ်
(စ) ဝိတမောဟစိတ်။

☆ (က) လောဘမူစိတ္တုပ္ပါဒ်
(ခ) လောဘမူစိတ္တုပ္ပါဒ်မှတပါး ရှစ်ဆဲ့တပါး သော စိတ္တုပ္ပါဒ်၊
(ဂ) ဒေါသမူစိတ္တုပ္ပါဒ်
(ဃ) ဒေါသမူစိတ္တုပ္ပါဒ်မှ တပါး ရှစ်ဆဲ့ခုနှစ်ပါးသောစိတ္တုပ္ပါဒ်၊
(င) မောဟမူစိတ္တုပ္ပါဒ်
(စ) မောဟမူစိတ္တုပ္ပါဒ်မှတပါး ရှစ်ဆဲ့ခုနှစ်ပါးသောစိတ္တုပ္ပါဒ်။

★ အောက်ပါစိတ်များကို အသီးအသီးဖေါ်ပြခဲ့ပါ။

(က) သံခိတ္တစိတ်
(ခ) ဝိကၠိတ္တစိတ်

(၀) မဟာဂုတစိတ်
(ခ) အမဟာဂုတစိတ်
(၀) သဉ္ဇာရစိတ်
(စ) အနုဇာရစိတ်

☆ (က) ဥဒ္ဒစ္စသမ္ပယုတ် စိတ္တုပ္ပါဒ်
(ခ) ဥဒ္ဒစ္စ သမ္ပယုတ်စိတ်မှ ကြင်းသော ရှစ်ဆဲ့ ရှစ်ခုသော စိတ္တုပ္ပါဒ်
(ဂ) မဟာဂုတ်စိတ်သတ္တဝိသ
(ဃ) မဟာဂုတ်စိတ်သတ္တဝိသမှ တပါး ကြင်းသောစိတ် ခြောက်ဆဲ့နှစ်ခု
(င) လောကီစိတ် ရှစ်ဆဲ့တခု
(စ) လောကုတ္တရာစိတ် ရှစ်ခု

မှတ်ချက်။ ။သံခိတ္တစိတ်ကို သံကုဋ္ဌိတစိတ်၊ ဝိကၡိတ္တစိတ်ကို ပသဒ္ဓ စိတ်ဟု ခေါ်သေးသည်။

★ အောက်ပါ စိတ်များကို ဖေါ်ပြခဲ့ပါ။

(က) သမာဟိတစိတ်
(ခ) အသမာဟိတစိတ်
(ဂ) ဝိမုတ္တစိတ်
(ဃ) အဝိမုတ္တစိတ်

☆ (က) မဟာဂျုတ်စိတ် လောကုတ္တရာစိတ်
(ခ) ကာမစိတ်
(ဂ) လောကုတ္တရာစိတ်
(ဃ) လောကီစိတ်

★ တဃ စိတ္တံ ဥပန္နံ ဟူသောပါဠိအရ ဥပ္ပန္နအပြားကို ရေး၍ ဤဠိလိုအပ်သော ဥပ္ပန္နကိုလည်း ရေးခဲ့ပါ။

ဥပ္ပန္နအပြား

ဥပ္ပန္နသည် ဝတ္တမာနုပ္ပန္န, ဘူတာပဂတုပ္ပန္န, ဩကာသ ကတုပ္ပန္န, ဘူမိလဒ္ဓုပ္ပန္န အားဖြင့် လေးပါးရှိပါသည်။

အလိုရှိအပ်သော ဥပ္ပန္န

ဤဠိ အလိုရှိအပ်သော ဥပ္ပန္နကား ဝတ္တမာနုပ္ပန္နဖြစ်ပါသည်။

★ အောက်ပါပုဋ္ဌိုလ် လေးမျိုးကို ထုတ်ပြခဲ့ပါ။

(က) စိတ်ဖြစ်ဆဲ မဖြစ်လတ္တံ့။
(ခ) စိတ်ဖြစ်ဆဲ ဖြစ်လတ္တံ့။
(ဂ) စိတ်ချုပ်ဆဲ မဖြစ်လတ္တံ့။
(ဃ) စိတ်ချုပ်ဆဲ ဖြစ်လတ္တံ့။

☆ (က) ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဋ္ဌိုလ်။
(ခ) ပစ္ဆိမ စိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီ ပုဋ္ဌိုလ်မှ တပါး ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ပုဋ္ဌိုလ်။

(ဂ) ပစ္စိမစိတ်၏ ဘင်ဂ္ဂဏသမဋ္ဌိပုဂ္ဂိုလ်။
(ဃ) ပစ္စိမစိတ်၏ဘင်ဂ္ဂဏသမဋ္ဌိပုဂ္ဂိုလ်မှတပါး ခပ်သိမ်းသော စိတ်တို့၏ ဘင်ဂ္ဂဏသမဋ္ဌိ ပုဂ္ဂိုလ်။

★ နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်နှင့် အသညသတ် ပုဂ္ဂိုလ်တို့အား စိတ်သည် ဖြစ်ဆဲ ချုပ်ဆဲ နှစ်ပါးတွင် အာဘယ်နည်း၊သဝဓကနှင့်တကွဖေါ်ပြ၍ 'ဘဂ်ုပ္ပါဒါဝေါအက္ခာတာ နစိတ္တာသ ဌိတိက္ခဏော' ဟူသော ဝေါဒ၏ မှီရာ စိတ္တယမိုက်လာ ပါဠိတော်ကိုလည်း ညွှန်းခဲ့ပါ။

☆ ဖြစ်ဆဲလည်းမဟုတ် ချုပ်ဆဲလည်း မဟုတ် ယင်း နှစ်ပါးမှ အလွတ်ဖြစ်ပါသည်။

ဆိုင်ရာသာဓက

ယသ္မိံ ဝေါပနဿိတ္တံ နနိရုဇ္ဈတိ၊ တသ္မိံ ဥပ္ပဇ္ဇတိတိ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တံ နနိရုဇ္ဈတိ၊ နောစ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ။

စိတ္တယမိုက်လာ ပါဠိတော်ကား

ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ ဘင်ဂ္ဂဏော ဥပ္ပန္နံ၊နောစ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒက္ခဏော ဥပ္ပန္နဥ္စေဝ ဥပ္ပဇ္ဇမာနဉ္စ၊ ဥပ္ပဇ္ဇမာနံ ဥပ္ပန္နန္တိ၊ အာဝမန္တာ။

★ အတိက္ကန္တကာလ၀ါရ ပဋ္ဌိလောမဋ္ဌ အာမန္တာ ဝိဘင်း ထုတ်သင့်လျက် မထုတ်ဘဲ အာဘယ် ကြောင့် 'အတီတံ စိတ္တံ' ဟု ဝိဘင်းထုတ်ရကြောင်းကို ရှင်းပြပြီးလျှင် ယခုဖြစ်ဆဲ စိတ်ကို အတိတ်က ဖြစ်ခဲ့ပြီ–အနာဂတ်၌ ဖြစ်လတ္တံ့ ဟု ဆိုနိုင်, မဆိုနိုင်ကိုလည်း ကျမ်းလာအရ–အထောက်ပြ ဖြေဆိုခဲ့ပါ။

☆ ခဏနှစ်ပါးကို လွန်ပြီဟူသော အရကား အတိတ်ဖြစ်သော စိတ်သာတည်း၊ ပစ္စုပ္ပန်ဖြစ်သောစိတ် မဟုတ်၊ ဤသို့ အထူးကိုပြခြင်းငှါ–'အာမန္တာ' ဟု ဝိဘင်းမထုတ်ဘဲ 'အတီတံ စိတ္တံ' ဟု ထုတ်ရပါသည်။

အကြင် ဥပပါဒကွဏဖြစ်သော စိတ်သည် ဖြစ်ဆဲ,ချုပ်ဆဲ မဟုတ်၊ ထိုဥပပါဒကွဏဖြစ်သော စိတ်သည် စင်စစ်ချုပ်လတ္တံ့၊ ချုပ်ပြီးသည်နောက် မဖြစ်ပြန်ပြီဖြစ်သောကြောင့် အနာဂတ်၌ ဖြစ်လတ္တံ့ ဟု မဆိုနိုင်ပါ။

ဆိုင်ရာအထောက်

ယံ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ၊ တံ စိတ္တံ နိရုဇ္ဈိသတိ နဥပ္ပဇ္ဇိသတီတိ အာမန္တာ–တည်း။

★ အောက်ပါပုဒ်တို့၏အရ ဖြစ်ထိုက်သောစိတ်မျှားကို ထုတ်ပြခဲ့ပါ။

(က) ဥပ္ပဇ္ဇတိ
(ခ) ဥပ္ပဇ္ဇိတ္ထ

(၀) ဥပ္ပဇ္ဇိဿတိ
(ဃ) ဥပ္ပန္နံ။

☆ (က) ဥပ္ပါဒက္ခဏစိတ်
(ခ) အတိတ်စိတ်
(ဂ) အနာဂတ်စိတ်
(ဃ) ပစ္စုပ္ပန်စိတ်

★ "ယဿ ကုသလံ စိတ္တံ ဥပ္ပဇ္ဇိတ္ထ၊ တဿ ကုသလံ စိတ္တံ ဥပ္ပဇ္ဇိဿတိတိ" ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာပါဋိကို အရကောက်ကို ထောက်ဆ၍ ပုဂ္ဂိုလ်ပေါ်လွင်အောင် အနက်ပေးပြပါ။

☆ အဂ္ဂမဂ္ဂသမင်္ဂီနံ၊ အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ ဖြစ်ကုန်သော။ တေသံ၊ ထိုအရဟတ္တမဂ္ဂဌာန်ပုဂ္ဂိုလ်တို့အား၎င်း။ အရဟန္တာနံ၊ အရဟတ္တမဂ္ဂါနန္တရမှစ၍ ပစ္ဆိမစိတ်တိုင်အောင် အရဟတ္တဖလဌာန်ဟု ဆိုအပ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား၎င်း။ ကုသလံစိတ္တံ၊ သည်။ ဥပ္ပဇ္ဇိတ္ထ၊ ပြီ။ တေသံ၊ တို့အား။ ကုသလံစိတ္တံ၊ သည်။ နောစ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့မဟုတ်။

ဤတရေသံ၊ ကုန်သော။ တေသံ၊ ထိုအစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ ရှေး ဝေါဒါန် တိုင်အောင် ကျွတ်ထိုက်သော ပုထုဇဉ် အောက်မဂ္ဂဌာန်သုံးယောက်, အောက်ဖလဌာန် သုံးယောက် မဂ်ကို မရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့အား။ ကုသလံစိတ္တံ၊ သည်။ ဥပ္ပဇ္ဇိတ္ထစေ၀၊ ဖြစ်လည်း

ဖြစ်ဘူးပြီ။ဥပဇ္ဈာယ်သတိစ၊ ဖြစ်လည်း ဖြစ်လတ္တံ့။ ဣတိဝိသေဋ္ဌနှ၊ သည်။ဟောတိ၊၏။

★ ပုဂ္ဂလဝါရ၌ ဥပဇ္ဈာယ်ထွအရ ခဏနှစ်ပါးကို အဘယ့်ကြောင့် ကောက်ရပါသနည်း။

☆ ယခုစိတ်ဖြစ်ဆဲ,ချုပ်ဆဲသောပုဂ္ဂိုလ်သည် ရှေးစိတ်တို့၏ ဖြစ်ဆဲခဏကို လွန်ပြီးဖြစ်သောကြောင့် ဥပဇ္ဈာယ်ထွအရ ခဏနှစ်ပါးကို ကောက်ရပါသည်။

တေသံ စိတ္တံ ဥပဇ္ဈာယတိ တ္ထောပ် သဗ္ဗေသံ တာဝ စိတ္တံ ခဏပစ္စုပ္ပန္နမေဝ ဟုတ္ဝာ ဥပ္ပါဒက္ခဏံ အတိတတ္ထာ ဥပဇ္ဈာယတိ နာမ။

တေသံ စိတ္တံ ဥပဇ္ဈာယတိ တ္ထောပိ၊ ပါကျဉ်လည်း။ တာဝ၊ဒ္ဝေ။ သဗ္ဗေသံ၊ ခပ်သိမ်း ကုန်သောပုဂ္ဂိုလ်တို့၏။ စိတ္တံ၊သည်။ခဏ ပစ္စုပ္ပန္နမေဝ၊ခဏပစ္စုပ္ပန်သည်သာလျှင်။ ဟုတ္ဝာ၊၍။ ဥပ္ပါဒက္ခဏံ၊ ရှေးစိတ်တို့၏ဥပ္ပါဒက္ခဏကို။အတီတတ္ထာ၊လွန်သည်၏အဖြစ်ကြောင့်။ ဥပဇ္ဈာယတိ ထွနာမ၊ဖြစ်ဘူးသည် မည်၏။

★ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် နိရောဓသမာပတ်ကို ဝင်စားဆဲခဏ၌ စိတ်ဖြစ်ခြင်း မရှိသောကြောင့်ရင်း, အသညသတ်ပုဂ္ဂိုလ်သည်လည်း မိမိဖြစ်ခိုက်ဘုံ၌ စိတ်ဖြစ်ခြင်း မရှိသောကြောင့်ရင်း ဥပဇ္ဈာယ်ထွအရတွင် မပါဝင်သည် မဟုတ်ပါလော။

☆ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် နိရောဓသမာပတ်ကို ဝင်စားဆဲခဏ၌ စိတ်ဖြစ်ခြင်း မရှိ၊ အသည်သတ်ပုဂ္ဂိုလ်သည်လည်း မိမိဖြစ်ခိုက်ဘုံ၌ စိတ်ဖြစ်ခြင်းမရှိသော်လည်း နိရောဓသမာပတ်မှ ရှေးကာလ, အသည်သတ်ဘုံသို့ မရောက်မီ ရှေးဘဝတို့၌ စိတ်ဖြစ်ဘူးသောကြောင့် ဥပဇ္ဇိတ္ထအရ၌ ပါဝင်ရပါသည်။

နိရောဓသမာပန္နာနံ နိရောဓတော ပုဗ္ဗေ ဥပ္ပန္နပုဗ္ဗတ္တာ အသည်သတ္တာနံ သညီဘဝေ ဥပ္ပန္နပုဗ္ဗတ္တာ။

နိရောဓသမာပန္နာနံ၊ နိရောဓသမာပတ်ကို ဝင်စား ကုန်သော ပုဂ္ဂိုလ်တို့အား။ နိရောဓတော၊ နိရောဓသမာပတ်မှ။ ပုဗ္ဗေ၊ ၌။ စိတ္တသ၊ ၏။ ဥပ္ပန္နပုဗ္ဗတ္တာ၊ ဖြစ်ဘူးသည်၏ အဖြစ်ကြောင့်။ အသည်သတ္တာနံ၊ အသည်သတ်ပုဂ္ဂိုလ်တို့အား။ သညီဘဝေ၊ ၌။ စိတ္တသ၊ ၏။ ဥပ္ပန္နပုဗ္ဗတ္တာ၊ ဖြစ်ဘူးသည်၏အဖြစ်ကြောင့်။ ဥပ္ပဇ္ဇိတ္ထနာမ၊ ၏။

★ ဥပ္ပန္နုပ္ပဇ္ဇမာနဝါရ၌ ပုဂ္ဂလစသည်ဖြင့် ဝါရသုံးပါးရှိရာ ဥပ္ပန်နှင့် ဥပ္ပဇ္ဇမာနံ စသောဒေသနာကိုကား ပုဂ္ဂိုလ်မပြဋ္ဌာန်း၊ စိတ်ဟုဆိုအပ်သောဓမ္မဖြင့်သာ ပြဋ္ဌာန်းသောကြောင့် ဓမ္မဝါရ၌သာ ဟောသင့်လျက် အဘယ်ကြောင့်ပုဂ္ဂလဝါရ၌ ဟောကြားပါသနည်း။

☆ ထိုသို့ သဘောရှိသော ဘဂဝန္တာသမ္ဗုဒ္ဓီ စသော ပုဂ္ဂိုလ်ကိုရည်၍ ဟောကြားသော သန္ဓာယဘာသိတဒေသနာဖြစ်သောကြောင့် ပုဂ္ဂလဝါရ၌သာ ဟောရပါသည်။

တတ္ထ ပုဂ္ဂလဝါရေ အဝိသေသေန ယံကိုဠ္ဌ တာဒိသံ ပုဂ္ဂလံ သန္ဓာယ ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ အာဒိဝုတ္တံ။ (မူဋီ)

တတ္ထ၊ ထိုသုံးပါးသောဝါရတို့တွင်။ ပုဂ္ဂလဝါရေ၊ ၌။ အဝိသေသေန၊ ဖြင့်။ယံကိုဠ္ဌ၊သော။ တာဒိသံ၊သော။ ပုဂ္ဂလံ၊ ကို။သန္ဓာယ၊ ၍။ ဥပ္ပန္နံဥပ္ပဇ္ဇမာနန္တိအာဒိ၊ စကားကို။ ဝုတ္တံ၊၏။

★ ဓမ္မဝါရအနုလုံ၌'ယံ စိတ္တံ ဥပ္ပဇ္ဇတိ၊တံ စိတ္တံ ဥပ္ပဇ္ဇိတ္ထာ တိ'ဝယ် အဘယ့်ကြောင့် 'နော'ဝိဘင်းထုတ်ရပါသနည်း။

☆ စိတ်၏ ဥပါဒ်,ဌိ,ဘင်ဟူသောခဏပစ္စုပ္ပန်၌ ဥပ္ပဇ္ဇိတ္ထ ဟူသော အတိတ်ဝေါဟာရကို မရအပ်သောကြောင့် 'နော' ဝိဘင်းထုတ်ရပါသည်။

နှ ဟိ ခဏပစ္စုပ္ပန္နေ ဥပ္ပဇ္ဇိတ္ထာတိ အတီတဝေါဟာ ရော အတ္ထိ။ (မူဋီ)

ဟိ၊ မှန်၏။ ခဏပစ္စုပ္ပန္နေ၊၌။ ဥပ္ပဇ္ဇိတ္ထာတိအတီတဝေါဟာရော၊ သည်။ နအတ္ထိ၊ မရှိ။

★ အောက်ပါစိတ်များကို ဖော်ပြ၍ ကုသလာဒိ အရဏန္တပဒမိဿကဝါရ၌ မဟောအပ်သောပုဒ်များကိုလည်း ဖော်ပြခဲ့ပါ။

(က) သရာဂပစ္ဆိမစိတ်
(ခ) ပစ္ဆိမကုသလစိတ်

☆ (က) ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ် တို့အား နောက်ဆုံး ဖြစ်သော သရဏစိတ်၊
(ခ) အရဟတ္တမဂ်စိတ်။

မဟာသောပုဒ်များ

ရုပ်သာရ၍ စိတ် စေတသိက်တို့ကို မရသော သနိဒဿန သပ္ပဋိဃအစရှိသောပုဒ်များတည်း၊ ယင်းတို့ကား အ၀ရကောက် မရှိ၊ မောဃပုစ္ဆာမျှသာတည်း။

စိတ္တယမိုက် ပြီး၏။

ဓမ္မယမိုက်

★ အဘယ်ဝါရကို ဘာဝနာဝါရဟု ခေါ်သည်ကို ဖြေဆို၍ အောက်ယမိုက်မျှားကဲ့သို့ ပရိညာဝါရဟု မခေါ်ဘဲ အဘယ်ကြောင့် ဘာဝနာဝါရဟု ခေါ်ဆိုအသုံးပြုပါသနည်း။

☆ ပရိညာဝါရကို ဘာဝနာဝါရဟု ခေါ်ပါသည်၊ ဤခမ္မယမိုက်၌ 'ယော ကုသလံ ဓမ္မံ ဘာဝေတိ' စသည်ဖြင့် ဘာဝေတိသဒ္ဒါဖြင့် ဟောကြားသောကြောင့် ပရိညာဝါရကိုပင် ဘာဝနာဝါရဟု ခေါ်ဆိုအသုံးပြုခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။အောက်ခန္ဓယမိုက်စသည်ဝယ် 'ယော ရူပက္ခန္ဓံ ပရိဇာနာတိ' စသည်ဖြင့် 'ပရိဇာနာတိ' သဒ္ဒါဖြင့် ဟောကြားသောကြောင့် ပရိညာဝါရဟု ခေါ်သည်။

ယော ကုသလံ ဓမ္မံ ဘာဝေတိ၊ သော အကုသလံ ဓမ္မံ ပဇဟတိ၊ အာဂတတ္တာ ပနေတ္ထ ပရိညာဝါရော ဘာဝနာဝါရော နာမာတိ ဝေဒိတဗ္ဗော။ (အဋ္ဌကထာ)

ယောကုသလံ ဓမ္မံ ဘာဝေတိ သောအကုသလံ ဓမ္မံ ပဇဟတိ၊ ၍။ အာဂတတ္တာ၊ ကြောင့်။ ဤတွေ့ပန်၊ ဤခမ္မယမိုက်၌ကား။ ပရိညာဝါရော၊ ကိုသာလျှင်။ ဘာဝနာဝါရောနာမာတိ၊ ၍။ ဝေဒိတဗ္ဗော၊ ၏။

★ သုဒ္ဓ ဓမ္မဝါရ၌ ဟောအပ်သော တရားစုကို ထုတ်ပြ၍ ဓမ္မာကုသလာတိ၌ သန္ဓိဌာန် အရတွင် မပါဝင်သော ဓမ္မမျိုးရှိကလည်း အကြောင်းနှင့်တကွ ထုတ်ပြခဲ့ပါ။

☆ စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဌဝိသ၊နိဗ္ဗာန်တို့တည်း၊ သုဒ္ဓ ဖြစ်သောကြောင့် ပညတ္တိ ဓမ္မ မျိုး ရှိပါသည်။

★ အောက်ပါပုဂ္ဂိုလ်တို့ကို သိသမျှကောက်ပြခဲ့ပါ။

(က) ကုသိုလ်ဖြစ်ဆဲ
(ခ) အကုသိုလ်ဖြစ်ဆဲ
(ဂ) အဗျာကတ ဖြစ် ဆဲ သာ ရကောင်းသော ပုဂ္ဂိုလ်များ။

☆ (က) အ ရ ူ ပ ဘုံ ၌ မဟာကုသိုလ်ရှစ်ခု၊ အရူပ ကုသိုလ်လေးခု၊ အထက်မဂ်သုံးခုတို့၏ ဥပ္ပါဒကွဏသမဥ္ဘီဟု ဆိုအပ်သော တိဟိတ်ပုထုဇဉ်-အထက်မဂ္ဂဌာန်သုံးယောက် အောက်ဖလဌာန် သုံးယောက်။

(ခ) အရူပ ဘုံ၌ လောဘမူ ရှစ်ခု မောဟမူဒွေ စေတသိက် တေဝီသ တို့၏ ဥပ္ပါဒကွဏ သမဥ္ဘီဟု ဆိုအပ်သော တိဟိတ်ပုထုဇဉ် အောက်ဖလဌာန်ပုဂ္ဂိုလ် သုံးယောက်။

(ဂ) ပဋ္ဌိသန္ဓေစိတ် ဇကူနဝီသ စေတသိက် ပဋ္ဌ ဝ ် တ သ ကမ္မဇကလောပ သုံးစည်း ခုနှစ်စည်း လေးစည်း အစစ္စာ သော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒကွဏသမဥ္ဘီ ဟု ဆို အပ်သော ခပ်သိမ်းသော ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ် လေး ယောက် အောက်ဖလဌာန် သုံးယောက်၊ပစတ္တိအခါ ဝီပါက်စိတ် ဆတ္တိ ံ သ ကြိယာစိတ်ဝီသ စေတသိက် အဌတိ ံ သ စိတ္တဇရုပ်တို့၏

ဥပ္ပါဒကၠဏ သမဋ္ဌိဟု ဆိုအပ်သော ပုထုဇဉ်လေးယောက် ဖလ ဌာန်လေးယောက်။

★ အောက်ပါ တရားများ၌ 'ကုသလဝိပ္ပယုတ္တ စိတ္တသ' အရတွင် မပါဝင်ထိုက်သော ကုသလ ဝိပ္ပယုတ္တ စိတ်မျိုးကို အကြောင်းနှင့် တကွ ထုတ်ပြခဲ့ပါ။

ပဝတ္တေ ကုသလ ဝိပ္ပယုတ္တ စိတ္တသ ဥပ္ပါဒကၠဏေ တေသံ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ နောစ တေသံ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ။

☆ အရူပဘုံ၌ ဖြစ်သော အကုသိုလ်စိတ်သည် ရူပ်ကို မဖြစ်စေနိုင်၍ အဗျာကတ မမည်သောကြောင့် မပါဝင်ပါ။

★ ဓမ္မယမိုက် ပဝတ္တိဝါရ၌ ဟောအပ်သော ပုဂ္ဂိုလ်နှင့် ပစ္စုပ္ပန်စသော ကာလကို အဘယ်၏အစွမ်းဖြင့် ပိုင်းခြားသည်ကို ဖြေဆိုရ၍ ကု, အကု, အဗျာကတတို့သည် ပဋိသန္ဓေ ပဝတ္တိ စုတိ သုံးဌာနတွင် အဘယ်ကာလ၌ ဖြစ်သည်ကိုလည်း ရေးခဲ့ပါ။

ဟောအပ်သောပုဂ္ဂိုလ်

☆ ပုထုဇဉ်လေးယောက် အရိယာရှစ်ယောက်အား ဖြင့် တဆဲ့နှစ်ယောက်လုံး ဖြစ်ပါသည်။

ဓမ္မယမိုက် ပဝတ္တိဝါရ၌ ပစ္စုပ္ပန်စသော ကာလဘေဒကို ပဋိ သန္ဓိ ပဝတ္တိ စုတိတို့၏ အစွမ်းဖြင့် ပိုင်းခြားပါသည်။

ကု, အကု, အဗျာကတတို့ ဖြစ်ရာကာလ

ကုသိုလ်, အကုသိုလ် တို့သည် ပဝတ္တိ ကာလ၌သာ ဖြစ်ကြပါသည်။အဗျာကတ တရားကား ပဋိသန္ဓေ, ပဝတ္တိ, စုတိအားဖြင့် ကာလသုံးပါး၌ ဖြစ်ပါသည်။

> ကုသလာ ကုသလဓမ္မာ တာဝ ကေန္ဒြေန ပဝတ္တိယံ ယေဝ လဗ္ဘန္တိ၊ နစုတိပဋိသန္ဓိသု၊ အဗျာကတဓမ္မာ ပန ပဝတ္တေစ စုတိပဋိသန္ဓိသုစာတိ၊ တိသုပိ ကာလေသု လဗ္ဘန္တိ။ ။(အဋ္ဌကထာ)

ကုသလာကုသလဓမ္မာ တို့ကို။တာဝ ၊စွာ။ ကေန္ဒြေန၊ဖြင့်။ ပဝတ္တိ ယံယေဝ၊သာလျှင်။လဗ္ဘန္တိ၊ကုန်၏။စုတိပဋိသန္ဓေသု၊တို့၌။ နလဗ္ဘန္တိ၊ ကုန်။ အဗျာကတဓမ္မာပန၊ တို့ကိုကား။ ပဝတ္တေစ၊၌ရင်း။ စုတိပဋိသန္ဓေသုစ၊တို့၌ရင်း။ဣတိ၊သို့။တိသုကာလေသုပိ၊တို့၌လည်း။လဗ္ဘန္တိ၊ ကုန်၏။

★ 'ယဿ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ ' ၌ အဘယ်ကြောင့် အာမန္တာ ဝိဘင်းမထွက်ဘဲ 'နော' ဝိဘင်းထွက်ရသည်ကို ဖြေဆို၍ ကုသလဝိပ္ပယုတ္တ, အကုသလ ဝိပ္ပယုတ္တစိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

☆ ကုသိုလ်စိတ်ဥပါဒ်ဆဲခဏ၌ အကုသိုလ်စိတ် မဥပါဒ်နိုင်သောကြောင့် အာမန္တာဝိဘင်း မထွက်ဘဲ 'နော' ဝိဘင်းထွက်ရပါသည်။

ကုသလဝိပ္ပယုတ္တ,အကုသလဝိပ္ပယုတ္တစိတ်

ဝိပါက်စိတ်, ကြိယာစိတ်၊ တနည်း....အဗျာကတစိတ်တို့ကို ကုသလဝိပ္ပယုတ္တ,အကုသလဝိပ္ပယုတ္တစိတ်ဟု ခေါ်ပါသည်။

★ မူချဒုတိယအကုသိုလ်စိတ်, တံသဒိသ ဒုတိယ အကုသိုလ်စိတ် တို့ကို ဖေါ်ပြခဲ့ပါ။

☆ ဘဝနိကန္တိက ဒုတိယဇောကို မူချ ဒုတိယ အကုသိုလ်စိတ်ဟုခေါ်၏။

ဘဝနိကန္တိကတတိယဇောမှစ၍ ရှေးဦးစွာဖြစ်သော မဟာကုသိုလ်ပဌမဇောတို့အောင်သော စိတ်တို့ကို တသဒိသဒုတိယ အကုသိုလ်စိတ်ဟု ခေါ်၏။

မှတ်ချက်။ ။အကြောင်းနှင့်တကွဖြေဆိုပါဟု မေးလျှင် ပဌမဇော မှ ထောက်၍ ဒုတိယမြောက် အကုသိုလ် ဖြစ်သော ကြောင့် မူချဒုတိယအကုသိုလ်စိတ်ဘဝနိကန္တိကဒုတိယ အကုသိုလ်စိတ်နှင့် ကုသိုလ်ဖြစ်ဘူးပြီးသည်ကို အတိတ်ဌာ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသဒုတိယအကုသိုလ်စိတ်ဟုခေါ်၏။

★ မူချဒုတိယစိတ်, တံသဒိသ ဒုတိယစိတ်တို့ကို ဖေါ်ပြခဲ့ပါ။

☆ ပဋိသန္ဓေ နောင် ပဌမဘဝင်စိတ်ကို မူချဒုတိယစိတ်၊ ပဋိသန္ဓေစိတ် ကြွင်းသောဘဝင်တဆဲ့ငါးချက် မနောဒ္ဓါရာဝဇ္ဇန်း

ဘဝနိကန္တိကပဌမဇော ဤတဆဲ့ရှစ်ချက်သောစိတ်ကို တံသဒိသ ဒုတိယစိတ်ဟု ခေါ်၏။

မှတ်ချက်။ ။အကြောင်းနှင့်တကွဖြေဆိုပါဟုမေးက ပဋိသန္ဓေစိတ် မှ နှစ်ခုမြောက် ဖြစ်သောကြောင့် မုချ ဒုတိယစိတ်၊ မုချဒုတိယစိတ်နှင့် အကုသိုလ်ဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟု ခေါ်၏။

★ ကုသိုလ်ဖြစ်နေခိုက်ပုဂ္ဂိုလ်၌ အကုသိုလ် ဖြစ်နေခိုက် ဟုတ်နိုင်, မဟုတ်နိုင် အကြောင်း ယုတ္တိ ထုတ်ညှိ ပြီးလျှင် ကုသိုလ် အကုသိုလ် နှစ်ပါးစုံ ဖြစ်ဆဲ မဟုတ်သော ပုဂ္ဂိုလ်တို့ကို လည်း ကောက်ပြခဲ့ပါ။

☆ စိတ်တခု၏ ဥပပါဒက္ခဏ၌ ကုသိုလ် အကုသိုလ်နှစ်ပါး စုံပြိုင်၍ မဖြစ်နိုင်သောကြောင့် ကုသိုလ်ဖြစ်နေခိုက်မှာ အကုသိုလ် ဖြစ်နေခိုက် မဟုတ်ပါ။

အထောက်သာဓက

ယသ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ၊တသ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိတိ နော။

ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝိသတို့၏ဥပပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော

ပုထုဇဉ်လေးယောက်,အရိယာရှစ်ယောက်, နိဗ္ဗာန်သမာပတ် ဝင်စားခိုက် အနာဂါမ်ရဟန္တာပုဂ္ဂိုလ်,အသညသတ်ပုဂ္ဂိုလ်များ တည်း။

★ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သော ပုဂ္ဂိုလ်များအား အောက်ပါ အမှတ်ပြုပုဒ်ကိုကြည့်၍ ပိုင်းခြား ပြခဲ့ပါ။

(က) အဘယ်မှစ၍ အဘယ်တိုင်အောင် ကုသိုလ် သာဖြစ်လတ္တံ့၊အကုသိုလ် မဖြစ်လတ္တံ့။

(ခ) အဘယ်မှစ၍ အဘယ်တိုင်အောင် နှစ်ပါး စုံဖြစ်လတ္တံ့။

☆ (က) အဆုံးစွန်သောအကုသိုလ်မှစ၍ အရဟတ္တ မဂ်၏ရှေး ဝေါဒါန်၏ အနန္တရ ဖြစ်သော အနုလုံတိုင်အောင် ကုသိုလ်သာဖြစ်လတ္တံ့၊ အကုသိုလ် မဖြစ်လတ္တံ့။

(ခ) အစမထင် သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏အနန္တရတိုင်အောင် ကုသိုလ်, အကုသိုလ် နှစ်ပါးစုံဖြစ်လတ္တံ့။

★ ကုသိုလ် အကုသိုလ်နှစ်ပါးလုံး မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်များကို ဖော်ပြ၍ သုဒ္ဓါဝါသဘုံ၌ မုချဒုတိယ အကုသိုလ် စိတ် တံသဒိသဒုတိယစိတ်ကိုလည်း ခွဲခြားပြခဲ့ပါ။

☆ ကုသိုလ် အကုသိုလ်နှစ်ပါးလုံး မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်မျှားကား ပစ္ဆိမစိတ်၏ ခဏတ္တယသမင်္ဂီဖြစ်သော အရဟာတ္တဖလဌာန်ပုဂ္ဂိုလ်တည်း။

မုချဒုတိယစိတ်ကား....သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ဒုတိယဇောတည်း။

တံသဒိသဒုတိယ စိတ်ကား....တတိယဇောမှစ၍ ရှေးဦးစွာသော မဟာကုသိုလ် ပဌမဇောတိုင်အောင်တည်း၊ (အခြားဝိဘင်းကိုလည်း ဤနည်းမှီး၍ ခွဲခြားတတ်ကြလေ)

★ အကုသိုလ်မခြား ဘဲမက်လေးတန်ကို ရလတ္တံ့ဖြစ်သည့် အောက်ပါ ပုဂ္ဂိုလ်မျှားအား ဖြစ်လတ္တံ့ – မဖြစ်လတ္တံ့ ကုသလာကုသလဓမ္မမျှားကို ထုတ်ပြခဲ့ပါ။

(က) အဆုံးစွန်သော အကုသိုလ်မှစ၍ အရဟတ္တမဂ်၏ရှေ့ ဝေါဒါန်တိုင်အောင်

(ခ) အစမထင် သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင်

(ဂ) အရဟတ္တမဂ်မှစ၍ ပစ္ဆိမ စိတ်တိုင်အောင်

☆ (က) ကုသိုလ်ဓမ္မသာ ဖြစ်လတ္တံ့၊

(ခ) ကုသိုလ်ဓမ္မ အကုသိုလ်ဓမ္မ နှစ်ပါးစုံ ဖြစ်လတ္တံ့။

(ဂ) ကုသိုလ်ဓမ္မ အကုသိုလ်ဓမ္မ နှစ်ပါးစုံ မဖြစ်လတ္တံ့။

★ 'ယောကုသလံဓမ္မံ ဘာဝေတိ၊သောအဗျာကတံ ဓမ္မံ ပဇဟတိတိ ' ဟု ဟောသင့်, မဟောသင့် ထောက်ချင့် ဖြေဆိုပြီး လျှင် အကုသိုလ်တရားကို စွန့်သူသည် ကုသိုလ်တရားကို ပွားမည့်သူဖြစ်, မဖြစ်ကိုလည်း စိစစ်ဝေဘန်၍ ပြခဲ့ပါ။

☆ အဗျာကတဟူသည် ဘာဝေတဇလည်းမဟုတ်၊ပဟာတဇလည်း မဟုတ်သောကြောင့် မဟောသင့်ပါ။

အကုသိုလ်ကိုပယ်စွန့်သူ ကျွတ်ထိုက်သော ပုထုဇဉ်, အောက်မဂ္ဂဋ္ဌာန် သုံးယောက် အောက်ဖလဋ္ဌာန် သုံးယောက် တို့သည် ကုသိုလ်တရား ပွားမည့်သူများ ဖြစ်ကြပါသည်၊ အကြောင်းကား .... ယင်း ပုဂ္ဂိုလ်များသည် ထိုက်သည့်အားလျော်စွာ အထက်မဂ်ကိုရအောင် ပွားများ အားထုတ်ရမည် ဖြစ်သောကြောင့်တည်း။

★ အရဟတ္တမဂ်၏ရှေး ဝေါဒါန်၏ ခဏတ္တယသမဂ္ဂီ ဟူသော အရကောက်၌ အရဟတ္တမဂ်၏ ရှေး ဂေါတြဘူ၏ ခဏတ္တယသမဂ္ဂီဟု ဆိုသင့်လျက် အဘယ့်ကြောင့် ဤသို့ဆိုပါသနည်း။

☆ အရဟတ္တမဂ်၏ရှေး၌ ဂေါတြဘူ မဖြစ်နိုင်၊ဝေါဒါန်သာ ဖြစ်နိုင်သောကြောင့် အရဟတ္တမဂ်၏ ရှေး ဝေါဒါန်၏ ခဏတ္တယသမဂ္ဂီဟု ဆိုရိုးအရကောက်ပြုရပါသည်။

ပဝတ္တိဝါရပြီး၏။

ဘာဝနာဝါရ

★ ဤဘာဝနာဝါရ၌ ကုသိုလ် အကုသိုလ်သာ ဟော လျက် အဘယ်ကြောင့် အဗျာကတတရားတို့ကို မဟောပါ သနည်း။

☆ အဗျာကတ တရားကား ကုသိုလ်ကဲ့သို့ ပွားအပ် သောတရား, အကုသိုလ်ကဲ့သို့ပယ်အပ်သောတရား မဟုတ်သော ကြောင့် မဟောပါ။

တတ္ထ ယသ္မာ အဗျာကတော ဓမ္မော နေဝ ဘာဝေ တဗ္ဗော၊ နေ ပဟာတဗ္ဗော၊ တသ္မာ တံ ပဒမေဝ နဥ္ဒ္ဒဋ္ဌံ။ (အဋ္ဌကထာ)

တဗ္ဗ၊ ထိုဘာဝနာဝါရ၌။ ယသ္မာ၊ ကြောင့်။ အဗျာကတော ဓမ္မော၊ သည်။ ဘာဝေ တဗ္ဗော၊ သည်။ နေဝ ဟောတိ၊ မဟုတ်။ ပဟာတဗ္ဗော၊ ပယ်အပ်သောတရားသည်။ နဟောတိ၊ မဟုတ်။ တသ္မာ၊ ကြောင့်။ တံ ပဒမေဝ၊ ထိုအဗျာကတ ဓမ္မကိုသာလျှင်။ နဥ္ဒ္ဒဋ္ဌံ၊ ထုတ်ဆောင်၍ မဟောကြားအပ်ပေ။

ဓမ္မယမိုက်ပြီး၏။

ဒုတိယ ယမိုက်

ပဏ္ဏာတ္တိဝါရ

★ ဥပေက္ခာကိုးမျိုးကို အသီးအသီးဖေါ်ပြ၍ ၎င်းတို့၏ တရားကိုယ်ကိုလည်း ညွှန်းခဲ့ပါ။

ဥပေက္ခာကိုးမျိုး

☆ ဆဋ္ဌင်ုပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်ုပေက္ခာ, ဝိရိယုပေက္ခာ, သင်္ခါရုပေက္ခာ, ဝိပဿနုပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာ, စျာနုပေက္ခာ, ပါရိသုဒ္ဓုပေက္ခာ အာဝေါ်ဖြင့် ကိုးပါးတည်း။

ဆောင်။ ။ဆ, ဗြ, ဗော, ဝိ၊ သင်္ခါ,ဝိ၊ မ္ဈ၏ သိ တ, စျ, ပါ။

တရားကိုယ်ကား

ဆ, ဗြ, ဗော, တ, စျာ, ပါ တို့ကား တတြမဇ္ဈတ္တတာ စေတသိက်တည်း၊ ဝိရိယုပေက္ခာကား ဝိရိယစေတသိက်တည်း၊ သင်္ခါ,ဝိပဿနုပေက္ခာတို့ကား ပညာန္ဒြေစေတသိက်တည်း။

ပဏ္ဏာတ္တိဝါရပြီး၏

ပဝတ္တိဝါရ

★ ပဝတ္တိဝါရ၌ ဟောအပ်သော ဣန္ဒြေ, မဟောအပ်သော ဣန္ဒြေတို့ကို အကြောင်းနှင့်တကွ ခွဲခြားပြခဲ့ပါ။

☆ သုခ, ဒုက္ခ, ဒေါမနဿ, အနည, အည, အညတာ ဝိန္ဒြေ တို့သည် ပဋ္ဌိသန္ဓေ ခဏ၌ မဖြစ်နိုင်သောကြောင့် ပဝတ္တိ

ဝါရဋ္ဌ မဟောပါ၊ ကြွင်းသော ဣန္ဒြေတို့သည်ကား ပဋ္ဌိသန္ဓေ ခဏဋ္ဌ ဖြစ်နိုင်သောကြောင့် ဟောကြားပါသည်။

★ သုခိန္ဒြိယ ဒုက္ခိန္ဒြိယ ဒေါမနဿိန္ဒြိယာနိ ပဋ္ဌိသန္ဓိယံ နတ္ထိတိ နဂဟိတာနိ၊ လောကုတ္တရာနိ တီဏိ ပဋ္ဌိသန္ဓိယံ အဘာဝေန ဂဟိတာနိ။ (အဋ္ဌကထာ)

သုခိန္ဒြိယ ဒုက္ခိန္ဒြိယ ဒေါမနဿိန္ဒြိယာနိ၊တို့သည်။ ပဋ္ဌိသန္ဓေယံ၊ဌ်။ နတ္ထိ၊မရှိကုန်။ဣတိတသ္မာ၊ ကြောင့်။တာနိ၊ ထိုသုံးပါးတို့ကို။ နဂဟိတာနိ၊ကုန်။ လောကုတ္တရာနိ၊ကုန်သော။ တီဏိ၊ အနည်တည်ဃာမိ တိန္ဒြေ အညိန္ဒြေ အညတာဝိန္ဒြေ တို့ကို။ ပဋ္ဌိသန္ဓေယံ၊ဌ်။အဘာဝေန၊ ကြောင့်သာလျှင်။နဂဟိတာနိ၊ကုန်။

★ စုတိပဋ္ဌိသန္ဓေ၏ အစွမ်းဖြင့် ဟောကြားအပ်သော ဣန္ဒြေ,စုတိပဋ္ဌိသန္ဓေ ပဝတ္တိနှစ်မျိုး၏အစွမ်းဖြင့် ဟောကြားအပ်သောဣန္ဒြေတို့ကိုခွဲခြားပြ၍ ယင်းပဝတ္တိဝါရဋ္ဌ ဘုရားရှင် ထုတ်ဆောင်ဟောကြားအပ်သော ဣန္ဒြေတို့ကိုလည်း ရေးခဲ့ပါ။

☆ သုခိန္ဒြေစသော ခြောက်ပါးသော ဣန္ဒြေမှ ကြွင်းသော တဆဲ့ခြောက်ပါးသော ဣန္ဒြေတို့တွင် စက္ခု, သောတ, ဃာန,ဇိဝှါ,ကာယ,မန, ဣတ္ထိ, ပုရိသိန္ဒြေတို့ကို စုတိပဋ္ဌိသန္ဓေ၏ အစွမ်းဖြင့်ဟောကြားပါသည်။

နှစ်ပါးစုံ

ဇီဝိတ သောမနဿ ဥပေက္ခာ သဒ္ဓါ ဝိရိယ သတိ သမာဓိ ပညာတို့ကိုမူ စုတိပဋ္ဌိသန္ဓေ၏ အစွမ်းဖြင့်ရင်း, ပဝတ္တိ၏အစွမ်းဖြင့်ရင်း ဟောကြားပါသည်။

ဘုရားရှင်ထုတ်ဆောင်သောဇုန္ဒြေ

စက္ခု,ဃာန, ဇိဝှါ, ပုရိသ, ဇီဝိတ, သောမနဿ,ဥပေက္ခာ, သဒ္ဓါ, ပညိန္ဒြေတို့ကိုသာလျှင် ဘုရားရှင် ထုတ်ဆောင် ဟောကြားပါသည်။

ဆောင်။ ။စက်,သော, ဃာ,ဝှာ၊ ကာ, မနာ၊ ဇိဝှါ,ပုရိသာ။
စု, ဒွေ, အစွမ်း၊ ဤသည့်ကျမ်း၊ အဆန်း မှတ်ကြပါ။
စက်, ဃာ, ဇ, ပု၊ ဇီ, သော, ဥ၊ မှတ်ရှု, ဒွါ, ပညံ။
သရုပ်မှန်ပြော၊ ထုတ်ပြန်ဟော၊ ရှင်စောထွင်ခဲ့ပြန်။

★ ယဿဇိဝှါန္ဒြိယံ ဥပ္ပဇ္ဇတိ၊တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီဒ္ဓ လိင်ပြန်ပုဂ္ဂိုလ်ကို ရည်၍ အာမန္တာ ဝိ ဘင်း ထုတ် သင့် လျက် အဘယ် ကြောင့် နောဝိဘင်း ထုတ်ရပါသနည်း။

☆ လိင်ပြန် ပုဂ္ဂိုလ်သည် ပဋ္ဌိသန္ဓေ အခါ၌ ပြန်သည် မဟုတ်၊ ပဝတ္တိအခါ၌သာ ပြန်၏၊ ဥပ္ပဇ္ဇတိ ဟူသော ကြိယာမှာ ကား ပဝတ္တိကို ရည်၍ ဆိုခြင်းမဟုတ်၊ ပဋ္ဌိသန္ဓေခဏကို ရည်၍ ဆိုသည်ဖြစ်သောကြောင့် နောဝိဘင်းထုတ်ရပါသည်။

★ ရှေးစက္ခုန္ဒြေမှု စသည်တို့ကို စုတိပဋ္ဌိသန္ဓေ၏ အစွမ်း ဖြင့် ဟောကြားခဲ့ပြီး ဤဇီဝိတိန္ဒြေမှု၌ အဘယ် ကြောင့် စုတိ ပဋ္ဌိသန္ဓေ ပဝတ္တိတို့၏ အစွမ်းဖြင့် ဟောရပါသနည်း။

☆ ဇီဝိတိန္ဒြေသည် စုတိပဋ္ဌိသန္ဓေ အခါ၌သာ သဟဇာတ် ရုပ်နာမ် တရားတို့ကို စောင့်ရှောက်သည် မဟုတ်သေး၊ ပဝတ္တိ အခါ၌လည်း ကမ္မဇ အကမ္မဇ ရုပ်, နာမ် ဓမ္မ တို့ကို စောင့်ရှောက်

ခြင်းဖြစ်သောကြောင့် ဇီဝိတိန္ဒြေမူကို စုတိပဋိသန္ဓေ ပဝတ္တိတို့၏ အစွမ်းဖြင့် ဟောပါသည်။

★ အောက်ပါတရားများကို ထုတ်ပြခဲ့ပါ။

(က) ဥပေက္ခာသာ မည်၍ ဣန္ဒြေ မမည်သော တရား။

(ခ) ဥပေက္ခာ ဣန္ဒြေနှစ်ပါးစုံ မမည်သောတရား

☆ (က) ဆဋ္ဌဂုံပေက္ခာ,ဗြဟ္မဝိဟာရပေက္ခာ,ဗောဇ္ဈင်္ဂ ပေက္ခာ, တတြ မဇ္ဈတ္တ ပေက္ခာ, စျာနုပေက္ခာ, ပါရိသုဒ္ဓိ ဥပေက္ခာတို့တည်း။

(ခ) ဥပေက္ခာဆယ်ပါးတည်း။

★ အောက်ပါပုဒ်တို့၏ တရားကိုယ်များကို ကောက်ပြခဲ့ပါ။

(က) ဣတ္ထိ
(ခ) ပုရိသ
(ဂ) နဉပေက္ခာ
(ဃ) သမာဓိ

☆ (က) ဣတ္ထိဘောကိုမှီ၍ ဣတ္ထိဟု ခေါ်ဆိုအပ်သော အဝိဇ္ဇမာနပညတ်။

(ခ) ပုရိသဘောကိုမှီ၍ ပုရိသဟု ခေါ်ဆိုအပ်သော အဝိဇ္ဇမာနပညတ်၊

(ဂ) ဥပေက္ခာ, ဥပေက္ခာနြေမှတပါး စိတ်တခု ယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ်အဌဝိသ နိဗ္ဗာန် ပညတ်။

(ဃ) ဝိရိယ မဖြစ်သော စိတ် တဆဲ့ခြောက်ခု, ဝိစိကိစ္ဆာကြည်သော စိတ် ခုနစ်ဆဲ့နှစ်ခု၌ ရှိသော ကေဂ္ဂတာ။

★ ဣတ္ထိနြေ, ဃာနိနြေ နှစ်ပါးစုံ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်, ဘုံတို့ကို ဝေဘန်၍ ပဋ္ဌိသန္ဓေအခါ မရကောင်းသော ဣနြေမျိုးကိုလည်း ညွှန်းခဲ့ပါ။

☆ ပစ္ဆိမဘဝိက ကာမာဝစရ ဥပပဇ္ဇန္တာဖြစ်သောတိဟိတ် ပုထုဇဉ် အောက်ဖလဌာန်ပုဂ္ဂိုလ်နှစ်ယောက်၊ စဝန္တာဖြစ်သော အရဟတ္တဖလဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ, မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမာဝစရ ဥပပဇ္ဇန္တာ,စဝန္တာဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား ကာမတဆဲ့တဘုံ,ရူပါဝစရ အရူပါဝစရ ဥပပဇ္ဇန္တာ,စဝန္တာဖြစ်သော သုဂတိအဟိတ်, တိဟိတ်ပုထုဇဉ် အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား ရူပတဆဲ့ခြောက်ဘုံ, အရူပလေးဘုံ။

ပဋိသန္ဓေအခါ မရကောင်းသောဇုန်

သုခ၊ဒုက္ခ၊ ဒေါမနဿ၊ အနညာတညဿာမိ တို၊ အညိ၊ အညတာဝိ၊တို့ ဖြစ်ပါသည်။

★ အောက်ပါပုဒ်တို့ကို အသီးသီးထုတ်ပြခဲ့ပါ။

(က) ပုရိသိ၊ဖြစ်ဆဲ ပုဂ္ဂိုလ်နှင့် မဖြစ်ဆဲပုဂ္ဂိုလ်။

(ခ) ဗီဝိတို၊ ဖြစ်ဘူး ပုဂ္ဂိုလ်ဘုံနှင့် မဖြစ်ဘူး ပုဂ္ဂိုလ်ဘုံ။

☆ (က) ပုရိသိ၊ ဖြစ်ဆဲ ပုဂ္ဂိုလ်ကား....ကာမ ပဋိသန္ဓေ တဆယ် စေတသိက် တို့သ ကမ္မဇကလာပ် သုံးစည်း, ခုနစ်စည်းတို့၏ ဥပါဒကွဏသမင်္ဂီဟုဆိုအပ်သော ပုရိသ ကာမာဝစရ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ် လေးယောက် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်နှစ်ယောက်။

မဖြစ်ဆဲပုဂ္ဂိုလ်ကား....ခပ်သိမ်းသောစဝန္တဖြစ်သောပုထုဇဉ် လေးယောက်,ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်, နပုံဂ္ဂတ္ထိ ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သောပုထုဇဉ်လေးယောက်,အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်နှစ်ယောက်, ရူပါဝစရ အရူပါဝစရ ဥပပဇ္ဇန္တဖြစ်သော သုဂတိအဟိတ် တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံး ယောက်။

ဇီဝိတိန္ဒြေဖြစ်ဘူးသော ပုဂ္ဂိုလ်နှင့်ဘုံကား....စတုဝေါကာရ ပဠုဝေါကာရ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်, ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့အား စတုဝေါကာရလေးဘုံ, သုဒ္ဓါဝါသကြဉ်သော ပဠုဝေါကာရနှစ်ဆဲ့တဘုံ, အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ။

မဖြစ်ဘူးသောပုဂ္ဂိုလ်နှင့်ဘုံတို့ကား....သုဒ္ဓါဝါသ ဥပပဇ္ဇန္တ စဝန္တဖြစ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

★ အောက်ပါစိတ်များကို အသီးအသီးဖေါ်ပြခဲ့ပါ၊

(က) ဝိရိယဝိပ္ပယုတ္တစိတ်
(ခ) ဝိရိယသမ္ပယုတ္တစိတ်
(ဂ) သမာဓိဝိပ္ပယုတ္တစိတ်
(ဃ) သမာဓိသမ္ပယုတ္တစိတ်။

☆ (က) ပဠုဒ္ဒါရာဝဇ္ဇန်း ဒ္ဒေ ပဠုဝိညာဏ် တဆယ် သမ္ပဋိစ္ဆိုင်းဒ္ဒေ သန္တီရဏ သုံးပါးတို့တည်း၊ (ဝိရိယ မယှဉ်သော စိတ်များတည်း။)

(ခ) ယင်း တဆဲ့ခြောက်ပါးမှ ကြွင်းသော ခုနစ်ဆဲ့သုံးပါးသော စိတ်တည်း။

(ဂ) ဝိစိကိစ္ဆာသဟဂုတ် ဝိရိယမယှဉ်သောစိတ် တဆဲ့ခြောက်ခု အားဖြင့် တဆဲ့ခုနစ်ပါး

တည်း။(သမာဓိနှေ့ မတပ်သောစိတ်မျှား တည်း။)

(ဃ) ယင်း တဆဲ့ ခုနစ်ပါးမှကြင်းသော စိတ် ခုနစ်ဆဲ့ နှစ်ပါးတည်း၊

★ အောက်ပါစိတ်မျှားကို အသီးအသီးဖေါ်ပြခဲ့ပါ။

(က) သောမနဿသာယှဉ်၍ သဒ္ဓါမယှဉ်သော စိတ်

(ခ) သဒ္ဓါသာယှဉ်၍ သောမနဿ မယှဉ်သော စိတ်။

(ဂ) သောမနဿ သဒ္ဓါ နှစ်ပါးစုံ ယှဉ်သော စိတ်။

(ဃ) သောမနဿ, သဒ္ဓါ နှစ်ပါးစုံ မယှဉ်သော စိတ်။

☆ (က) လောဘမူ သောမနဿ လေးခု၊ သော မနဿ သန္ဓိရဏ တခု၊ ဟသိတုပ္ပါဒ် အား ဖြင့် ခြောက်ပါးတည်း။

(ခ) ကာမာဝစရ သောဘဏ ဥပေက္ခာသဟဂုတ် စိတ် တဆဲ့ နှစ်ခု၊ မဟဂ္ဂုတ် လောကုတ္တရာ ဥပေက္ခာ နှစ်ဆဲ့ သုံးခု အားဖြင့် သုံးဆဲ့ ငါးပါးတည်း။

(ဂ) ကာမာဝစရ သောမနဿ သဟဂတ် စိတ်တဆဲ့ နှစ်ခု၊ မဟဂ္ဂုတ် လောကုတ္တရာ သောမနဿ လေးဆဲ့ လေးခု အားဖြင့် ၁၂းဆဲ့ခြောက်ပါးတည်း။

(ဃ) အကုသိုလ် ဥပေက္ခာ ခြောက်ခု၊ ဒေါသမူ နှစ်ခု၊ အဟိတ် ဥပေက္ခာ တဆဲ့လေးခု၊ ကာယဝိညာဏ်နှစ်ခုအားဖြင့် နှစ်ဆဲ့လေးပါး တည်း။

★ အတီတပုဂ္ဂလောကာသဝါရ စက္ခုမူ သောမနဿ မူလီ အနုလုံပစ္စနိုက်တို့၌ သဘောအလျောက် အရကောက်နည်းအတိုင်း ဝိဘင်းထုတ်ပုံကို ပါဠိအရကောက် ရေးခဲ့ပါ။

☆ ယဿ ယတ္ထ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတ္ထ၊တဿ တတ္ထ သောမနဿိန္ဒြိယံ ဥပ္ပဇ္ဇတ္ထာတိ၊ အပါယိကာနံ ဝေဟပ္ဖလာနံ တေသံ တတ္ထ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတ္ထ၊ နောစ တေသံ တတ္ထ သောမနဿိန္ဒြိယံ ဥပ္ပဇ္ဇတ္ထ၊ဣတရေသံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ စက္ခုန္ဒြိယဉ္စ ဥပ္ပဇ္ဇတ္ထ၊ သောမနဿိန္ဒြိယဉ္စ ဥပ္ပဇ္ဇတ္ထ။

★ 'ယဿ ယတ္ထ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတ္ထ၊ တဿ တတ္ထ သဒ္ဓိန္ဒြိယံ ဥပ္ပဇ္ဇတ္ထ'၌ ပါဠိတော်၌ အာမန္တာဝိဘင်း ထုတ်သော်

လည်း အရကောက်ဆရာ့အလိုအားဖြင့် မည်သည့်ဝိဘင်းထွက်လို၍ မည်သို့ထွက်သည်ကိုလည်း ရေးခဲ့ပါ။

☆ အရကောက် ဆရာ့အလို အားဖြင့် သရုပဒဿနဝိဘင်းထွက်လိုပေသည်။

ထွက်ပုံကား

'အာပါယိကာနံ တေသံ တတ္ထ၊ ဣတရေသံ ပဋ္ဌဝေါကာရာနံ တေသံတတ္ထ'ဟု တဘက်ရ နှစ်ဘက်ရ ထွက်ရပါမည်။

★ 'သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ'ဟူသော ဝိဘင်းအရ မုချဒုတိယစိတ်၊ တံသဒိသဒုတိယစိတ်တို့ကို ခွဲခြားပြခဲ့ပါ။

☆ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်ကို ပဋိသန္ဓေစိတ်မှထောက်၍ နှစ်ခုမြောက်ဖြစ်သောကြောင့် မုချဒုတိယစိတ်ဟု ခေါ်၏။

ဒုတိယဘုံ၌မှစ၍ ရှေးဦးစီးဖြစ်သော သောမနဿသဟဂုတ် ပဌမဇောတိုင်အောင်သောစိတ်တို့ကို မုချဒုတိယစိတ်နှင့် သောမနဿိန္ဒြေဖြစ်ဘူးပြီးသည်ကို အတိတ်၌မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် သဒိသူပစာအားဖြင့် တံသဒိသဒုတိယစိတ်ဟု ခေါ်၏။

★ ဇီဝိတမူ ဥပေက္ခာမူလိုဋ္ဌ် အနုလုံ အနုလောမ တ ဘက်ရအရကောက်ဋ္ဌ် အဘယ်ကြောင့် အရဟတ္တဖလဌာန်ကို သာ ကောက်ပါသနည်း။

☆ တဝိထိအတွင်း အရဟတ္တဖလဌာန်မှတပါး အခြား ပုထုဇဉ်နှင့် အရိယာများ မဖြစ်နိုင်သောကြောင့် အရဟတ္တဖလ ဌာန်တဦးသာ ကောက်ရပါသည်။

★ သောမနဿိန္ဒြေမူလိုဋ္ဌ် အဆုံးစွန်သော သောမနဿ သဟဂုတ်မှစ၍ ကောက်ရာဋ္ဌ် ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ် အရိယာရှစ်ယောက်ဟု အဘယ်ကြောင့် ကောက်ရသနည်း။

☆ ဥပေက္ခာသဟဂုတ်ဖြင့် ပဋ္ဌိသန္ဓေနေသော ပုဂ္ဂိုလ် အား ပရိနိဗ္ဗာန်ပြုခါနီးကာလဋ္ဌ် သောမနဿသဟဂုတ် ဇော တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်ချည်းသာ ဖြစ်သောကြောင့် ကောက်ရပါသည်။

★ 'ယာစ ရူပါဝစရံ အရူပါဝစရံ'အစရှိသော စကား ကို မည်သို့သောအဓိပ္ပါယ်ကိုရည်၍ ဟောပါသနည်း။

☆ မိန်းမတို့သည် အရိယာဖြစ်စေ,အရိယာမဟုတ်သည် ဖြစ်စေ သမာဝပတ်ရှစ်ပါးနှင့်ပြည့်စုံသော်လည်း ဗြဟ္မာပါရိသဇ္ဇာ ဘုံ၌သာဖြစ်၍ အထက်ဗြဟ္မာဘုံ၌ မဖြစ်နိုင်၊ ထိုဗြဟ္မာပါရိသဇ္ဇာ

ဘုံမှ တဆင့်တက်သူကိုရည်၍ 'ယာဝ ရူပါဝစရံ အရူပါဝစရံ' စသည်ကို ဟောကြားပါသည်။

အမှာ။ ။အရိယ ဖြစ်သောမိန်းမတို့သည် ပရိနိဗ္ဗာန် ပြုခါနီးဌ ပုရိသလိင်ပြန်၍ ပရိနိဗ္ဗာန်ပြုသည်ဟု ဆရာတို့ဆိုကြ၏။

★ ဣတ္ထိန္ဒြေ ဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်, ဘုံတို့ကိုဖေါ်ပြ၍ အောက်ပါ ဣန္ဒြေတို့ကိုလည်း အသီးအသီး ထုတ်ပြခဲ့ပါ။

(က) ပဝတ္တိဌာသာဖြစ်သောဣန္ဒြေ

(ခ) ပဋိသန္ဓေစုတိနှစ်ပါးဌာ ဖြစ်သောဣန္ဒြေ

(ဂ) ပဋိသန္ဓေ ပဝတ္တိ, စုတိသုံးပါးလုံးတို့ဌာ ဖြစ်သော ဣန္ဒြေ။

☆ ခပ်သိမ်းသောစဝန္ဓာဖြစ်သော ပုထုဇဉ်လေးယောက် ဖလဋ္ဌာန်လေးယောက်တို့အား စတုဝေါကာရလေးဘုံ, ပဉ္စဝေါကာရနှစ်ဆဲ့ခြောက်ဘုံ, အသညသတ်ဘုံ၊

နဝုံ ပုရိသကာမာဝစရ ဥပပဇ္ဇန္တာ ဖြစ်သော ဒုဂ္ဂတိ အဟိတ် သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကာမာဝစရ ခြောက်ဘုံ-

ရူပ အရူပ ဥပပဇ္ဇန္တာဖြစ်သော သုဂတိအဟိတ် တိဟိတ် ပုထုဇဉ် အောက်ဖလဋ္ဌာန်သုံးယောက်တို့အား ရူပ တဆဲ့ခြောက်ဘုံ အရူပလေးဘုံ။

(က) သုခိန္ဒြေ,ဒုက္ခိန္ဒြေ,ဒေါမနဿိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ။

(ခ) စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ,။

(ဂ) ဇီဝိတိန္ဒြေ, သောမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ,သမာဓိန္ဒြေ, ပညိန္ဒြေ တို့တည်း။

★ ဣန္ဒြေ နှစ်ဆဲ့နှစ်ပါးတွင် အောက်ပါ ဣန္ဒြေများကို ထုတ်ပြခဲ့ပါ။

(က) ပရိဇာနာတိကြိယာနှင့်ဟောသော ဣန္ဒြေ။
(ခ) ပဇာနာတိ ကြိယာနှင့်ဟောသော ဣန္ဒြေ။
(ဂ) ဘာဝေတိ ကြိယာနှင့် ဟောသော ဣန္ဒြေ။
(ဃ) သစ္ဆိကရောတိ ကြိယာနှင့် ဟောသော ဣန္ဒြေ။

☆ (က) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, ပုရိသ, ဇီဝိတ, သုခ, ဒုက္ခ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဟူသော ဣန္ဒြေများတည်း။

(ခ) ဒေါမနဿိန္ဒြေတည်း။
(ဂ) အနညာတညဿာမိတိန္ဒြေ နှင့် အညိန္ဒြေ တည်း။
(ဃ) အညာတာဝိန္ဒြေတည်း။

★ ရဟန္တာမိန်းမများသည် ပရိနိဗ္ဗာန်ဝင်စံခါနီး၌ ဓမ္မတာအားဖြင့် ပုရိသလိင်ပြန်ပြီးမှ ပရိနိဗ္ဗာန်ဝင်စံ,မစံကို ကျမ်းယမကအထောက်ပြ ဖြေဆိုခဲ့ပါ။

☆ မိမိတို့ ဣတ္ထိလိင်ဖြင့်သာ ပရိနိဗ္ဗာန်စင်စံကြပါသည်၊ ပုရိသလိင် မပြန်ပါ။

အထောက်ယမက

ယသ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တသ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတိတိ၊ ပစ္ဆိမဘဝိကာနံ ဣတ္ထိနံ ဥပပဇ္ဇန္တိနံ ယာဝ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇတ္ဝာ ပရိနိဗ္ဗာယိသန္တိ၊ ယာဝ ဣတ္ထိယော ဇေတေနေဝ ဘာဝေန ကတိစိဘဝေ ဒသေတ္ဝာ ပရိနိဗ္ဗာယိသန္တိ၊ တေသံ ဥပပဇ္ဇန္တိနံ တေသံ ဣတ္ထိန္ဒြိယံ ဥပပဇ္ဇတိ၊ နောစ တေသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတိ။

ယသ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ တသ ပုရိသိန္ဒြိယံ နိရုဇ္ဈိသတိတိ၊ ဣတ္ထိနံ ပရိနိဗ္ဗန္တိနံ ယာဝ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇတ္ဝာ ပရိနိဗ္ဗာယိသန္တိ၊ ယာဝ ဣတ္ထိယော

ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒသေတ္တာ ပရိ
နိဗ္ဗာယိသန္တိ၊တေသံ စဝန္ဓိနံ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊နောစ
တေသံ ပုရိသိန္ဒြိယံ နိရုဇ္ဈိသတိ။

အမှာ။ ။ပါဠိတော် နှစ်ချက်တွင် ကြိုက်ရာကို အထောက်ပြ
နိုင်သည်။

★ ဣန္ဒြိယယမိုက်ပရိညာဝါရ၌ ဟောအပ်သောဣန္ဒြေ,
ဟောအပ်သောပုဂ္ဂိုလ်တို့ကို ဖေါ်ပြခဲ့ပါ။

☆ ပရိညာဝါရ၌ ဣန္ဒြေနှစ်ဆဲ့ နှစ်ပါးလုံးပင် ဟော
ကြားပါသည်။

ဟောအပ်သော ပုဂ္ဂိုလ်မျှားကား....ဘဗ္ဗပုထုဇဉ်, အဘဗ္ဗ
ပုထုဇဉ်နှစ်ယောက်၊အရဟတ္တဖလဌာန်ကြဉ်သော အရိယာခုနစ်
ယောက်, အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့် ပြည့်စုံသော အရဟတ္တ
ဖလဌာန်ပုဂ္ဂိုလ်, အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့် ပြည့်စုံသော အရ
ဟတ္တ ဖလဌာန်မှတပါးသော အရဟတ္တဖလဌာန် ပုဂ္ဂိုလ်အား
ဖြင့် တဆဲ့တပါးတည်း။

မှတ်ချက်။ ။အရဟတ္တဖလဌာန်ပုဂ္ဂိုလ်သည် တပါးတည်းပင် ဖြစ်
လင့်ကစား အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့် ပြည့်စုံသော
ပုဂ္ဂိုလ်,အ ရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့်ပြည့်စုံသော အရ
ဟတ္တဖလဌာန်မှတပါးသော အရဟတ္တဖလဌာန်ပုဂ္ဂိုလ်
ဟူ၍ နှစ်မျိုးခွဲခြားရှိဟောသည်။

ဣန္ဒြိယယမိုက်ပြီး၏။

အထက်ယမိုက်-နောက်ဆက်တွဲ

သင်္ခါရယမိုက်

အတီတပုဂ္ဂလဝါရဒ္ဒ မဂ်ပုဂ္ဂိုလ်ထည့်ကောက်ခြင်း

ဤသင်္ခါရယမိုက် အတီတပုဂ္ဂလဝါရဒ္ဒ အတိတ်ကာလကို စုတိပဋိသန္ဓေတို့၏အစွမ်းဖြင့်ရင်း, ပဝတ္တိ၏အစွမ်းဖြင့်ရင်း ပိုင်းခြားအပ်လေသောကြောင့် မဂ်ပုဂ္ဂိုလ်လေးယောက်ကိုပါ ထည့်သွင်းကောက်ပါသည်။

သုဒ္ဓါဝါသ၊ပုဂ္ဂလ၊မရဘူးနှစ်ဖြာ

'သုဒ္ဓါဝါသ ပုဂ္ဂလ မရဘူးနှစ်ဖြာ'ဟူသောစကားသည်စုတိပဋိသန္ဓေတို့၏အစွမ်းဖြင့် ပိုင်းခြားအပ်သော အတိတ်ကာလကို ရည်ရွယ်၍ မိန့်ဆိုခြင်းဖြစ်သည်၊ ပဝတ္တိ၏အစွမ်းဖြင့် ပိုင်းခြားအပ်သော အတိတ်ကာလ၌မူကား သုဒ္ဓါဝါသပုဂ္ဂိုလ်တို့သည် ဖြစ်ဘူး,ချုပ်ဘူးဟူသော ဘူးနှစ်မျိုးကို ရသည်ဟုမှတ်။

တေတ္တိံသမစိတ်ကိုသာ မှတ်ခြင်း

စိတ္တဇရူပ်တို့သည် စုတိစိတ်မှ ပြန်၍ ရေတွက်သည် ရှိသော် သုံးဆဲ့နှစ်ခုမြောက် ဒုတ္တိံသမစိတ်မှစ၍ မဖြစ်နိုင်သောကြောင့် ကာယသင်္ခါရသည်လည်း ဒုတ္တိံသမစိတ်မှစ၍ မဖြစ်နိုင်၊တေတ္တိံသမစိတ်၌ကား စိတ္တဇရူပ်ဖြစ်နိုင်၍ ကာယသင်္ခါရလည်း ဖြစ်ဆဲရသောကြောင့် ပဋိသန္ဓေစိတ်မှသည် တေတ္တိံသမစိတ်၏ အ

နန္ဒရဖြစ်သော စတုတ္ထိသမ စိတ်တိုင်အောင် ကာယ သခ်ၢါရ ဖြစ်လတ္တံ့ ရသောကြောင့် တေတ္တိသမစိတ်ကိုသာ မှတ်ရပါသည်။

ပစ္ဆိမစိတ်သုံးပါး

'ပစ္ဆိမစိတ်သုံးပါး' ဆိုသည်မှာ ကာမာဝစရ ပစ္ဆိမစိတ်, ရူပါဝစရပစ္ဆိမစိတ်,အရူပါဝစရပစ္ဆိမစိတ် သုံးပါးကိုဆိုသည်။

သခ်ၢါရယမိုက်ပြီး၏။

အနုသယ ယမိုက်-နောက်ဆက်တွဲ

အနုသယဟောပုံချင်းမတူ

အဘိဓမ္မတ္ထသင်္ဂြိဟ်လာ အနုသယနှင့် ယမိုက်ပါဠိတော်လာ အနုသယခုနစ်ပါးတို့ ဟောပုံချင်းမှာ မတူကြ၊ယမိုက်ပါဠိတော်ဝယ် ဝိစိကိစ္ဆာနုသယ နောင် ဘဝရာဂါနုသယကို ဟောကြားသည်ကို သတိပြု၍ ဘုရားရှင်၏ အလိုတော်ကျ သိလေ။

သာနုသယ အဓိပ္ပါယ်

ပုဂ္ဂိုလ်သန္တာန်၌ အချင်းခပ်သိမ်း အနုသယတို့ ဥပါဒ်နေသည်ကို သာနုသယ မဆို၊ ပုဂ္ဂိုလ်သန္တာန်၌ ဥပါဒ်ခိုက် မဟုတ်သော်လည်း အရိယာမဂ်ဖြင့် မပယ်ဖျက်ရသေးသမျှ ကာလပတ်လုံး သာနုသယ၊အနုသယရှိသည်ဟု ဆိုသည်။

တဒေကဋ္ဌ အဓိပ္ပါယ်

တေန ကေဋ္ဌံ ယဿတိ တဒေကဋ္ဌော။ တ+ကေဋ္ဌဟု ပုဒ်ဖြတ်၊ ယဿ၊အကြင်မာနာနုသယအား။ တေန၊ ထိုကာမရာဂါနုသယနှင့်။ကေဋ္ဌံ၊ သဟဇာတ ပဟာနအစွမ်းအားဖြင့် တူသောတည်ရာသည်။အတ္ထိ၏။ဣတိတသ္မာ၊ကြောင့်။ သော၊ ထိုမာနာနုသယသည်။ တဒေကဋ္ဌော၊မည်၏။

ဆိုလိုရင်းမှာ–အနာဂါမိမဂ္ဂဋ္ဌာန်သည် ကာမဘုံ၌ တပ်တွယ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၌ ယှဉ်သော လောဘစေတသိက်ဟုဆိုအပ်သော ကာမရာဂါနုသယကို ပယ်စွန့်သောအခါ ၎င်း ကာမရာဂါနုသယနှင့် ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၌ အတူတကွဖြစ်သော မာနာနုသယတစိတ်ကိုလည်း ပယ်စွန့်လေသည်၊ထိုမာနာနုသယသည် ဆိုခဲ့သော ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခု၌ ယှဉ်သော လောဘစေတသိက်ဟုဆိုအပ်သော ကာမရာဂါနုသယနှင့် ပယ်စွန့်အပ်သောအဖြစ်ဖြင့် ဌာနတူကြသည်ဟူလို။

မှတ်ချက်။ ။မာနာနုသယ ပယ်သည်ဟူရာ၌ အကုန်မပယ်၊ ဘဝရာဂါနုသယနှင့် သမ္မယုတ် ဖြစ်သော မာနာနုသယ ကြွင်းလေသည်။

အဌမက ပုဂ္ဂိုလ်

အရဟတ္တဖလဌာန်ကိုမဆိုလို၊ ယင်းအရဟတ္တဖလဌာန်မှ ပြန်၍ရေတွက်သော် သောတာပတ္တိမဂ္ဂဌာန်သည် ရှစ်ယောက်မြောက်ဖြစ်၏၊ ထို့ကြောင့် သောတာပတ္တိမဂ္ဂဌာန်ကို အဌမကဟုခေါ်သည်။

သတ္တ, ပဋ္ဌ, တယော ဟုဟောခြင်း

ဘုံ၌ ထင်ရှားဖြစ်ခြင်း မဖြစ်ခြင်းကား အကြောင်းပခဝနမဟုတ်၊ ပုဂ္ဂိုလ် သန္တာန်၌ အကြင်မျှလောက် ကာလပတ်လုံး မဂ်ဖြင့် အကြင်းမဲ့မပယ်အပ်သေး၊ ထိုမျှလောက် ကာလပတ်လုံး ကိန်းသည်ဟူ၍ပင် ဆိုရသောကြောင့် အသည်သတ်ဘုံ၌ အနုသယ ခုနစ်ပါးမဖြစ်၊ အသည်သတ်ကြည် ရူပတဆဲ့ငါးဘုံ အရူပလေးဘုံ၌ ကာမရာဂါနုသယ,ပဋိဃာနုသယ မဖြစ်သော်လည်း သတ္တ, ပဋ္ဌ, တယောဟု အစဉ်အတိုင်းဟောရလေသည်။

အနုသယ ယမိုက်ပြီး၏။

စိတ္တယမိုက်-နောက်ဆက်တွဲ

အတီတ် စိတ္တံ ဟု ဝိဘင်းထွက်ခြင်း

အတိက္ကန္တ ကာလဝါရ အနုလုံပဋ္ဌိလောမဋ္ဌ 'အတီတံ စိတ္တံ' ဟု ဝိဘင်းထုတ်ရခြင်းကား....ဥပ္ပါဒက္ခဏ,ဘင်္ဂက္ခဏ နှစ်ပါးလုံးကို လွန်၍ ဖြစ်နိုင်သော စိတ်ကား ပစ္စုပ္ပန်စိတ် အနာဂတ်စိတ် မဟုတ်ကြ၊ အတိတ်စိတ်သာ တည်းဟု ပြလိုသောကြောင့် 'အတီတံ စိတ္တံ' ဟု ထုတ်ရလေသည်။

သရာဂ ပဋ္ဌိမစိတ်

ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့အား နောက်ဆုံးဖြစ်သော သရာဂစိတ်ကို သရာဂပဋ္ဌိမစိတ်ဟု ခေါ်၏။

ဆိုဦးအုံ့၊တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သူဖြစ်အုံ့၊ အဆုံးစွန်သော တဏှာနှင့်ယှဉ်သော သတ္တမဇော၏ ဥပါဒကွဏသမဋ္ဌိဖြစ်သော တိဟိတ်ပုထုဇဉ်၊ သောတာပန် စသည်ဖြစ်ပြီးမှ တဏှာခြားပါမူ အဆုံးစွန်သော တဏှာနှင့်ယှဉ်သော သတ္တမဇော၏ ဥပါဒကွဏသမဋ္ဌိဖြစ်သော သောတာပန်,သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်, ထိုပုဂ္ဂိုလ်တို့၏သန္တာန်၌နောက်ဆုံးဖြစ်သော စိတ်ကို ခေါ်သည်။

ပစ္ဆိမ ကုသလစိတ်

အရဟတ္တမဂ်စိတ်ကို ပစ္ဆိမကုသလစိတ်ဟုခေါ်၏၊ အရဟတ္တမဂ်စိတ်သည် သတ္တဝါတို့၏ နောက်ဆုံးတကြိမ်သာ ကုသိုလ်စိတ်ဖြစ်၏ ဟူလို။

စိတ္တယမိုက် ပြီး၏။

ဓမ္မယမိုက်-နောက်ဆက်ဘဲ

အရူပဘုံ၌ကုသိုလ်မှတပါး

'အရူပဘုံ၌ ကုသိုလ်မှတပါး'ဟုဆိုရာ၌ အရူပဘုံ၌ ကုသိုလ် ဥပါဒ်ခိုက် အကုသိုလ်,အဗျာကတနှစ်ပါးလုံး မဥပါဒ်နိုင်သောကြောင့် အရူပဘုံ၌ ကုသိုလ်မှတပါး ဟူသောစကားကို ဆိုလေသည်။

အရဟတ္တမဂ်၏ရှေး ဝေါဒါန်

အရဟတ္တမဂ်၏ရှေးဝေါဒါန်ဟုဆိုခြင်းမှာ အရဟတ္တမဂ်၏ ရှေးဦး ဂေါတြဘူမဖြစ်နိုင်၊ ဝေါဒါန်သာ ဖြစ်နိုင်သောကြောင့် ဤသို့ဆိုခြင်းဖြစ်သည်။

ဘာဝနာဝါရဋ္ဌ အဗျာကတမဟော

အဗျာကတတရားတို့သည် ကုသိုလ်ကဲ့သို့ ပွားများအပ်သော ဘာဝေတဗ္ဗလည်း မဟုတ်၊အကုသိုလ်ကဲ့သို့ ပယ်အပ်သောတရားလည်း မဟုတ်သောကြောင့် ဘာဝနာဝါရဋ္ဌ အဗျာကတတရားတို့ကို မဟော။

ဓမ္မယမိုက်ပြီး၏။

ဒုတိယ-ယမိုက်နောက်ဆက်တွဲ

ဒုနေ့ဟောပုံချင်းမတူ

ယမိုက်ပါဠိတော်၌ ကာယိနေ့ နောင် မနိနေ့ကို ဟော၏၊ အဘိဓမ္မာသင်္ဂဟကျမ်းဝယ် ဇီဝိတိနေ့၏အခြားမဲ့၌ မနိနေ့ကို ဟောကြားသည်။

အကြောင်းပြချက်

ဤသို့ ဟောခြင်းကား မနိနေ့ကို အဗျတ္တိကာယတနအဖြစ်ဖြင့် တူသောကြောင့် ပါဠိတော်အတိုင်း ကာယိနေ့၏အခြားမဲ့၌ ဆိုသင့်သော်လည်း နာမ်ဂုနေ့တို့နှင့် အတူတပေါင်းတည်းပြလိုသောကြောင့် ဇီဝိတိနေ့၏အခြားမဲ့၌ မနိနေ့ကို ညွှန်ပြရလေသည်။

ဥပေက္ခာကိုးမျိုးအဓိပ္ပါယ်

(က) ရဟန္တာပုဂ္ဂိုလ်အား ခြောက်ဒွါရ၌ ထင်သော ဂုဏ္ဌာနီဌဖြစ်သောအာရုံခြောက်ပါးတို့ကို လျစ်လျူရှုခြင်းသည် ဆဋ္ဌဂုံပေက္ခာမည်၏။

(၁) ဗြဟ္မစိုရ် တရားလေးပါးဌ် သက်ဝင်သော သုခိတ ဒုက္ခိတ သတ္တဝါ ပညတ်တို့ကို အာရုံပြု၍ ကမ္မသကာပါဘဲဟု လျစ်လျူရှုခြင်းသည် ဗြဟ္မဝိဟာရပေကွာ မည်၏။

(၂) ဗောဇ္ဈင် ခုနစ်ပါးဌ် သက်ဝင်သော သဟဇာတ် တရားတို့ကို လျစ်လျူရှုခြင်း (ဥပေက္ခာ သမ္ဗောဇ္ဈင်) သည် ဗောဇ္ဈင်ကုံပေကွာမည်၏။

(ဃ) မတင်းလွန်း မလျော့လွန်းဘဲ အလယ် အလတ် ပြုသော ဝီရိယသည် ဝီရိယုပေကွာမည်၏။

(၄) သင်္ခါရတရားတို့ကို တပ်နှစ်သက်ခြင်းမရှိ၊လျစ်လျူ ရှုခြင်းသည် သင်္ခါရုပေကွာမည်၏။

(စ) သင်္ခါရတရားတို့ကို လက္ခဏာသုံးပါးဖြင့် စိစစ်ရာ၌ လျစ်လျူရှုခြင်းသည် ဝိပဿနုပေကွာမည်၏။

(ဆ) ထိုထို သို့သော အာရုံ၌ သမ္မယုတ် တရားတို့ကို လျစ်လျူရှုခြင်းသည် တတြမဇ္ဈတ္တုပေကွာမည်၏။

(၇) စျာန် တရားတို့ကို မဆင်ခြင်ဘဲ လျစ်လျူရှုခြင်း သည် စျာနုပေကွာမည်၏။

(စျ) ဆန္ဒကျင်ဘက် တရားတို့ကို ငြိမ်းရာ၌ မကြောင့်ကြ ဘဲ လျစ်လျူရှုခြင်းသည် ပါရိသုဒ္ဓိ ဥပေက္ခာမည်၏။

အမှာ။ ။ဤကိုးမျိုးတွင် ဝေဒနုပေကွာကို သွင်းက ဥပေက္ခာ ဆယ်မျိုးဖြစ်၏။

စုတိပဋိသန္ဓေအခွဲ

"သုခ ဒုက္ခ၊ ဒေါမနဿ၊ အနည အညာ၊ အညာတာ၊ ခြောက်ပြောရှင်မဟော" ဟု ဆိုသည့်အတိုင်း ခြောက်ပါးသော ဣန္ဒြေတို့ကို ဘုရားရှင် မဟောပေ၊ ကျန်တဆဲ့ခြောက်ပါးကို သာ ဟော၏။ ထိုတွင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ ဣတ္ထိ၊ ပုရိသိန္ဒြေအားဖြင့် ရှစ်ပါးတို့ကို စုတိပဋိသန္ဓေအစွမ်းဖြင့် ဟောကြားသည်။

ဇီဝိတ၊ သောမနဿ၊ ဥပေက္ခာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဣန္ဒြေအားဖြင့် ရှစ်ပါးကိုကား စုတိ ပဋိသန္ဓေအားဖြင့်ရင်း၊ ပဝတ္တိ၏အစွမ်းဖြင့်ရင်း ဟောကြားလေသည်။

သစက္ခုကာနံ ဝိနာသောမဿေန ဥပပဇ္ဇနာနံ-ဒ္ဒ် အရကောက်ပုံ

ပဝတ္တိဥပ္ပါဒ ပစ္စုပ္ပန္နဝါရ၊ စက္ခုမူ သောမနဿမူလီ အနုလုံ အနုလောမ၌ 'သစက္ခုကာနံ ဝိနာ သောမနဿေန ဥပပဇ္ဇနာနံ' ဟူသော ဝိဘင်းပါဠိတော်အရ ဥပေက္ခာသဟဂုတ်မဟာဝိပါက် ပဋိသန္ဓေစိတ် လေးခုတို့ကို အရကောက်ရမည့် အကြောင်းကို ယမိုက်အဋ္ဌကထာ၌ 'သစက္ခုကာနံ ဝိနာ သောမနဿေနာတိ ဥပေက္ခာသဟဂတာနံ စတုန္နံ မဟာဝိပါကပဋိသန္ဓိဝသေန ဝုတ္တံ' ဟု ဆိုသည်။

အရကောက်ဆရာကား ပဋ္ဌဝေါကာရ ဥပေက္ခာပဋိသန္ဓေ ခုနစ်ခုကို အရကောက်၏၊ ယင်းသို့ ကောက်ရခြင်းကား မူလ

ဌီကာဝယ် ပဋ္ဌေဝါကာရဥပေက္ခာပဋိသန္ဓေခုနစ်ပါးကို ကောက်ရမည်ဟု ဆိုသောကြောင့်တည်း။

ဥပေက္ခာယ အစက္ခုကာနံ-ဒ္ဓိ အရကောက်ပုံ

ပါဠိတော်အရ အဟိတ်ပဋိသန္ဓေကို အရကောက်ရမည်ဟု ယမိုက်အဋ္ဌကထာဆရာက "ဥပေက္ခာယ အစက္ခုကာနန္တိ အဟေတုကပဋိသန္ဓိဝသေန ဝုတ္တံ"ဟု ဆို၏။

မူလဋီကာဆရာကား"ဥပေက္ခာယ အစက္ခုကာနန္တိ အဟေတုက ပဋိသန္ဓိဝသေန ဝုတ္တန္တိ ဇ္ဈာ ကာမာဝစရေ သောပေက္ခ အစက္ခုက ပဋိသန္ဓိယာ တံ သမာန လက္ခဏံ အရူပပဋိသန္ဓိဥ နိဒဿေတိတိ ဒဋ္ဌဗ္ဗံ၊"ဟု ဆိုသဖြင့် အရူပပဋိသန္ဓေ လေးခုကို လည်း အရကောကစေလိုသေးသည်။

သစက္ခုကာနံ ဉာဏဝိပ္ပယုတ္တာနံ-ဒ္ဓိ အရကောက်ပုံ

ပါဠိတော်အရ ဒ္ဝိဟိတ်ပဋိသန္ဓေကို အရကောက်စေလိုသောကြောင့် ယမိုက်အဋ္ဌကထာဆရာက "သစက္ခုကာနံ ဉာဏဝိပ္ပယုတ္တာနန္တိ ကာမဓာတုယံ ဒုဟေတုကပဋိသန္ဓိကာနံ ဝသေန ဝုတ္တံ"ဟု ဆို၏။

မူလဋီကာဆရာကား "သစက္ခုကာနံ ဉာဏဝိပ္ပယုတ္တာနန္တိ ကာမဓာတုယံ ဒုဟေတုကပဋိသန္ဓိကာနံ ဝသေန ဝုတ္တန္တိ ဣဓ ပန အဟေတုကပဋိသန္ဓိကာဝ သစက္ခုကာ လဗ္ဘန္တေ ဝ"ဟု ဆိုသောကြောင့် သစက္ခုကအဟိတ်ပဋိသန္ဓေနှစ်ခုကိုလည်း ကောက်စေလိုသည်၊ အရကောက်ဆရာကား မူလဋီကာဆရာအလိုသို့ လိုက်၍ အရကောက်သည်။

ဝိရိယဝိပွယုတ်စိတ်နှင့် သမ္ပယုတ်စိတ်

ဝီရိယစေတသိက် မယှဉ်သော စိတ်တဆဲ့ ခြောက်ခုသည် ဝီရိယဝိပွယုတ်စိတ်မည်၏၊ ကျန်ခုနစ်ဆဲ့သုံးပါးသောစိတ်သည် ဝီရိယသမ္ပယုတ်စိတ်မည်၏။

သမာဓိဝိပွယုတ်စိတ်နှင့် သမ္ပယုတ်စိတ်

ဝိစိကိစ္ဆာစိတ်တခု၊ ဝီရိယမယှဉ်သောစိတ် တဆဲ့ခြောက်ခု သည် သမာဓိနြေ့ မထိုက်သောကြောင့် ၎င်းစိတ်ကို သမာဓိ ဝိပွယုတ်စိတ်ဟု ခေါ်၏၊ ကျန်ခုနစ်ဆဲ့နှစ်ပါးကို သမာဓိသမ္ပ ယုတ်စိတ်ဟု ခေါ်၏။

သောမနဿနှင့် သဒ္ဓါလေးချက်သေ

သောမဿသာယှဉ်၍ သဒ္ဓါမယှဉ်သော စိတ်ကား....လော ဘမူသောမနဿသဟဂုတ် လေးခု၊ သောမနဿသန္ဓိရဏတခု၊ ဟသိတုပ္ပါဒ်အားဖြင့် ခြောက်ခုတည်း။

သဒ္ဓါသာယှဉ်၍ သောမနဿ မယှဉ်သော စိတ်ကား....ကာ မာဝစရသောဘဏ ဥပေက္ခာတဆဲ့နှစ်ခု၊မဟဂ္ဂုတ်လောကုတ္တရာ ဥပေက္ခာနှစ်ဆဲ့သုံးခုအားဖြင့် သုံးဆဲ့ငါးပါးတည်း။

သောမနဿ သဒ္ဓါနှစ်ပါးစုံယှဉ်သော စိတ်ကား....ကာမာ ဝစရသောမနဿတဆဲ့နှစ်ခု၊မဟဂ္ဂုတ်လောကုတ္တရာသောမနဿ လေးဆဲ့လေးခုအားဖြင့် ငါးဆဲ့ခြောက်ခုတည်း။

နှစ်ပါးစုံ မယှဉ်သော စိတ်ကား.....အကုသိုလ် ဥပေက္ခာ ခြောက်ခု၊ဒေါသမူနှစ်ခု၊ အဟိတ်ဥပေက္ခာတဆဲ့လေးခု၊ ကာယ ဝိညာဏ်နှစ်ခုအားဖြင့် နှစ်ဆဲ့လေးပါးတည်း။

ဗြဟ္မာဘုံမှ ကာမဘုံ၌ ယောဂျားအဖြစ်ဖြင့် ပရိနိဗ္ဗာန်စံမစံ

ပုရိသဘောဖြင့် တဘဝနှစ်ဘဝ အစရှိသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမာဝစရ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုထုဇဉ်လေးယောက် အောက်ဖလဌာန်နှစ်ယောက် (ရူပါဝစရ အရူပါဝစရ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဒ္ဓါဝါသ တိဟိတ် တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်) ဟု ဆိုရိုးပြုရာ၌ 'ယေစ ပုရိသာ ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒသေတ္တာ ပရိနိဗ္ဗာယိဿန္တိ' ဟူသောစကားနှင့် အထက် လက်သည်းကွင်းပါစကားတို့မှာ မသင့်မြတ်ကြပေ။

အကြောင်းကိုဆိုသော်–ရူပ, အရူပဘုံတို့၌ ပုရိသဘာဝရုပ် မရှိ၍ ယောကျားဟူ၍ မဖြစ်သင့်သောကြောင့်တည်း။ သို့သော် ဘုရားရှင်သည် ဥပလက္ခဏ နည်းအားဖြင့် 'ယေ စ ပုရိသာ' ဟူသော ဒေသနာတော်ကို ဟောကြားခဲ့လေသည်၊ စင်စစ်အားဖြင့် ရူပ, အရူပဗြဟ္မာဘုံမှ ကာမဘုံ၌ မိန်းမအဖြစ် ဘဝမခြားဘဲ ယောကျားအဖြစ်ဖြင့်သာ ပရိနိဗ္ဗာန်ဝင်စံ ကောင်းသောကြောင့် အရကောက်အတိုင်း လျော်ကန် သင့်မြတ်သည်ဟု ကောက်ချက်ချသင့်တော့၏။

ဣန္ဒြိယ ယမိုက် နောက်ဆက်တွဲ ပြီး၏။

ယမကဋ္ဌ ဥာဏ်ရောင်ကျမ်းပြီး၏။

နိဂုံး ပဏ္ဍိတာ

သိဒ္ဓိတ္ထ ဘော ယမကတ္ထ၊
ဥာဏာလောကော မနောမယ၊
မဏိသန္ဒိဘော ဇေ့လောတူဟိ၊
ဇယေသိဟိ သုပတ္ထိတောဟု။

ဘော–စာပဲ့သဘင် အမြဲယင်ရှ် နဲ့ယှဉ်နေပျော် အို–အဆေ့တော်တို့....။ မနောမယမဏိသန္ဒိဘော–ဘဝင် သေ့းမို့ အတေ့းကြည်သမို့ ရေည်လျှံစီး ကြုံတိုင်းပြီးဟု အုံ့ချီးနစ်နော စဉ်သဘောဖြင့် မနောမယတောက်ပရောင်ကြား ပတ္တမြားမျက်ရှင်သဘွယ် ဖြစ်သော၊ ဇယေသိဟိ–စာသဘင် အောင်ပန်း ခေါင်တန်း က, ကို ဆင်မြန်းလိုကြကုန်သော၊ သောတူဟိ–စာပေချစ်ခင် စာသစ်မင်သည့် စာသင်ဆေ့တို့သည်၊ သုပတ္ထိတော–မျှော်ဒါကြာပေါ့ ပေါ်လာပါတော့ လှာ့ငွေကြော့ဖြင့် တမော့မော့ မှန်း တနော့နော့ စမ်းလျက် ကမ်းလှမ်း ကြောင့်ကြတောင့်တ၍ နေသော၊ ယမကတ္ထဥာဏာလောကော – ကဝိတံထ့ သိဥာဏ်ဖြာဘို့ စံကွာသျှောင်ပန်း **ယမကတ္ထ ဥာဏ်ရောင်ကျမ်း** သည်၊ သိဒ္ဓိတ္ထ – ဝန်းကျင်ပတ်ကုံး ကမ္ဘတ်ဖုံးလို့ နိဂုံးသတ်လိုက်ပါပြီတကား။

ကေ သေ ယုဝါ ယုဝတိ ဓ၊
သ ခ်ိဳရိယ ဇယေ သမ္ဘာ၊
ရ မံသ လဇ္ဇနံ စရိ၊
မောဇ္ဇိ ထမ္ဘန မာဒိ ယ။

ဣ-ဣဏ်ရည်ဘုန်းပြ အဆန်းကြသောဤလောကကြီး၌၊ ယုဝါယုဝတီ-ကြာရည်သရေရွှန်းစို မောင်လှုပ်ရှိန့် နကိုယ်ယဉ်နှုပ်ရှိမေတစုတို့သည်၊ ကေသေ-ပဒုံးရောင်သွင် ဥသျှောင်မင်တို့ကို၊ မောဋိ-ရှုခြင့်စဖွယ် မှုသင့်ချယ်သမို့ နုတင့်တယ်လောက် လှုပသော အမောက်ကို၊ သခ်ရိယ-စုစုလှင်လှင် နုနုယဉ်ယဉ်ဖြင့် ပြုပြင်ကြကုန်ပြီးကာ၊ ရမ်,ရမဏ္ဍော-ဓလေ့ဘာသာ ဓမ္မတာဖြင့် သဘာပွဲတော် နွဲ့ပျော်ကြကုန်၍၊ အစရိ-အစရိ သုဂ္ဂဝ-အပေါင်းအသင်းစုံစုံဖြင့် အကြောင်းရင်းညီတုံ လှည့်လည်ကုန်သကဲ့သို့၊ ဝေ-ဤအတူ၊ ဇယေ-အောင်သင့်, အောင်ထိုက် အောင်တံခွန်စိုက်၍ အောင်မကိုင်ရ အောင်အလံ အောင်မောင်းသံတွေ့ညံပြီး အောင်စည်ကိုတီးလို့ အောင်ထီးတွေ့ရုံ အောင်ပလွင်ပျံဝယ် အောင်မြင်ရန်ဆင်နွဲ့ အောင်သဘင်ပွဲ၌၊ ယုဝါယုဝတီ-စာပေနှစ်လို့ရဟန်းပျိုနှင့် နကိုယ်ယဉ်နှု သီလရှင်ပျိုတစုတို့သည်၊ အဿ-ယမကတ္ထဥာဏ်ရောင် မြန်ဘောင်ထွန်းလစ် ဤကျမ်းသစ်၏၊ ထမ္ဘနံ-မေးပုံ ဖြေပုံ အစုံစုံဖြင့် တဂုဏ်မြောက်ကြောင်း အထောက်အပံ့ကောင်းကို၊ သမ္မာအာဒီယ-ကြည့်တလှည့်ရှုတခါ လေ့လာနမှု ကောင်းစွာယူ၍၊ လဇ္ဇနံ, မောဋိ - ဆွေတို့ ရည်မှန်း အထက်တန်းမှ အောင်ပန်းစိုက်ဆောက် ဘွဲ့တံဆိပ်ဟူသောအမောက်ကို၊ သခ်ရိယ-ငယ်ကျော်, လတ်ကျော်, ကြီးတန်းကျော်ဟု အကျော်သုံးရပ်ဖြင့် ဦးဏပ်ပြင်ဆင်၍၊ ရမ်, ရမဏ္ဍော-မင်းပွဲစိုးပွဲ ရပ်ရွာပွဲ၌ ဝင်နွဲ့ကုန်စင်ဂုဏ်ထင် သမို့နော် မေ့ပျော်ကြ ကုန်လျက်၊ စရိ, စရဏ-မျက်နှာသားပွင့်ပွင့် ဇက်ထားမြင့်မြင့်နှင့် ဝင့်ကာဝင့်ကာ လှည့်လည်နိုင်ကြပါစေသော်။

ဆုတောင်းတေးဆစ်

ကျမ်းရှေစာ ပြုရလို့ ကုသလဘုံးတနဲ့။ ။လူ့ဘဝ အကျိုးလျှံတယ်၊ တန်ခိုးဥာဏ်သိရ်ကွန့်။ ။ဇာတ်မြင့်လို ရုပ်ဝါထယ်တယ်၊ ဥစ္စာ့ယ် ဌေးကြယ်လို့ညွှန့်။ ။ အသံကြားလို့သနဉ့် စေ မျက်ဟန်နေ မ္ဒန်မ္ဒန့်။ ။စက်သံသေ ဌန်အဌန့်မို့၊ လ္ဒန်အလ္ဒန့်ဆုပန်။ ။မြတ်ဥာဏ်ရှင် ရုစိတ်ထားရယ်နဲ့ ဗျာဒိတ်ကြား အောင်ဘိသိက်ခံ။ ။ရှင်သုမေ့ နိမိတ်သံလို ဓိဋ္ဌာန်တော်ရည်စူးသမို့ ကြည်နူးလို့ တပျော်ပျော်–ပျို့သာကီမော်။ ။သုံးလောက အလိုက်လျော်တယ် မကိုင်ရှတော် ထွတ်ဖူးဖျာ့လေး။ ။

အရှင်ကေသရမောဠိ